# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# ဆဋ္ဌမပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂ |
| (၂) | ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ | ၃ |
| (၄) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၄ |
| (၅) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၄ |
| (၆) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၇ |




D/sixth marticar(2)

ကန့်သတ်




| | | |
|---|---|---|
| | ထွက်ရှိသော စားသုံးဆီ၊ တိရစ္ဆာန်မှထွက်ရှိသောစားသုံးဆီအမျိုးအစား အမျိုးမျိုးကို ကျန်းမာရေးအရ နေ့စဉ်စားသုံးရန်သင့်/မသင့်ကို မည်သို့ခွဲခြားစိမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းကို သိရှိလိုပါသည်”နှင့်စပ်လျဉ်းသည့်မေးခွန်း။ | |
| (ဂ) | ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေအား ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၃၅ |
| (ဃ) | ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ ဆားဝါးကျေးရွာအုပ်စု၊ ဆုပ်ဟွေကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆင့်မှ ဆုပ်ဟွေကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်”နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၃၈ |

(င) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “တရုတ်နိုင်ငံမှ သွင်းကုန်ပစ္စည်းများကို အခွန်ဆောင်သည့် နှုန်းထားနှင့် သတ်မှတ်ချက်တို့ကို သိရှိလိုခြင်း”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၁

(စ) ဦးစိုင်းထွန်းညဏ်၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏“ သမဝါယမငွေစုငွေချေးလုပ်ငန်းဆိုင်ရာကိစ္စ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၈

(ဆ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) “ရွာငံမြို့နယ်၊ ထမင်းပေါင်းကျေးရွာ၊ တောင်ကြားကျေးရွာ၊ ရွာချင်းဆက်မြေသားလမ်း(၂)မိုင်အားဖောက်လုပ်ပေးပါရန် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်REဘတ်ဂျက်တွင် လျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည်”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၂

(၂) “ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ တပင်ပျော်ကျေးရွာတွင်နေထိုင်သောလူနည်းစုဖြစ်သည့် ရှမ်းလူမျိုးများအတွက်ပထမအဆင့် မြေသားလမ်း(၃)မိုင်အားဖောက်လုပ်ပေးနိုင်ပါရန်၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်REဘတ်ဂျက်တွင် လျာထားပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိ ၅၄





(၇) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၂

(က) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၂)ရွာအား ကျေးရွာရေပေးရေးလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂

(ခ) ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) “ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ဘောလုံး၊ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရိုးရာခြင်းလုံးအားကစားများ တစ်နေ့ထက်တစ်နေ့ တိုးတက်အောင် ပြုပြင်စေရန်အတွက် နည်းစနစ်ပိုင်း၊ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးရန် မည်သို့အစီအစဉ်များ စီမံဆောင်ရွက်ထားကြောင်းကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅

(၂) “ ရှမ်းပြည်နယ်အတွင်းရှိ အများပြည်သူတို့သည် နိုင်ငံခြားမှ တင်သွင်းလာသော စားသုံးဆီ၊ ပြည်တွင်းမှ ၂၀

လိုပါသည်”နှင့်စပ်လျဉ်းသည့်
မေးခွန်း။

( ဇ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ “၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရရှမ်းပြည်နယ်၏စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၆၄. ၄%ဖြစ်ပြီး တိုင်းနှင့်ပြည်နယ် ၁၄ ခုအနက် အနိမ့်ဆုံး အခြေအနေဖြစ်ပါ၍စာတတ်မြောက်မှု ရာခိုင်နှုန်းပြန်လည်မြင့်မားလာစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မည့် အစီအမံများကို သိရှိလိုပါသည်”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၇

( ဈ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “နမ့်ဆန်မြို့နယ်၊ ပြည်သူလူထု အဓိကအားထားရသည့် လီလုတံတားအား ဘေလီတံတားမှ ကွန်ကရစ်တံတားသို့ တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၂

(ည) ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “ မိုင်းဖြတ်မြို့နယ်ရှိ မိုင်းဆတ် - မိုင်းခုတ် - မိုင်းဖြတ်လမ်းပေါ်ရှိ သာယာအေးတံတား (ဝမ်ပုံ)ဘေလီတံတားနှင့် ဝမ်ယန်းမိုင် ဘေလီတံတားတို့ကို ခေတ်နှင့်လျော်ညီသော သံကူကွန်ကရစ်တံတား ၆၆





(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၇၉

**( ခ) ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း** ၈၀

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ ၈၁

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၂

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၈၅

(က) ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) "ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာဈေးများတွင် နေ့စဉ်ရောင်းချလျက်ရှိသောကြက်၊ ဝက်၊ အမဲ၊ငါး၊ဆိတ်သား၊ဝက်အူချောင်း၊ အသားခြောက်စသည်တို့ကို ကျန်းမာရေးအရစားသုံးရန်သင့်/မသင့်ကိုမည်သည့်ဌာနဆိုင်ရာက တာဝန်ယူပြီးနေ့စဉ်စစ်ဆေးကြီးကြပ်ခြင်းရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၆

(၂) " နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ရွှေပုထိုး(တောင်) ကျေးရွာအုပ်စု၊ရွှေပုထိုးရွာအနီးရှိ အင်းယားရေကန်နှင့်ဆက်စပ်လျက်ရှိသောအရှေ့ဘက်တောင်တန်းပေါ်ရှိ သစ်တောများ ပြန်လည်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်တောများ ပြန်လည်စိုက်ပျိုးပေးရန်မည်သို့စီမံချက်များ ဆောင်ရွက်သင့်ကြောင်း သိရှိလိုပါသည်"နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၉



D/sixth marticar(5)



အဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါသည်"နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ညောင်ရွှေမြို့နယ်၊အနောက်ဘက် ကန်ပတ်လမ်းရှိ တောင်ခြေ၊ ကျွန်းစင်ကြီး၊ ဟဲယာရွာမသို့အဝင် မြေသားလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် မည်သည့်အချိန်တွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ကိုသိရှိလိုပါသည်"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၀

(၈) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "အစိုးရငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာမူဘောင်" အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၉၃

(၉) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၉၉

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

( ခ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏"ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်း ရှိ ကန်တော်ကန်ကို အဆင့်မြှင့်တင်၍ ပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၂

( ဂ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ "ရွာငံမြို့နယ်နေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုအဆင်ပြေ စေရန်အတွက် (၂၅) ခုတင်ဆံ့ဆေးရုံအား ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၇

(ဃ) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) "ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးထားမှု အခြေအနေ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၀၁

(၂) "ပြစ်မှုကျူးလွန်သောဝန်ထမ်းများအား အရေးယူခြင်းကိစ္စ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၃







( ဇ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " မိုင်းပန်-နောင်လေ-မိုက်ပုတ်-ပန်ပိ-ဆန်ကွယ် (နောင်ချို) မြေသားလမ်း (၃၆)မိုင် လမ်း အပိုင်းအား ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေး နှစ်တွင် ဆက်လက်ဖောက်လုပ်ပေးနိုင် မည့် အစီအစဉ်ရှိ/မရှိ"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၃၈

( ဈ) ဦးစိုင်းကျောက်၊မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " မိုင်းဖြတ်မြို့နယ်ရှိ မိဘ ပြည်သူများ၏ စိုးရိမ်ကြောင့်ကြနေသော ယာဉ်အန္တရာယ်ကြိုတင်တားဆီးကာကွယ် ရေးနှင့်ပတ်သက်၍ အရှိန်လျော့မီးပွိုင့် (Slow Down Signal Light) များ တပ်ဆင် ပေးနိုင်ခြင်းရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ 142

(ည) ဦးသိန်းဇော်မိုး၊ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ "ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဟဲ့ယာရွာမအခြေခံပညာအထက် တန်းကျောင်းဆောင်၏ မတော်တဆ ရုတ်တရက်ပြိုကျမည့်အန္တရာယ်မကျ ရောက်နိုင်ရေးအတွက် ကျောင်းဆောင် ဖျက်သိမ်းနိုင်ခြင်းခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ 148

( ဈ ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ "ရှမ်းပြည်နယ် အတွင်း မြို့နှင့် အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်း (RHC) ကဲ့သို့ ဌာနများ၊ တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးရန် နှင့် နယ်လှည့်ဆေးကုသ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၅၀

( ဉ ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) "မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၌ ခွင့်ပြုရရှိထားသည့် မီးသတ်ကား (၂)စီးထားရှိရန်အတွက်အဆောက် အဦနှင့် ဝန်ထမ်းနေအိမ်အား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် အတွင်း ခွင့်ပြုဆောက်လုပ်ပေးနိုင် ရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၅၅

(၂) "မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက် စွမ်တောင်း ရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာ သွားရာ ကျောက်ချောလမ်းတွင် ၁၅၇



D/sixth marticar(7)



( င ) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " မိမိမြို့နယ်အတွင်းမှ ကန်ထရိုက် လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်စေရန် မည်သို့ မည်ပုံ စီစဉ် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၁

( စ ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ "အမှတ်(၁) ရွှေလီရေအား လျှပ်စစ်မှ သွယ်တန်းလာသည့် မဟာဓာတ် အားလိုင်းကြိုးကြီးများနှင့် ဝေးလံသည့် မြို့ ရွာများမှ ပြည်သူများ အကျိုးခံစားရသကဲ့ သို့ အနီးကပ်ဆုံးနေရာတွင်ရှိသည့် မိုင်းဝီး ကျေးရွာအုပ်စုနှင့် ဟင်လုံကျေးရွာအုပ်စုတို့ သည်လည်း သာတူညီမျှ အကျိုးခံစားနိုင် ရေး၊ လျှပ်စစ်ဓာတ်အားသွယ်တန်း ဖြန့်ဝေ ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂၆

(ဆ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ "ရှမ်းပြည်နယ်တွင် ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့သော အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိသည် ကို သိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၃၀

နမ့်ပိန်းချောင်းကူးတံတားအကျယ် (၁၆၀)ပေ တည်ဆောက်ပေးနိုင်မည့်အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) “ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် လျာထားသတ်မှတ်ထားသည့် ရုံးမြေနေရာအား အတည်ပြုပေးနိုင်မည့်အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၈

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း) အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၆၂

(၇) ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏သဘောတူညီချက်ရယူခြင်း။ ၁၆၈

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၇၂



D/sixth marticar(8)



၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ မူလအမှုဖွင့် စစ်ဆေးထားခြင်းကို ပယ်ဖျက်ရန် အစီအစဉ်ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) “ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ပင်လုံကျေးရွာ၊ထီးခမ်း(ဖိုကုန်း) ကျေးရွာနှင့်ညောင်သုံးပင်ကျေးရွာများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသောစာသင်ကျောင်းဆောင်များ၏လိုအပ်ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ရန်ပုံငွေမှဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၅

( ခ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏“ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ရေးရာကော်မတီလုပ်ငန်းတာဝန်များဆောင်ရွက်ရန်တောင်ကြီးဟိုတယ်သို့တည်းခိုပါကလွှတ်တော်အစည်းအဝေးတက်သည့်နှုန်းထားအတိုင်းသတ်မှတ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၀

(ဂ) ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အတွင်း လေ့လာသုံးသပ်နိုင်ရန် ရှမ်းပြည်နယ် အခွန်အခအရပ်ရပ်ဆိုင်ရာကိစ္စ” နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၉၆

(ဃ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

- (၁) “ရှမ်းပြည်နယ်၌ စိုက်ပျိုးနိုင်သော မြေဧကပေါင်းများစွာရှိပြီး ယာစပါး၊ လယ်စပါး အများဆုံးထုတ်လုပ်နိုင် သောပြည်နယ်တစ်ခုဖြစ်ရာစပါးစိုက် တောင်သူများအားအစိုးရအနေဖြင့် မည်ကဲ့သို့ပံ့ပိုးကူညီမှုများပြုလုပ်ပေး နေကြောင်းနှင့် အနာဂတ်ကာလ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့ သို့ကြိုတင်ဆောင်ရွက်လျက်ရှိသည် ကို သိရှိလိုပါသည်” နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၀၂
- (၂) “ရှမ်းပြည်နယ်အတွင်း ဓာတ်သတ္တု များ တူးဖော်ထုတ်ယူရာတွင် နိုင်ငံတော်နှင့် လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူလူထုများကပါ ထိုက်သင့်သောအကျိုးခံစားခွင့်များ ရရှိစေနိုင်သော တာဝန်သိသတ္တု ၂၀၉





**(ဂ) ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း** ၁၇၃

- (၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၇၄
- (၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ ၁၇၄
- (၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၇၅
- (၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ မှ ခွင့်ပန်ကြားခြင်း။ ၁၇၅
- (၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၇၈
  - (က) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏
    - (၁) “ရပ်စောက်မြို့နယ်၊ ဖောင်းတော ကျေးရွာအုပ်စု၊ဘုရားဖြူကျေးရွာ နေ တောင်သူ(၉၈)ဦး၏ ယာမြေ (၄၉၆)ဧကကို ဦးအောင်တင်ရွှေ၊ (ရွှေငါးကုမ္ပဏီ)မှ သိမ်းဆည်း မြေယာအမှုကိစ္စနှင့်ပတ်သက်၍ ၁၇၈

တူးဖော်ခြင်း Responsible Mining စနစ်ဖြစ်ထွန်းလာစေရေး အတွက်ပြည်နယ်အစိုးရအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးအောင်ထွက်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်ကုမ္ပဏီများ တင်ဒါလျှောက်လွှာတင်သွင်းခြင်းနှင့် လုပ်ငန်းပြီးစီး၍ ငွေကြေးထုတ်ယူသည့်အခါ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏သဘောထားထောက်ခံချက်ရယူစေရေး အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၇

(စ) ဦးသိန်းဇော်မိုး၊ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်၌ ရန်ကုန်၊ မန္တလေး၊ ပုဂံကဲ့သို့ ဧည့်သည်များပျော်ရွှင်ချမ်းမြေ့စွာ လည်ပတ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရဌာနအသီးသီးမှ ပါဝင်ညွှန်ကြားဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၅

(ဆ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ “ လွိုင်လင်ခရိုင်၊ ၂၃၅







ကလေးသူငယ်များသည် ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခြင်းမခံရအောင်နှင့် ၎င်းတို့၏ အနာဂတ်ဘဝသာယာလှပရေး အတွက် မည်သို့စီမံဆောင်ရွက်လျက် ရှိကြောင်းကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏“ပြည်နယ်အတွင်းဓာတ်သတ္တုစမ်းသပ်ဖော်ထုတ်လုပ်ကိုင်သူများ၏ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်ဝန်ကြီးမှ လိုအပ်သလို စိစစ်၍လုပ်ကိုင်ဆောင်ရွက်နိုင်ရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၅၇

(ဋ) ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ “ အစိုးရငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုဘတ်ဂျက် မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၆၄

(ဌ) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၇၃

(ဍ) ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။ ၂၉၃

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၃၀၀

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၃၀၄

- ဆုံးဖြတ်ခြင်း ၃၀၅
- မှတ်တမ်းတင်ခြင်း ၃၀၆
- ရှင်းလင်းတင်ပြခြင်း ၃၀၉





နမ့်စန်မြို့နယ်၊ဒေသခံပြည်သူများသောက်သုံး ရေဖူလုံစွာရရှိရေး” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၈) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) “မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့ပြည်သူ့ဆေးရုံ ခြံစည်းရိုးပြည့်စုံစွာကာရံခြင်းမရှိသေးသည့်လုပ်ငန်းအား နောက်ထပ်ရန်ပုံငွေခွင့်ပြုပေးနိုင်ခြင်း ရှိ/ မရှိ ” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၄၄

(၂) “မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိ လမ်းအရှည်(၄/၀)မိုင်အားကတ္တရာလမ်း တိုးမြှင့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၄၆

(၉) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ “ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၏ မြို့များတွင်ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိဘဲ၊စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသော ကလေးသူငယ်များ၊ ပလပ်စတစ်ကောက်နေသော ၂၄၉

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်**
**၂၀၁၇ ခုနှစ်၊ ဇွန် လ ၆ ရက်**
**[အင်္ဂါနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး(ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးစိုးစိုးသက်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်





လွှတ်တော်ကိုယ်စားလှယ်များနဲ့ ခန်းမထဲရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ကတိသစ္စာကို တိုင်ပေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိအမည်ကိုထည့်၍ရွတ်ဖို့ဖြစ် ပါတယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၆)ဦးနှင့်တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ကတိသစ္စာပြုကြ ပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။

ယခု ကတိသစ္စာပြုတဲ့ ကိုယ်စားလှယ်များအနေနဲ့ မိမိ နေရာသို့ ပြန်လည် နေရာယူရန်နှင့် ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါမှာ ပြည်နယ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ ပေးအပ်ဖို့ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၄၁)ဦးရှိသည့် အနက် ဒီကနေ့အစည်းအဝေးကို (၁၃၁) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက် ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏(၉၂. ၉၁%)ရှိပြီး

တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက် ကျော်လွန်တဲ့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် အတိုင်း ဆက်လက်ကျင်းပ ပြုလုပ် သွားမှာဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။



D/real(wide) (2



ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနဲ့ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၆-၆-၂၀၁၇ ရက်နေ့ ပထမနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ၊ အတွင်းရေးမှူး ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးမြင့်ဆွေ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၂) ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၃)ရက်။

(၃) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။





**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၁၀)ဦးရှိပြီးခွင့်မဲ့ ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမ

(၄) ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၇) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၈) ဦးစိုင်းစံဖေ၊မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၉) ဗိုလ်မှူးရဲမြတ်ထွန်း၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၀) ဗိုလ်ကြီးပေါ်လာ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာဖြင့်တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။





ပုံမှန်အစည်းအဝေးကို ယခုလို ကျန်းမာရွှင်လန်းစွာဖြင့် တက်ရောက်လာကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်နယ်အကျိုးနဲ့ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ ဆက်လက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်တင်မြှောက်ပွဲမှာ အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဖြည့်စွက်ခန့်ထားခြင်းခံရသည့်မြို့နယ်မဲဆန္ဒနယ်များမှပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အစားထိုးပြောင်းလဲခန့်ထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ရှမ်းပြည်နယ်လွှတ်တော်က နွေးထွေးစွာကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ယခုကျင်းပမည့် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ပဉ္စမပုံမှန်အစည်းအဝေးကာလမှ မေလ ၂၆ ရက်နေ့အထိ လက်ခံ ရရှိထားသည့် ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၄၂)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်မှာဖြစ်သလို မေလ ၁၉ ရက်နေ့အထိ လက်ခံရရှိတဲ့ အဆို ၁ ခုကို အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများဟာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁၊ နည်းဥပဒေခွဲ (က)မှ(ဆ)အထိပါ ကန့်သတ်ချက်များ၊ နည်းဥပဒေ ၁၀၂ ၊ နည်းဥပဒေခွဲ (က)မှ(ည)အထိပါ စည်းကမ်းချက်များနှင့် ညီညွတ်ရမှာဖြစ်သလို အဆိုများသည် နည်းဥပဒေ ၁၁၈၊ နည်းဥပဒေခွဲ (က)မှ(ဃ)အထိပါ ကန့်သတ်ချက်များနဲ့ လည်းကောင်း၊ နည်းဥပဒေ ၁၁၉ ၊ နည်းဥပဒေခွဲ (က)မှ(ဇ)အထိပါ စည်းကမ်းချက်များနှင့် လည်းကောင်းအညီဖြစ်ဖို့လိုမှာဖြစ်ကြောင်းထပ်လောင်းပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ၅ ကြိမ်နဲ့ အရေးပေါ်အစည်းအဝေး ၁ ကြိမ်ကျင်းပပြီးစီးရာမှာ

အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဥပဒေ ၃ ခုနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် ဒေသန္တရစီမံကိန်းဥပဒေ ၄ ခု ပြဋ္ဌာန်းနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြုခွင့်ရှိသော ဇယား ၂ ပါ ဥပဒေများထဲက ရေးဆွဲနိုင်တဲ့ ဥပဒေ ဒါမှမဟုတ် ပြင်ဆင်နိုင်တဲ့၊ ပြင်ဆင်သင့်တဲ့ ဥပဒေတွေကို လွှတ်တော်ကိုယ်စားလှယ်က တာဝန်တစ်ရပ်အနေနဲ့ ဝီရိယစိုက်ထုတ်ပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်ဘက်က ဒီဥပဒေတွေကို ပြင်ဆင်ခြင်းမပြုနိုင်သမျှ အုပ်ချုပ်ရေးပိုင်းက ရှိပြီးသား ဥပဒေကိုဘဲ ကျင့်သုံးရတာဖြစ်တဲ့အတွက် ဒီဥပဒေများဟာ ပြည်သူအတွက် အံဝင်ခွင်ကျ မဖြစ်ဘူးဆိုရင် ပြည်သူလူထုကို ဒုက္ခပေးသလိုဖြစ်နိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပညာရှင်များ မဟုတ်ပေမဲ့ လေ့လာမှုအားနဲ့ Capacity Building က ရရှိတဲ့ အသိပညာနဲ့ပေါင်းစပ်ပြီး ဥပဒေပြုရေးဆွဲရမှာဖြစ်သလို တစ်ဘက်ကလည်းဘဲ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အကူအညီနဲ့ဆောင်ရွက်ရကြောင်း တင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု လွှတ်တော် နာယကက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ MPU အစည်းအဝေးကို ဒီဒုတိယအကြိမ် သက်တမ်းကာလမှာဆိုရင် အစည်းအဝေး ၆ ကြိမ်ကျင်းပပြီးဖြစ်ပါတယ်။ MPU အစည်းအဝေးရဲ့ ဆွေးနွေးချက်၊ ပြည်ထောင်စုလွှတ်တော်ရဲ့



D/real(wide) (5



ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြရမည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ အခန်းကဏ္ဍကို အမြဲတမ်းပုံရိပ်ကောင်းအောင် ဖော်ဆောင်ပေးရမှာဘဲဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကြုံတွေ့ရတဲ့ အမြင်အမျိုးမျိုး၊ ရှုဒေါင့်အမျိုးမျိုးမှ မတူကွဲပြားမှုများအပေါ် တစ်ဆက်တည်း၊ တစ်သားတည်းဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မတူညီမှုများကို ၎င်း၏ ဇစ်မြစ်များကို ရှာဖွေပြီး အတိုက်အခံဖြစ်မှုပဋိပက္ခဖြစ်မှုများကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ အပြန်အလှန်ထိန်းညှိမှုမဟုတ်သောအချင်းချင်း အားပြိုင်မှုသို့ ရှေးရှုသည့် စိန်ခေါ်မှုမျိုးကိုရှောင်ရှားနိုင်ကြမှာဖြစ်သလို ညှိနှိုင်းဆွေးနွေးရာမှရရှိသော ဆုံးဖြတ်ချက်များနှင့် ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တရားဥပဒေ စိုးမိုးရေး Rule of Law ကို ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တာဝန်များကို တက်ကြွစွာ ဆောင်ရွက်နိုင်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရေးကျရာ အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမည့် မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ၂ ရွာအား ကျေးရွာရေပေးရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။



D/real(wide) (6



အတည်ပြုချက်နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက် တို့ဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများကို ပြည်ထောင်စုလွှတ်တော်ရုံးဖွဲ့စည်းပုံမှာထည့်သွင်းပြီးတော့မှ သီးခြား ရုံးဝန်ထမ်းအဖြစ် ၁-၄-၂၀၁၇ ရက်နေ့မှစတင်ဖွဲ့စည်းပြီး ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခုအခါ လွှတ်တော်ရုံးဝန်ထမ်းများ ပြင်ဆင် ဖွဲ့စည်းခြင်း၊ ဌာနကူးပြောင်းခြင်း၊ ထပ်မံ ဖြည့်စွက်ခန့်ထားခြင်းစတဲ့ အစီအမံများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ လွှတ်တော်ရေးရာကော်မတီများဟာ လိုအပ်ချက်အရ သက်ဆိုင်ရာဒေသအထိ ကွင်းဆင်း ဆောင်ရွက် တာတွေရှိပါတယ်။ ကွင်းဆင်းတွေ့ရှိချက်နဲ့ သုံးသပ်ချက်ပါ အစီရင် ခံစာများကို လွှတ်တော်သို့ ပြန်လည်တင်ပြရာမှာ အချို့ အစီရင်ခံစာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လိုအပ်သလို ဆက်လက် ဆောင်ရွက် နိုင်ဖို့အတွက်ပေးပို့လျက်ရှိပါတယ်။ ပြည်သူတစ်ဦး သို့မဟုတ် ပြည်သူအများအတွက် တင်ပြစာကို လွှတ်တော်က အလေးအနက် ထားပြီး ဆောင်ရွက်ပေးထားတာမျိုးဖြစ်ပြီး အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲရေးတာဝန်ကို ဝင်ရောက် စွက်ဖက်ခြင်း မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ တင်ပြချက်များနဲ့ တိုင်ကြားချက်များအားလုံးရဲ့ လိုအင်များအားလုံးကို တစ်ပြိုင်တည်း ရာနှုန်းပြည့် ဖြေရှင်းဆောင်ရွက်နိုင်သည့် အနေအထားမျိုး မရှိနိုင် သော်လည်း ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ ဧည့်သည်တော်များ ခင်ဗျား။ ဒီမိုကရေစီကျင့်စဉ် ထာဝစဉ် ရှင်သန် ခိုင်မာစေဖို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမှာ တာဝန် ရှိပါတယ်။ အနာဂတ်မြန်မာ့ဒီမိုကရေစီလူ့ဘောင်ကို ရှင်သန်

မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတို့သည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ သစ်တောပြုန်းတီးမှုကြောင့်လည်းကောင်း၊ ကျေးရွာအသုံးပြုနေကြသည့် ရေတွင်း၊ရေကန်များ ရေခန်းခြောက်မှုများ တွေ့ကြုံခံစားလျက်ရှိပါတယ်။ သောက်သုံးရေများကို အလှမ်းကွာဝေးသည့် တောတောင်၊ စိမ့်စမ်းရေထွက်ရှိတဲ့ နေရာဒေသများမှာ သွားရောက်ပြီးတော့ အသုံးပြုနေရသည့်အတွက်ကြောင့် အချိန်ကုန် လူပန်းမှုများကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေရတာဖြစ်ပါတယ်။ အဆိုပါ တောတောင်ရေ၊ စိမ့်စမ်းရေများကို ကျေးရွာများသို့ ရေသွယ်ရေးလုပ်ငန်းအစီအစဉ် ဆောင်ရွက်ပေးနိုင်ပါက သက်ဆိုင်ရာ ကျေးရွာပြည်သူလူထုများလည်း ဝမ်းပန်းတသာကြိုဆိုမျှော်လင့်စောင့်စားလျက်ရှိသည်နှင့်အညီ ဦးစွာ ကျွန်တော်တင်ပြမည့် ကျေးရွာ ၂ ရွာမှာဆိုလျှင် ဝမ်ဆတ်ရွာအကွာအဝေး ၂ မိုင်၊ အိမ်ခြေ ၄၀၊ လူဦးရေ ၂၄၈ ဦး၊ ယမ်းခမ်းကျေးရွာ၊ အကွာအဝေး ၂ မိုင်၊ အိမ်ခြေ ၄၉ အိမ် ၊ လူဦးရေ ၂၆၇ ဦးရှိတဲ့ ကျေးရွာ ၂ ရွာအတွက် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို အထူး လိုလားလျက်ရှိကြောင်း ပြည်သူလူထုတင်ပြချက်အရ တင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဆတ်ရွာ ၊ ယမ်းခမ်းကျေးရွာ ၂ ရွာအား စိမ့်စမ်း ရေသွယ်ရန် လုပ်ငန်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိစပ်လျဉ်းပြီးတော့ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (7



ရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီးပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာသူ ဧည့်သည်တော်များအား မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒီကနေ့မှာ တင်ပြ ဆွေးနွေးသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးမှာ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရိုးရာခြင်းလုံးစသည့် အားကစားနည်းများနှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်းအနေနဲ့ တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရိုးရာခြင်းလုံးအားကစားများ တစ်နေ့ထက်တစ်နေ့တိုးတက်အောင်မြင်မှုရရှိရန် နည်းစနစ်ပိုင်း၊ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ထားကြောင်း အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ အားကစားကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ အား/ကာသိပ္ပံမှ ဆောင်ရွက်မှု အပိုင်းနှင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆောင်ရွက်မည့် အပိုင်း ၂ ပိုင်း ခွဲခြားပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

အားကစားနှင့် ကာယ ပညာ သိပ္ပံအပိုင်းအနေနဲ့ နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူငယ်၊ လူရွယ်များအား ပညာသင်မပျက် အားကစားလေ့ကျင့်မှုများ ပြုလုပ်သွားနိုင်ရန် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ ထူးချွန် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ကို ၁၇-၁၀-၂၀၁၄ ရက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ သင်တန်းသား၊ သင်တန်းသူ ၁၅၀ ဦးအား ပြေးခုန်ပစ်၊ ဘတ်စကတ်ဘော၊ လက်ဝှေ့၊ ဘောလုံး၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော အားကစားနည်း ၁၀ နည်းဖြင့် စတင် ဖွင့်လှစ်





**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှမေးမြန်းလာတဲ့ ယမ်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဆတ်ကျေးရွာနှင့် ယမ်းခမ်းကျေးရွာ (၂)ရွာအား စိမ့်စမ်းရေသွယ်ပေးရေးလုပ်ငန်း ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ယမ်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ဝမ်ဆတ်ကျေးရွာသည် အိမ်ခြေ ၄၀ အိမ်၊ လူဦးရေ ၂၄၈ ဦး မှီတင်းနေထိုင်လျက်ရှိပြီး ကျေးရွာမှ ၂ မိုင်အကွာအဝေးရှိ ရေထွက်မှ ရေကိုရယူနိုင်ရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၁၇. ၈၅ သန်း ကုန်ကျမည်ဖြစ်ပါသည်။ ယမ်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ယမ်းခမ်းကျေးရွာသည် အိမ်ခြေ ၄၉ အိမ်၊ လူဦးရေ ၂၆၇ ဦး မှီတင်းနေထိုင်လျက်ရှိပြီး ကျေးရွာမှ ၂ မိုင်အကွာအဝေးရှိ ရေထွက်မှရေကို ရယူနိုင်ရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၁၇. ၈၅ သန်း ကုန်ကျမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော ကျေးရွာ ၂ ရွာ ရေရရှိနိုင်ရေးအတွက် ၂၀၁၇ - ၂၀၁၈ ခုဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေ

သင်ကြားခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၂၃၀ ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၂၅၀ ဦးအထိ တိုးမြှင့်ခေါ်ယူ၍ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းအထိ သင်ကြားပေးနိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ် အသီးသီးမှ ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် စိစစ်ရွေးချယ်ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၁၃ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၁၈၇ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ၃၄ ဦး၊ ကယားပြည်နယ်မှ ၁၆ ဦး၊ ဒေသခံတိုင်းရင်းသားများ ဖြစ်ကြတဲ့ ဗမာ၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ အင်းသား၊ ခနု၊ အာခါ၊ တောင်ရိုး၊လီဆူး၊ ကယန်း၊ကယား၊ကချင်၊ ကရင်၊ ချင်းတိုင်းရင်းသား ၁၄ မျိုးဖြင့် လေ့ကျင့်သင်ကြားလျက်ရှိရာ ထူးချွန်အားကစား သမားများအဖြစ် ပြေးခုန်ပစ်(တာလတ်)မှ မအေးခမ်းနှင့် မောင်ဖြိုးကျော်ဇင်ဦး၊လက်ဝှေ့အားကစားနည်းမှ မောင်စိုင်းနော်ကျောက်၊ ဘောလုံး(အမျိုးသား)မှ မောင်ကျရဲနှင့် မောင်ချီးလို့၊ အမျိုးသမီးဘောလုံးအသင်းမှ အသက် ၁၄ နှစ်အောက် ဘောလုံးအသင်းတွင် မပန်းချယ်ရီ၊ မဆောင်းနှင်းဖွေး၊ မမေဇွန်မိုး၊ မဇွန်သဲဦး၊ မဉမ္မာကျော်တို့သည် မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်တွင်လည်းကောင်း၊ မစုနန္ဒာအောင်၊ မနန်းခမ်းရွှေ၊ မနော်အယ်ဖူးဖောနှင့် မမေသူအောင် တို့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင်လည်းကောင်း၊ ဂျူဒို အားကစားနည်းမှ မောင်ဟိန်းမင်းထက်၊ မမူသန်းငွေ၊ မနန်းယဉ်ယဉ်ခိုင်တို့သည် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းတွင်လည်းကောင်းပူးတွဲလေ့ကျင့်နေခြင်းဖြင့် အချိန်တို ကာလ အတွင်း ထူးချွန်အားကစားသမားများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ ပါသည်။



D/real(wide) (9



ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရိုးရာခြင်းလုံး အားကစားနည်း စနစ်ပိုင်းများ တိုးတက်လာစေရန်အတွက် အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ နေပြည်တော်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တို့မှ ပူးပေါင်းဖွင့်လှစ်သည့် နည်းပြနှင့် ဒိုင်လူကြီးသင်တန်းများသို့ တက်ရောက်ရန်စေလွှတ် ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၂၂ ရက်နေ့ အထိ အာရှဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော AFC 'c' Certificate Coaching Course ဘောလုံး နည်းပြသင်တန်းများကို တောင်ကြီးမြို့ ပြည်နယ်ဘောလုံးကွင်းတွင် ဖွင့်လှစ်ပေးခဲ့ပါသည်။

မြို့နယ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အားကစား နှင့်ကာယပညာဦးစီးဌာန၏ ပြည်နယ်ဘတ်ဂျက်(၀၃-၂၅။ ပြပွဲ၊ ပြိုင်ပွဲ) ခေါင်းစဉ်မှ ၄၄ မြို့နယ်အား တစ်မြို့နယ်လျှင် ကျပ်သိန်း ၃၀ ထောက်ပံ့၍ မြို့နယ်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလား ခရိုင်အလိုက် အားကစားပြိုင်ပွဲများသို့ ခရိုင်အသင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် မြို့နယ်များမှ လူရွေးပွဲများ ကျင်းပ၍ ခရိုင်လက်ရွေးစင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် TSDP အစီအစဉ်အရ ဖယ်ခုံမြို့၊ လဲချားမြို့၊ လင်းခေးမြို့၊ နမ္မတူမြို့၊ မိုင်းတုံမြို့၊ လွိုင်လင်မြို့၊ ကျိုင်းတုံမြို့၊ ပင်လောင်းမြို့၊ လားရှိုး မြို့နယ်များတွင် အားကစားနှင့်

ကာယပညာဦးစီးဌာန၏ (၀၃-၂၅။ ပြပွဲ၊ ပြိုင်ပွဲ) ခေါင်းစဉ်မှ ကျပ်သိန်း ၂၀ ထပ်ဆောင်း၍ စုစုပေါင်း ကျပ်သိန်း ၅၀ ဖြင့် ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ ဘိလိယက်နှင့်စနူကာ၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ မီနီမာရသွန်၊ စက်ဘီးအားကစား ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပြည်နယ်ဘတ်ဂျက်(၀၃-၂၅၊ ပြပွဲ၊ ပြိုင်ပွဲ) ခေါင်းစဉ်မှ ၄၄ မြို့နယ်အား တစ်မြို့နယ်လျှင် ကျပ်သိန်း ၅၀ ထောက်ပံ့၍ မြို့နယ်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများကျင်းပခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အားကစားပြိုင်ပွဲများသို့ ခရိုင်အသင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် မြို့နယ်များမှ လူရွေးပွဲများ ကျင်းပ၍ ခရိုင်လက်ရွေးစင်အဖြစ်ဝင်ရောက် အရွေးချယ်ခံခြင်း၊ ရှမ်းပြည်နယ်အမျိုးသမီး အားကစားအဖွဲ့ဆပ်ကော်မတီ နာယက ဖလားမြို့နယ်အလိုက် ဘော်လီဘောပြိုင်ပွဲ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် စစ်တုရင်ပြိုင်ပွဲ အသက် ၂၃ နှစ်အောက် မြို့နယ်အလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြို့နယ်အလိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲများ ယှဉ်ပြိုင်စေမည်ဖြစ်ပါသည်။

ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ Outdoorfitness အားကစား အထောက်အကူပြု ပစ္စည်းများအား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်များတွင် ထောက်ပံ့ကူညီပေးခြင်းများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိပါသည်။





အားကစားထူးချွန်၍ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်ရေးနှင့် လေ့လာရေးအဖြစ် အမျိုးသမီး ဘောလုံးအသင်းမှ မလင်းမြင့်မိုရ်နှင့် မနော်ရစာရာတို့သည် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများတွင် ကျင်းပပြုလုပ်ခဲ့သည့် U-14 Grils Football Festival 2016 ပြိုင်ပွဲသို့ လည်းကောင်း၊ တိုက်ကွမ်ဒို အားကစားနည်းမှ မောင်ညီဝေယံအား Asian Korea တိုက်ကွမ်ဒို လူငယ်များ တွေ့ဆုံပွဲနှင့် ပူးတွဲလေ့ကျင့်ရန် ကိုရီးယားနိုင်ငံများသို့ သွားရောက်ခဲ့ပြီး ရှမ်းပြည်နယ်၏ အားကစား အောင်မြင်မှုကို အထောက်အကူပြုနိုင်ခဲ့ပါသည်။

ဆက်လက်ပြီး ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အပိုင်း ဆောင်ရွက်မှုအနေနဲ့ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများသို့ ရှမ်းပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောက်ဖော်ပြပါ အားကစား အမျိုးအစားအလိုက် ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၃၀ ခု၊ ကြေးတံဆိပ် ၅၂ ခုရရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအနက် ရှမ်းပြည်နယ်မှအဆင့် ၄ ရရှိခဲ့ပါတယ်-

- ရွှေတံဆိပ်ဆုရရှိခဲ့တဲ့ အားကစားနည်းအနေဖြင့် ဘိလိယက်မှ ၁ ခု၊ ဘော်လီဘောအမျိုးသားမှ ၁ ခု၊ ဗိုဗီနမ်မှ ၃ ခု၊ တိုက်ကွမ်ဒိုမှ ၃ ခု၊ မြန်မာ့သိုင်းမှ ၅ ခု၊ ဘတ်စကက်ဘောအမျိုးသားမှ ၁ ခု၊ လက်ဝှေ့မှ ၁ ခု၊ ပြေးခုန်ပစ် ၁၈ နှစ်အောက်မှ ၄ ခု၊ ဝူရှူးမှ ၁ခု၊ ဂေါက်သီး ၁ ခု၊ သေနတ်ပစ် ၃ ခု၊ ပြေးခုန်ပစ် အလွတ်တန်း ၄ ခု၊ စုစုပေါင်း ၂၈ ခု၊ ငွေတံဆိပ် ၃၀ ခု၊ ကြေးတံဆိပ် ၅၂ ခု ရှမ်းပြည်နယ်အနေနဲ့ ရရှိခဲ့ပါတယ်။

မြို့နယ်များတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရိုးရာခြင်းလုံး အားကစားနည်းများအပြင် အခြား အားကစားနည်းများလည်း နည်းစနစ်သင်တန်းတက်ရောက်မည့် သင်တန်းသားများရှိပြီး သင်တန်းဖွင့်လှစ်လိုပါက အားကစားအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်များတွင် နည်းစနစ်သင်တန်းများအား ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီးပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)**။ ဒုတိယမေးခွန်း အနေနဲ့ ကျွန်တော်ဆက်လက်တင်ပြဆွေးနွေးသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးကို နိုင်ငံခြားမှ တင်သွင်းလာသောစားသုံးဆီများ၊ ပြည်တွင်းမှထွက်ရှိသော စားသုံးဆီများနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အများပြည်သူတို့သည် နိုင်ငံခြားမှတင်သွင်းလာသော စားသုံးဆီ၊ ပြည်တွင်းမှထွက်ရှိသော စားသုံးဆီများ၊ တိရစ္ဆာန်မှထွက်ရှိသော စားသုံးဆီအမျိုးအစား အမျိုးမျိုးကိုကျန်းမာရေးအရ နေ့စဉ် စားသုံးရန် သင့်/မသင့်ကို မည်သို့ ခွဲခြားစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းကို အများပြည်သူသိရှိလိုက်နာရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။



D/real(wide) (1



ဆောင်ရွက်လျက်ရှိပါသည်-

(က) အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ကို ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အချက်များမှာ-

(၁) ထုတ်လုပ်သည့် အစားအသောက်များ (အမှတ်တံဆိပ်၊ထုပ်ပိုးပစ္စည်း၊ ထုပ်ပိုးမှုအရွယ်အစား)

(၂) ထောက်ခံချက် လျှောက်ထားသည့် အမှတ်တံဆိပ်နှင့် အမှတ်တံဆိပ်မှတ်ပုံတင် မိတ္တူ

(၃) လုပ်ငန်းဖွဲ့စည်းပုံ(Organogram of Business)

(၄) စက်ရုံတည်နေရာ(Plant Localization of Map)

(၅) စက်ရုံဖွဲ့စည်းပုံ (Factory Layout)

(၆) အသုံးပြုသည့် စက်ကိရိယာစာရင်းနှင့် စက်ကိရိယာအလိုက် အသေးစိတ်သတ်မှတ်ချက်များ

(၇) ထုတ်လုပ်ပုံအဆင့်ဆင့် ဖော်ပြချက်

(၈) အရည်အသွေးထိန်းသိမ်းမှုအစီအစဉ်

(၉) ထုတ်လုပ်မှုအဆင့်ဆင့် မှတ်တမ်းများ ပါဝင်သည့် ပစ္စည်းများနှင့် တစ်ခုချင်းအလိုက် အသေးစိတ် သတ်မှတ်ချက်များ (Ingredients and it's specifications)

(၁၀) ဝန်ထမ်းအမည်စာရင်းနှင့် ကျန်းမာရေးဆေးစစ်ချက်မိတ္တူ

(၁၁) ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်

(၁၂) မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းလိုင်စင်

အမှတ်တံဆိပ်ဖော်ပြရာတွင် အောက်ပါအချက်များပါဝင်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်-

(က) အမှတ်တံဆိပ်(Brand Name)

( ခ) အစားအသောက်အမျိုးအစား(Kind of Food)

( ဂ) ပါဝင်ပစ္စည်းအမျိုးအမည်ဖော်ပြချက် (Ingredients)

(ဃ) ပါဝင်မှုပမာဏ(Net Weight /Gross Weight)

( င) ထုတ်လုပ်သည့် ရက်စွဲအမှတ်အသား (Date Marking)

- ထုတ်လုပ်သည့် အပတ်စဉ်အမှတ် (Code No./ Batch





**ဥက္ကဋ္ဌ။** စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးမှဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင် ၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်း မေးမြန်းထားသည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံခြားမှ တင်သွင်းလာသော စားသုံးဆီများနှင့်ပတ်သက်၍ အောက်ပါအချက်များနှင့်ကိုက်ညီမှုရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်-

(က) ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရှိရပါမည်။

( ခ) နယ်စပ်ကုန်သွယ်ခြင်းအတွက် တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် Individual Trading Card- ITC ရှိရပါမည်။

( ဂ) သွင်းကုန်များအတွက် သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိမှသာ ကုန်ပစ္စည်းများ တင်သွင်းခွင့်ရှိပါသည်။

(ဃ) သွင်းကုန်လိုင်စင်ကို ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားရပါမည်။

( င) စားသုံးဆီတင်သွင်းခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာန၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိ ရပါမည်။

ပြည်တွင်းမှ ထုတ်လုပ်ထွက်ရှိသော စားသုံးဆီများနှင့်ပတ်သက်၍ အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေး

No./Lot No.)

- ထုတ်လုပ်သည့် ရက်စွဲ (Manu- facturing Date)
- သက်တမ်းကုန်ရက်စွဲ(Expiry Date, Best before date)

(စ) ထုတ်လုပ်သူအမည်နှင့် လိပ်စာ ဖော်ပြချက်

(ဆ) ထုတ်လုပ်သည့် တိုင်းပြည်(Country Origin)

(ဇ) အခြားဖော်ပြချက်

- ထားသိုရန်အညွှန်း (Storage Instruction)
- သုံးစွဲရန်အညွှန်း(Direction for Use)

ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားသုံးသူများကို အကာအကွယ်ပေးရေးအတွက် ၁၄-၃-၂၀၁၄ နေ့ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၀)ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ၄-၆-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၈/၂၀၁၄)ဖြင့် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊



D/real(wide) (1



အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင် (၉)ဦးဖြင့် ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

(စ) စားသုံးသူရေးရာဦးစီးဌာနသည် ၂၀၁၃ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်တွင် သီးခြားစားသုံးသူရေးရာဦးစီးဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

(ဆ) စားသုံးသူအကာအကွယ်ပေးရေးအတွက် ဗဟိုကော်မတီ၏ အောက်တွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ အဆင့်ဆင့် ဖွဲ့စည်းပြီး စားသုံးသူ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

(ဇ) ရှမ်းပြည်နယ်အနေဖြင့် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော အောက်ပါဌာနဆိုင်ရာအကြီးအကဲများဖြင့် ဖွဲ့စည်းထားပါသည်-

(၁) ပြည်နယ်ဥပဒေရုံး

(၂) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၃) ပြည်နယ်စည်ပင်သာယာရေးဌာန

(၄) ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန

(၅) ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန
(၆) ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
(၇) ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
(၈) ပြည်နယ်အကောက်ခွန်ဦးစီးဌာန
(၉) ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန
(၁၀) ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
(၁၁) ပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
(၁၂) ပြည်နယ်ပဲ၊ပြောင်း၊နှမ်းအသင်း

(ဈ) ထို့ပြင် တောင်ကြီးခရိုင်၊ လားရှိုးခရိုင်၊ ကျိုင်းတုံခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်များတွင်လည်း ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်ပါသည်။

(ည) ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့သည် ရှမ်းပြည်နယ်၏ စားသုံးသူ အကာအကွယ်ပေးရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို နှစ်စဉ်၊ လစဉ်၊ နေ့စဉ် စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်-



D/real(wide) (1



ဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင်(၃၀)ဦးပါဝင်သည့် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် အဖွဲ့ဝင် ၂၃ ဦးပါဝင်သော ဗဟိုကော်မတီအသစ်ကို ၂၈-၁၁-၂၀၁၆ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဂ) စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် ၃-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဥက္ကဋ္ဌအဖြစ် ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပါသည်။

(ဃ) စားသုံးသူ အကာအကွယ်ပေးရေးဗဟို ကော်မတီသည် ၂၂-၁၀-၂၀၁၄ ရက်စွဲပါစာအမှတ်၊စသရ(ဗဟို)/၂၀၁၄-၂၀၁၅(၀၀၀၆)ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ(၂)ရပ်ကို ဖွဲ့စည်းရန် တာဝန်ပေးအပ်ပါသည်။

(င) စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် ၂၃-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ခရိုင်အထွေထွေ

(၁) စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကျင်းပခြင်း
(၂) ဈေးကွက်အတွင်းကွင်းဆင်း စစ်ဆေးခြင်း
(၃) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ဆွေးနွေးခြင်း
(၄) စားသုံးသူကာကွယ်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း
(၅) စားသုံးသူကာကွယ်ရေးဆိုင်ရာ သင်တန်း များပို့ချခြင်း

(ရ) ရှမ်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းဆောင်ရွက် ခဲ့ပါသည်-

| | |
|---|---|
| (၁)အသိပညာပေး ဟောပြောခြင်း | ၆၀၄ ကြိမ် |
| (၂)ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း | ၂၈၃ ကြိမ် |
| (၃)စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးခြင်း | ၉၆ ကြိမ် |
| (၄)အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | ၁ ကြိမ် |
| (၅)သင်တန်းပို့ချခြင်း | ၅ ကြိမ် |

(ဃ) ရှမ်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းဆောင်ရွက် ခဲ့ပါသည်-

| | |
|---|---|
| (၁)ပြည်သူဦးရေ | ၁. ၆၄သိန်း |
| (၂)အခြေခံပညာကျောင်းပေါင်း | ၄၂၂ကျောင်း |





(၂) FDA ခွင့်ပြုချက်မရှိသော စားသုံးဆီ များကို ဈေးကွက်အတွင်း ရောင်းချခြင်း မပြုရန်
(၃) စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အခန်း(၇)တွင်ပြဋ္ဌာန်းထားသော စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များကို ဖောက်ဖျက်၍ စားသုံးရန်မသင့်သောဆီများရောင်းချ ခြင်းမပြုရန်

(တ) စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေး ဟောပြောခြင်း၊ သိရှိခြင်း လက်မှတ်ရေးထိုး စေခြင်း၊လှည့်လည်ကြေညာခြင်း၊ ဈေးတွင် Vinyl Poster များထောင်၍ ကြေညာခြင်း၊ ခေါ်ယူသတိ ပေးခြင်း၊ ဈေးကွက်အတွင်းမှ ဆီများကို ဝယ်ယူ၍ ဓာတ်ခွဲခန်းသို့ပေးပို့ စမ်းသပ်အဖြေထုတ်ခြင်းကို ဆောင်ရွက်ပါသည်။

(ထ) စားသုံးသူများကိုလည်း စားသုံးဆီနှင့်ပတ်သက်၍ အောက်ပါအချက်များသိရှိ နားလည်စေရန် အသိ ပညာပေးဟောပြောပါသည်-

| | |
|---|---|
| (၁) စားသုံးရန်သင့်သော ဆီများ(မပြည့်ဝဆီများ) | မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊သံလွင် ဆီ၊ပဲပုပ်ဆီ၊ ပြောင်းဖူးစေ့ဆီ |

| | |
|---|---|
| (၂) စားသုံးရန်မသင့်သော ဆီများ(ပြည့်ဝဆီများ) | အုန်းဆီ၊ စားအုန်းဆီ၊ တိရစ္ဆာန်မှရသော အမဲဆီ၊ဝက်ဆီ၊ ပုံပြောင်းဆီမာဂျရင်း၊ ပြန်ကြော်ဆီ၊ မြောင်းဆီ |
| (၃) စားသုံးရန်မသင့်သည့် အကြောင်းတရားများ | သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊အူမကြီးကင်ဆာရောဂါ၊ အသည်းအဆီဖုံးရောဂါ၊အဝလွန်ရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ အဆစ်ရောင်ရောဂါ |

( ဒ ) ဈေးကွက်အတွင်းရောင်းချနေသော စားသုံးဆီများကို စစ်ဆေးရာတွင် မျက်မြင်အခြေအနေအရ စားသုံးရန် မသင့်ဟုယူဆပါက ဈေးကွက်မှ နမူနာဝယ်ယူခြင်း၊ ရောင်းချသူ၏ ဆိုင်ကို မှတ်သားခြင်း၊ ဓာတ်ခွဲခန်းသို့ ပေးပို့၍ နမူနာစမ်းသပ်ခြင်း၊



D/real(wide) (1



| | |
|---|---|
| (၃)တက္ကသိုလ်/ကောလိပ်/သိပ္ပံ | ၁၄ ကျောင်း |
| (၄)ရပ်ကွက်/ကျေးရွာပေါင်း | ၁၂၁ရပ်/ကျေး |
| (၅)ဌာန/အသင်းအဖွဲ့ | ၂၀ ကြိမ် |
| (၆)တပ်ရင်းတပ်ဖွဲ့၊ရဲတပ်ဖွဲ့ | ၁၁ ဖွဲ့ |
| (၇)စက်ရုံအလုပ်ရုံ | ၅ ရုံ |
| (၈)ဈေး | ၁၁ ဈေး |

( ဍ ) စားသုံးရန်မသင့်သော စားသောက်ကုန်များကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းအောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(၁) သိမ်းဆည်းခြင်း ၂၅ ကြိမ်
တန်ဖိုးကျပ် ၂၀၃. ၉၄ သိန်း

(၂) ဖျက်သိမ်းခြင်း ၂၅ ကြိမ်
တန်ဖိုးကျပ် ၂၀၃. ၉၄ သိန်း

( ဎ ) အထက်ပါဆောင်ရွက်ချက်များကို တစ်လတစ်ကြိမ် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အစည်းအဝေးတွင် တင်ပြခြင်း၊ အတည်ပြုခြင်း ရှေ့လုပ်ငန်းများ ချမှတ်ခြင်းကို စနစ်တကျပြုလုပ် လျက်ရှိပါသည်။

(ဏ) အထက်ပါ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် စားသုံးဆီနှင့် ပတ်သက်၍အောက်ပါအတိုင်းဆောင်ရွက်ပါသည်-

(၁) ပို့ကုန်၊ သွင်းကုန်လိုင်စင်မရှိသော စားသုံးဆီများကို ဈေးကွက်အတွင်း ရောင်းချခြင်း မပြုရန်

စမ်းသပ်ချက်အဖြေအရ စားသုံးရန် မသင့်ပါက ရောင်းချသူကို ခေါ်ယူ၍ တားမြစ်ခြင်းကို ဆောင်ရွက် လျက်ရှိပါသည်။

( ဓ) **စားသုံးရန်သင့်/မသင့်ခွဲခြားခြင်း။** စားသုံးဆီများ စားသုံးရန် သင့်/မသင့်ကို ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် ခွဲခြားပါသည်။

(၁) **ဆီ၏သန့်စင်မှု။** သန့်စင်သောဆီတွင် Unsaponifable Matter (Hydro Carbon, alcohol, Cholesterol phytosterol)ပါဝင်မှု ၂%ထက်များနေပါက စားသုံးရန် မသင့်ဟု သတ်မှတ်သည်။

(၂) **အက်စစ်တန်ဖိုးမြင့်မားမှု။** ဆီပျက်စီးလျှင် Glycerol နှင့် Fatty Acid များအဖြစ် ပြန်ပြိုကွဲသည်။ Fatty Acid များများပါဝင်နေသော ဆီသည် Acid Value မြင့်မားနေပြီး စားသုံးရန် မသင့်ဟု သတ်မှတ်သည်။

(၃) **အနံ့အရသာပျက်စီးမှု။** ဆီတွင် ပါဝင်သည့် Free fatty acid များနှင့် လေထဲရှိ အောက်စီဂျင်တို့ ဓာတ်ပြု၍ Oxidation ဖြစ်ပြီး Hydroperoxide မြင့်မားစွာပါဝင်၍ စားသုံးရန် မသင့်ဟု သတ်မှတ်သည်။



D/real(wide) (1



(၈) Peroxideတန်ဖိုး ၇၂၀၀ ကျပ်

(၉) ဆီပျက်/မပျက်(Rancidity) ၃၀၀၀ ကျပ်

(၁၀)ဆပ်ပြာဖြစ်ကိန်း(Soap Value) ၅၀၀၀ ကျပ်

**စုစုပေါင်း ၅၆၀၀၀ ကျပ်**

( ဖ) ရှမ်းပြည်နယ်စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း စားသုံးသူများ စားသုံးရန် မသင့်သော ဆီများကို စားသုံးခြင်းမပြုစေရေးအတွက် ဈေးကွက်အတွင်း ရှာဖွေဖော်ထုတ်တားမြစ်ခြင်း၊ စမ်းသပ် စစ်ဆေးခြင်း၊ ဈေးကွက်အတွင်းမှ ဖယ်ရှား ရှင်းလင်းခြင်း၊ စားသုံးသူများအားအသိပညာပေး ဟောပြောခြင်းကို စနစ်တကျ စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပြီး ရပ်စောက်မြို့နယ်၏၊

ကောင်းဘို့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ရန်ပုံငွေအား ကူညီ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ကောင်းဘို့ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၂၂ ရွာရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ လတွင် ကောင်းဘို့ မီးလင်းရေးကော်မတီကိုစတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မေလတွင် မီးလင်းရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် ခွင့်ပြုမိန့်ရရှိခဲ့ပါတယ်။ မီးလင်းရေးကော်မတီ စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၅၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မာဃမြင့် ကုမ္ပဏီနှင့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ 11KV(၁)မိုင်လျှင် ကျပ်သိန်း ၁၉၀ နှုန်းဖြင့် ရပ်စောက်မှ ကောင်းဘို့ရွာအထိ ၁၇. ၃၄ မိုင်အား တည်ဆောက်ထားရှိပြီးဖြစ်ပါတယ်။ 400 Vလိုင်းအားဖြင့် အမှန်တကယ် လုပ်ဆောင်ရမည့် ၃၃၁၄၀ ပေအနက် ၁၃၉၀၀ ပေသာ ဆောင်ရွက်ထားရှိနိုင်ပါတယ်။ ထရန်စဖော်မာအနေဖြင့် ၃၁၅ ကေဗွီအေ ၂ လုံး ၁၀၀ ကေဗွီအေ ၁ လုံးကို ကိုယ်ထူကိုယ်ထအဖြစ် ကိုယ်ပိုင်ဝယ်ယူ ထားပြီး ကောင်းဘို့ကျေးရွာအုပ်စုတွင် အိမ်ခြေပေါင်း ၁၈၅၀ အိမ်ရှိသည့်အနက် အိမ်ခြေ ၅၄၀ သာမီးလင်းလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်တွင် မီးလင်းရေးကော်မတီသည် ဘဏ္ဍာရေးအခက်အခဲနှင့်အခြားသော အခက်အခဲများကြောင့် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည့်အတွက် ၂၀၁၇ ခုနှစ်မတ်လတွင် ကော်မတီဝင်ပေါင်း ၂၂ ဦးဖြင့် အသစ်ပြန်လည်ဖွဲ့စည်းပြီး လုပ်ငန်းများ ဆက်လက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။သို့သော် ၁၁ လိုင်းများ ထပ်မံတည်ဆောက်ရန် လိုအပ်ခြင်း ၄၀၀ ဗို့လိုင်းများပြည့်စုံမှု မရှိခြင်း ထရန်စဖော်မာထပ်မံ၍ လိုအပ်ခြင်းတို့ကြောင့် ကျေးရွာနေ ပြည်သူလူထုမှာ မီးကြိုးသာမြင်ရပြီး မီးမရရှိသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၄င်းလိုအပ်ချက်များကို ရှမ်းပြည်နယ်



D/real(wide)



(၄) **ရေ/ရေငွေ့ပါဝင်မှုများပြားခြင်း။** ရေပါဝင်မှုများလျှင် ဆီကိုကြာရှည်ထားရန် မရဘဲ အချိန်တိုအတွင်း ပျက်စီးနိုင်သည့် အပြင်စားသုံးရန် မသင့်ဟု သတ်မှတ်သည်။

(န) ဆီများကို စစ်ဆေးရန်အတွက် ရန်ကုန်မြို့၊ မန္တလေးမြို့များရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများတွင် စစ်ဆေးနိုင်သကဲ့သို့ မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံ စားသောက်ကုန် ထုတ်လုပ်၊တင်ပို့ ရောင်းချသူများ အသင်း၏ စားသောက်ကုန် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဓာတ်ခွဲခန်း (FIDSL)တွင်လည်း စစ်ဆေးနိုင်ပါသည်။

(ပ) ဓာတ်ခွဲခန်းစမ်းသပ်ခနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) ဆီ၏ အရည်အသွေး | (Oil Property test) | ၁၅၀၀ ကျပ် |
| (၂) ဆီ၏အရောင် | (Colour Test) | ၅၀၀၀ ကျပ် |
| (၃) ဆီခဲအမှတ် | (Cloud Point) | ၂၅၀၀ ကျပ် |
| (၄) အစိုဓာတ် | (Moisture) | ၃၅၀၀ ကျပ် |
| (၅) ဆီပါဝင်မှု | (Total Oil Content) | ၈၅၀၀ ကျပ် |
| (၆) Free fatty acid | (FFA/AV) | ၉၈၀၀ ကျပ် |
| (၇) Iodineတန်ဖိုး | | ၁၀၀၀၀ ကျပ် |

အစိုးရအဖွဲ့၏ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးခရီးစဉ်တွင် တင်ပြထားရှိပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ 400 V ဓာတ်အားလိုင်း ACSR ၄ မိုင်အား AAC ကေဘယ်ဖြင့် အစားထိုးခြင်းလုပ်ငန်း 400 V ဓာတ်အားလိုင်း ၄. ၂ မိုင်ကို တိုးချဲ့ တည်ဆောက်ရန်လိုအပ်ခြင်း၊ စမ်းရေဦးရပ်ကွက်တွင် ဓာတ်အား ပြည့်ဝစွာမရရှိခြင်း၊ ပန်းပုံရွာ၊ ကန်သာရွာ၊ လင်းမြွေအင်းရွာ၊ ရေပြာ ငှက်ပျောကျေးရွာ၊ သရက်သုံးပင်ရွာ၊ တောယားရွာ၊သပြေပင်ဝရွာ နှင့် အလယ်ချောင်ကျေးရွာတို့တွင် မီးလင်းရေးလုပ်ငန်းများ ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ ထို့ကြောင့်၄င်းလုပ်ငန်းများ ဆက်လက် လုပ်ကိုင် ဆောင်ရွက် နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သင့်တော်သော ဘဏ္ဍာရေး ခေါင်းစဉ်အောက်မှ လျာထားဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးမှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၏



D/real(wide) (1



ဆားဝါးကျေးရွာအုပ်စု၊ ဆုပ်ပွေကျေးရွာတွင် တည်ရှိသော အ. မ. က ဆုပ်ပွေသည် မိုင်းပန်မြို့နှင့် ၁၈ မိုင်ဝေးကွာပြီး လင်းခေး မြို့နှင့်တောင်အတက် ၁၃ မိုင်ဝေးကွာပါသည်။ ၄င်းကျောင်းမှာ ဆုပ်ပွေကျေးရွာနေ အိမ်ခြေ ၆၃ အိမ်နှင့် ကန်ပေါင်ရန်ကျေးရွာ နေအိမ်ခြေ ၂၃ အိမ်၊ ခမရ(၅၇၇)မှ ကျောင်းသား/ကျောင်းသူများ ပညာသင်ယူနေသောကျောင်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသား ၄၃ ယောက် ပညာသင်ယူလျက် ရှိပါသည်။ မြို့နှင့်အလှမ်းဝေးကွာသောကြောင့် ဤကျောင်း၏ ပညာရိပ်အောက်တွင် သင်ကြားနေသော စတုတ္ထတန်း ကျောင်းသား/ကျောင်းသူများအဖို့ နောက်ဆုံးနှစ်ဖြစ်သကဲ့သို့ ဖြစ်နေပါသည်ကို ဒေသခံပြည်သူလူထုကျောင်းသားမိဘမှ တစ်ဆင့်ကြားသိရပါသည်။ သို့ဖြစ်ပါသောကြောင့် ကျေးလက် တောရွာ၌ နေထိုင်သော ကျောင်းသား/ကျောင်းသူများ၏ ဘဝကို ရှေးရှု၍ အခြေခံပညာမူလတန်းကျောင်းအဆင့်မှ အခြေခံ ပညာမူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်းနှင့် သင်ကြားပေးနိုင်မည့် ဆရာ/ဆရာမများကိုချထားပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ် ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ် ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ရဲ့

ကျောင်းအဆင့်တိုးဆိုင်ရာ လွှတ်တော်မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ ဆားဝါး ကျေးရွာအုပ်စု၊ ဆုပ်ဟွေကျေးရွာအခြေခံပညာမူလတန်း ကျောင်းသည်၂-၆-၁၉၈၂ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းမြေအကျယ်အဝန်းမှာ ၀.၇၁၁ ဧကရှိပြီး ကျောင်းမြေ ပိုင်ဆိုင်မှု ပုံစံ ၁၀၅ ရှိပါသည်။

အခြေခံပညာဦးစီးဌာန၏ သတ်မှတ်ချက်အရ အခြေခံ ပညာမူလတန်းကျောင်းမှ အခြေခံပညာ မူလတန်းလွန်ကျောင်း အဆင့်တိုး သတ်မှတ်ရာတွင် မူဆင့်ကျောင်းသား ၂၅၀ ဦး အထက်ရှိ ကျောင်းများသတ်မှတ်ထားပါတယ်။သတ်မှတ် ကျောင်းသားဦးရေ မပြည့်မီသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီး ရှိသော ဒေသများ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန် မှာကြားချက်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များမှတင်ပြတောင်းဆိုသော ကျောင်းများ၊ မြို့များတွင်လိုအပ်သော အခြေခံပညာကျောင်းများ စသည့်ဒေသလိုအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ပညာရေးဌာနရှိ တာဝန်ရှိသူများ၏ အထောက်အထားများ ပူးတွဲ တင်ပြလာပါက ကျောင်းသားဦးရေ သတ်မှတ်ချက်နှင့်မကိုက်ညီသော်လည်း ဖြေလျှော့ပြီး ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရန် သတ်မှတ်ထားရှိပါသည်။

မိုင်းပန်မြို့နယ်၊ ဆားဝါးကျေးရွာအုပ်စု၊ ဆုပ်ဟွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်များမှာ ပင်မဆောင် (၆၀×၃၀×၁၂)ပေ၊ သွပ်မိုး၊အုတ်ညှပ်တစ်ထပ် ၃ ခန်း (၁)ဆောင်၊ အဆောင်(၂) (၄၀×၂၄×၁၂)ပေ၊ သွပ်မိုး၊ ပျဉ်ကာ



D/real(wide) (2



ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ ကောင်းဘိုကျေးရွာအုပ်စုနှင့် အလယ်ချောင် ကျေးရွာအုပ်စုရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် မိမိကိုယ်တိုင် ၃ ကြိမ်တိတိ မြေနေရာများသို့ ကွင်းဆင်းခဲ့ပြီး ဘတ်ဂျက် အနေအထားနှင့် တွက်ချက်တဲ့အခါမှာ လုပ်ငန်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဘတ်ဂျက်တွင် ထည့်သွင်း ပါဝင်ခြင်း မရရှိခဲ့ပါသဖြင့် ဘတ်ဂျက်ရရှိမှုပေါ် မူတည်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်တွင်ခွဲဝေ ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှဦးစိုင်းနောင့်ကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနောင့် ၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနောင့်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ ဆားဝါးကျေးရွာအုပ်စု ဆုပ်ဟွေကျေးရွာအခြေခံပညာမူလတန်းကျောင်းအဆင့်မှ ဆုပ်ဟွေ ကျေးရွာအခြေခံပညာမူလတန်းလွန် ကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းဘဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊

တစ်ထပ် ၂ ခန်း (၁)ဆောင်၊ စုစုပေါင်း စာသင်ကျောင်းဆောင် ၂ ဆောင်နှင့် စာသင်ခန်း(၅)ခန်းရှိပါသည်။

ကျောင်းသားဦးရေမှာ လက်ရှိ KG ၁၁ ဦး၊ ပထမတန်း ၁၀ ဦး၊ ဒုတိယတန်း ၁၂ ဦး၊ တတိယတန်း ၉ ဦး၊ စတုတ္ထတန်း ၇ ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ ၄၉ ဦးရှိပါသည်။ မိုင်းပန်မြို့နယ်၊ ဆားဝါးကျေးရွာအုပ်စု၊ ဆုပ်ပွေကျေးရွာနှင့် အနီးဆုံးနောင်ပါမွန်အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ၆ မိုင်ဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှ အလယ်တန်းဆင့် တက်ရောက်နိုင်သော ကျောင်းသား/ကျောင်းသူမှာ(၈)ဦးရှိပါသည်။

မိုင်းပန်မြို့နယ်၊ ဆားဝါးကျေးရွာအုပ်စု၊ ဆုပ်ပွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုး တင်ပြတောင်းခံထားခြင်းမရှိကြောင်းနှင့် မူလွန် အဆင့်တိုး ဖွင့်လှစ်ခွင့်ရရှိရေးအတွက် မိုင်းပန်မြို့နယ်သို့ အမှုတွဲတောင်းခံပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်



D/real(wide) (2



ရင်ဆိုင်နေရသည့် စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်-

(၁) စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ယန္တရားများ တင်သွင်းရာတွင် အသစ်သာ အခွန်ဆောင်ခွင့်ရှိပြီး Second Hand များ အခွန်ဆောင်ခွင့်မရှိဟုသိရပါသည်။ မှန်ပါသလား။ အခွန်နှုန်းထားများကို မည်ကဲ့သို့ သတ်မှတ်ကောက်ခံသနည်း။

(၂) မြေဩဇာ(မြေဆီ)ကို အခွန်ဆောင်ခွင့်ရှိသလို မျိုးစေ့၊ပေါင်းသတ်ဆေး၊ မြက်သတ်ဆေးစသည့် စိုက်ပျိုးရေးသုံးပစ္စည်းများ အခွန်ဆောင်ခွင့်ရှိပါသလား။ မရှိပါက အဘယ်ကြောင့်နည်း။

(၃) စားသောက်ကုန်ပစ္စည်း(အဖျော် ယမကာအပါ) တွင် မည်သည့်ကုန်ပစ္စည်းများက အခွန်ဆောင်ခွင့်ရှိပြီး မည်သည့်ကုန်ပစ္စည်းများက အခွန်ဆောင်ခွင့် မရှိသနည်း။ မရှိပါက အဘယ်ကြောင့်နည်း။ (ဥပမာ-ဟင်းချိုမှုန့်က အခွန်ဆောင်ခွင့်ရှိပြီး၊ ဘီယာအမျိုးမျိုးက အခွန်ဆောင်ခွင့်ရှိပါသလား။)

(၄) လူသုံးကုန်ပစ္စည်းတွင်လည်း မည်သည့် ကုန်ပစ္စည်းများက အခွန်ဆောင်ခွင့်ရှိပြီး မည်သည့် ကုန်ပစ္စည်းများက အခွန်ဆောင်ခွင့် မရှိသနည်း။ မရှိပါက အဘယ်ကြောင့်နည်း။

(၅) ကျန်းမာရေးနှင့်ညီညွတ်ပြီး FDA နှင့်ကိုက်ညီမှု ရှိပါက အခွန်ဆောင်ပြီး တင်သွင်းခွင့်ပြုပါသလား။ FDA နှင့်ကိုက်ညီမှုရှိ/မရှိ သိရှိလိုပါက နယ်စပ်မြို့

များတွင် စစ်ဆေးပေးပါမည်လား။ စစ်ဆေးပေးမည်ဆိုပါကမည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်း။ မရှိပါက အဘယ်ကြောင့်နည်း စသည်တို့ကို သိရှိလိုပါသဖြင့် မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းရွဲန်တစ်လုံ ၊ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက် လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းတဲ့ မေးခွန်းများကို ကျွန်တော်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံမှ ဖြေကြား သွားမှာဖြစ်ပါတယ်။တရုတ်နိုင်ငံမှသွင်းကုန်ပစ္စည်းများကို အခွန်ဆောင်သည့် နှုန်းထားနှင့် သတ်မှတ်ချက်တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ သွင်းကုန်ပစ္စည်းအားလုံးအပေါ် တင်သွင်း ခွင့်ပြုခြင်းမပြုခြင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ စိစစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် တင်သွင်းခွင့်ပြုသည့် ကုန်စည်များအပေါ် ကြိုတင်ဝင်ငွေခွန် ၂%နှင့် ကုန်သွယ်လုပ်ငန်းခွန်အား ၂၀၁၇ ပြည်ထောင်စုအခွန်အကောက် ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(က)ပါ ကုန်ပစ္စည်း ၈၇ မျိုးမှအပ ကျန်ကုန်စည်များအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅%ကောက်ခံပါကြောင်း၊ ကုန်ပစ္စည်း ၈၇ မျိုးအား နောက်ဆက်တွဲဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။





ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ခွန်းဆက်ပါရစေ။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ တရုတ်နိုင်ငံမှ သွင်းကုန်ပစ္စည်းများကို အခွန်ဆောင်သည့် နှုန်းထားနှင့် သတ်မှတ်ချက်တို့ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်နေသည်ကို အားလုံးအသိဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့သည် မန္တလေး-လားရှိုး-မူဆယ်နှင့် မန္တလေး-လားရှိုး-ချင်းရွှေဟော် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသော မြို့လေးတစ်မြို့ဖြစ်သည့်အားလျော်စွာ တရုတ်နိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်း (အဖျော်ယမကာအပါ)များကို အဓိကမှီခိုနေရခြင်းဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်စီးပွားရေးကုန်သည်များနဲ့ တောင်သူလယ်သမားများမှာ ဒေသတွင်းထွက်တဲ့ ဆန်၊ပြောင်း၊ပဲအမျိုးမျိုးနဲ့ ဖရဲသခွားစတဲ့သီးနှံများကို အခွန်ဆောင်ပြီး တရုတ်နိုင်ငံ၊ ရွှေလီနှင့် မွိုင်းတင်သို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ တရုတ်နိုင်ငံမှထွက်တဲ့လူသုံးကုန်ပစ္စည်းအမျိုးမျိုးကိုလည်း ဝယ်ယူအသုံးပြုလျက်ရှိပါသည်။ ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို အခွန်ဆောင်ပြီးတင်ပို့ရာတွင် နိုင်ငံ၏ ဝင်ငွေခွန်ရရှိသလို သွင်းကုန်ပစ္စည်းများကိုလည်း အခွန်ဆောင်နိုင်ပါက ဝင်ငွေခွန်ထပ်မံရရှိမည်ဖြစ်ပါတယ်။ တောင်သူလယ်သမားများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အလုပ်သမားရှားပါးခြင်း၊လုပ်အားခဈေးမြင့်ခြင်း၊ ဆန်နှင့်ပြောင်းတို့၏ ဈေးကွက်မရှိခြင်းတို့သည် အဓိက

နိုင်ငံတော်၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒအရ ၁၉၉၂ အကောက်အခွန်နှုန်းဥပဒေပါ H.Sလိုင်းပေါင်း ၈၅၅၈ ရှိသည့် အနက် ၃၉၈၈ လိုင်းအား သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထား ရန် လိုအပ်ပြီး ၄၅၇၀ လိုင်းအား Non - License အဖြစ် သတ်မှတ် ပေးပါသည်။ မည်သည့် ကုန်ပစ္စည်း လိုင်းများ သွင်းကုန် လိုင်စင်/ ပါမစ်လျှောက်ထားရန် မူဝါဒ ချမှတ်သည့် လုပ်ငန်းစဉ်များမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ဆောင်ရွက်ချက် လုပ်ငန်းစဉ်ဖြစ်ပါသည်။ သွင်းကုန်လိုင်စင်/ ပါမစ်လိုအပ်သည့် ကုန်ပစ္စည်းများနှင့် မလိုအပ်သည့် ကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနမှ ၁၉၉၂ အကောက်ခွန်နှုန်းဥပဒေနှင့် ၁၉၉၀ ခုနှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကျသင့်ခွန်များ တွက်ချက် ကောက်ခံလျက်ရှိပါသည်-

မေးခွန်း(က)ကို ဖြေကြားရမည်ဆိုလျှင် စိုက်ပျိုးရေးသုံး စက်ယန္တရားများတင်သွင်းရာတွင် Brandnew, Used /Recond အမျိုးအစား ၃ မျိုးစလုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လိုင်စင်/ ပါမစ်လိုအပ်ပြီး လိုင်စင်/ပါမစ်ခွင့်ပြုသည့် သွင်းကုန်ပစ္စည်းများအား ၁၉၉၂ အကောက်ခွန်နှုန်းဥပဒေနှင့် ၁၉၉၀ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အခွန်ကောက်ခံလျက်ရှိ ပါသည်။

မေးခွန်း( ခ)ကို ဖြေကြားရမည်ဆိုလျှင် မြေသြဇာ၊ မျိုးစေ့၊ ပေါင်းသတ်ဆေး၊ မြက်သတ်ဆေးများအားလုံး စိုက်ပျိုးရေးဦးစီး ဌာန၏ ခွင့်ပြု ထောက်ခံချက်ဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုင်စင်/ပါမစ်ထုတ်ပေးပါသည်။





ဌာနမှလည်း FDA ထောက်ခံချက်ပါရှိမှသာ သွင်းကုန် လိုင်စင်/ ပါမစ်ထုတ်ပေးပါသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန စစ်ဆေးရေးစခန်းများ ထပ်မံ တိုးချဲ့ ဖွင့်လှစ်ထားရှိမည်ဖြစ်ပါသည်။ မြဝတီ၊ မူဆယ်၊တမူး၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကော့သောင်းတို့တွင် နယ်စပ် ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပြီးဖြစ်ပါသည်။ တင်သွင်းလိုပါက စိစစ်နိုင်ရန်အတွက် ၄င်း နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် လျှောက်ထားနိုင်ပါသည်။ စိစစ် ခွင့်ပြုပေးနိုင်ပါသည်။ အခွန်ဆိုင်ရာကိစ္စရပ်ကို သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်ပြီး တင်သွင်းခွင့်ပြုခြင်း၊ မပြုခြင်းကို ကုန်သွယ်ရေးဦးစီးဌာနမှ ဆောင်ရွက်ကြောင်း၊ လက်ရှိ အတည်ပြုထားသောဥပဒေအတိုင်းဆောင်ရွက်ရခြင်းဖြစ် ပါကြောင်း နှင့် ကိုယ်စားလှယ်တော်ကြီးများ၏ အမြင်တွင် တရား မျှတမှုမရှိခြင်း၊ ပြည်သူများအတွက် အခက်အခဲဖြစ်စေခြင်း၊ ဝန်ဆောင်မှု မကောင်းခြင်းများဖြစ်ပေါ်နေသည်ဟုယူဆပါက ဥပဒေပြုလွှတ်တော်တွင် ပြင်ဆင်ချက် ဥပဒေများ တင်ပြပြုပြင် နိုင်ပါကြောင်း အကြံပြုဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှဦးစိုင်းထွန်းဉာဏ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

## ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်

(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်အတွင်းမှာရှိနေတဲ့ သမဝါယမငွေစုငွေချေး အသင်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ယခင်အစိုးရကာလကတည်းက သမဝါယမလုပ်ငန်းကြီးကိုဝန်ကြီးဌာနတစ်ခုအနေနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့တာကို လေ့လာသိရှိခဲ့ပါတယ်။ ၄င်းဝန်ကြီးဌာနလက်အောက်မှာ မြို့နယ်ငွေစုငွေချေး အသင်းများစွာကို ဖွဲ့စည်းတည်ထောင်ပြီးတော့မှ ယခုအစိုးရ ကာလမှာလည်းဘဲ ယခင်အစိုးရကာလက ဆောင်ရွက်ခဲ့တဲ့ ငွေစု ငွေချေး အသင်းများကိုလည်း ဆက်လက်လည်ပတ်နေတာကို လေ့လာသိရှိရပါတယ်။ မြို့နယ်အဆင့် သမဝါယမငွေစုငွေချေးအသင်းများမှာ အစိုးရဌာနကို အလိုလိုအကာအကွယ်ယူပြီးတော့မှ ၄င်းတို့ရဲ့ အုပ်စုကို နာမည်အမျိုးမျိုးတပ်ဆင်ပြီးတော့လုပ်ငန်းလည်ပတ်ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ငွေစုငွေချေးအတွက် အတိုးနှုန်းကိုလည်း အစိုးရသတ်မှတ်တဲ့ ဗဟိုဘဏ်အတိုးနှုန်းထက်များစွာနဲ့ သတ်မှတ်ပြီးတော့ လည်ပတ်နေတာကို တွေ့ရပါတယ်။ (ဥပမာ- ကျွန်တော်တို့ မြို့မှာဆိုလျှင် ၂. ၅% အထိ လည်ပတ်ပြီးတော့မှ ငွေချေးသည့် လူကိုကောက်ခံပြီးတော့မှ လည်ပတ်နေတာကို တွေ့ရှိရပါတယ်။) အဲဒီကိစ္စနှင့်ပတ်သက်ပြီး



D/real(wide) (2



လိုင်စင်/ပါမစ်နှင့် တင်သွင်းလာသော စိုက်ပျိုးရေးသုံးပစ္စည်းများအား ကျသင့်အခွန်များ ကောက်ခံပေးပြီး လိုင်စင်/ပါမစ် မပါရှိသော စိုက်ပျိုးရေးသုံးပစ္စည်း များအား တင်သွင်းခွင့်မပြုပါ။

မေးခွန်း( ဂ)ကို ဖြေကြားရမည်ဆိုလျှင် စားသောက်ကုန်များ တင်သွင်းရာတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန၏ ထောက်ခံချက်ပါရှိမှသာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုင်စင်/ပါမစ်ထုတ်ပေးပါသည်။ လိုင်စင်/ပါမစ်ဖြင့် တင်သွင်းခွင့်ပြုထားသော စားသောက်ကုန်လိုင်းပေါင်းများစွာရှိပြီး အကောက်ခွန်နှုန်းဥပဒေအရ သတ်မှတ်လိုင်းများအတိုင်း အခွန်ကောက်ခံလျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၄-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၁၃)အရ အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်မပြုသော ပစ္စည်းအဖြစ်သတ်မှတ်ထားပါသည်။ ဥပမာ- ဟင်းချိုမှုန့်အကောက်ခွန်(CD)-(၃%)+ ကုန်သွယ်လုပ်ငန်းခွန် (CT)-(၅%)

မေးခွန်း(ဃ)ကို ဖြေကြားရမည်ဆိုလျှင် လူသုံးကုန်ပစ္စည်းများတွင်လည်း လိုင်စင်/ပါမစ်လိုအပ်သည့် ကုန်ပစ္စည်းများလိုင်စင်/ပါမစ်ဖြင့်သာတင်သွင်းရန်လိုအပ်ပြီး၊ လိုင်စင်/ပါမစ် မလိုအပ်သည့် ကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနမှ လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှန်ကန်ပါက သတ်မှတ်အခွန်များတွက်ချက်ကောက်ခံပေးပါသည်။

မေးခွန်း(င)ကို ဖြေကြားရမည်ဆိုလျှင် အစားအသောက်နှင့် ဆေးဝါးများ တင်သွင်းရာတွင် သွင်းကုန် လိုင်စင်ပါရှိမှသာတင်သွင်းခွင့်ပြုပါသည်။စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး

အစိုးရမှ မည်သို့ စီမံခန့်ခွဲနေသည်ကို အောက်ပါ မေးခွန်း ၃ ရပ်ဖြင့် မေးမြန်းလိုပါတယ်-

- ရှမ်းပြည်နယ်အတွင်းမှာရှိနေတဲ့ သမဝါယမငွေစု ငွေချေးအသင်းက အရေအတွက်ဘယ်လောက်ရှိနေသလဲ၊ အစိုးရပံ့ပိုးမှု ငွေပမာဏ ဘယ်လောက်ရှိနေလဲ အဲဒါကို မေးမြန်းပါတယ်။
- မြို့နယ်အသီးသီးမှာရှိနေတဲ့ သမဝါယမ ငွေချေးအသင်း၊ ငွေစုခြင်း၊ ငွေချေးခြင်း၊ အတိုးနှုန်း သတ်မှတ်ချက်ကို သမဝါယမဦးစီးဌာနက သတ်မှတ်ပေးသလား။ သူတို့ကိုယ်တိုင် အဆင်ပြေသလို သတ်မှတ် သလား သိလိုပါတယ်။
- သမဝါယမ ငွေစု ငွေချေးအသင်းကို အစိုးရက ရေ့လျှောက် မည်ကဲ့သို့ စီမံခန့်ခွဲသွားမည်ကို သိရှိလိုတဲ့အတွက်ကြောင့် မေးခွန်း ၃ ရပ်ကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မေးမြန်းလာသည့်(က)မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်





အရ ချေးငွေအတိုးနှုန်း ၂ ကျပ် ၅၀ ပြားထက်ပို၍ ရယူထားခြင်းမရှိပါ။ ဥပမာအားဖြင့် သီပေါစျေးချိုတော်စျေးသမဝါယမအသင်းသည် အတိုးနှုန်း ၉၀ ပြား ရယူပြီး၊ လားရှိုးဝန်ထမ်းပေါင်းစုံသမဝါယမအသင်းသည် အတိုးနှုန်း ၁ ကျပ် ၄၀ ပြားရယူကာ တောင်ကြီးခရိုင်အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းသည် ၂ ကျပ် အတိုးနှုန်းဖြင့်လည်းကောင်း ကျောက်မဲမြို့နယ်တွင် ရပ်ကွက် (၃) ငွေစုငွေချေးသမဝါယမအသင်းနှင့် ရပ်ကွက် (၇)ငွေစုငွေချေးသမဝါယမအသင်းများသည် အတိုးနှုန်း ၁ ကျပ် ၅၀ ပြားနှုန်းဖြင့်လည်းကောင်း၊ ရပ်ကွက် (၂) ငွေစုငွေချေး သမဝါယမအသင်းသည် အတိုးနှုန်း ၂ ကျပ်နှုန်းဖြင့်လည်းကောင်း၊ စျေးသမဝါယမငွေစုငွေချေး သမဝါယမအသင်းသည် အတိုးနှုန်း ၂ ကျပ် ၅၀ ပြားနှုန်းဖြင့်လည်းကောင်းစသည်ဖြင့် အသီးသီးအသင်းအမှုဆောင်အဖွဲ့နှင့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်တို့ဖြင့် အတိုးနှုန်းကို အသင်းသားအများစု၏ ဆန္ဒနှင့်အညီ သတ်မှတ်ကြခြင်းဖြစ်ပါသည်။

မေးခွန်း(ဂ)ဖြစ်တဲ့ အဆိုပါမြို့နယ်သမဝါယမ ငွေစုငွေချေးအသင်းများကို အစိုးရက မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုသည့် မေးမြန်းမှုနှင့်ပတ်သက်ပြီးတော့ သမဝါယမဦးစီးဌာနမှ ဥပဒေကိုကျော်လွန်၍ဆောင်ရွက်ခြင်းမရှိအောင် ထိန်းကျောင်းပေးလျက်ရှိပြီး သမဝါယမအသင်းများသည် စိတ်တူ၊ ဆန္ဒတူသူများ စုစည်း၍ ၎င်းတို့၏ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များကို အတူတကွ ပူးပေါင်း၍ လုပ်ဆောင်ကြခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများ ဖွဲ့စည်းပါက ကုမ္ပဏီများ မှတ်ပုံတင်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ရသကဲ့သို့ သမဝါယမအသင်း ဖွဲ့စည်းလိုပါက သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်ရခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများကဲ့သို့ ငွေကြေးအရင်းအနှီးအင်အားတောင့်တင်းသူများနှင့် ဖွဲ့စည်း

ထားသော စီးပွားရေးလုပ်ငန်းများမဟုတ်ပဲ ကျေးရွာ၊ရပ်ကွက်များမှ ဝင်ငွေနည်း ပြည်သူများ၊ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းဖြစ်သဖြင့် ၎င်းတို့၏လူနေမှုဘဝမြင့်မားပြီး ဆင်းရဲမှု လျှော့ချခြင်းသည် နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချခြင်းကို အထောက် အကူပြုပါသဖြင့် သမဝါယဦးစီးဌာနမှ လိုအပ်သော အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ သမဝါယမ ဥပဒေအရအသင်း၏ စာရင်းများကို တစ်နှစ်လျှင် တစ်ကြိမ်စာရင်း ကျွမ်းကျင်သူဖြင့် စစ်ဆေးရမည်ဖြစ်ပြီး ရှမ်းပြည်နယ်ရှိ အသင်းအားလုံးသည် အသင်းများ၏ ဆန္ဒအရ သမဝါယမဦးစီးဌာန၏ စာရင်းစစ်ဆေးမှုကိုခံယူကြပါကြောင်း၊ သမဝါယမဦးစီးဌာနမှ ၆ လတစ်ကြိမ်၊တစ်နှစ်လျှင် ၂ ကြိမ်၊ စာရင်းစစ်ဆေးပြီး စစ်ဆေးချက် အစီရင်ခံစာအပေါ် ဦးစီးဌာနအဆင့်ဆင့်မှ လိုက်နာမှုရှိ/မရှိ စိစစ်ကြပ်မတ်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှဦးအေးမင်းစိုးကမေးခွန်း(၁၊၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်များ၊လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမ



D/real(wide) (2



အတွင်းရှိ သမဝါယမ ငွေစု၊ ငွေချေးအသင်းအရေအတွက်နှင့် အစိုးရ ပံ့ပိုးမှု ငွေပမာဏ၊ အစိုးရအတွက်အကျိုးအမြတ်ဟူတဲ့ မေးမြန်းမှုနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အတွင်းရှိ ဖွဲ့စည်းထားသော သမဝါယမ အသင်း စုစုပေါင်း ၂၂၈၈ သင်းရှိပြီး ၎င်းတို့အနက် မြို့နယ် ၄၃ မြို့နယ်တွင် ငွေစုငွေချေးသမဝါယမအသင်း ၄၉၄ သင်း၊ အသင်းသား ၆၀၁၇၄ ဦးရှိပြီး အဆိုပါ သမဝါယမအသင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်ရပါကြောင်း၊ သမဝါယမအသင်း များကို သမဝါယမဦးစီးဌာနမှ ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ကာ အခြေခံ ပြည်သူများကျေးလက်နေပြည်သူများ၏ မိသားစု လူမှုရေး၊ စီးပွားရေး ကိစ္စများကို သုံးစွဲရာတွင် ကိုယ်ပိုင်ငွေမလုံလောက်သဖြင့် ပြင်ပမှ ငွေချေးရာတွင် အတိုးအကြီးကြီးပေးရသည့် ဒဏ်မှ ကင်းလွတ်ပြီး သက်သာချောင်ချိစွာဖြင့် အခြေခံပြည်သူများ၏ လူနေမှုအဆင့် အတန်း တိုးတက်လာစေရေးအတွက် ရည်ရွယ်၍ဖွဲ့စည်းထားကြခြင်း ဖြစ်ရာအသင်းများ၏ လည်ပတ်ငွေမှာ အသင်းသားများ၏ အစု (Share)၊ စုဆောင်းငွေ(Saving)၊ အသင်းအချင်းချင်းပံ့ပိုးငွေများ ဖြင့်သာ လည်ပတ်နေခြင်းဖြစ်ပြီးအစိုးရချေးငွေရယူဆောင်ရွက်ထားခြင်းမရှိပါ။ အခြားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနည်းတူ အခွန်ဆောင်ခြင်းနှင့် သမဝါယမအသင်း မှတ်ပုံတင်ကြေးပေးသွင်းခြင်းမှသာ နိုင်ငံတော် ဝင်ငွေရရှိပါသည်။

မေးခွန်း(ခ)ဖြစ်တဲ့ မြို့နယ်များရှိ သမဝါယမငွေစုငွေချေး အသင်းတွင် ငွေစုခြင်း၊ ငွေချေးခြင်းအတွက် အတိုးနှုန်း သတ်မှတ်ချက်ဟု မေးမြန်းမှုနှင့်ပတ်သက်ပြီးတော့ ငွေစုငွေချေး သမဝါယမအသင်းများသည် အသေးစား ငွေရေးကြေးရေး ဥပဒေ

ပုံမှန်အစည်းအဝေးပထမနေ့တွင် ပအိုဝ်း၊ပလောင်များ နေထိုင်သော ထမင်းပေါင်းကျေးရွာ၊ တောင်ကြားကျေးရွာ၊ ရွာချင်းဆက် မြေသားလမ်း ၂ မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ယခုလို မေးမြန်း ရခြင်းမှာ ရှမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်း လူမျိုးအများစု နေထိုင်သော ဒေသတွင် လူနည်းစုများဖြစ်သည့် ပအိုဝ်း၊ ပလောင်၊ ရှမ်းစသည့် လူမျိုးများကို ကျွန်တော်တို့ ရှမ်းလူမျိုးများက လူမျိုးစွဲ မရှိခြင်း၊နိုင်ငံတော်မှချမှတ်ပေးသည့် ဘတ်ဂျက်များကို တန်းတူညီမျှ ဖြစ်စေခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်းဆိုသည့် ပုံရိပ်ကို ထင်ဟပ်စေရန် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ တောင်ကြား ကျေးရွာတွင် ပအိုဝ်းလူမျိုးများနေထိုင်ကြပါတယ်။ ၎င်းကျေးရွာတွင် အိမ်ခြေ ၈၉ အိမ်၊ အိမ်ထောင်စု ၉၀ စု၊ လူဦးရေ ၃၈၇ ဦးနေထိုင်ကာ လက်ဖက်၊ လိမ္မော်များစိုက်ပျိုးကာ အသက်မွေးနေထိုင်ကြပါတယ်။ တောင်ကြားကျေးရွာ၏ အရှေ့ဘက်တွင် ပလောင်လူမျိုးများ နေထိုင်သော ပိတုန်းကိုင်းကျေးရွာရှိပြီး ၎င်းကျေးရွာမှာလည်း အိမ်ခြေ ၆၃ အိမ်၊ အိမ်ထောင်စု ၆၃ စုရှိကာ လူဦးရေ ၃၀၆ ဦးနေထိုင်ပြီး လက်ဖက်၊ လိမ္မော်များ စိုက်ပျိုးပြီး အသက်မွေးနေထိုင်ကြပါတယ်။ ၎င်းဒေသတွင်နေထိုင်သော ဌာနေတိုင်းရင်းသားများသည် လမ်းပန်းဆက်သွယ်ရေး အင်မတန် ခက်ခဲသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ အမြဲနောက်ကျလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တောင်ကြား-ပိတုန်းကိုင်း မြေသားလမ်းဖောက်လုပ်ထားသော်လည်း တောင်ကြား-ထမင်းပေါင်းမြေသားလမ်းဖောက်လုပ်ရန် ကျန်ရှိနေပါတယ်။ အဓိကထမင်းပေါင်းကျေးရွာနှင့် တောင်ကြားကျေးရွာ မြေသားလမ်း





ပါတယ်။ မိုးရာသီသီးနှံကိုသာ အဓိကအားထားနေရသော ရှမ်းလူမျိုးများအတွက် ဒေသထွက်ကုန်များ ရောင်းဝယ်ဖောက်ကားရာတွင်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအဆင်ပြေချောမွေ့စေရေးအတွက် ပထမအဆင့် မြေသားလမ်း ၃ မိုင်အား ဖောက်လုပ်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ RE ဘတ်ဂျက်တွင် လျာထားပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် လျာထားပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လူနည်းစုဖြစ်သည့် ရှမ်းလူမျိုးများ ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး မေးမြန်းလာသည့် ရှမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ထမင်းပေါင်းကျေးရွာ၊ တောင်ကြားကျေးရွာ၊ ရွာချင်းဆက်မြေသားလမ်း ၂ မိုင်အားဖောက်လုပ်ပေးပါရန် ၂၀၁၇- ၂၀၁၈ REဘတ်ဂျက်နှစ်တွင် လျာထားပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ၊ REဘတ်ဂျက်နှစ်တွင် မပါရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် လျာထားပေးမည်ကို သိရှိလိုပါသည်ဆိုသည့်

ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှာငံမြို့နယ်၊ ထမင်းပေါင်း-တောင်ကြားကျေးရွာချင်းဆက် ၂ မိုင်ဖောက်လုပ်ခြင်း လုပ်ငန်းအား ၂၀၁၇-၂၀၁၈ REဘတ်ဂျက်နှစ်တွင် လျာထားခြင်း မရှိပါကြောင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ၂-၅-၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် စီမံကိန်းရေးဆွဲရေး အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်လိုသည့် စာရင်းတွင် ရှာငံ မြို့နယ်၊ ထမင်းပေါင်း- တောင်ကြားကျေးရွာချင်းဆက် ၃ မိုင် မြေသား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ထည့်သွင်းလျာထားပြီးဖြစ် ပါကြောင်း ဖြေကြားအပ်ပါသည်။

ဒုတိယမေးခွန်းအနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်၊ တပင်ပျော်ကျေးရွာတွင်နေထိုင်သော လူနည်းစု ဖြစ်သည့် ရှမ်းလူမျိုးများအတွက် ပထမအဆင့် မြေသားလမ်း ၃ မိုင်အား ဖောက်လုပ်ပေးနိုင်ပါရန် ၂၀၁၇ - ၂၀၁၈ REဘတ်ဂျက် နှစ်တွင် လျာထားပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ၊ REဘတ်ဂျက် နှစ်တွင် မပါရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် လျာထား ပေးမည်ကို သိရှိလိုပါသည်နှင့်ပတ်သက်၍ရှာငံမြို့နယ်၊ တပင်ပျော် ကျေးရွာ မြေသားလမ်း ၃ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၇- ၂၀၁၈ REဘတ်ဂျက်နှစ်တွင် လျာထားခြင်း မရှိပါကြောင်းနှင့် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ၂-၅-၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် စီမံကိန်းရေးဆွဲရေး အစည်းအဝေး ဆုံးဖြတ်ချက်အရ



D/real(wide) (2



ဖောက်လုပ်မှသာလျှင် ပိတုန်းကိုင်းကျေးရွာ၊ တောင်ကြားကျေးရွာ များမှ ထမင်းပေါင်းကျေးရွာသို့ လွယ်ကူစွာသွားနိုင်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်တွင် နေထိုင်သော လူနည်းစု တိုင်းရင်းသားများဖြစ်သည့် ပအိုဝ်း၊ပလောင်တိုင်းရင်းသားများအတွက် ပညာရေး၊ကျန်းမာရေး၊ စီးပွားရေးစသည့်တို့အဆင်ပြေလွယ်ကူ စေရေးအတွက်တောင်ကြား-ထမင်းပေါင်းကျေးရွာချင်းဆက် မြေသားလမ်း ၂ မိုင်ကို ၂၀၁၇-၂၀၁၈ RE ဘတ်ဂျက်တွင် လျာထား ပေးရန် အစီအစဉ်ရှိ/မရှိ။ မရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် လျာထားမည်ကို သိရှိလိုပါ၍ ပအိုဝ်း၊ ပလောင်တိုင်းရင်းသားများ၏ ကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးဌာနကို မေးမြန်းအပ်ပါသည်။

ဒုတိယမေးခွန်းအနေနဲ့ကတော့ ရှမ်းလူမျိုးများနေထိုင်သော ရှာငံမြို့နယ်၊ တပင်ပျော်ကျေးရွာသို့ မြေသားလမ်း ၃ မိုင်ဖောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်၊တပင်ပျော်ကျေးရွာတွင် ရှမ်းလူမျိုးအများစုနေထိုင်ပြီး အိမ်ခြေ ၇၀ အိမ်၊ အိမ်ထောင်စု ၇၀စု၊ လူဦးရေ ၃၁၁ ဦး၊ ငှက်တောက်ကျေးရွာအပါအဝင် ရှမ်းလူမျိုး ၆၀၀ ကျော်နေထိုင်လျက်ရှိပြီး ၎င်းကျေးရွာမှ ဒေသခံ ရှမ်းလူမျိုးများဟာ အဓိက စိုက်ပျိုးရေးဖြင့် အသက်မွေးနေထိုင်ကြပါတယ်။ ဒေသတွင်း ပြည်သူများ စိုက်ပျိုးရေးကို အဓိကအားထားသော်လည်း လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခက်အခဲများနဲ့ ရင်ဆိုင်နေကြရပါတယ်။ မိုးသီးနှံကိုသာ အဓိက အားထားနေရသော ဒေသခံများဟာ မိုးတွင်းကာလတွင် ၎င်းတို့ ရွာသို့ ကားများ၊ ထော်လာဂျီများသွားလို့မရဖြစ်နေပြီး နွေကာလ မှသာလျှင် ကျဉ်းမြောင်းသော လမ်းမှ ရွာသို့ ခက်ခဲစွာ သွားနေရ

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်လိုသည့် စာရင်းတွင် ရွာငံမြို့နယ်၊ ငွေတောင်လမ်းမှ တပင်ပျော်-ငှက်သောက်လမ်းအထိ ၃/၆ မိုင်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအား ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ယနေ့ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေးကို ကြွရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် မေးခွန်းကတော့ ရှမ်းပြည်နယ်ရဲ့ စာတတ်မြောက်မှုနှင့်ပတ်သက်တဲ့ မေးခွန်းဘဲဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတစ်ခုခု သို့မဟုတ် ပြည်နယ်တစ်ခုခု ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုလျှင် အဲဒီဒေသမှာ နေထိုင်တဲ့ ပြည်သူပြည်သား ပြည်သူလူထုများရဲ့ စာပေတတ်မြောက်မှု သို့မဟုတ် လူအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု တို့မှာ များစွာ မှီတင်းနေတာတွေ့ရပါတယ်။ စာပေတတ်မြောက်မှု မြင့်မားလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်း





ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးစားစားတင်ပြမေးမြန်းအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးမှဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ စာတတ်မြောက်ရေးဆိုင်ရာ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဆက်လက် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၆၄. ၆%ရှိခဲ့ပါတယ်။ နှစ်စဉ်စာတတ်မြောက်မှုရာခိုင်နှုန်းများတိုးတက်အောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပညာရေးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မိဘပြည်သူများ ပူးပေါင်း၍ နှစ်စဉ် ရှမ်းပြည်နယ်အတွင်း စာတတ်မြောက်မှု ရာခိုင်နှုန်းမြင့်မားအောင် ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နွေရာသီစာတတ်မြောက်ရေးလှုပ်ရှားမှုနှင့် စာတတ်မြောက်မှု ရာခိုင်နှုန်းများအနေဖြင့်-

(က) ၂၀၁၄ ခုနှစ်၊ ဖယ်ခုံမြို့နယ်တွင် စာသင်ဝိုင်း ၁၀၀ ဝိုင်း၊ စာသင်သားဦးရေပေါင်း ၈၉၅ ဦး၊ တောင်ကြီး

တက္ကသိုလ်ကြီးကြပ်ဆရာ၊ ဆရာမ ၁၀ ဦး၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး၊ ဒေသခံဆရာ၊ ဆရာမ ၁၀၀ ဦး၊ ပေါင်း ၂၁၀ ဦးတို့ သင်ကြားပေး ခဲ့ရာ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၁၀၀% ရရှိခဲ့ပါသည်။

(ခ) ၂၀၁၅ ခုနှစ်တွင် ညောင်ရွှေမြို့နယ်နှင့် မောက်မယ်မြို့နယ်တို့တွင် စာသင်ဝိုင်း ၃၅၆ ဝိုင်း၊ စာသင်သားဦးရေပေါင်း ၃၇၃၇ ဦး၊ တက္ကသိုလ်ကြီးကြပ်ဆရာ၊ ဆရာမ ၂၉ ဦး၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၃၀၉ ဦး၊ ဒေသခံ ဆရာ၊ ဆရာမ ၃၅၆ ဦး၊ ပေါင်း ၆၉၄ ဦးတို့ သင်ကြားပေးခဲ့ရာ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၉၅. ၆၉%ရရှိခဲ့ပါတယ်။

(ဂ) ၂၀၁၆ ခုနှစ်၊ လွိုင်လင်မြို့နယ်နှင့် နမ့်စန်(တ) မြို့နယ်တို့တွင် စာသင်ဝိုင်း ၁၅၄ ဝိုင်း၊ စာသင်သားဦးရေပေါင်း ၁၄၃၅ ဦး၊ တက္ကသိုလ်ကြီးကြပ်ဆရာ၊ ဆရာမ ၃၁ ဦး၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၁၆၄ ဦး၊ ဒေသခံ ဆရာ၊ ဆရာမ ၁၃၅ ဦး၊ ပေါင်း ၃၃၀ ဦးတို့ သင်ကြားပေးခဲ့ရာ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၁၀၀%ရရှိခဲ့ပါတယ်။

(ဃ) ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မှ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ထိ တောင်ကြီးခရိုင်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုအရ မြို့နယ် ၉ မြို့နယ်တွင် ကျေးရွာပေါင်း ၁၀၂၉ ရွာ၊ စာသင်ဝိုင်းပေါင်း ၂၅၀၄ ဝိုင်း၊ စာသင်သားဦးရေပေါင်း



D/real(wide) (3



ဟာလည်းဘဲ ကွာခြားသွားတာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးပြီးသော ကမ္ဘာ့အင်အားကြီးနိုင်ငံများပင်လျှင် သက်ဆိုင်ရာ နိုင်ငံအသီးသီးရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အပြိုင်အဆိုင် ကြိုးပမ်းတည်ဆောက်နေတာကို လေ့လာတွေ့ရှိ ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရှမ်းပြည်နယ်ရဲ့ စာတတ်မြောက်မှု ရာခိုင်နှုန်းကို ပြန်လည်လေ့လာကြည့်မယ်ဆိုလျှင် ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်တဲ့ သန်းခေါင်စာရင်း အစီရင်ခံစာအရ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၆၄. ၄ရာခိုင်နှုန်းရှိပြီးတော့ အင်မတန်မှ ရာခိုင်နှုန်းအရ နည်းလွန်းသည်ဟု ရှမ်းပြည်နယ်သား တစ်ယောက်အနေနဲ့ ဝမ်းနည်းစွာ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီရာခိုင်နှုန်းအရကြည့်လိုက်မည်ဆိုလျှင် တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိသည့်အနက် ရှမ်းပြည်နယ်၏ စာတတ်မြောက်ရေး ရာခိုင်နှုန်းဟာ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့ထက်များစွာ နိမ့်ကျနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လက်ရှိ လုပ်နေတဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်တဲ့ နေရာမှာ ရှမ်းပြည်နယ်ရှိပြည်သူ ပြည်သားများ၏ စာတတ်မြောက်မှု ရာခိုင်နှုန်း နိမ့်ပါးတဲ့အတွက်ကြောင့် ဖွံ့ဖြိုးမှုတည်ဆောက်ရေး လုပ်ငန်းများမှာ များစွာနှောင့်နှေး ကြန့်ကြာစေမှာဖြစ်ပါတယ်။ ဒါကြောင့် စာပေတတ်မြောက်မှု ရာခိုင်နှုန်း ပြန်လည်မြင့်မားလာရေးအတွက် အရေးတကြီး ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်တယ်လို့ မှတ်ယူပါတယ်။ ရှမ်းပြည်နယ်အစိုးရကို မေးမြန်းချင်တဲ့ မေးခွန်းကတော့ နိမ့်ကျနေတဲ့ ရှမ်းပြည်နယ်၏ စာတတ်မြောက်မှု ရာခိုင်နှုန်းကို ပြန်လည်မြင့်မားလာစေရေးအတွက် အစိုးရအနေနဲ့ မည်ကဲ့သို့သော အစီအမံများချမှတ်ပြီးတော့မှ ဆောင်ရွက် သွားမည်ဆိုတဲ့ အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရဲ့ကိုယ်စား သိရှိလိုပါ၍ လွှတ်တော်

၂၆၉၇၂ဦး၊ နည်းပြဆရာ/ဆရာမပေါင်း ၂၄၄၂ ဦး၊ ကြီးကြပ်၂၄၃ ဦး၊ စုစုပေါင်း ၂၆၈၅ ဦးတို့ဖြင့် သင်ကြားပေးခဲ့ရာ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၁၀၀% အောင်မြင် ခဲ့ပါတယ်။

ရှမ်းပြည်နယ်တစ်ခုလုံး၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၁၇ ပညာသင်နှစ် ဖေဖော်ဝါရီလအတွင်း စာတတ်မြောက်မှု ရာခိုင်နှုန်းများမှာ

(က) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် လူဦးရေစုစုပေါင်း ၁၆၂၁၂၂၁ ဦး၊ စာတတ်မြောက်သူဦးရေမှာ ၁၂၁၄၅၃၄ ဦး၊ ရာခိုင်နှုန်းမှာ ၇၄. ၉၁% ရှိပါသည်။

( ခ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ရှမ်းပြည်နယ် တစ်ခုလုံး၌ လူဦးရေစုစုပေါင်း ၃၇၁၅၅၅၃ ဦး၊ စာတတ်မြောက်သူဦးရေမှာ ၂၄၀၀၉၈၃ ဦး၊ ရာခိုင်နှုန်းမှာ ၆၄. ၆၂% ရှိပါသည်။

( ဂ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ် တစ်ခုလုံး၌ လူဦးရေစုစုပေါင်း ၄၀၁၀၂၈၃ ဦး၊ စာတတ်မြောက်သူဦးရေမှာ ၂၈၀၀၂၀၈ ဦး၊ ရာခိုင်နှုန်းမှာ ၆၉. ၈၃% ရှိပါသည်။

(ဃ) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ရှမ်းပြည်နယ် တစ်ခုလုံး၌ လူဦးရေစုစုပေါင်း ၃၈၅၂၃၃၅ ဦး၊ စာတတ်မြောက်သူဦးရေမှာ ၂၈၁၃၀၁၅ ဦး၊ ရာခိုင်နှုန်းမှာ ၇၃. ၀၂% ရှိပါသည်။

၂၀၁၄ မှ ၂၀၁၇ ခုနှစ်အထိ ၃ နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အတွင်း စာတတ်မြောက်မှုရာခိုင်နှုန်း ၈. ၄၂% တိုးတက်လာပါသည်။





ပါတယ်။ ယခင်က နမ္မတူမြစ်ကို ကူးတို့ဖောင်ဖြင့် လူရောကားပါ သယ်ယူပို့ဆောင်ပေးရတဲ့ အနေအထား ရှိပါတယ်။ လီလု တံတားကို လွန်ခဲ့တဲ့ ၁၉၉၄ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ တောင်ကျရေတိုက်စား မှုကြောင့် တံတားရဲ့အလယ်တိုင်မှာတိမ်းစောင်းလျက်ရှိရာ ယခုအခါသံမဏိကြိုးများဖြင့် နှစ်ဖက်ဆိုင်း၍ထိန်းထားနေရပါတယ်။ အဲဒါကတော့ တံတားမှာခင်းထားတဲ့ ကြမ်းခင်းတွေဟာ ဆွေးမြေ့ပေါက်ပြဲပြီးတော့မှ ကားသွားလာလို့ အင်မတန်ခက်ခဲတဲ့ အနေအထားဖြစ်ပါတယ်။ ၄င်းတံတားသည် နမ့်ဆန်မြို့နဲ့ ကျောက်မဲ- သီပေါမြို့ကို ဆက်သွယ်ထားသည့် အဓိက အရေးကြီးတဲ့ နမ့်ဆန်မြို့ရဲ့ အသက်သွေးကြောတံတားလို့ ပြောရင်ရပါတယ်။ နမ့်ဆန်မြို့နယ်သည် ကုန်းလမ်းတစ်ခုတည်းကိုသာ အဓိကထားသွားလာရတဲ့မြို့ဖြစ်တဲ့ အတွက်ဘဲဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်မှာလူဦးရေ ၈၀၀၀၀ ခန့် ရှိပြီးယာဉ်ကြီး ၇၀ စီး၊ ခရီးသည်တင်ယာဉ်ဂိတ် ၆ ဂိတ်၊ ယာဉ်လတ် ၄၅ စီး၊ အိမ်စီးကားယာဉ် ၇၀ ၊လုပ်ငန်းသုံးယာဉ် ၃၀ ၊ စုစုပေါင်း ယာဉ်ကြီးယာဉ်ငယ် ၂၀၀ ကျော်မှာ အဲဒီတံတားကို အသုံးပြုလျက်ရှိနေပါတယ်။ အဆိုပါတံတားသည် နှစ်ပေါင်း ၂၃ နှစ်ကြာပြီးဖြစ်သောကြောင့်လည်းကောင်း၊ ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ ယာဉ်အသွားအလာ များပြား၍သော်လည်းကောင်း၊ သတ်မှတ်ခံနိုင်ဝန်ဖြစ်တဲ့ ၂၁ တန်ထက်ပို၍ ယာဉ်အတော်များများ တင်ဆောင်တဲ့ အတွက် တံတားဟာ ပျက်စီးစပြုနေပြီဖြစ်ပါတယ်။ ပုံမှာပြထားတဲ့ အတိုင်း တံတား သစ်သား ကြမ်းခင်းများ၊ တိုင်များလဲ တိမ်းစောင်းနေသည်ကို တွေ့ရှိရပါတယ်။ နမ့်ဆန်မြို့နယ် ပြည်သူလူထုအဓိက အားထားရသည့် ဘေလီတံတားမှ ကွန်ကရစ်တံတားသို့ တိုးမြှင့် ဆောက်လုပ်ပေးဖို့ လူထုမှများစွာ လိုလားမျှော်လင့်လျက်ရှိပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီး ပထမအကြိမ်

အမျိုးသားလွှတ်တော် သက်တမ်းမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်မှ ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးမြန်းခဲ့ဖူးပါတယ်။ အဲဒီအချိန်က ဆောက်လုပ်ရေး ဒုတိယဝန်ကြီး တာဝန်ယူခဲ့တဲ့ ဦးစိုးတင့်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ဟု ကတိပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယ အကြိမ် သက်တမ်းမှာလည်းဘဲ နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှလည်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပြီးပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြထားတဲ့ လီလုတံတားကိုဘေလီတံတားမှ ကွန်ကရစ်တံတားသို့ တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ လူထုကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးမင်္ဂလာအပေါင်းခညောင်းပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းလာတဲ့ နမ့်ဆန်မြို့နယ်၊ ပြည်သူလူထုအဓိက အားထားရသည့် လီလုတံတားအား ဘေလီတံတားမှ ကွန်ကရစ်တံတားသို့ တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါသည်။ မရှိပါက အဘယ်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါကြောင်း



D/real(wide) (3



၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်၊တောင်ကြီးခရိုင်လုံးကျွတ် စာဖတ်ရှိန်မြှင့်တင်ရေးစီမံချက်ဖြင့် မြို့နယ် ၉ မြို့နယ်၊ ကျေးရွာပေါင်း ၅၆၉ ရွာတွင် စာသင်ဝိုင်းပေါင်း ၁၂၈၆ ဝိုင်း၊ စာသင်သားပေါင်း ၁၂၈၆၀ ဦးကို နည်းပြ ၁၂၈၆ ဦး၊ ပြည်နယ်ကြီးကြပ် ၅၂ ဦးတို့ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက် ချီးမြှင့်ပေးပါသော လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန် ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ နမ့်ဆန်- လီလုတံတားအား ဘေလီတံတားမှ ကွန်ကရစ်တံတားသို့ တိုးမြှင့်ဆောက်လုပ်ရေးကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်နှင့် နမ္မတူမြို့နယ်ကြား နမ္မတူမြစ်ပေါ်မှာ ဖြတ်၍တည်ဆောက်ထားတဲ့ အလျား ၁၃၀ ပေ ၊ အနံ ၁၂ ပေရှိ တစ်လွှာနှစ်ထပ်ဘေလီတံတား တစ်စင်းရှိပါတယ်။ အဲဒီ တံတားဟာ လီလုရွာမှာရှိတဲ့အတွက် ဒေသခံများက လီလုတံတားလို့ ခေါ်ကြ

မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဦးခွန်ရဲထွေးက ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်အတွင်း လီလုတံတားသည် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသည့် သီပေါ-ပန်လုံ-နမ့်ဆန်လမ်း၊ မိုင်တိုင် ၂၁ မိုင် ၅ ဖာလုံတွင် တည်ရှိပြီး တံတားအမှတ်(၁/၂၂)၊ အရှည်ပေ ၃၁၀၊ နှစ်လွှာတစ်ထပ်ဘေလီအကူကြိုးဆိုင်းတပ်ဆင်ထားသည့် တံတားအမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၂၁ တန်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီးလမ်းတံတားများတည်ဆောက်ခြင်း၊အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရုံးစိုက်ရာ နမ့်ဆန်မြို့သို့သွားရာတွင် အဓိကလမ်းတစ်လမ်းဖြစ်သည့် သီပေါ- ပန်လုံ - နမ့်ဆန်လမ်း ၄၈ မိုင် ၄ ဖာလုံအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် ၄င်းလမ်းပေါ်ရှိ အဆင့်မြှင့်တင်ရန် ကျန်ရှိနေသောနှစ်လွှာတစ်ထပ်ဘေလီအကူကြိုးဆိုင်းတံတားအမျိုးအစား လီလုတံတားအားသံကူကွန်ကရစ်တံတားအဖြစ် တစ်ပြိုင်နက်တည်း အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ယခု ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀၀ ဖြင့် ချဉ်းကပ်လမ်းအပါအဝင် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောက်လုပ်ရန် လျာထားတောင်းခံခဲ့ပါသည်။

အဆိုပါလီလုတံတားနှင့်ပတ်သက်၍ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူး(ခ) ဦးမိုင်းဝင်းထူးမှလည်း ဒုတိယအကြိမ်လွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင် လီလုနှစ်လွှာတစ်ထပ်ဘေလီအကူကြိုးဆိုင်း



D/real(wide) (3



ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့မိုင်းဖြတ်မြို့နယ်သည် ကျိုင်းတုံ - တာချီလိတ်ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပြီး မိုင်းဖြတ်-မိုင်းယောင်းလမ်းဆုံရာ မြို့ဖြစ်သကဲ့သို့ မိုင်းဆတ် - မိုင်းခုတ် - မိုင်းဖြတ်လမ်းဆုံရာမြို့လည်းဖြစ်ပါတယ်။ မိုင်းဖြတ် - မိုင်းယောင်းလမ်းပေါ်ရှိ ဘေလီတံတားအားလုံးကို သံကူကွန်ကရစ်တံတားအဖြစ်တိုးမြှင့်ခဲ့ပါကြောင်းတွေ့ရှိရပါတယ်။ ထို့အတူ ပန်လီ-ဘိုရှိုး-တာချီလိတ်လမ်းပေါ်ရှိတံတားများမှာလည်း တန် ၆၀ သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ဘိုရှိုးမှ မိုင်းဖြတ်သို့လာရာလမ်း မိုင်းဆတ် - မိုင်းခုတ် - မိုင်းဖြတ်လမ်းပေါ်ရှိ တုံလုံ(၁)တံတား၊ တုံလုံ(၂)တံတား၊ ဝမ်ယန်းမိုင်တံတားနှင့် သာယာအေးတံတား၊ ဝမ်ပုံ တံတားများမှာ ၁၃ တန် ဘေလီတံတားအဆင့်သာရှိပြီး အခြား လမ်းပေါ်ရှိ တံတားများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် တန် ၆၀ သံကူကွန်ကရစ်တံတားတည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သာယာအေးတံတားဝမ်ပုံဟာ ၂၄ ပေရှည် တစ်လွှာ၊ တစ်ထပ်၊ ဘေလီတံတားဖြစ်ကာခံနိုင်ဝန် ၁၃ တန်ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့တယ်လို့သိရှိရပါတယ်။ ထို့အတူ ဝမ်ယန်းမိုင်တံတားဟာလည်း ၈၀ ပေရှည် နှစ်လွှာ တစ်ထပ်ဘေလီတံတားဖြစ်ကာ ခံနိုင်ဝန် ၁၃ တန်ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်းသိရှိရပါတယ်။

အထက်ဖော်ပြပါတံတားများအနက် သာယာအေးတံတား ဝမ်ပုံနှင့် ဝမ်ယန်းမိုင်တံတားတို့ဟာ အရှည်ပေ ၅၀ နှင့်အထက် တံတားများဖြစ်သည့်အပြင် ခံနိုင်ဝန်အားလည်းနည်းနေသဖြင့် ၁၃ တန်အထက်ကားများဖြတ်သန်းသွားလာရာတွင် အခက်အခဲများ

နှင့် ရင်ဆိုင်နေရပါတယ်။ ထို့အပြင် သာယာအေးတံတား(ဝမ်ပုံ)ဟာ မြို့ပြအတွင်းတည်ရှိနေပြီး ကျောင်းသူ/ကျောင်းသားများ၊ ဈေးသူ/ဈေးသားများ၊ မိဘပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဦးစားပေးအနေဖြင့် သာယာအေးတံတား(ဝမ်ပုံ)နှင့် ဝမ်ယန်းမိုင်တံတားတို့ကို ခေတ်နှင့်လျော်ညီသော သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်တွင်တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို၏ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းဖြတ်မြို့နယ်ရှိ မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်းပေါ်ရှိ သာယာအေးတံတား(ဝမ်ပုံ) ဘေလီတံတားနှင့် ဝမ်ယန်းမိုင်ဘေလီတံတားတို့ကို ခေတ်နှင့်လျော်ညီသော သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်တွင်တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်လမ်းသည် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့်လမ်းဖြစ်ပြီး မိုင်းဆတ်မြို့မှ မိုင်းဖြတ်မြို့ထိ ၁၅၁. ၂၈ km ရှည်လျားသော ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသည့် လမ်းတစ်လမ်း





တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့သည့် မေးခွန်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မိမိဝန်ကြီးဌာနအနေဖြင့် အမြဲတမ်းတံတားမဖြစ်သေးသည့်ပေ ၁၈၀ နှင့် အထက်တံတားများအား အဆင့်မြှင့်တင် ဆောင်ရွက်မည့် မူလ အစီအစဉ်အတိုင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းတင်ပြပါသီပေါ-ပန်လုံ- နမ့်ဆန်လမ်းပေါ်ရှိ အရှည် ၃၁၀ပေ၊ နှစ်လွှာ တစ်ထပ်ဘေလီအကူ ကြိုးဆိုင်းလီလုတံတားအား မူလအစီအမံများအတိုင်း ချဉ်းကပ်လမ်းအပါအဝင် သံကူကွန်ကရစ် တံတားအဖြစ်တည်ဆောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးအားကိုဖြစ်ပါတယ်။ မိုင်းဆတ် - မိုင်းခုတ်- မိုင်းဖြတ်လမ်းပေါ်ရှိ ဝမ်ပုံဘေလီတံတားနှင့် ဝမ်ယန်းမိုင် ဘေလီတံတားတို့အား သံကူကွန်ကရစ်တံတားအဖြစ်အဆင့်တိုးမြှင့် ပေးနိုင်ခြင်းရှိ/မရှိနှင့်



D/real(wide) (3

ဖြစ်ပါသည်။ ၀. ၀km မှ ၇၈. ၇၈ kmထိ မိုင်းဆတ်ခရိုင်မှလည်းကောင်း၊ ၇၈. ၇၈ km မှ ၁၅၁. ၂၈ km ထိ ၇၂. ၅၀ kmအား တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်မှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး သာယာအေးတံတားနှင့် ဝမ်ယန်းမိုင်တံတား ၂ စင်းမှာ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အပိုင်းတွင် တည်ရှိပါသည်။ အဆိုပါတံတား ၂ စင်း၏ အခြေအနေနှင့် သံကူကွန်ကရစ်တံတားတည်ဆောက်ရန်လျာထားချက်မှာဦးစားပေးတင်ပြထားသည့် သာယာအေး(ဝမ်ပုံ)တံတား ပေအရှည် ၂၄၀၊ တစ်လွှာတစ်ထပ် Single, Single ဘေလီတံတားကို ၂၀၁၉-၂၀၂၀မှာလည်းကောင်း၊ ဝမ်ယန်းမိုင်တံတားပေအရှည် ၈၀၊ နှစ်လွှာတစ်ထပ် Double ,Single ဘေလီတံတားကို၂၀၁၉-၂၀၂၀မှာလည်းကောင်းလျာထားပါတယ်။

အဆိုပါတံတားနှစ်စင်းအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင်ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိခဲ့ပါက အကောင်အထည်ဖော်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။





အမှတ်(၂)မှ ဦးသိန်းဇော်မိုးမေးမြန်းတဲ့ ညောင်ရွှေမြို့နယ်၊ အနောက်ဘက်ကန်ပတ်လမ်းရှိ တောင်ခြေ၊ ကွန်းစင်ကြီး၊ ဟဲယာရွာမသို့ အဝင်မြေသားလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေနဲ့ မည်သည့်အချိန်တွင်အပြီးသတ်ဆောင်ရွက်နိုင်မည်ကိုသိရှိလိုသည့် မေးမြန်းမှုနဲ့ပတ်သက်ပြီးတော့ ၂၀၁၅ - ၂၀၁၆ ခု ၊ ဘဏ္ဍာရေးနှစ်တွင် ညောင်ရွှေမြို့နယ်၊ တောင်ခြေကွန်းစင်ကြီး၊ ဟဲယာရွာမသို့ အဝင်မြေသားလမ်းအရှည်(၃/၄)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်တွင် ပေ ၃၀ ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၂၀ ကွန်ကရစ်တံတား ၃ စင်း၊ ၁၅ ပေ ကွန်ကရစ်တံတား ၃ စင်း၊ ၅၀ ပေ သစ်သားတံတားတစ်စင်း၊ Box Culvert တံတား ၂၉ စင်း တည်ဆောက်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်း၊ Box Culvert တံတား ၈ စင်း တည်ဆောက်ခြင်း လုပ်ငန်းများအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်လုပ်ကိုင်ခဲ့ပါကြောင်း၊ အဆိုပါလမ်းမှာ ရေဝပ်ဧရိယာများအတွင်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည့်အတွက် မြေသားလမ်း သိပ်သည်းမှုရရှိနိုင်ရန် အခက်အခဲရှိသကဲ့သို့ မိုးရာသီရေများသော အချိန်တွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ကွန်းစင်ကြီးကျေးရွာနှင့် ဟဲယာရွာမကျေးရွာကြား မိုင်တိုင်အမှတ်(၂/၀)နှင့်(၃/၄)ကြား မြေသားဖို့ ပြုပြင်ခြင်းလုပ်ငန်းအား ပြန်လည်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား အင်းဧရိယာအတွင်းရှိ လယ်ယာမြေကွက်များကြားမှ ဖြတ်သန်းဖောက်လုပ်ထား ခြင်းဖြစ်၍ ရေကြီးရေလျှံနိုင်သည့်နေရာများဖြစ်သော ရွာမဘုန်းကြီး ကျောင်းနှင့် အထက်တန်းကျောင်းအနီးတွင် ၂၀ ပေ တံတားတစ်စင်း၊

ကျွန်းစင်ကြီးရွာအဝင်လမ်းတစ်လျှောက်တွင် Box Culvert တံတား ၇ စင်း ထပ်မံထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည်ကို ကွင်းဆင်း စစ်ဆေးတွေ့ရှိရပါကြောင်း၊ အဆိုပါလမ်းအား ရာသီမရွေးသွားလာ နိုင်စေရန်အတွက် ကျေးလက်လမ်းတံတား ၁၅ နှစ် စီမံကိန်းအရ ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၀/၄) မိုင် ခင်းခြင်း၊ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၃/၀) မိုင်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ လိုအပ်သောနေရာများ တွင် Box Culvert တံတား ၇ စင်း၊ ပေ ၂၀ ကွန်ကရစ် တံတား ၂ စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြား အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း ခြင်း အစီအစဉ်ပြီးဆုံးပါပြီ။



D/real(wide) (3



**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များနဲ့ ရှမ်းပြည်နယ် လွှတ်တော်သို့လေ့လာသူအနေဖြင့် တက်ရောက်လာကြတဲ့ လေ့လာသူကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါ စေလို့ ဦးစွာပဏာမနှုတ်ခွန်းဆွေးအပ်ပါတယ်။ ညောင်ရွှေ မြို့နယ်ကို ၂၀၁၅ ခုနှစ်က သမ္မတဦးသိန်းစိန် အင်းလေးခရီးစဉ်မှာ ပြည်သူလူထုရဲ့ တောင်းဆိုချက်အရ အနောက်ဘက်အင်း၊ အနောက်ဘက်ခြမ်း ကန်ပတ်လမ်း တောင်ရှည်၊ ကျွန်းစင်ကြီး၊ ဟဲယာ၊ရွာမကိုမြေသားလမ်း အဖြစ် ခွင့်ပြုခဲ့ပါတယ်။ ၎င်းမြေသားလမ်းကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ ပါတယ်။ အဆိုပါလမ်းသည် ၂ နှစ်ဆိုတဲ့ အတိုင်းအတာကို ရောက်ရှိ လာခဲ့ပါသည်။ ယခုအခါမိုးရာသီရောက်ရှိလာပြီဖြစ်သောကြောင့် သွားလာရေးခက်ခဲလာမှာဖြစ်တဲ့အတွက်လမ်း၏ ပြီးစီးမှုအခြေအနေနဲ့ မည်သည့်အချိန်တွင် အပြီးသတ်ဆောင်ရွက်နိုင်သည်ကိုသိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်

# ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "အစိုးရငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာမူဘောင်" အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"အစိုးရငွေလုံး ငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာ မူဘောင်"**အဆိုဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းညဏ်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး၊ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမည့်အဆိုက ရှမ်းပြည်နယ်အစိုးရမှ ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေပေးတဲ့နေရာမှာ မူဘောင်တစ်ခုတင်သွင်းဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်





အသစ်ရေးဆွဲခြင်းကို အာရုံစိုက်လုပ်ရမည့်အစား၊ ကျွန်တော်တွေ့ရသည့် မေးခွန်းများဆိုလျှင် အစိုးရကို လမ်းလုပ်ပေးပါ။ တံတားလုပ်ပေးပါ။ စာသင်ကျောင်းလုပ်ပေးပါဆိုတဲ့ အချိန်မြောက်မြားစွာပေးပြီး ဆွေးနွေးရတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ အဲဒါတောင်မှ ရှင်းရှင်းပြောရလျှင် လွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာ ညွှန်မှူးဆီမှာ ဒါလေးကိုတော့ ဖြစ်အောင်လုပ်ပေးနော်ဆိုတဲ့ပုံစံကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က ဒေသခံကိုယ်စားတောင်းဆိုနေရပါတယ်။ အခြားဥပဒေတို့ ပြည်သူလူထုအကျိုးပြုမည့်လုပ်ငန်းကို အားနည်းနေတာတွေ့နေရပါတယ်။ ထို့ကြောင့် အစိုးရကလည်းဘဲကျွန်တော်တို့နားလည်တာဒီနိုင်ငံအနေအထားနဲ့မလုံလောက်ပါဘူး။ ဒါပေမဲ့စည်းမျဉ်းစည်းကမ်းတစ်ခုနဲ့ မူဘောင်တစ်ခုရှိမယ်ဆိုလျှင် အားလုံးတစ်ပြေးညီအကျိုးရှိမယ်လို့ ယူဆလို့ဒီစာကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ လေ့လာရသလောက် ရှမ်းပြည်နယ်အစိုးရကောက်ခံရရှိတဲ့အခွန်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိတဲ့ငွေနဲ့ ပြည်ထောင်စုကပံ့ပိုးပြီးတော့မှ ရရှိတဲ့ငွေနဲ့ စုပေါင်းပြီးတော့မှ လုပ်ငန်း ၂ မျိုးဆောင်ရွက်ရတာရှိပါတယ်။ ပြည်ထောင်စုလုပ်နေတာကိုတော့ မဆိုလိုပါဘူး။ ရှမ်းပြည်နယ်အတွင်းမှာ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိတဲ့ ဘတ်ဂျက်ကို အဓိကဆိုလိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကတော့ မိမိတို့ မဲဆန္ဒနယ်မှာရှိတဲ့ ဖွံ့ဖြိုးရေးကိစ္စရပ်များကို လွှတ်တော်အထဲမှာသော်လည်းကောင်း၊ အစိုးရဝန်ကြီးဌာနမှာတင်ပြပြီး အစိုးရဘတ်ဂျက်ကို မျှော်ကိုးနေရသူဘဲဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ခု ဘတ်ဂျက်လျာထားချက်ကို လေ့လာကြည့်သည့်အချိန်မှာတော့ အရမ်းအားနည်းတာကို တွေ့ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ရှမ်းပြည်နယ်တစ်ဝှမ်းလုံးညီတူမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံခန့်ခွဲနေရတဲ့



D/real(wide) (3

ဖြစ်တာနဲ့အညီ ဖွံ့ဖြိုးမှုဆိုင်ရာ ဘတ်ဂျက် လျာထားချက်ကိုလည်း မျှတစွာ ခွဲဝေပေးဖို့လိုအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်ကို မြို့နယ်အလိုက် ခွဲဝေပေးတဲ့နေရာမှာ အဓိကအားဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်ရဲ့ ၃၀ရာခိုင်နှုန်းကို မြို့နယ်အလိုက် အချိုးညီစွာ ခွဲဝေပေး၍လည်းကောင်း၊ ဥပမာ- လွှတ်တော် ဘတ်ဂျက်ကို ညီတူညီမျှ ခွဲဝေပေးပါတယ်။ အကြီးအသေး မခွဲခြားပါဘူး။ ၃၀ ရာခိုင်နှုန်းကို မြို့နယ်အလိုက် အချိုးညီစွာ ခွဲဝေ ပေး၍ လည်းကောင်း၊ ၃၀ရာခိုင်နှုန်းကို မြို့နယ်အရွယ်အစား၊ လူဦးရေ အချိုးအစားပေါ်မူတည်ပြီးတော့မှလည်းကောင်း၊ ၄၀ ရာခိုင်နှုန်းကို ဖွံ့ဖြိုးမှုအဆင့်အတန်းကို တည်မှီမူတည်ပြီးတော့မှ ခွဲဝေပေးမယ်ဆိုရင် ရှမ်းပြည်နယ်အတွင်းမှာရှိနေတဲ့ မြို့နယ်အားလုံးဆိုလျှင် မြို့နယ်တိုင်းမှာ ဖွံ့ဖြိုးရေးလုပ်ငန်းကို ညီတူမျှတစွာ ရင်းနှီးမြှုပ်နှံနိုင်မှာလည်းဖြစ်ပါတယ်။ ခွဲဝေပေးတဲ့နေရာမှာလည်း ကိုယ်စားလှယ်အနေနဲ့ နောက်ထပ်ဆွေးနွေးစရာမရှိလောက်အောင် ပြည့်စုံနိုင်လိမ့်မယ်လို့ယူဆပါတယ်။ ဥပမာ အရေးကြီးတာကတော့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ဆိုလျှင် မြို့တိုင်းမှာ လိုအပ်ချက်ရှိတယ်။ အဲဒါဆိုရင်ချက်ချင်း ဒီမူဘောင်အတိုင်း ခွဲမည်ဆိုလျှင် ဘာမှ Complaint တက်စရာမလိုပါဘူး။ နောက်တစ်ခုက လျှပ်စစ်မီးကိစ္စဆိုလျှင် National Grid ရတဲ့ ဒေသမှာရှိပါတယ်။ ဥပမာ- တယ်လီဖုန်းဆိုလျှင် လုပ်နိုင်သည့် မြို့နယ်ရှိသလိုမလုပ်နိုင်တဲ့ မြို့နယ်လည်းရှိပါတယ်။ အဲဒါကို ခြင်းချက်ထားပြီးတော့မှ ဆောင်ရွက်နိုင်တဲ့ မြို့နယ်အတိုင်းကို ကျွန်တော်တင်ပြပါ မူဘောင်အတိုင်း ဆောင်ရွက်မယ်ဆိုလျှင် အစိုးရပိုင်းသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ပိုင်းသော်လည်းကောင်း ညှိနှိုင်းစရာမလိုဘဲနဲ့ တောင်းဆိုစရာမလိုဘဲနဲ့



D/real(wide) (3



ကိုယ်စားလှယ်များမှာ ဘတ်ဂျက်ခွဲဝေခြင်းနှင့်စပ်လျဉ်းပြီး သက်တမ်းတစ်ခုကြာပြီးတဲ့အခါမှာ အတွေ့အကြုံ ၁ နှစ်ရခဲ့ပြီးသားဖြစ်ပါတယ်။ အဲဒီ ၁နှစ်အတွင်းမှာ ရှမ်းပြည်နယ်သာမက အခြားတိုင်းဒေသကြီးမှာလည်းဘဲ ဘတ်ဂျက်ခွဲဝေခြင်းနှင့်ပတ်သက်ပြီးတော့မှ အဓိကအငြင်းပွားနေကြတာဖြစ်ပါတယ်။ အစိုးရဆောင်ရွက်ခွင့်၊ တင်သွင်းပိုင်ခွင့်ရှိသော ကျွန်တော်တို့ လွှတ်တော်နဲ့ဆိုင်တဲ့ ဥပဒေ ၊ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ခွဲဝေခြင်း၊ လျာထားချက်၊ လုပ်ဆောင်ချက်အားလုံးမှာ အခြားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှာ ကန့်ကွက်ကြတာရှိပါတယ်။ ဥပမာ- စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုလျှင် အကြီးအကျယ် ကန့်ကွက်ကြတာရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကတော့ လွန်ခဲ့တဲ့ ဘတ်ဂျက်မှာဆိုလျှင် ကန့်ကွက်တာသိပ်မရှိဘဲနဲ့ ရက်အကန့်အသတ်အရ အကယ်၍ကန့်ကွက်ကြမယ်၊ အချိန်ကုန်မယ်။ ဘတ်ဂျက်ရက်ကလည်းနီးနေပြီ၊ သက်တမ်းကုန်တော့မယ်၊ အဲဒီလိုအနေအထားများကြောင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်တိုင်းမကျသော်လည်း သဘောတူညီမှုတဲ့ ဒီနှစ်တော့ရှိပါစေတော့ဆိုတဲ့ပုံစံနဲ့ အတည်ပြုပေးခဲ့တာရှိပါတယ်။ ဒါကြောင့် ထိုဘတ်ဂျက်မူဘောင်ကို ပြန်ပြီးတော့မှ စဉ်းစားရခြင်းဖြစ်ပါတယ်။ အဓိကစဉ်းစားရတာကတော့ အစိုးရအဖွဲ့မှ လုပ်နေတဲ့၊ ရနေတဲ့ ငွေနဲ့ လုပ်ရမည့်လုပ်ငန်း၊ မြို့နယ်အလိုက် ခွဲဝေပေးတဲ့နေရာမှာဆိုရင် ဘက်လိုက်မှုတော့ရှိနေတယ်လို့ ကောက်ချက်ချမိပါတယ်။ အထူးသဖြင့် ဝန်ကြီးရှိနေတဲ့ မြို့နယ် မဲဆန္ဒနယ်မှာဆိုလျှင် ပိုမိုချပေးခဲ့တာကို ယခင်အစိုးရမှာလည်းရှိခဲ့တယ်။ ယခုလည်းဘဲ ဆက်လက်ဖြစ်ပေါ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ဥက္ကဋ္ဌကြီးမှာကြားသည့်အတိုင်းဘဲ အစိုးရကို ထိန်းကျောင်းခြင်းတို့ ပြည်သူတွေကိုအကျိုးပြုမည့် ဥပဒေများကိုတင်ခြင်း၊

အချိန်တန်ရင် ကိုယ့်မြို့နယ်အတွက် ရသင့်ရထိုက်အောင် ဆောင်ရွက်နိုင်မယ်လို့ယူဆလို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ် တင်သွင်းသော **“အစိုးရငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက် မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** အဆိုတင်သွင်းခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။





## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့ )ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို မနက်ဖြန် ၂၀၁၇ ခုနှစ်၊ ဇွန် လ ၇ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၇ ခုနှစ်၊ ဇွန် လ ၇ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ အချိန်တွင် ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

# ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## ဆဋ္ဌမပုံမှန်အစည်းအဝေး
## (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်**

**၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်**

**[ ဗုဒ္ဓဟူးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးစိုးစိုးသက်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။



D/real(wide) (4



**ဥက္ကဋ္ဌ။** ဦးစိုင်းထွန်းညဏ် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **“အစိုးရငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ် အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒ ရယူမှာဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက်ဦးစိုင်းထွန်းညဏ်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်း ကြေညာပါတယ်။

ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့ အဆိုကို ၂၀၁၇ ခုနှစ်၊ ဇွန် လ ၈ ရက်၊ အစည်းအဝေးရဲ့ တတိယရက်မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေး ရပ်နားတဲ့အခါ ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့အား ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ နှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး





## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားပေးဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ကျင်းပ ပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၇-၆-၂၀၁၇ ရက်နေ့ ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးအာကာလင်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးစိုးညွန့်လွင် (ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင် ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၃) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၃) ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူမှာ ၁၁ ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု





(ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပေါင်း (၁၄၁) ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် စုစုပေါင်း၏ (၉၂. ၂၀) % ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဌမ ပုံမှန် အစည်းအဝေး ဒုတိယနေ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများမေးမြန်းခြင်းအစီအစဉ်နှင့် ဖြေကြားခြင်းအစီအစဉ်ဖြစ် ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက မေးမြန်း ထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် များကဖြေကြားပေးဖို့ဖြစ်ပါတယ်။ပထမဦးစွာ ပင်းတယမြို့နယ်



D/real(wide) (4



**ဥက္ကဌ။** စည်ပင်သာယာရေးဝန်ကြီးမှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဌနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာဈေးများတွင် နေ့စဉ်ရောင်းချလျက်ရှိသော ကြက်၊ ဝက်၊ အမဲ၊ ငါး၊ ဆိတ်သား၊ ဝက်အူချောင်း၊ အသားခြောက်စသည် တို့ကို ကျန်းမာရေးအရ စားသုံးရန် သင့်/မသင့်ကို မည်သည့်ဌာန ဆိုင်ရာက တာဝန်ယူပြီး နေ့စဉ်စစ်ဆေးကြီးကြပ်ခြင်း ရှိ/မရှိ။ မရှိပါက မည်သည့်အကြောင်းကြောင့်နှင့် ကျန်းမာရေးအရ စားသုံး ရန်မသင့်သော သားငါးများမည်သို့စီစဉ်ဆောင်ရွက်စေကြောင်းကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းတင်ပြလိုပါသည်-

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (တ)အရ မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို သတ်ဖြတ်ခွင့်ပြုခြင်းနှင့် ကြက်၊ ဘဲ၊ ငါးအပါအဝင် အသားရောင်းချခြင်းတို့ကို စည်းကမ်းများသတ်မှတ် ထားခြင်း၊ ကြီးကြပ်ခြင်းနှင့်စီမံခန့်ခွဲခြင်းများကိုဆောင်ရွက်ရမည်ဖြစ် ပါတယ်။ ထို့ပြင်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသား

ထုတ်လုပ်ရောင်းချနိုင်ရန် သားသတ်ရုံများ တည်ထောင်ခြင်းကို စည်းမျဉ်း သတ်မှတ်ရန် စည်းကမ်းများ(By Laws) နှင့် အသား ရောင်းချခြင်းကို စည်းမျဉ်းသတ်မှတ်ရန် စည်းကမ်းများ (By Laws) ကိုလည်း ထုတ်ပြန် ကြော်ငြာထားပြီးဖြစ်ပါတယ်။

အဆိုပါ သားသတ်လုပ်ငန်းများ ကြီးကြပ်ခြင်းနှင့်ပတ်သက်၍ ဆက်စပ်ဌာနများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ တာဝန်ယူစစ်ဆေးပေးမှသာ သားသတ်လုပ်ငန်းများ အောင်မြင်ထိရောက်စွာ ကြီးကြပ်စစ်ဆေးနိုင်မည်ဖြစ်ပါသဖြင့် မြို့နယ်/မြို့နယ်ခွဲများ၏ သားသတ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၅-၅-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၄)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့တာဝန်ပေးအပ်ခဲ့မှုအရ သားကောင်များမသတ်ဖြတ်မီနှင့် သတ်ဖြတ်ပြီး ထုတ်လုပ်ရောင်းချမည့် အသားများအား မြို့နယ်/မြို့နယ်ခွဲမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကြီးကြပ်စစ်ဆေးလျက်ရှိပြီးသားသတ်ရုံများ၏ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့နှင့်ပူးပေါင်းညှိနှိုင်းကြီးကြပ်စစ်ဆေးလျက်ရှိပါတယ်။

မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများအနေဖြင့် သားသတ်လုပ်ငန်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်၊စည်းကမ်းများနှင့်အညီဆောင်ရွက်ရာတွင် စည်းကမ်းနှင့်အညီ စစ်ဆေးရမည့် ပညာရပ်ဆိုင်ရာကျွမ်းကျင် ဝန်ထမ်းများ ခန့်ထားနိုင်မှု မရှိခြင်း၊ ခွင့်ပြု ဝန်ထမ်းအင်အားနည်းပါးခြင်း၊





မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက ပထမမေးခွန်းကို မေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ကျွန်တော် ဒီကနေ့တင်ပြဆွေးနွေးသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာဈေးများတွင် နေ့စဉ်ရောင်းချနေသည့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါး၊ ဝက်အူချောင်းများ၊ အသားခြောက်များနှင့်ပတ်သက်သည့်မေးခွန်းများကို အောက်ပါအတိုင်းကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာဈေးများတွင် နေ့စဉ်ရောင်းချလျက်ရှိသော ကြက်၊ ဝက်၊ အမဲ၊ငါး၊ ဆိတ်သား၊ ဝက်အူချောင်း၊ အသားခြောက်စသည်တို့ကို ကျန်းမာရေးအရ စားသုံးရန်သင့်/မသင့်ကို မည်သည့်ဌာနဆိုင်ရာကတာဝန်ယူပြီး နေ့စဉ်စစ်ဆေးကြီးကြပ်ခြင်း ရှိ/မရှိ၊ မရှိက မည်သည့်အကြောင်း ကြောင့်လဲ။ ကျန်းမာရေးအရ စားသုံးရန်မသင့်သော သား၊ ငါးများကို မည်သို့စီစဉ်ဆောင်ရွက်စေကြောင်း အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဌာနပိုင်သားသတ်ရုံများမလုံလောက်ခြင်း၊ မြို့ပေါ်နှင့် ကျေးလက်ဒေသများရှိ သားသတ်လုပ်ငန်းများကို ကျယ်ပြန့်စွာ ကြီးကြပ်ရခြင်းတို့ကြောင့် မြို့ပေါ်ဈေးများတွင် ရောင်းချလျက်ရှိသော အသားငါးများအား သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍လည်းကောင်း၊ ကျေးရွာဈေးများတွင် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍လည်းကောင်း အခါအားလျော်စွာ စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်းနှင့် စားသုံးရန်မသင့်သော အသားငါးများကို စစ်ဆေးတွေ့ရှိရပါက သိမ်းဆည်း၍မြေမြှုပ်ဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်ဆက်လက်တင်ပြဆွေးနွေးသွားမှာကတော့ ပင်းတယမြို့၏ မြောက်ဘက် (၇) မိုင်အကွာတွင် အင်းယားကန်ဆိုတဲ့ရေကန်ရှိပါတယ်။ အင်းယားကန်သည် ပင်းတယမြို့၏ ပုန်းတလုတ်ရေကန်ထက် နှစ်ဆခန့်မျှကျယ်ဝန်းပါတယ်။ အဲဒီအင်းယားကန်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်ကဆိုရင် သစ်တောများဝန်းရံခဲ့ပါတယ်။ အခုအခါမှာ သစ်တောများတစ်နှစ်ထက်တစ်နှစ်နည်းပါးသွားပါတယ်။ ဒီသစ်တောများနည်းပါးသွားတဲ့အတွက် သစ်တောများစိမ်းလန်းစိုပြည်ရေးအတွက်မည်သို့ဆောင်ရွက်ပေးနိုင်ရန်ရှိကြောင်း အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။





ကြော်ငြာစာအမှတ် ၆/၁၉၁၀ နှင့် ဇော်ဂျီကြိုးဝိုင်း (ပိုင်း) ဧရိယာ ၇၅၀၈ ဧကနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် သစ်တောရေးရာဝန်ကြီးဌာန၏ ၉-၁-၂၀၀၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၀၂ နှင့် ပေါနုဆည်ရေဝေရေလဲကြိုးပြင်ကာကွယ်တော ၂၀၁ ဧကကို ဖွဲ့စည်းသတ်မှတ်ထားပါတယ်။

ပင်းတယမြို့နယ်၊ ရွှေပုထိုး(တောင်)ကျေးရွာအုပ်စု၊ ရွှေပုထိုးကျေးရွာအနီးတွင်ရှိသည့် အင်းယားရေကန်ဟာဆိုရင်ကုန်းတွင်းပိုင်းရေချိုရေအိုင်ငယ်တစ်ခုဖြစ်ပါတယ်။ ရေကန်နှင့်ဆက်စပ်လျက်တည်ရှိတဲ့ရေဝေရေလဲတောင်တန်းဟာဆိုရင် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအတွင်းကျရောက်မှုမရှိဘဲ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော နယ်မြေအတွင်းတွင်တည်ရှိပြီး တောနိမ့်တောအမျိုးအစားများ ပေါက်ရောက်လျက်ရှိပါတယ်။ သဘာဝပေါက်ပင်များအနေနဲ့ ဖန်ခါး၊ သပြေ၊ အုန်နွဲ၊ လက်ပံ၊ ဒီဒူး၊ တရော်စသည့် အပင်အမျိုးအစားများပေါက်ရောက်လျက်ရှိပေမယ့် ကျွန်တော်ကိုယ်တိုင်ကွင်းဆင်းကြည့်ရှုသည့်အခါမှာ ရေဝေရေလဲဧရိယာသည် တောတော်တော်လေးပြုန်းနေတာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အဆိုပါအင်းယားကန်နှင့် ရေဝေရေလဲတောင်တန်းဒေသတွေကို ထိန်းသိမ်းဖို့ရာအတွက် ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်က ကျွန်တော်သစ်တောဦးစီးဌာနမှာ ဘတ်ဂျက်များ တင်ပြတောင်းခံသော်လည်းပဲ သစ်တောဦးစီးဌာန၏ ဘတ်ဂျက်တော်တော်များများ ဘဏ္ဍာရေးအရ ခွင့်ပြုနိုင်ခြင်းမရှိတဲ့အတွက် လတ်တလောမှာတော့ ကျွန်တော်တို့ သစ်တောဦးစီးဌာန၊ ဌာနကြီးဝိုင်းအနေနဲ့ ထိန်းသိမ်းဖို့ရာအတွက် မဖြစ်နိုင်သေးပါဘူး။ အဲဒီအတွက်ကို အင်းယားကန်နှင့်တောင်တန်း ဒေသခံ ကျေးရွာများကနေပြီး ပူးပေါင်း ထိန်းသိမ်းချင်တယ်ဆိုရင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်

ခွင့်လျှောက်ထားနိုင်ပါတယ်။ သို့သော်လည်းပဲ အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေဖြစ်နေသည့်အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှပုံစံ(၁၀၅)ရယူဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။

သစ်တောဦးစီးဌာနကနေပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်နှစ် ၃၀ ခွင့်ပြုပေးလျက်ရှိပြီး သစ်တောဦးစီးဌာန၊ ပင်းတယမြို့နယ်၌ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဒေသနှင့်ကိုက်ညီသည့် ခါတော်မီ၊ ယူကလစ်၊ ပင်စိမ်း၊ မယ်ဇလီ၊ ရေမနေစသည့်သစ်ပင်ပေါင်း ၁၀၀၀၀ ပင်လျာထားပျိုးထောင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ စိုက်ပျိုးလိုတယ်ဆိုလျှင်အခမဲ့ဖြန့်ဝေသွားဖို့ စီစဉ်ထားပြီး စိုက်ပျိုးရေးနည်းပညာများကိုလည်းပံ့ပိုးကူညီသွားမှာဖြစ်တဲ့အကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပါတယ်။



D/real(wide) (4



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရွှေပုထိုး(တောင်) ကျေးရွာအုပ်စု၊ ရွှေပုထိုးရွာအနီးရှိ အင်းယား ရေကန်နှင့်ဆက်စပ်လျက်ရှိသော အရှေ့ဘက်တောင်တန်းပေါ်တွင် ၁၉၈၅ ခုနှစ်မတိုင်မီကရှိခဲ့သောအနေအထားအတိုင်း သစ်တောများစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောများပြန်လည်စိုက်ပျိုးပေးရန် မည်သို့စီမံချက်များဆောင်ရွက်သင့်ကြောင်းကို အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့်ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့်တက်ရောက်လာကြသူ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ မေးခွန်းမေးမြန်းတဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဦးညီလေးချမ်း၏ မေးခွန်းဟာဆိုရင် ပင်းတယမြို့နယ်တွင်ရှိသည့် အင်းယားရေကန်၏ ရေဝေရေလဲဒေသထိန်းသိမ်းရေးအတွက် အကြံဉာဏ်တောင်းခံထားသည့် မေးခွန်းတစ်ခုလည်းဖြစ်ပါတယ်။

ပင်းတယမြို့နယ်မှာ ဗြိတိသျှကိုလိုနီအစိုးရလက်ထက် သစ်တောရေးရာဝန်ကြီးဌာန၏ ၁၂-၁-၁၉၁၀ ရက်စွဲပါအမိန့်

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ပင်ဖြစ်ကျေးရွာအနီးရှိ ကန်တော်ကန်သည် ရှေးယခင်ကတည်းက စော်ဘွားကြီး စောစောဆိပ် လက်ထက်က တည်ဆောက်ခဲ့သော ရေလှောင်ကန်ကြီးတစ်ခုဖြစ်ပါတယ်။ ယခုအခါ မြေသားတမံများ နိမ့်ကျလာပြီး ရေလွှဲပေါက်များ ပျက်စီးခြင်း၊ ရေပိုလွှဲများမရှိခြင်း၊ ရေကန်အတွင်းနုန်းဖို့ပြီး တိမ်ကောလာသဖြင့် ရေဝပ်ဧရိယာနည်းပါးလာခြင်းတို့ကြောင့် ကန်တော်၏ရေသောက်လယ်မြေများ စိုက်ပျိုးရေခက်ခဲလာကြောင်း၊ ပျိုးထောင်ရေမရရှိခြင်းကြောင့် စိုက်ချိန်အမီပျိုးမထောင်နိုင်ကြောင်း ဒေသခံပြည်သူများနှင့် လူထုတွေ့ဆုံပွဲတွင် တင်ပြလာသည့်အတွက် ကန်တော်ကန်အား အဆင့်မြှင့်စီမံကိန်းရေးဆွဲ၍ ပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြသော ကန်တော်ကန်ကြီး၏ ရေဝပ်ဧရိယာသည် ၁၀၈. ၃၂ ဧကကျယ်ဝန်းသည့်အတွက် ရေသိုလှောင်ရန် လုံလောက်သော ပမာဏရှိပါတယ်။ ရေဝပ်ဧရိယာမှာကန်တော်ကန်၏ မြောက်ဘက်ရှိ ရွှေဘုံသာရွာ၊ ဘုရားငါးဆူရွာ၊ လျှော်ကုန်းရွာတို့၏ မြေနိမ့်လွင်ပြင်မှ ရေများစီးဝင်နိုင်သည့်အပြင် ၎င်းကျေးရွာများ၏ မြောက်ဘက်နဂါးကျစ်နှင့် မိုးကုလီလွင်ပြင်များမှလည်း ရေများစီးဝင်နိုင်ပါတယ်။ရတနာပုံရွာအနောက်ဘက်ရှိ ဘန်းအုံကန်မှစီးဆင်းသော ရေများလည်း စီးဝင်နိုင်ပါတယ်။

ထို့ပြင်ဘုရားငါးဆူကျေးရွာ ရေထွက်ဖြစ်သော ငါးကြောင်ချောင်းရေမှလည်း ရေများစီးဝင်သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကန်တော်ကန်၏ တာဘောင်ကို စနစ်တကျ တွက်ချက်ပြီး လိုအပ်သည့် အမြင့်ပေရောက်အောင်ဖို့ပြီး ဆောင်ရွက်ပါက



D/real(wide) (4



သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ဘဏ္ဍာငွေကိုသုံးစွဲရာတွင် စီမံချက် plan များအသေးစိတ်တွက်ချက်ပြီး ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ကန်တော်ကန်ကြီးသည် ပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုံးဝမရှိခဲ့သည့်အတွက် နုန်းများအဆမတန်ဖို့လာခြင်းတို့ကြောင့်ရေဝပ်ဧရိယာနည်းပါးလာပြီး မကြာမီပျက်စီးသွားနိုင်သဖြင့် သဘာဝအရင်းအမြစ် ရေကန်ကြီးကို အဆင့်မြှင့်တင်ပြီး စနစ်တကျ စီမံကိန်းရေးဆွဲ၍ ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ရှိပါကမည်သည့်ဘတ်ဂျက်နှစ်တွင်ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တာဝန်ယူရတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးခိုင်ညီညီကျော်မေးမြန်းသည့် ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုရှိ ကန်တော်ကန်ကို အဆင့်မြှင့်တင်ပြီး စနစ်တကျစီမံကိန်းရေးဆွဲ၍ ပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ရပ်စောက်

မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ပင်ဖြစ်ကျေးရွာအနီးရှိ ကန်တော်ကန်သည် ကျေးရွာထိန်း ဆည်/ကန်တစ်ခုဖြစ်ပြီး စီမံကိန်းရေးဆွဲပြီး စနစ်တကျပြင်ဆင်ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းများအား အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပါတယ်-

(က) ကန်တော်ကန်၏ညာဘက်ခြမ်း (အနောက်ဘက်) ရေဝပ်ဧရိယာအတွင်း ဧက ၂၅ ခန့်အား အနက်ပျမ်းမျှ ၄ ပေခန့် သဲနုန်း ပြန်လည်တူးဖော်ရန် အဓိက လိုအပ်ခြင်း။

(ခ) ၎င်းကန်အတွင်းမှ ထွက်ရှိလာသော သဲနုန်းမြေများကို ကန်၏ဧရိယာ တာဘောင်ပြုလုပ်၍ သတ်သတ်မှတ်မှတ် ဆောင်ရွက်ပေးရန် လိုအပ်ခြင်း။

(ဂ) ကန်အတွင်းသို့ ရေဝင်ရောက်သော ချောင်းမြောင်းနေရာနှင့် ကန်၏အစပ်တို့တွင် သဲနုန်းစစ်ကန်များ တူးဖော်၍ထားရန် လိုအပ်ခြင်း။

(ဃ) ကန်၏ တာဘောင်အား လိုအပ်သော အတိုင်းအတာ အကျယ်၊ အမြင့်ရရှိအောင် ပြန်လည်ပြုလုပ်ရန် လိုအပ်ခြင်း။

(င) ရေတံခါးပေါက်များ၊ ရေပေးမြောင်းများနှင့် တူးမြောင်း အဆောက်အဉီများ ပြန်လည်တည်ဆောက်ပေးရန် လိုအပ်သည့်လုပ်ငန်းများ လုပ်ရမှာဖြစ်ပါတယ်။

အထက်ဖော်ပြပါအတိုင်း ကန်တော်ကန်အကြီးစားအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစားရေသောက်ဧရိယာ ၂၅၃. ၂၀ ဧကကို ရေလုံလောက်စွာပေးဝေနိုင်



D/real(wide) (4



လုံလောက်စွာ ရေများသိုလှောင်နိုင်ပြီး ဒေသခံတောင်သူများအတွက် အင်မတန်အကျိုးကျေးဇူးရှိသောဆည်ကြီးတစ်ခုဖြစ်ပေါ်လာမှာအမှန်ပဲဖြစ်ပါတယ်။

၎င်းဒေသတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ မိုးရေချိန်လက်မတိုင်းတာချက်အရ ပျမ်းမျှမိုးရေချိန် ၄၀. ၇၇ လက်မရှိကြောင်းသက်ဆိုင်ရာစိုက်ပျိုးရေးဌာန၏ မှတ်တမ်းများအရ သိရှိရပါတယ်။ ကန်တော်ကန်ကြီး၏ လက်ရှိရေသောက်စပါးစိုက်ဧရိယာမှာကွင်းအမှတ် (၂၀၃) ပလောင်ကွင်းတွင် ၁၂၉. ၆၀ ဧက၊ ကွင်းအမှတ် (၂၀၇) သမိုင်းကုန်းအရှေ့ကွင်းတွင် ၃၄ ဧက၊ ကွင်းအမှတ် (၂၀၈/၁) ထီးခမ်းအနောက်ကွင်းတွင် ၈၈. ၆၀ ဧကတို့ သောက်သုံးလျက်ရှိသည့်အတွက် စုစုပေါင်းဧက ၂၅၃. ၂၀ ရှိပါတယ်။

လက်ရှိရေလှောင်ပမာဏထက် ပိုပြီးလှောင်နိုင်ပါက ကန်တော်ကန်၏ အောက်ဘက်တွင်ရှိသော အကျဉ်းဦးစီးစိုက်ပျိုးရေးစခန်း၊ သမိုင်းကုန်းကျေးရွာနှင့် ထီးခမ်းကျေးရွာများရှိ တောင်သူများ လုပ်ကွက်ဧက ၁၅၀၀ ခန့်ကို စိုက်ပျိုးရေးရရှိမှာဖြစ်ပါတယ်။ ထို့အပြင်ကန်တော်ကန်သည် အင်းလေးကန်၏ ရေဝေရေလဲဒေသတစ်ခုအတွင်း ပါဝင်သဖြင့် နမ့်ကပ်ချောင်းမှတစ်ဆင့် တောင်ကြီးမြို့နယ်၊ ပုံချောင်းအတွင်းစီးဝင်ပြီး ယင်းချောင်းမှ အင်းလေးကန်အတွင်းသို့ စီးဝင်သည့်အတွက် အင်းလေးကန်၏ ရေဝေရေလဲကိုအကျိုးပြုပါတယ်။

၂၀၁၆ - ၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ရန်ပုံငွေ ကျပ်သိန်း ၃၅၀ ဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ရာလုပ်ကိုင်ဆောင်ရွက်သည့်ပမာဏနှင့် အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်လိုသည့်ပမာဏတို့မှာ များစွာကွာခြားနေသည့်အတွက် ထိရောက်စွာ ပြင်ဆင်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါတယ်။

ရေးအတွက်သာ ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ရေပေးမြောင်းတူးဖော်ပြုပြင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်းနှင့် ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာထိန်းဆည်/ကန်ဖြစ်သည့်အတွက် သက်ဆိုင်ရာကျေးရွာများမှအဖွဲ့ဖွဲ့စည်းထိန်းသိမ်းဆောင်ရွက်ရန် ပြန်လည်အပ်နှံသွားရမည့်ဆည်/ကန်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရှာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရှာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များကို ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရှာငံမြို့နယ်၊ ရှာငံမြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တိုးပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။





ကျေးလက်ပြည်သူများကဆေးရုံကိုအားကိုးအားထားပြုလာတာကို တွေ့ရှိရပါတယ်။

ထို့အတူဒေသတွင်း ခရီးသွားဧည့်သည်များပြားလာခြင်း၊ ဒေသခံလူဦးရေတိုးပွားလာခြင်း၊ ထိခိုက်ဒဏ်ရာရသူများပြားလာခြင်း၊ ဒေသတွင်း မိခင်များ ကျန်းမာရေးအမြင်ကျယ်လာမှုကြောင့် ဆေးရုံတွင် မီးဖွားလူနာများပြားလာခြင်းကို တွေ့ရပါတယ်။ ထိုကဲ့သို့ တိုးပွားလာသော လူနာများကို အဆင်ပြေချောမွေ့ပြီး လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် လက်ရှိ ၂၅ ခုတင်ဆံ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံအထိ တိုးချဲ့ပေးစေလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်အတိုင်း ပြည်သူများ ကျန်းမာမှသာလျှင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့ကို လုပ်ကိုင်နိုင်မှာဖြစ်ပြီး နိုင်ငံ့တာဝန်ကိုလည်း ဆထက်ထမ်းပိုး ထမ်းပိုးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှာငံမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ပြည်သူများ၏ ကျန်းမာရေးအလွယ်တကူ အဆင်ပြေချောမွေ့စွာ ကုသနိုင်ရန်ဖြင့် ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် တိုးချဲ့ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် မရှိသည်ကို သိရှိလိုပါ၍ ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး၏ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရွာငံမြို့နယ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ရွာငံပြည်သူ့ဆေးရုံမှာ ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပါတယ်။ မြို့နယ်လူဦးရေမှာ ၈၂၁၆၂ ဦးရှိပြီး မြေဧရိယာ ၁၈. ၀၆ ဧကကျယ်ဝန်းပါတယ်။ ၂၀၁၇ ခုနှစ် တိုးချဲ့တည်ဆောက်ထားသည့် မြို့ကြီးစံကိုက်တိုက်နယ်ဆေးရုံနှင့် မိုင် ၃၀၊ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံနှင့် ၄၇ မိုင်ကွာဝေးပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဆေးရုံပြင်ပလူနာဦးရေ ၉၅၇၅ ဦး၊ အတွင်းလူနာဦးရေ ၁၉၀၄ ဦးနှင့် ဆေးရုံမွေးလူနာ ၃၅၀ ဦးရှိပါတယ်။ တစ်နေ့ပျမ်းမျှ ပြင်ပလူနာဦးရေ ၂၆ ဦးရှိပြီး တစ်နေ့ပျမ်းမျှအတွင်းလူနာဦးရေ ၂၈ ဦးရှိပါတယ်။ လူနာတစ်ဦးသည် ပျမ်းမျှဆေးရုံတက် ရက်ပေါင်း ၅ ရက်ရှိပြီး ဆေးရုံအသုံးပြု ခုတင် ရာခိုင်နှုန်းအနေဖြင့် ၁၁၂ ရာခိုင်နှုန်းရှိပါတယ်။

ရွာငံပြည်သူ့ဆေးရုံ ၂၅ ခုတင်ဆံ့ဆေးရုံမှ ၅၀ ခုတင်ဆံ့ပြည်သူ့ဆေးရုံသို့ တိုးမြှင့်နိုင်ရန်အတွက် အဆောက်အဦမြေနေရာလုံလောက်မှုရှိပြီး အဆောက်အဦ ထပ်မံဆောက်လုပ်ရန် လိုအပ်ပါကြောင်းနှင့် နယ်မြေဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ်







လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမြို့နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၂၅. ၉၆ ဧရိယာ ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ရှမ်းပြည်နယ်ရှိ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ တောင်ဘက်တွင် ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ မြစ်သားမြို့နယ်၊ မြောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ကျောက်ဆည်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါတယ်။

ရွာငံမြို့နယ်ပေါ်တွင် မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု (၄၈) အုပ်စု၊ ကျေးရွာပေါင်း ၁၂၅ ရွာ၊ လူမျိုးများအနေဖြင့် ဓနု၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ ဗမာစသည့်လူမျိုးများနေထိုင်ပြီး လူဦးရေ ၈၀၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ ကျန်းမာရေးအနေဖြင့် ရွာငံမြို့နယ်တွင် ၂၅ ခုတင်ဆံ့ ရွာငံပြည်သူ့ဆေးရုံ၊ မြို့ကြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ မြိုင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့မှ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပါတယ်။

ရွာငံပြည်သူ့ဆေးရုံသည် ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပြီး ၁၉၆၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါရွာငံမြို့သည် အထက်မြန်မာပြည်မန္တလေးနှင့် ရှမ်းပြည်နယ်တောင်ကြီးလမ်းမကြီးပေါ်တွင် တည်ရှိပြီး ခရီးသွားလာရေးလုပ်ငန်းများ၊ ဒေသတွင်းထွက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါတယ်။ ဒေသတွင်း ခရီးသွားပြည်သူများ များပြားလာကာ ဌာနေတိုင်းရင်းသားများတွင်လည်း လူဦးရေတိုးပွားလျက်ရှိပါတယ်။ ယခုအခါတွင် ပြည်သူ့ဆေးရုံကို အနီးအနားဒေသများသာမက ဝေးလံသီခေါင်သော ကျေးလက်နေပြည်သူများပါ အားကိုးအားထားပြုလာကြပါတယ်။ ယခင်ကဆိုလျှင် ပြည်သူ့ဆေးရုံကိုကျေးလက်နေပြည်သူများမှ အားကိုးရန် လက်လှမ်းမမီခဲ့သော်လည်း ယခုအခါဒေသတွင်းလမ်းပန်း ဆက်သွယ်ရေး ယခင်ကထက်ကောင်းမွန်လာခြင်း၊ ပရဟိတအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များပေါ်ပေါက်လာခြင်းတို့ကြောင့် ဝေးလံဒေသမှ

လိုအပ်မှုရှိကြောင်း သဘောထားမှတ်ချက်ပြု၍ ပြည်နယ်ကုသရေး ဦးစီးဌာန၊ တောင်ကြီးမြို့၏ ၉-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆၃၀/ အဆင့်မြင့်/ကုသဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း(၁နှင့်၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးပဲဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်မမေးမြန်းလိုသည့်မေးခွန်းကတော့ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားမှု အခြေအနေနှင့် ပတ်သက်၍ နည်းဥပဒေ ၁၀၅ အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကုမ္ပဏီ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ပြည်နယ်အတွင်းရှိ လူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ အများအပြား ဖန်တီးပေးနိုင်ပါမှ နိုင်ငံတော်ဘဏ္ဍာငွေတိုးပွားလာနိုင်ပြီး ပြည်နယ်ဖွံ့ဖြိုးမှုလည်းရေရှည်တည်တံ့မှာဖြစ်ပါတယ်။ လက်ရှိပြည်နယ်





အလုပ်သမားများခန့်အပ်မှု ရာခိုင်နှုန်း သတ်မှတ်ထားမှု ရှိ/မရှိ။

(၂) ကျောင်းပြီးစ ကျောင်းသူ၊ ကျောင်းသားများ အလုပ်ခွင်သို့ဝင်နိုင်ရန် လုပ်ငန်းခွင်အကြို အလုပ်သင် အစီအစဉ် (Internship Program) စီစဉ်ပေးမှု အစီအစဉ် ရှိ/မရှိ။

(၃) ဘွဲ့ရသည်အထိ ပညာသင်ကြားခွင့်မရဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်လိုက်ရသော လူငယ်များအတွက် အလုပ်ခွင်ဝင်နိုင်ရန် လုပ်ငန်းခွင်အကြို အသက်မွေးဝမ်းကျောင်းမှုသင်တန်း (Vocational Training) ပေးဖို့စီစဉ်ထားမှု ရှိ/မရှိ။

(၄) မြို့နယ်အလိုက် မြို့နယ်အတွင်းရှိ လုပ်ငန်းခွင်၊ စားသောက်ဆိုင်၊ကုမ္ပဏီနှင့် အခြားလုပ်ငန်းများ၏ စာရင်းနှင့် ၎င်းလုပ်ငန်းခွင်အလိုက် အလုပ်သမားလိုအပ်ချက်စာရင်းများပြုစုထားခြင်း ရှိ/မရှိ။

(၅) ကြုံရာကျပန်းအလုပ်သမားများ၏ အနိမ့်ဆုံး နေ့တွက် (Minimum Wage) မည်မျှရရှိပြီး ၎င်းတို့၏ နေ့တွက်နှင့် တစ်ရက်စာလောက်ငှမှု တွက်ချက်စိစစ်ထားခြင်း ရှိ/မရှိ ဟူသော အထက်ပါမေးခွန်းများကို ပြည်သူများ၏ကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ အစိုးရဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ယခင်ခေတ်အဆက်ဆက်နှင့် ယခုထက်ထိတွင် အစိုးရဌာနဆိုင်ရာဝန်ထမ်းများမှ အကျင့်ပျက်ခြစားခြင်း၊ တာဝန်နှင့် ဝတ္တရားများကို အလွဲသုံးစားပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် ငွေကြေးများ အလွဲသုံးစားမှုပြုခြင်းစသည်များကို အရေးယူဆောင်ရွက်ရာမှာ ရာထူးတိုးရပ်စဲ ခြင်း၊ ရာထူးလျှော့ချခြင်း၊နယ်မြေဒေသမြို့နယ်အပြောင်းအရွှေ့ပြုလုပ်ခြင်းများဖြင့် အရေးယူခဲ့သည်ကို များစွာတွေ့ရှိရပါတယ်။

ထိုသို့ အရေးယူဆောင်ရွက်မှုများမှာ ရာထူးတိုးရပ်ဆိုင်းခြင်းသို့မဟုတ် ဆိုင်းငံ့ခြင်း၊ ရာထူးလျှော့ချခြင်းများသည် အတော်အသင့်ထိရောက်သော ပြစ်ဒဏ်အဖြစ်စီရင်ခြင်းဖြစ်သော်လည်း နယ်မြေပြောင်းရွှေ့တာဝန်ထမ်းဆောင်စေသော ပြစ်ဒဏ်သည် မည်သို့မျှအပြစ်ဒဏ်စီရင်သည်ဟု သတ်မှတ်မရသည့်အဖြစ်များစွာ တွေ့မြင်နေရပါတယ်။ ထိုပြစ်မှုကျူးလွန်သောဝန်ထမ်းများသည် မူလရာထူးဖြင့် အခြားနေရပ်သို့ အခြား မြို့နယ်သို့ တာဝန် ပြောင်းရွှေ့ထမ်းဆောင်ခြင်းသာဖြစ်၍ ၎င်း၏ကျူးလွန်ခဲ့သောအပြစ်အပေါ်မည်သို့မျှပြစ်ဒဏ်ချမှတ်သည်ဟုမယူဆပဲ ယခင်အတိုင်းကျူးလွန်မြဲကျူးလွန်နေကြသည်ကိုတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြစ်မှုကျူးလွန်သောဝန်ထမ်းများအား အရေးယူရာမှာ သက်ဆိုင်ရာဌာနအကြီးအကဲကသာ အရေးယူပိုင်ခွင့်ရှိပြီး တိုင်ကြားသူရှိမှသာ အရေးယူရသည့်အတွက် တိုင်ကြားသူမရှိပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ စစ်ဆေးအရေးယူရန် တာဝန်မရှိသကဲ့သို့ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည့်မေးခွန်းများမှာ-

(၁) ပြစ်မှုကျူးလွန်သောဝန်ထမ်းအား နယ်မြေပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းဖြင့် ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်ပေးခြင်း ဖြစ်/မဖြစ်။



D/real(wide) (5



အတွင်းရှိ လူထုများမှာ ပြည်နယ်အတွင်း ကြုံတွေ့နေရသော အလုပ်အကိုင်ရှားပါးမှု ပြဿနာကြောင့် မိမိတို့နေရပ်ကိုစွန့်ခွာပြီး နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင် နေကြရပါတယ်။ ထိုသို့ လုပ်ကိုင်ရာမှာ မထင်မှတ်ပဲ လူကုန်ကူးခံရခြင်း၊ အလုပ်ရှင်မှ ခေါင်းပုံဖြတ်ခံရခြင်း၊ အလျော်အစားမဲ့သော လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရခြင်း၊ သေခြင်းစသည့် ပြဿနာများနှင့် ကြုံတွေ့နေကြရသည်မှာ အားလုံးအသိပင်ဖြစ်ပါတယ်။

ထို့ကြောင့်ရှမ်းပြည်နယ်အတွင်းရှိ နေရာတော်တော်များများမှာ လူငယ်များ၊ လူလတ်ပိုင်းများမရှိသလောက်ဖြစ်နေပြီး တစ်ရွာလုံးမှာ သက်ကြီးရွယ်အိုနှင့် ကလေးများသာကျန်ရစ်ခဲ့ပါတော့တယ်။

ဥက္ကဋ္ဌကြီးရှင်။ထိုသို့လူငယ်၊လူလတ်ပိုင်းများရှားပါးမှုပြဿနာ ကြုံတွေ့နေရသည်မှာ နိုင်ငံတော်အားကောင်းစွာလည်ပတ် မောင်းတင်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခြင်းတစ်ရပ်ပင်ဖြစ်ပါတယ်။ ထိုသို့လူသားအရင်းအမြစ် Human Resources မရှိပါက လုပ်ငန်းများကို ကောင်းစွာလည်ပတ်စေမည့် လုပ်အား Working Powerကိုလိုအပ်သလောက်မရနိုင်ပဲ ဆက်လက်ရပ်တည်သွားမည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသွားမှာဖြစ်ပါတယ်။ ထိုသို့ လူသားအရင်းအမြစ် ဆုံးရှုံးမှုကိုကာကွယ်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကို ဦးတည်စေမည့် အဓိကအချက်များဖြစ်သည့် အောက်ပါကြယ်ပွင့်ပြ မေးခွန်းများကိုမေးမြန်းသွားမှာဖြစ်ပါတယ်-

(၁) ရှမ်းပြည်နယ်အတွင်း ကုမ္ပဏီတစ်ခုလာရောက် အခြေစိုက်တည်ထောင်မည်ဆိုပါကဒေသအတွင်း နေပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်း များအပေါ် အခြေခံတွက်ချက်မှု ရှိ/မရှိနှင့် ဒေသခံ

အမျိုးမျိုးကြောင့် ကျောင်းထွက်လိုက်ရသော လူငယ်များအတွက် အလုပ်ခွင်ဝင်နိုင်ရန် လုပ်ငန်းခွင်အကြို အသက်မွေးဝမ်းကျောင်းမှု သင်တန်း(Vocational Training) များဖြစ်သော ကာလတိုလက်တွေ့ ကျွမ်းကျင်မှုသင်တန်းများအား ရှမ်းပြည်နယ်အတွင်းရှိ အစိုးရ နည်းပညာအထက်တန်းကျောင်း (တောင်ကြီး၊ ပင်းပက်၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံ)နှင့် ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း များတွင် နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်း နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂ ကျောင်း အား လောက်ကိုင်မြို့နှင့် ကွတ်ခိုင်မြို့များတွင်လည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၇ ကျောင်းအား မူဆယ်၊ လားရှိုး၊ လောက်ကိုင်၊ တာချီလိတ်၊ မိုင်းဆတ်၊ကျိုင်းတုံ၊ကွန်ဟိန်းမြို့များတွင်လည်းကောင်း ဘဏ္ဍာရေး နှစ်တစ်နှစ်လျှင် သင်တန်း ၃ ပတ်စဉ် ဖွင့်လှစ်၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေ ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မား၍ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ပြန်လည်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြား ပေးရပါတယ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ဖွံ့ဖြိုးရေးသင်တန်းကျောင်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို လည်း ကိုယ်စားလှယ်များအားလုံးသိရှိအောင် တင်ပြလိုပါတယ်။

(၁) တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်။





(၂) ပြစ်မှုကျူးလွန်သောဝန်ထမ်းအား သက်ဆိုင်ရာ အကြီးအကဲမှ အရေးယူဆောင်ရွက် စီရင်ခြင်း မပြုခဲ့လျှင် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များမှ အရေးယူဆောင်ရွက်မှုပြုနိုင်ခြင်းနှင့်

(၃) ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနလုပ်ငန်းများ ကို ဌာနအတွင်းမဟုတ်ပဲ ပြင်ပတွင် ကိုယ်ပိုင် လုပ်ငန်းကဲ့သို့လည်းကောင်း၊ ကိုယ်ပိုင်စီးပွားဖြစ် လုပ်ငန်းကဲ့သို့လည်းကောင်း ကိုယ်ပိုင်စီးပွားဖြစ် လုပ်ငန်းအဖြစ် လုပ်ပိုင်ခွင့် ရှိ/မရှိ စသည့်မေးခွန်း များကို ပြည်သူများ၏ကိုယ်စား မေးမြန်းအပ်ပါ တယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်း ဆက်သ အပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းလာသည့်မေးခွန်းများနှင့်ပတ်သက်ပြီး ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြန်လည် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး



D/real(wide) (5

(၂) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သောလူငယ်များဖြစ်လာစေရန်။

(၃) နယ်စပ်ဒေသစက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်။

(၄) စက်မှုလက်မှုပညာရပ်များတတ်မြောက်၍ သင်တန်းဆင်းပြီးသွားပါကကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။

(၅) စက်မှုလက်မှုပညာရပ်များတတ်မြောက်၍ သင်တန်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်ဆောင်ရွက်စေရန်တို့ဖြစ်ပါတယ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၏ သင်တန်းသား အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲနှစ်ကြိမ်ကျရှုံးထားသူများ၊ အခြေခံပညာအဋ္ဌမတန်းအဆင့်ရှိသူများ။

(၂) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။



D/real(wide) (5



ပေးထားမှု အခြေအနေနှင့်စပ်လျဉ်း၍-

(က) ရှမ်းပြည်နယ်အတွင်း ကုမ္ပဏီတစ်ခုလာရောက်အခြေစိုက်တည်ဆောက်မည်ဆိုပါက ဒေသအတွင်းနေပြည်သူ၏ အလုပ်အကိုင်အခွင့်အလမ်းများအပေါ် အခြေခံတွက်ချက်မှု ရှိ/မရှိနှင့် ဒေသခံအလုပ်သမားခန့်အပ်မှု ရာခိုင်နှုန်းသတ်မှတ်မှု ရှိ/မရှိနှင့်ပတ်သက်၍ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လုပ်ငန်းရှင်များမှ ကုမ္ပဏီအသစ်ထူထောင်ရန်လာရောက်လျှောက်ထားပါက ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၅ ခုနှစ် အက်ဥပဒေများအရ အနည်းဆုံး အဆိုပြုဒါရိုက်တာ ၂ ဦးနှင့် အဖွဲ့ဝင် ၅၀ ဦးရှိပါက ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်သားအင်အား ကန့်သတ်ထားမှုမရှိပါကြောင်း၊ ရှမ်းပြည်နယ်အခြေစိုက်လိပ်စာဖြင့် မှတ်ပုံတင်ထားသောကုမ္ပဏီများမှာ ၂၄၁၇ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုမလိုအပ်သော အလုပ်အကိုင်နေရာများ၌ ပြည်တွင်းအလုပ်သမားများသာခန့်အပ်ရန် သတ်မှတ်ထားရှိပါကြောင်း၊ ဒေသတွင်းအလုပ်အကိုင်ရရှိရေးအတွက်ပြည်နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများကို ဒေသခံကုမ္ပဏီများမှဦးစားပေးရွေးချယ်ဆောင်ရွက်စေလျက်ရှိပါကြောင်း ပထမမေးခွန်း ကိုဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် ဘွဲ့ရသည်အထိ ပညာသင်ကြားခွင့်မရဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်လိုက်ရသောလူငယ်များအတွက် အလုပ်ခွင်ဝင်ရောက်နိုင်ရန် လုပ်ငန်းခွင်အကြိုအသက်မွေးဝမ်းကျောင်းမှုသင်တန်း(Vocational Training)ပေးခြင်းနှင့်ပတ်သက်၍အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)အနေဖြင့် ဘွဲ့ရသည်အထိပညာသင်ကြားခွင့်မရဘဲအကြောင်း

(၃) သင်တန်းပြီးဆုံးအောင် စိတ်ပါဝင်စားစွာ တက်ရောက်လိုသူဖြစ်ရမည်ဟု သတ်မှတ်ထားပါတယ်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် လက်သမား၊ ပန်းရံသင်တန်း၊ သံချည်သံကွေးသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ လျှပ်စစ်ဂဟေသင်တန်း၊ အထူးစက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြုပြင်ခြင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ဖွင့်လှစ်ပေးပြီး ပထမအကြိမ်ကတော့ ၂၂-၅-၂၀၁၇ ရက်နေ့မှ ၁၁-၈-၂၀၁၇ ရက်နေ့ထိလည်းကောင်း၊ ဒုတိယအကြိမ်ကတော့ ၄-၉-၂၀၁၇ ရက်နေ့မှ ၂၄-၁၁-၂၀၁၇ ရက်နေ့ထိလည်းကောင်း၊ တတိယအကြိမ်ကတော့ ၁၉-၁၂-၂၀၁၇ ရက်နေ့မှ ၉-၃-၂၀၁၈ ရက်နေ့ထိလည်းကောင်း သင်တန်းများဖွင့်လှစ်ရန် လျာထားဖွင့်လှစ်ပေးပြီးဖြစ်ပါတယ်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်း ကိုယ်စားလှယ်တော်ကြီးများသိရှိအောင် တင်ပြလိုပါတယ်။

(၁) နယ်စပ်ဒေသတိုင်းရင်းသူကလေးများကို အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်နိုင်သည် အထိ ကူညီဆောင်ရွက်ပေးရန်။

(၂) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်။



D/real(wide) (5



(၇) အိမ်တွင်းမှုသင်တန်းကျောင်းမှသင်တန်းအောင်မြင်ပြီးသူတစ်ဦးသည် သင်တန်းဆက်တက်ရောက်ရန် ထပ်မံဆန္ဒပြုလာပါက အဆိုပါသင်တန်းသူသည် အိမ်တွင်းမှုသက်မွေးပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ဆောင်နေသူဖြစ်ရမည်တို့ဖြစ်ပါတယ်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းများအား အောက်ပါအတိုင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်-

(၁) သားရေခံချုပ်ခြင်း/ဇီးကွက်အင်္ကျီချုပ်ခြင်း။
(၂) ကလေးဘောင်းဘီတို/ဦးထုပ်/ဖိနပ်များချုပ်ခြင်း။
(၃) ရှုံ့အိတ်/အသည်းပုံအိတ်ချုပ်ခြင်း။
(၄) သားရေကြိုးတပ် အားကစားဘောင်းဘီတို
(၅) ဘလောက်စ်အင်္ကျီ/ဘလောက်စ်လည်ပင်း/ကော်လံ/လက်ပုံစံအမျိုးမျိုး
(၆) ဘလောက်စ်နှစ်သက်ရာပုံစံ (၁)ထည်
(၇) ဟာဝေယံရှပ်အင်္ကျီ။
(၈) လည်ကတုံးရှပ်လက်တိုအင်္ကျီ။
(၉) မိန်းမဝတ်ရင်စုံလက်ပြတ်/ရင်စေ့လည်ထောင်လက်ရှည်အင်္ကျီ။
(၁၀) တစ်ချောင်းထိုးအခြေခံပုံစံများ။
(၁၁) ခေါင်းအုံးစွပ်ပန်းထိုးနည်းသင်ခြင်း၊ ချုပ်ခြင်း။
(၁၂) တစ်ချောင်းထိုးဖြင့် လက်ကိုင်ပုဝါအနားလိုက်ခြင်း။

(၁၃) တစ်ချောင်းထိုးဖြင့် ပန်းခင်း/ဦးထုပ်ထိုးခြင်း။
(၁၄) မြန်မာ့ရိုးရာမုန့်လုပ်နည်းနှင့် ဟင်းလျာချက်ပြုတ်နည်းသင်ကြားခြင်း။

အဆင့်မြင့်စက်ချုပ်သင်တန်းများမှာ-

(၁) ယူနီဖောင်းရှပ်လက်ရှည်/ဘောင်းဘီ
(၂) စတိုင်ဘောင်းဘီ
(၃) ရှမ်းဘောင်းဘီ/ရှမ်းတိုက်ပုံလက်တို/ရှည်
(၄) မြန်မာတိုက်ပုံ
(၅) ဆာဖာရီကုတ်အင်္ကျီ
(၆) အမျိုးသမီးဝတ် တစ်ထပ်ကုတ်/နှစ်ထပ်ကုတ်
(၇) ဦးထုပ်ပါ ဂျာကင်အင်္ကျီ
(၈) ဘလောက်စ်ပုံဆန်း (၃)ထည်
(၉) ထမိန်စကတ်/သုံးလွှာစကတ်တို့ဖြစ်ပါတယ်။

သင်တန်းဖွင့်လှစ်သည့်အရေအတွက်နှင့် သင်တန်းကာလများမှာ ပထမအကြိမ်တွင် ၈-၅-၂၀၁၇ ရက်နေ့မှ ၁၁-၈-၂၀၁၇ ရက်နေ့ထိလည်းကောင်း၊ ဒုတိယအကြိမ်တွင် ၂၈-၈-၂၀၁၇ ရက်နေ့မှ ၁-၁၂-၂၀၁၇ ရက်နေ့ထိလည်းကောင်း၊ တတိယအကြိမ်တွင် ၁၉-၁၂-၂၀၁၇ ရက်နေ့မှ ၂၃-၃-၂၀၁၈ ရက်နေ့ထိလည်းကောင်း ဖွင့်လှစ်ရန် လျာထားဖွင့်လှစ်ပေးလျက်ရှိပါတယ်။

သင်တန်းသား/သူများ ရွေးချယ်ခြင်းအား ဒေသအလိုက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေး တာဝန်ခံများထံ စာထွက်၍ သင်တန်းသား/သူရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး သင်တန်းသား/သူများအဖြစ် ရွေးချယ်တက်ရောက်ခွင့်ရရှိပါက အသွား/အပြန်ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်၊ ပညာသင်စရိတ်များကို ဦးစီးဌာနမှ တာဝန်ယူ၍ သက်ဆိုင်ရာဘာသာရပ်အလိုက်တတ်မြောက်





(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီးအကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးငယ်လေးများဖြစ်လာစေရန်။
(၄) တိုင်းချစ်၊ ပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်။
(၅) ရိုးရာယဉ်ကျေးမှုအိမ်တွင်းမှုအတတ်ပညာရပ်များပိုမိုထွန်းကားပြန့်ပွားလာစေရန်တို့ဖြစ်ပါတယ်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်လိုပါက အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမှာဖြစ်ပါတယ်-

(၁) အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်းရှိသူဖြစ်ရမည်။
(၂) ပညာအရည်အချင်းအားဖြင့်ရေးဖတ်တတ် အဆင့်ရှိသူဖြစ်ရမည်။
(၃) ကျန်းမာရေးနှင့်ပြည့်စုံ၍ ကူးစက်ရောဂါရှင်းသူဖြစ်ပြီး ကိုယ်ဝန်ဆောင်မဟုတ်သူဖြစ်ရမည်။
(၄) အိမ်တွင်းမှုသက်မွေးဝမ်းကျောင်းပညာရပ်များကိုလုပ်ဆောင်ရန် ဝါသနာရှိသူဖြစ်ရမည်။
(၅) ကျေးလက်နေအလုပ်လက်မဲ့၊ ဆင်းရဲနွမ်းပါးသူများအား ဦးစားပေးရွေးချယ်ရမည်။
(၆) သင်တန်းပြီးဆုံးပြီးနောက် အိမ်တွင်းသက်မွေးပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ဆောင်ရန် ရည်ရွယ်ထားသူများကို ဦးစားပေးရွေးချယ်ရမည်။



D/real(wide) (5

မှုရှိအောင် ကျောင်းများအလိုက်သင်ကြားပို့ချပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

နံပါတ် (ဃ)မေးခွန်းနှင့်ပတ်သက်၍ မြို့နယ်အလိုက် မြို့နယ်အတွင်းရှိ လုပ်ငန်းခွင်၊ စားသောက်ဆိုင်၊ ကုမ္ပဏီနှင့် အခြားလုပ်ငန်းများ၏စာရင်းနှင့် ၎င်းလုပ်ငန်းခွင်အလိုက် အလုပ်သမားလိုအပ်ချက်စာရင်းများပြုစုထားခြင်း ရှိ/မရှိနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီးသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် ခန့်ထားပြီး အလုပ်သမားအရေအတွက်စာရင်းကို ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနတွင် ပြုစုထားရှိပြီးဖြစ်ပါတယ်။ လုပ်ငန်းသစ်မှတ်ပုံတင်လာရောက်လျှောက်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် ခန့်ထားမည့် အလုပ်သမားဦးရေစာရင်းကို မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသောလုပ်ငန်းရှင်မှ မှတ်ပုံတင်လျှောက်လွှာတွင် ထည့်သွင်းဖော်ပြထားရှိရပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၁၀/၂၀၁၃)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးသော ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ឃ)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ဂ)(ဃ)၊ ပုဒ်မ ၇၅၊ ပုဒ်မခွဲ (င)တို့အရလည်းကောင်း၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စားသောက်ဖွယ်ရာများပြုလုပ်ခြင်းနှင့် ရောင်းချခြင်းဆိုင်ရာစည်းကမ်း By Laws အရလည်းကောင်း၊ ရှမ်းပြည်နယ်အတွင်း မြို့နယ်များရှိ စားသောက်ဆိုင် ၄၅၀၉ ဆိုင်အား အတန်းအစားအလိုက်ခွဲခြား၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးဌာနများမှ နှစ်စဉ်တစ်နှစ်တစ်ကြိမ် စားသောက်ဆိုင်လိုင်စင်ခ စည်းကြပ်ကောက်ခံလျက်ရှိပါတယ်။

မြို့နယ်စည်ပင်သာယာရေးဌာနများအနေဖြင့် အထက်ပါကဲ့သို့ စားသောက်ဆိုင်များအား ဥပဒေ၊ စည်းကမ်း (By Laws)





၃၁၄ ခု၊ စုစုပေါင်း ၄၆၆ ခုရှိပါကြောင်း၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်အလိုက်အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားအလိုက် လူဦးရေစာရင်းအား ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ စာရင်းပြုစုထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

နံပါတ် (င)မေးခွန်းနှင့်ပတ်သက်၍ ကြုံရာကျပန်းအလုပ်သမားများ၏ အနိမ့်ဆုံးနေ့တွက် (Minimum Wage) မည်မျှရရှိပြီး ၎င်းတို့၏ နေ့တွက်နှင့် တစ်ရက်စာလောက်ငှမှု စိစစ်တွက်ချက်ထားခြင်းရှိ/မရှိ သိလိုသည်နှင့်ပတ်သက်၍ အနိမ့်ဆုံးလုပ်ခမှာ ၁-၉-၂၀၁၅ ရက်နေ့မှစ၍ တစ်နိုင်ငံလုံးအတွက် တစ်နေ့ ၈ နာရီ လုပ်အားခ ၃၆၀၀ ကျပ်သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ မိမိအရပ်ဒေသအလိုက် နေထိုင်စားသောက်မှုစရိတ်စစ်တမ်းကောက်ယူနိုင်မှသာ ၎င်းတို့၏ နေ့တွက်နှင့် တစ်ရက်စာလောက်ငှမှု ရှိ/မရှိ သိရှိနိုင်မည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ၎င်းမေးခွန်းများနှင့် ပတ်သက်၍ (ခ)မေးခွန်းကိုတော့ လူမှုရေးဝန်ကြီးမှ ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောင်းပြီးစ ကျောင်းသား၊ ကျောင်းသူများအလုပ်ခွင်သို့ဝင်နိုင်ရန်လုပ်ငန်းခွင်အကြို အလုပ်သင်အစီအစဉ်(Internship Program)အနေဖြင့် ရှမ်းပြည်နယ်တွင် စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန လက်အောက်ရှိ သူနာပြုသားဖွား ၃ နှစ် ဒီပလိုမာသင်တန်းများတွင် ဖွင့်လှစ်ပို့ချ

လျက်ရှိပါတယ်။ ၎င်းသင်တန်းများသို့ဝင်ခွင့်ရရှိရေးအတွက် အနိမ့်ဆုံးပညာရေးအဆင့်မှာ ၁၀ တန်းအောင်မြင်ပြီးသူများဖြစ်ကြပါတယ်။ ဝင်ခွင့်အမှတ်များကို အထူးဒေသများအတွက် အထူးအစီအစဉ်ဖြင့် ဦးစားပေးသတ်မှတ်ပါတယ်။ သူနာပြုသားဖွားသင်တန်းများသို့ အမျိုးသားနှင့်အမျိုးသမီး ၂ ဦးစလုံးတက်ရောက်ခွင့်ရှိပြီးဘက်စုံသားဖွား ၂ နှစ် ဒီပလိုမာသင်တန်းများသို့ အမျိုးသမီးများသာ လျှောက်ထားနိုင်ပါသည်။ သင်တန်းပြီးဆုံးပါကသူနာပြုသားဖွားသင်တန်းသူ/သင်တန်းသားများကို ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ခန့်အပ်ထားရှိပါတယ်။ ဘက်စုံသားဖွားများကို ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများတွင် ဝင်ရောက်တာဝန်ထမ်းဆောင်စေလျက်ရှိပါတယ်။

ထို့ပြင်ပညာအရည်အချင်း ၉ တန်း အောင်မြင်ပြီးသူများအား အကူသူနာပြု (ပြင်ပ) ၉ လ သင်တန်းကို အခါအားလျော်စွာ ခေါ်ယူပြီး အကူသူနာပြုအဖြစ် ဆေးရုံကြီးများ ခုတင် ၁၀၀ ဆံ့ဆေးရုံ များတွင် ဖြည့်စွက်ခန့်ထားပေးလျက်ရှိပါတယ်။ ၎င်းသင်တန်းသား/ သင်တန်းသူများအတွက် အလုပ်သင်ကာလ (Internship Program) ကို ရှမ်းပြည်နယ် (တောင်ပိုင်း) စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတို့တွင် တစ်နှစ်တာကာလဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေး၏ ဒုတိယမေးခွန်းနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သောဝန်ထမ်းများအား အရေးယူခြင်းနှင့်စပ်လျဉ်း၍ (၁) ပြစ်မှုကျူးလွန်သော



D/real(wide) (5



နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် လိုင်စင်ခများ စည်းကြပ်ကောက်ခံခြင်း၊ စားသောက်ဖွယ်ရာများထုတ်လုပ်ရာတွင်လည်းကောင်း၊ တည်ခင်းရောင်းချရာတွင်လည်းကောင်း၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအနေဖြင့် ကူးစက်ပြန့်ပွားတတ်သော ရောဂါ ကင်းရှင်း၍ သန့်ရှင်း သပ်ရပ်စွာဖြင့် ကျန်းမာရေးနှင့်အညီပြင်ဆင်တည်ခင်းရောင်းချနိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်း၍အခါအားလျော်စွာ ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ထိုကဲ့သို့စားသောက်ဆိုင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား စည်ပင်သာယာရေးဌာနအနေဖြင့် တစ်စုံတစ်ရာကြီးကြပ်မှုမရှိပါသဖြင့် အလုပ်သမားလိုအပ်ချက်စာရင်းများ ပြုစုထားမှုမရှိပါ။

ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် စက်မှုလုပ်ငန်းတွင် မြင်းကောင်ရေ ၅ ကောင်အားနှင့်အောက်၊ အလုပ်သမား ၉ ဦးထက်မပိုသောလုပ်ငန်းများနှင့် အိမ်တွင်းလက်မှုလုပ်ငန်းတွင် အလုပ်သမား ၃ ဦးနှင့် အထက်ရှိသော လက်မှုလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းလုပ်ငန်းများမှတ်ပုံတင်လျှောက်ထားစဉ်ကပင် အလုပ်သမားအရေအတွက် စာရင်းအား တစ်ပါတည်းတင်ပြလျှောက်ထားစေ၍မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင်မှတ်ပုံတင်ထားရှိသော အသေးစားစက်မှုလက်မှုလုပ်ငန်းစာရင်းမှာ စားသောက်ရေးလုပ်ငန်း ၈၂ ခု၊ ဝတ်ဆင်ရေးလုပ်ငန်း ၂၈ ခု၊ နေထိုင်ရေးလုပ်ငန်း ၉ ခု၊ လူသုံးပစ္စည်းလုပ်ငန်း ၁၅ ခု၊ ပုံနှိပ်ပစ္စည်းလုပ်ငန်း ၈ ခု၊ ကုန်ကြမ်းထုတ်လုပ်ခြင်းလုပ်ငန်း ၁ ခု၊ ဓာတ်သတ္တုလုပ်ငန်း ၂ ခု၊ စက်ပစ္စည်းလုပ်ငန်း ၂ ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ၃ ခု၊ လျှပ်စစ်လုပ်ငန်း ၂ ခု၊ အထွေထွေလုပ်ငန်း

ဝန်ထမ်းများ နယ်မြေပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းဖြင့် ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်ပေးခြင်းဖြစ်/မဖြစ်နှင့်ပတ်သက်ပြီး ဝန်ထမ်းကို ဌာနဆိုင်ရာအရေးယူနိုင်လောက်သည့် အခြေအမြစ်ရှိ/မရှိစိစစ်ရန် အမှုကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များကို ဖော်ထုတ်ရှင်းလင်းရန်၊ ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ပါက သက်သေထူရမည့်အထောက်အထားများကို ရှာဖွေစုဆောင်းရန်နှင့်မည်သူ့တွင်တာဝန်ရှိသည်ကိုဖော်ထုတ်ရန်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် ၁၈၂ ပါပြဋ္ဌာန်းချက်များအရ ရှေးဦးစုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် ၁၉၂ တွင် ဝန်ထမ်းသည် အောက်ပါအချက်များနှင့် ငြိစွန်းကြောင်းတွေ့ရလျှင် ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာရမည်ဟု ပြဋ္ဌာန်းထားပါတယ်-

(က) ဝန်ထမ်းကို စွဲချက်တင်နိုင်ရန် ခိုင်လုံသော အချက်အလက် (သို့မဟုတ်) အထောက်အထားများ ထင်ရှားပေါ်ပေါက်ခြင်း။

(ခ) စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာအရ သက်ဆိုင်ရာဝန်ထမ်းတွင် ပြန်လည်ရှင်းလင်းရန် တာဝန်ထင်ရှားပေါ်ပေါက်ခြင်း။

(ဂ) ရှေးဦးစုံစမ်းရာတွင် တွေ့ရှိရသည့်အချက်များအရ ဌာနဆိုင်ရာ စစ်ဆေးရန် လိုအပ်ကြောင်း ခိုင်လုံစွာ တွေ့ရှိရခြင်း။

(ဃ) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ်တာဝန်ပျက်ကွက်မှုသည် လစာနှုန်းအတွင်း လစာလျှော့ချခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်တစ်ရပ်ရပ်ထိုက်သင့်သည့် ကိစ္စရပ်ဖြစ်ခြင်း။





ပတ်သက်၍ဖြစ်စေ၊ ကြီးလေးသော ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုနှင့်ဖြစ်စေ ပတ်သက်၍ တရားစွဲဆိုခံရခြင်း။

(၃) ဥပဒေကြောင်းအရ တရားရုံး၏ပြစ်ဒဏ်စီရင်ခံရခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် ၂၁၀အရလည်းကောင်း၊ ဝန်ထမ်းသည် ဝန်ထမ်းဆိုင်ရာပြစ်မှုကို ကျူးလွန်ပါက အောက်ပါပြစ်ဒဏ် ၉ မျိုးကို ချမှတ်နိုင်ပါတယ်-

(က) စာဖြင့်သတိပေးခြင်း။

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း။

(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း။

(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း။

(င) ရာထူးအဆင့်လျှော့ချခြင်း။

(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆုံးရှုံးတန်ဖိုးအပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးလျော်စေခြင်း။

(ဆ) တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့် ကာလအတွက် လစာပြည့်ခံစား ခွင့်မပြုခြင်း သို့မဟုတ်ထိုကာလ

ကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း။

(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း။

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း

တို့ ဖြစ်သည့်အတွက် ၎င်း ၉ မျိုး အပြင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် ပြစ်ဒဏ်မပါရှိကြောင်း ဖြေကြားအပ်ပါတယ်။

အပိုဒ် ၂ မေးခွန်းနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သောဝန်ထမ်းများအား သက်ဆိုင်ရာဌာန/အကြီးအကဲများမှ အရေးယူဆောင်ရွက်စီရင်ခြင်းမပြုခဲ့လျှင် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များမှ အရေးယူဆောင်ရွက်မှုပြုနိုင်ခြင်းနှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်သောဝန်ထမ်းအား သက်ဆိုင်ရာဌာန/အကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအား ပြန်လည်သုံးသပ်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊အခန်း ၁၁၊ ပုဒ်မ ၅၃တွင် ပြဋ္ဌာန်းထားသောပြစ်ဒဏ် ၉မျိုးအနက် ပြစ်ဒဏ်တစ်ရပ်ရပ်ကို နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ချမှတ်နိုင်ပါတယ်။ ပြစ်မှုကျူးလွန်သောဝန်ထမ်းသည် သက်ဆိုင်ရာဌာနအကြီးအကဲမှ အရေးယူဆောင်ရွက်နိုင်ခြင်းမပြုလုပ်နိုင်လျှင် သက်ဆိုင်ရာအထက်ဌာနအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၃)နှင့်ပတ်သက်၍ ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနလုပ်ငန်းများကို ဌာနတွင်းမဟုတ်ဘဲ ပြင်ပတွင်ကိုယ်ပိုင်လုပ်ငန်းကဲ့သို့လည်းကောင်း၊ ကိုယ်ပိုင်စီးပွားဖြစ်လုပ်ငန်းကဲ့သို့လည်းကောင်း၊ ကိုယ်ပိုင်စီးပွားဖြစ်လုပ်ငန်းအဖြစ် လုပ်ပိုင်ခွင့် ရှိ/မရှိ သိရှိလိုခြင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်



D/real(wide) (6



(င) ဥပဒေကြောင်းအရ တရားစွဲဆိုထားပြီး တရားစွဲဆိုခြင်းခံရသည့် ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းကမ်း သို့မဟုတ် သက်ဆိုင်ရာဌာန၏ စည်းကမ်းဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက် ခြင်း။

(စ) ဥပဒေကြောင်းအရ တရားရုံးက ပြစ်ဒဏ်စီရင်ခဲ့ပြီးဖြစ်သော်လည်း ဌာနဆိုင်ရာကဝန်ထမ်းစည်းကမ်း အလို့ငှာ ဝန်ထမ်းကို အရေးယူအပြစ်ပေးရန် သင့်/မသင့် စဉ်းစားဆုံးဖြတ်ရန် လိုအပ်ခြင်း။

(ဆ) ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းခံရသည့် အမှုကိစ္စအတွက် လုံလောက်သော အထောက်အထား မတွေ့ရှိရသဖြင့် တရားရုံးကစွဲချက်မတင်မီလွှတ်ခြင်း သို့မဟုတ် စွဲချက်တင်စစ်ဆေးပြီး ပြစ်မှုထင်ရှားမတွေ့ရသဖြင့် အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရသည့်တိုင်အောင် ဝန်ထမ်း၏ တရားစွဲဆိုခြင်းခံခဲ့ရသည့် အမှုကိစ္စသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းခြင်း သို့မဟုတ် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ် တာဝန်ပျက်ကွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာဌာန၏ စည်းကမ်းဖောက်ဖျက်ခြင်းတွင် အကျုံးဝင်သည့်ကိစ္စရပ်ဖြစ်ခြင်း။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် ၁၆၄ တွင် တရားဥပဒေဖောက်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေများတွင် ဝန်ထမ်းများကို ဌာနဆိုင်ရာအရေးယူနိုင်ပါတယ်-

(၁) ဥပဒေကြောင်းအရ ဖမ်းဆီးခံနေရခြင်း။

(၂) ကိုယ်ကျင့်တရားပျက်ပြားသည့် ပြစ်မှုနှင့်

နည်းဥပဒေများတွင်ထုတ်ပြန်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ဝန်ထမ်းသည်ဌာနမှပေးအပ်သောလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ဝန်ထမ်းများလိုက်နာရမည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်းရှိပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ စီးပွားဖြစ်လုပ်ကိုင်သည့်လုပ်ငန်းများသည် ဌာနနှင့် သက်ဆိုင်ခြင်းမရှိပါက ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ မင်္ဂလာဆုတောင်းနှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။

ကျွန်တော်ကတော့ အထူးလိုအပ်သည့် ကန်ထရိုက်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့်မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မိုးနဲမြို့နယ်ထဲကို ဝင်ရောက်လာသည့် ကန်ထရိုက်လုပ်ငန်းပေါင်း အကြမ်းအားဖြင့် ၁၅ ခုရှိတယ်လို့ကြား သိရပါတယ်။ ဒါကိုလည်းကိုယ်တိုင်သွားရောက်စုံစမ်းမေးမြန်းသည့် အခါမှသာသိရတာဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင် ကလည်း ကိန်းဂဏန်းအရေအတွက်ကို တိတိကျကျသိရှိခြင်း မရှိပါဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့အနေဖြင့် လုပ်ငန်းများ၏





ဒါကြောင့်ဒါတွေကိုတားဆီးဖို့ ပွင့်လင်းမြင်သာရှိဖို့ အတွက်ကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဘယ်နည်းဘယ်ပုံ စီစဉ် ဆောင်ရွက်ပေးနိုင်မည်ဆိုတာကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြ မေးခွန်းနဲ့မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။ အမှန်ကတော့ ဒီနေရာဒီကဏ္ဍကတော့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကဏ္ဍဖြစ်ပါတယ်။ အဲ့တော့စီမံကိန်း နှင့် စီးပွားရေးဝန်ကြီးအစား ဝန်ကြီးတစ်ဦးဦးမှ ဖြေကြားပေးဖို့ဖြစ် ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းမျိုးမြင့်၏ မိမိတို့မြို့နယ်အတွင်းမှ ကန်ထရိုက်လုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက် နိုင်စေရန် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ သည်ဟူသောမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကိုယ်စား ကျွန်တော်ဒေါက်တာ မျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို ကန်ထရိုက် (လေလံ)စနစ်ဖြင့် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၆-၉-၂၀၁၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက် နှင့် နိုင်ငံတော်သမ္မတရုံး၏ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်



D/real(wide) (6

အမှတ် (၁/၂၀၁၇) အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းအရ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်-

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက်တင်ဒါခေါ်ယူရန်မလိုဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ ၃ ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်ကြောင်း။

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်းပစ္စည်းဝယ်ယူခြင်းနှင့်ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ ၂ ပတ် ကြိုတင်၍ သိသာထင်ရှားစွာကြေညာရမည်။ ထို့အပြင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာန အဖွဲ့



D/real(wide) (6



ခန့်မှန်း တွက်ချက်မှု အားလုံးနီးပါးမသိရတာဟာ ကျွန်တော်တို့၏ အားနည်းချက်၊ ချို့ယွင်းချက်လို့လည်းဆိုနိုင်ပါတယ်။

မိုးနဲ့မြို့နယ်တစ်ခုတည်းမကဘဲ နေရာအတော်များများမှာလည်း ဒီလိုဖြစ်နေတယ်လို့ကြားသိရပါတယ်။ ဥပမာ ပြီးခဲ့သည့်ကာလမှာဆိုလျှင် ကျောင်းတစ်ကျောင်းပြင်ဖို့၊ လုပ်ဖို့၊ အသစ်ဆောက်ဖို့ဆိုလျှင် သက်ဆိုင်ရာကျောင်းအုပ်များမှ လိုက်လံကြည့်ရှုပြီး ကြီးကြပ်ရတယ်လို့ မှတ်သားမိပါတယ်။ နောက်ပိုင်းကာလမျိုးကျတော့ ဒေသဆိုင်ရာများက ဘာမှလိုက်ကြည့်စရာမလိုတော့တဲ့စနစ်ဖြစ်လို့ တစ်ချို့ကန်ထရိုက်များဆိုလျှင် အရည်အသွေးမမီတဲ့၊ အဆင့်မရှိတဲ့ သုံးပြီးသားသစ်အဟောင်းများကို ပြန်လည်ထည့်သုံးထားသည့် အခြေအနေများကို ရရှိထားပါတယ်။ ခန့်မှန်းတွက်ချက်မှုနှင့် ကိုက်/မကိုက်လည်း ဘယ်သူမှလိုက်မကြည့်နိုင်တော့ပါဘူး။

ရှမ်းပြည်နယ်တောင်ပိုင်း၊လွိုင်လင်ခရိုင်၊လွိုင်လင်မြို့နယ်က စလင်းရွာမှာဆိုလျှင် ကျန်းမာရေးဌာနအဆောက်အဦတစ်ခုဟာ ဆိုလျှင် ဆောက်လုပ်နေတာ ၂ နှစ်ကျော်ရှိခဲ့ပါပြီ။ ဒါပေမယ့်ဒီနေ့ထိ ပြီးဆုံးတယ်လို့မကြားသေးပါဘူး။ နောက်ပြီးအဲ့ဒီအဆောက်အဦဟာ ဆိုလျှင်လုပ်ငန်းမအပ်နိုင်ခင်မှာပဲ အုတ်နံရံကအက်နေတာကို တွေ့ရပါတယ်။ အဲ့ဒါကိုအင်္ဂတေနဲ့ပြန်ပြီးဖာထေးထားရပါတယ်။ နံဘေးအဆောက်အဦ၏ ဘေးပလက်ဖောင်းများမှာဆိုလည်း အားလုံးအက်ကြောင်းများထင်နေပါတယ်။ အလားတူကိစ္စများဆိုလျှင်လည်း ရှမ်းပြည်နယ် မြို့နယ်များမှာဖြစ်ပေါ်နေတယ်လို့လည်း ကြားသိရပါတယ်။

ဒါကြောင့် အခုစနစ်ဟာဆိုလျှင် ပွင့်လင်းမြင်သာမှုကင်းမဲ့နေသည့်အတွက်ပြည်သူ့ဘဏ္ဍာများ၊ အလေအလွင့်များတယ်၊ ပြည်သူလူထု၏ အယုံအကြည်ကင်းမဲ့လာတယ်ဆိုတဲ့စသည့် ရုပ်ဆိုးတဲ့အဖြစ်အပျက်များ ဖြစ်ပေါ်လာနိုင်တာကို တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်များ အားလုံး ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ် ပါတယ်။

ကျွန်တော်အနေဖြင့် အမှတ် (၁) ရွှေလီရေအားလျှပ်စစ်မှ သွယ်တန်းလာသည့် မဟာဓာတ်အားလိုင်းကြိုးကြီးများနှင့် ဝေးလံသည့် မြို့/ရွာများမှ ပြည်သူများအကျိုးခံစားရသကဲ့သို့အနီးကပ်ဆုံး နေရာတွင်ရှိသည့် မိုင်းဝီးကျေးရွာအုပ်စုနှင့် ဟင်လုံကျေးရွာအုပ်စု တို့သည်လည်း သာတူညီမျှအကျိုးခံစားနိုင်ရေး၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဝေပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု တွင် ရွာပေါင်း ၄ ရွာနှင့် ဟင်လုံကျေးရွာအုပ်စုတွင် ရွာပေါင်း ၆ ရွာ နေထိုင်သောကျေးရွာအုပ်စုဖြစ်ပါတယ်။ မိုင်းဝီးကျေးရွာအုပ်စု တွင် အိမ်ထောင်စုပေါင်း ၇၈၆ စု၊ လူဦးရေပေါင်း ၃၀၆၂ ဦး၊ ဟင်လုံ ကျေးရွာအုပ်စုတွင် အိမ်ထောင်စုပေါင်း ၃၇၇ စု၊ လူဦးရေပေါင်း ၂၇၃၁ ဦး နေထိုင်သောကျေးရွာအုပ်စုဖြစ်ပြီး ရှမ်း၊ ပလောင်၊ ကချင်၊ လီဆူတိုင်းရင်းသားများနေထိုင်လျက်ရှိပါတယ်။ ဖော်ပြပါမိုင်းဝီး ကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်း၊ ဗျူဟာ၊ ရဲစခန်း၊ အခြေခံမီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်စသည်တို့ဖြင့် မြို့အင်္ဂါရပ်နှင့် ကိုက်ညီသည့် အခြေခံအဆောက်အဦများ ပြည့်စုံ လျက်ရှိသည့် ကျေးရွာအုပ်စုကြီးတစ်ခုဖြစ်ပါတယ်။

လျှပ်စစ်ဝန်ကြီးဌာနမှဖြန့်ဝေသည့် လျှပ်စစ်ဓာတ်အားများ သည် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းခန့်သုံးစွဲနေချိန်မှာ မိုင်းဝီးကျေးရွာ အုပ်စုနေ ပြည်သူပြည်သားများသည် ယခုအချိန်ထိ ပုဂ္ဂလိကပိုင်





အစည်းများမှ အနည်းဆုံး ၃ ဦး ပါဝင်ဖွဲ့စည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့်ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကိုရှင်းလင်း စွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ် ရက်ထက် ၁ လ ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာ များတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး ၁ လ ကြိုတင်ကြော်ငြာဆောင်ရွက်သွားရမည်ဖြစ် ကြောင်း။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၇ - ၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ဌာနဆိုင်ရာများမှ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအနက် ကျပ် ၁၀ သန်းနှင့် တည်ဆောက် ရေးလုပ်ငန်းများ၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများတွင် တင်ဒါခေါ်ယူဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်း သုံးပစ္စည်းဝယ်ယူရေး အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းများ ၂၀၁၇ - ၂၀၁၈ အဆောက်အဦဆောက်လုပ်ရာတွင် လိုက်နာ ဆောင်ရွက်ရမည့် သတ်မှတ်စံချိန်စံညွှန်းများ ၂၀၁၇ - ၂၀၁၈ နှင့် နည်းပညာအဆိုပြုလွှာအား စိစစ်၍ အမှတ်ပေးဇယားတို့အား ၂၃-၅-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄-၅/၂၀၁၇) ဆုံးဖြတ်ချက် အပိုဒ် ၅(ခ)အရ အတည်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျပ် ၁၀ သန်း အောက်လုပ်ငန်းများအား တင်ဒါခေါ်ယူခြင်းမပြုဘဲ သက်ဆိုင်ရာဌာန များမှ တာဝန်ယူဆောင်ရွက်ရန်၊ ကျပ် ၁၀ သန်းမှ



D/real(wide) (6

ရေအားလျှပ်စစ်မှ တစ်ယူနစ်လျှင် ၁၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူသုံးစွဲနေကြရပါတယ်။ ဟင်လုံကျေးရွာအုပ်စုတွင်လည်း ဟင်လုံကျေးရွာအုပ်စုကိုဖြတ်၍ ကချင်ပြည်နယ်၊ မန့်ဝိန်းကြီးကျေးရွာသို့ နမ့်ခမ်းမြို့မှ နိုင်ငံတော်အစိုးရပေးဝေသော လျှပ်စစ်ဓာတ်အားသွယ်တန်းလွှတ်ပေးမည်ဟု သိရှိရပါတယ်။

ဟင်လုံကျေးရွာအုပ်စုတွင်နေထိုင်ကြသော ပြည်သူလူထုများသည် အမှတ် (၁)ရွှေလီရေအားလျှပ်စစ်စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်စေ၍ မိမိရိက္ခာဖြင့် မိမိထမင်းထုပ်ဖြင့် ပျက်ကွက်သူမရှိ တစ်အိမ်ထောင်တစ်ယောက်နှုန်းဖြင့် အမှတ်(၁)ရွှေလီရေအားလျှပ်စစ်စီမံကိန်းအောင်မြင်ရေးအတွက်ကူညီ ပံ့ပိုးခဲ့ပါတယ်။ ၎င်းကနေ ကျေးရွာအုပ်စု ၂ စုရှိသည့် ပြည်သူပြည်သားများသည် လယ်ယာလုပ်ငန်းများ၊ ခြံလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနမှဖြန့်ဝေသော လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရရှိပါက ပြည်သူလူထု၏လူနေမှုဘဝမြင့်မားတိုးတက်ဖွံ့ဖြိုးလာမည့်အပြင် သစ်တောဖြုန်းတီးမှုကိုလည်း လျော့နည်းစေမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ် (၁) ရွှေလီမဟာဓာတ်အားလိုင်းကြိုးကြီးသည် အဆိုပါကျေးရွာအုပ်စု ၂ စု၏နေထိုင်ရာ ဦးခေါင်းပေါ်တွင် ဖြတ်ကျော်သွယ်တန်းသွားသည်ဖြစ်သည့်အားလျော်စွာ ဒေသခံပြည်သူများသည် မြင်သာမြင်ရမကြင်ရသည့်ဘဝ ဥပက္ခာပြုကာ လူသားဘဝများရောက်ရှိနေပြီလားလို့တောင် ထင်မှတ်ရပါတယ်။

သို့ဖြစ်ပါ၍အမှတ် (၁)ရွှေလီရေအားလျှပ်စစ်မှသွယ်တန်းလာသည့် မဟာဓာတ်အားလိုင်းကြိုးကြီးများနှင့် ဝေးလံသည့်မြို့/ရွာများမှ ပြည်သူများအကျိုးခံစားရသကဲ့သို့ မဟာလိုင်းကြိုးကြီးများနှင့် လိုင်းကြိုးတိုင်များ အနီးကပ်ဆုံးနေရာရှိသည့် မိုင်းဝီးကျေးရွာ





ကျပ်သန်း ၁၀၀ အထိအား သက်ဆိုင်ရာဝန်ကြီးဦးဆောင်သောတင်ဒါကော်မတီမှ စိစစ်ရွေးချယ်ဆောင်ရွက်ရန်နှင့် ကျပ်သန်း ၁၀၀ အထက်အား သက်ဆိုင်ရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး ၂ ဦးပါဝင်သော တင်ဒါကော်မတီအဖွဲ့မှ စိစစ်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ထို့အပြင်သက်ဆိုင်ရာတင်ဒါကော်မတီများမှ စိစစ်ရွေးချယ်ပြီး မြို့နယ်အလိုက် ဆောင်ရွက်နေသည့် ကန်ထရိုက်လုပ်ငန်းရှင်များသည်လည်း တင်ဒါကော်မတီတွင် ပါဝင်သောဌာနဆိုင်ရာအသီးသီးမှ အင်ဂျင်နီယာများမှ အရည်အသွေးစိစစ်ပြီး ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ အတည်ပြုချက် ရယူထားသော BP/BQ ပုံစံများဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကန်ထရိုက်လုပ်ငန်းများအား ကြီးကြပ်ရန် ခရိုင်/မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်သိရှိလိုသည့်အချက်အလက်များ၊ စစ်ဆေးလိုသည့်အချက်အလက်များအား ခရိုင်/မြို့နယ်များတွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသောတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီများနှင့်အတူ စိစစ်စစ်ဆေးဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** မင်္ဂလာပါ။ ဒီနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွအစိုးရအဖွဲ့ဝင်များ၊

အုပ်စုနှင့် ဟင်လုံကျေးရွာအုပ်စုတို့သည်လည်း သာတူညီမျှ အကျိုးခံစားနိုင်ရေး၊ လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဝေပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ မရှိသေးပါက မည်သည့်အချိန်တွင်ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထု၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စုသည် ရွှေလီ (၁) ရေအားလျှပ်စစ်စက်ရုံမှ မန်စံဓာတ်အားခွဲရုံသို့သွယ်တန်းထားသော ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းအနီးတွင်ရှိပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်သွားမည့် ၅ နှစ်စီမံကိန်းစာရင်း အတွင်း ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လျာထားပြီးဖြစ်ပါတယ်။ မိုင်းဝီးကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၃ ရွာခန့်အား



D/real(wide) (6



ယနေ့အစည်းအဝေးတွင် ရှမ်းပြည်နယ်၏အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သည့်မေးခွန်းတစ်ခု မေးမြန်းတင်ပြခွင့်ရသည့်အတွက်ကြောင့် များစွာဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်၏မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့်မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သောစက်ရုံ(Smokeless Industry)ဟုလည်းကောင်း၊ မျက်စိနှင့်မမြင်နိုင်သောစက်ရုံ (Invisible Industry)ဟုလည်းကောင်း အမျိုးမျိုးတင်စားခေါ်ဝေါ်ပြီး ကမ္ဘာမှာဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံးနှင့် ရေရှည်ဖွံ့ဖြိုးမှုအရှိဆုံး လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့ GDP ၏ ၁၀%ကျော်ပါဝင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အလုပ်အကိုင်ဖန်တီးမှုမှာလည်းပဲအများဆုံးဖန်တီးပေးနိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကနေရရှိတဲ့ ဝင်ငွေဆိုလျှင် အလွှာအသီးသီးကိုစိမ့်ဝင်ပျံ့နှံ့ပြီး များစွာအကျိုးပြုသည့်လုပ်ငန်းဖြစ်ပါတယ်။ ဥပမာအားဖြင့် အစိုးရ၊ နိုင်ငံတကာလေကြောင်းမှသည် တက္ကစီကားသမား၊ မြင်းလှည်းသမားအထိ စိမ့်ဝင်ပျံ့နှံ့ပြီး မြို့ပြတွင်ရှိသော ဟိုတယ်၊ စားသောက်ဆိုင်ကြီးများအပြင် လမ်းဘေးမုန့်ဟင်းခါးဈေးသည်အထိ စိမ့်ဝင်ပျံ့နှံ့သွားသည့် လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။

ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာဆိုလျှင် သူတို့၏ သဘာဝအရင်းအနှီးနှင့် လူသားအရင်းအမြစ်ပေါင်းစပ်ပြီး ကမ္ဘာမှာခရီးသွားလာမှု အများဆုံးနိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်တာကို လေ့လာတွေ့ရှိ

ရပါတယ်။ ရှမ်းပြည်နယ်၏ အရှေ့ဘက်တွင်တည်ရှိနေသည့် လောနိုင်ငံ၊ ထိုင်းနိုင်ငံမှာဆိုလျှင်လည်းပဲ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အထူးအောင်မြင်ကျော်ကြားသည့် တိုင်းပြည်များပဲဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာဆိုလျှင် ကမ္ဘာမှာ ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သော်လည်းပဲ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှရရှိသောဝင်ငွေသည် ဆန်တင်ပို့မှု ပမာဏထက် များစွာရရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာဆိုလျှင် လက်ရှိမှာလည်းပဲ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ပိုမိုပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စနစ်တကျကြိုးပမ်းလုပ်ဆောင် ဆောင်ရွက်မည်ဆိုလျှင် ရှမ်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလုပ်အကိုင်ရရှိမှုကို ပိုမိုဖြစ်ထွန်းအောင်မြင်စေမှာပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာဆိုလျှင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအောင်မြင်ဖို့အတွက် အခြေခံကောင်းသည့် အချက်အလက်များရရှိပိုင်ဆိုင်ထားသည့် ထူးခြားသည့်ပြည်နယ်လေးတစ်ခုရှိပါတယ်။ သာဓကအားဖြင့်ပြောပြရမည်ဆိုလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ်ထဲကို ဝင်ရောက်သွားလာနိုင်သည့် လမ်းကြောင်းလေးတွေ များစွာရှိပါတယ်။ မော်တော်ကားဖြင့်လည်း လာလို့ရပါတယ်။ လေကြောင်းလိုင်းဖြင့်လည်းသွားလို့ရပါတယ်။ ဒီမဲခေါင်မြစ်ဝှမ်းနိုင်ငံအဖြစ် GMS နိုင်ငံကနေတစ်ဆင့် မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် ရေလမ်းကြောင်းမှလည်း ဝင်ရောက်လာနိုင်သည့် ပြည်နယ်လေးတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုက ရှမ်းပြည်နယ်သည်သမမျှတသည့် သာယာလှပတဲ့ရာသီဥတုကို ပိုင်ဆိုင်ထားပါတယ်။ ရှမ်းပြည်နယ်အတွင်းတွင် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြပြီး မပျက်မစီးမယိုယွင်းသေးသည့် တိုင်းရင်းသားအသီးသီး၏ ဓလေ့ရိုးရာများစွာ





၆၆ ကေဗွီ ရွှေလီခွဲရုံ (Switching Station) မှ မိုင်းဝီးကျေးရွာသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၅ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၁ ရုံအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိုင်းဝီးကျေးရွာတွင် တည်ဆောက်ရန် လျာထားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ ဟင်လုံကျေးရွာအုပ်စု၊ ဟင်လုံကျေးရွာနှင့် မန်ကန်ကျေးရွာသည် ၁၁ ကေဗွီလိုင်းနှင့် ၅ မိုင်အတွင်းရှိသဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် NEP ဒုတိယအဆင့် လုပ်ငန်းတွင်လျာထားပြီးဖြစ်ပါတယ်။ ဟင်လုံကျေးရွာအုပ်စု၊ ဟန်ကန်းကျေးရွာနှင့် မန့်မြိုင်ကျေးရွာများသည် ၁၁ ကေဗွီနှင့် ၂ မိုင် အတွင်းရှိသဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် NEP ပထမအဆင့် လုပ်ငန်းတွင် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ယနေ့ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ကြွရောက်သော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာရေးအဖွဲ့ရောက်ရှိနေကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ပဲဖြစ်ပါတယ်။

လည်းပဲ ရှမ်းပြည်နယ်တွင်စုပုံတွေ့ရပါတယ်။ နောက်ပြီးရှမ်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး အောင်မြင်တိုးတက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ်၊လောနိုင်ငံ၊ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်ပြီး ရှမ်းပြည်နယ်အတွင်းကို ဝင်ထွက်သွားလာနိုင်သည့် နယ်ခြားဝင်ပေါက်လမ်းကြောင်းများရှိထားသည့်အတွက်ကြောင့် ရှမ်းပြည်နယ်ဟာဆိုလျှင် ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အထူးကောင်းမွန်သည့်အခြေအနေများရရှိ ပိုင်ဆိုင်ထားတာကို တင်ပြခြင်းဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး စီမံချက်ကောင်းကောင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်း လူငယ်လူရွယ်များကို များစွာအလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပြီး နိုင်ငံခြားဝင်ငွေများ လည်းများစွာရရှိမှာဖြစ်ပါတယ်။ အဲ့ဒီလိုနိုင်ငံခြားဝင်ငွေရရှိလာတာ နဲ့အမျှ ရှမ်းပြည်နယ်၏ စီးပွားရေး၊ လူမှုရေးများလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ ထူးခြားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်းပဲ ကမ္ဘာ့နိုင်ငံအသီးသီးသို့ မိတ်ဆက်ပြသနိုင်မှာဖြစ်ပါတယ်။ လူငယ်လူရွယ်များအနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အချိတ်အဆက်ကောင်းများလည်းရရှိနိုင်ပြီး အချက်အလက်ကောင်း၊ အကျိုးအမြတ်ကောင်းများကို ရရှိနိုင်မှာဖြစ်သည့်အတွက် ယနေ့ကျွန်တော်ရှမ်းပြည်နယ်အစိုးရကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိရှမ်းပြည်နယ်အစိုးရအနေနှင့် မည်ကဲ့သို့သောအစီအမံများ၊ စီမံချက်များ ချမှတ်၍ လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုသည့်အကြောင်း သိရှိလိုပါ၍ အားလုံးကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။



D/real(wide) (6



(ခ) ခရီးသွားလုပ်ငန်းကဏ္ဍတွင်ရှိသောဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခြင်း။

(ဂ) ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်လျက်ရှိသော ဖွံ့ဖြိုးပြီးခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်း။

(ဃ) ခရီးစဉ်ဒေသသစ်များ ရှာဖွေဖော်ထုတ်ခြင်း။

(င) ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

(စ) အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း။

(ဆ) ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်၍ ချိတ်ဆက်ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းစဉ် ၇ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ပါအချက်များမှ ကဏ္ဍအလိုက်လုပ်ဆောင်ပြီးစီးမှုများမှာ ရှမ်းပြည်နယ်တွင် ၁-၄-၂၀၁၆ ရက်နေ့မှ ၂၅-၅-၂၀၁၇ ရက်နေ့အထိ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် ၄၈ ခု၊ ခရီးလှည့်လည်ရေးလိုင်စင် ၇ ခု၊ ပို့ဆောင်ရေးလိုင်စင် ၁၄၅၃ ခုတို့အား လျင်မြန်လွယ်ကူစွာထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသော လုပ်ငန်းလိုင်စင်များမှာ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် ၃၀၄ ခု၊ ခရီးလှည့်လည်ရေးလိုင်စင် ၈၀ ခု၊ ဧည့်လမ်းညွှန်လိုင်စင် ၁၂၄၀ ခု၊ ပို့ဆောင်ရေးလိုင်စင် ၁၄၅၃ ခုတို့ ထုတ်ပေးထားပြီးဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးခရီးစဉ်ဒေသများ ရေရှည်

ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ရေးဆွဲခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်ရှိ အင်းလေးကန်ဒေသဟာ မြန်မာနိုင်ငံ၏ အဓိက ခရီးစဉ်ဒေသကြီး ၄ ခုအနက်မှတစ်ခုအပါအဝင်ဖြစ်ပါတယ်။ အင်းလေးကန်ခရီးစဉ်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းလေးကန်ခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက် (Inle Region Destination Management Plan)အား နောင်လာမည့် ၅ နှစ်အတွက် ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ခရီးစဉ်ဒေသသစ်အနေဖြင့် ပင်းတယ-ရွာငံဒေသအား ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်မည့်ဒေသတစ်ခုဖြစ်အောင် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း ကျန်ဒေသများကိုလည်း နယ်မြေငြိမ်းချမ်းမှု အပေါ် မူတည်ပြီး ဆက်လက်ဖော်ထုတ်သွားရန် ဆောင်ရွက်လျက်ရှိပါတယ်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကိုလည်း အင်းလေးကန် အရှေ့ဖက်ခြမ်းရှိ ပအိုဝ်းကျေးရွာ ၄ ရွာကို ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆ ခုနှစ်မှာ ဧည့်သည်များစတင်လက်ခံခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ ASEAN Community Based Tourism Standard 2017-2019 Winner Award ဆုနှင့် ITB Berlin ခရီးသွားပြပွဲတွင် ချီးမြှင့်သည့် Winner Award ဆုများရရှိသည်အထိအောင်မြင်ခဲ့ပါတယ်။ ဆက်လက်ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များရှိ ကျေးရွာ ၄ ရွာကို ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံများ သို့လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဦးဆောင်သည့်





**ဥက္ကဋ္ဌ။** အမှန်ကတော့ ဒီမေးခွန်းဟာ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။ သို့သော်ဝန်ကြီးက ခွင့်ယူကြောင်း ယနေ့မနက်မှ ကျွန်တော်တို့သိရှိရတဲ့အတွက် နောက်ပြီးတော့မှ ကျွန်တော်တို့ Agenda ကို စီစဉ်သည့်နေရာမှာလည်းပဲ မနေ့ညကတည်းကစီစဉ်တာဖြစ်တဲ့အတွက် ဒီအစီအစဉ်ကိုထည့်သွင်းခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့ နောင်ဆိုလျှင်သက်ဆိုင်ရာဝန်ကြီးများက ခွင့်ယူမည်ဆိုလျှင် ကျွန်တော်တို့လွှတ်တော်ကို တစ်ရက်ကြိုတင်ပြီးတော့မှ အကြောင်းကြားညှိနှိုင်းစေလိုပါတယ်ဆိုတာကို ကျွန်တော်အနေနဲ့ပြောကြားလိုပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ကိုယ်စား သက်ဆိုင်ရာဝန်ကြီးကနေဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးဟူသောမေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကိုယ်စား ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါအတိုင်းစီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါတယ်-

(က) လိုင်စင် ၄ မျိုးဖြစ်သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လိုင်စင်နှင့်ပို့ဆောင်ရေးလိုင်စင်၊စက်လှေပို့ဆောင်ရေး၊ကားပို့ဆောင်ရေးများအားလျင်မြန်လွယ်ကူစွာထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးခြင်း။



D/real(wide) (6

အဖွဲ့များသွားရောက်ပြီး နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ၊ လင်ချန်းမြို့နှင့် ဟဲဟိုးမြို့သို့လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်၊ ချင်းမိုင်နှင့် ဟဲဟိုးမြို့သို့လည်းကောင်း တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲရေး ညှိနှိုင်းဆောင်ရွက်ထားရှိပါတယ်။ ဟဲဟိုးလေဆိပ်ကိုလည်း အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဟဲဟိုးလေဆိပ်အား အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ပြီးပါက ရှမ်းပြည်နယ်၏ ခရီးသွားကဏ္ဍဟာ ယခုထက်အဆပေါင်းများစွာ တိုးတက်လာမည်ဖြစ်ပါတယ်။ ခရီးသွားကဏ္ဍအပါအဝင် ရှမ်းပြည်နယ်အတွင်း ကဏ္ဍစုံရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့် တောင်ကြီးမြို့၌ ၁၀-၂-၂၀၁၇ ရက်နေ့တွင် Investment Fair ပွဲကိုလည်းကောင်း၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် ချင်းရိုင်ခရိုင်ရှိမြို့များတွင် Trade and Investment Opportunity in Shan State ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင် ၁၀၀၀ ကျော်အား ဆွေးနွေးဖိတ်ခေါ် ဆောင်ရွက်ခဲ့ပါတယ်။

ခရီးသွားလုပ်ငန်းဟာ Service(ခေါ်) ဝန်ဆောင်မှုလုပ်ငန်းဖြစ်တာနှင့်အညီ ခရီးသွားလုပ်ငန်း နယ်ပယ်အသီးသီးရှိ ဝန်ဆောင်မှုပေးနေတဲ့လုပ်သားများ၏ အရည်အသွေးမြင့်မားရေးအတွက် နှစ်စဉ်စီမံချက်များချမှတ်ပြီး သင်တန်းများဖွင့်လှစ်ပေးလျက်ရှိပြီး ကဏ္ဍအလိုက်သင်တန်းများကို အောက်ပါအတိုင်းဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်-

(က) ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း ၄ မျိုး ၁၆ ကြိမ် ၁၃၆၃ ဦး





၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဖောက်လုပ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသောမေးခွန်းကို အပိုင်း ၂ ပိုင်းခွဲပြီး လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးခွန်းမေးမြန်းနေချိန်တွင် Power Point ဖြင့် တင်ပြခွင့်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးထံမှ လေးစားစွာခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန်မြို့နယ်၊ မိုင်းပန်-နောင်လေ-မိုက်ပုတ်-ပန်ပိ-ဆန်ကွယ် (နောင်ချို) မြေသားလမ်း ၃၆ မိုင်လမ်းအား ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ကျောက်ချောလမ်း ၁ မိုင် ၆ ဖာလုံခင်းပြီးဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေအဖြစ် ကျောက်ချောလမ်းခင်းခြင်း ၅ မိုင်နှင့် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း ၇ မိုင်ဖြစ်ပြီး ကျန်နေသောလမ်းပိုင်းများသည် တောင်တက်လမ်းဖြစ်ပြီး လမ်းအလွန်မတ်စောက်ခြင်း၊ လမ်းကျဉ်းမြောင်းသောနေရာများဖြစ်သည့်အတွက် မိုးရာသီကာလများတွင် ကားနှင့်ဆိုင်ကယ်များသွားလာရာတွင်ခက်ခဲခြင်းကြောင့် ဒေသခံပြည်သူများ အန္တရာယ်စိုးရိမ်ရကြောင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနည်းဖြင့် စစ်ဆေးတွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းလမ်းအပိုင်းတွင် မှီခိုလျက်ရှိသော လူဦးရေ ၃၉၉၈ ဦးရှိပြီး၊ အိမ်ခြေ ၇၈၅ အိမ်ရှိပါတယ်။

အပိုင်း(၁) တောင်တက်လမ်းဖြစ်ပြီး လမ်းအလွန်မတ်စောက်သောနေရာများတွင် လမ်းအူကြောင်းအသစ်မြေသားလမ်းအသစ် ဖောက်လုပ်နေသောနေရာများကတော့ (က) ၂၃ မိုင်နှင့် ၂၄ မိုင် လမ်းအပိုင်းပေါ်ရှိ ထင်းရှူးတောင်ထိပ် ၇၀၀



D/real(wide) (6

ပေ၊ ၂၃ မိုင်နှင့် ၂၄ မိုင်လမ်းအပိုင်းပေါ်ရှိ လမ်းအလွန်မတ်စောက်ပြီး အန္တရာယ်ရှိသော ပစောက်ပုံသဏ္ဍာန် ပေ ၂၀၀၀၊ ၂၂ မိုင်နှင့် ၂၃ မိုင်ကြားအလွန်၏ လမ်းအလွန်မတ်စောက်သော တောင်တက်လမ်း ၇၀၀ ပေ၊ ၂၁မိုင် နှင့် ၂၂ မိုင်ကြား လမ်းအလွန်မတ်စောက်သော တောင်တက်လမ်း ၃၀၀၀ ပေ၊ ၁၈မိုင်နှင့် ၁၉မိုင်အကြား လမ်းအလွန်မတ်စောက်သော တောင်တက်လမ်း ၂၀၀၀ ပေ၊ မိုင်အားဖြင့် ၁ မိုင် ၅ ဖာလုံ၊ ရှောင် ကွင်းလမ်းဖောက်လုပ်ပေးရန် လမ်းအူကြောင်းအသစ်အား ဦးစားပေး (၁)အဖြစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

မိုက်ပုတ်ကျေးရွာတွင်နေထိုင်သည့် လူဦးရေသည် ၂၀၀၀ ကျော်ရှိပြီး အိမ်ခြေ ၄၇၀ ကျော်ရှိပါတယ်။ ဒီကျေးရွာအုပ်စုမှာ ကျေးရွာ ၄ ရွာပဲရှိပါတယ်။ နောင်လေ-ပန်ပိ-မိုက်ပုတ်-ဆန်ကွယ် (နောင်ချို)ပဲရှိပါတယ်။ ဒါကတော့ကျွန်တော်ပြောနေသည့် ထင်းရှူးကုန်းအလွန်မတ်စောက်တဲ့ တောင်တက်လမ်းဖြစ်ပြီး ပေ၅၀၀၀ကျော်ရှိပါတယ်။

အပိုင်း (၂)အနေဖြင့် နောင်လေကျေးရွာ ၁၉ မိုင်မှ ဆန်ကွယ် (နောင်ချို) ၃၆ မိုင်အထိ မြေသားလမ်းအား ၁၂ပေ အကျယ် မြေသားလမ်းအသစ် တစ်ကြောင်းထိုး ထပ်မံဖောက်လုပ်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။ ၎င်းလမ်းအပိုင်းများအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်ဖောက်လုပ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ မိုင်းပန်ပြည်သူများ၏ကိုယ်စားတင်ပြရင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (7



| | | | |
|---|---|---|---|
| (ခ) | ဒေသဆိုင်ရာဇည့်လမ်းညွှန် သင်တန်း | ၃ ကြိမ် | ၃၃၅ ဦး |
| (ဂ) | အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်း | ၃ ကြိမ် | ၁၀၅ ဦး |
| (ဃ) | လျှပ်စစ်ပြင်သင်တန်း | ၁ ကြိမ် | ၅၂ ဦး |
| (င) | ဝန်ဆောင်မှုနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးသင်တန်း | ၃ ကြိမ် | ၂၀၀၂ ဦး |

စုစုပေါင်း ၃၈၅၇ ဦးကို သင်တန်းပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထက်ပါတင်ပြခဲ့သည့်အတိုင်းလုပ်ငန်းစဉ် ၇ ခု ချမှတ်ပြီး ဆက်လက်၍ အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းပန်-နောင်လေ-မိုက်ပုတ်-ပန်ပိ-ဆန်ကွယ် (နောင်ချို) မြေသားလမ်း ၃၆ မိုင် လမ်းအား ၂၀၁၈ -

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းမေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ မိုင်းပန်-နောင်လေ-မိုက်ပုတ်- ပန်ပိ-ဆန်ကွယ် (နောင်ချို) မြေသားလမ်း ၃၆ မိုင်အား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှဖောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၁/၂ မိုင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ တွင် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေမှ ကျောက်ချောလမ်း ၇ မိုင်နှင့် ကွန်ကရစ်တံတား ၉ စင်း၊ Box Culvert ၁၁ စင်း၊ ရေပြွန် ၁၂ စင်းနှင့် ရေကျော် ၃ ခုအားလည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေမှ ကျောက်ချောလမ်း ၅ မိုင်ကိုလည်းကောင်း ဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုရရှိပြီးဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းမှ ခန့်မှန်းမိုင်တိုင် ၁၇ မိုင်၊ နောင်လေကျေးရွာမှ ခန့်မှန်းမိုင်တိုင်အမှတ် ၃၆ မိုင်၊ ဆန်ကွယ် (နောင်ချို) ကျေးရွာအထိ ၁၉ မိုင်အရှည် မြေသားလမ်းအပိုင်းအား ကျောက်ချောလမ်းဆောင်ရွက်သည့်အချိန်တွင်ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းမှအတက်အဆင်းမတ်စောက်သည့်နေရာ ၅ နေရာမှ ရှောင်ကွင်းလမ်း ၁/၅ မိုင်အား





များ၊ ဘုရားပုထိုးဘုန်းကြီးကျောင်းများနှင့် မြို့မဈေးကြီးတစ်ခုအဝေးပြေးလမ်းမပေါ်တွင် တည်ရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းအဝေးပြေးလမ်းမကြီးသည် ထိုက်သင့်သလောက် လမ်းပေကျယ်ဝန်းခြင်းမရှိသလို မြို့ပေါ်တွင် မိုးလင်းမှမိုးချုပ်လူသွားလူလာသိပ်သည်းပါတယ်။ ထို့ကြောင့်မြို့ပေါ်တွင် မတော်တဆယာဉ်အန္တရာယ်ကြုံတင်ကာကွယ်သည့်အနေဖြင့် တခြားမြို့များလို အရှိန်လျှော့မီးပွိုင့် (Slow Down Signal Light)များတပ်ဆင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများထိန်းသိမ်းပေးနိုင်ရန် မိဘပြည်သူများ လိုလားတောင့်တလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်တားဆီးကာကွယ်သောအရှိန်လျှော့မီးပွိုင့် (Slow Down Signal Light) များတပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိတင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မိုင်းဖြတ်မြို့အဝေးပြေးလမ်းမကြီးတွင်

ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးအရှိန်လျှော့မီးပွိုင့်(Slow Down Signal Light) များတပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖြေကြားသွားမှာဖြစ်ပါတယ်-

မိုင်းဖြတ်မြို့နယ်ရှိ မိဘပြည်သူများ၏ စိုးရိမ်ကြောင့်ကြနေသော ယာဉ်အန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အရှိန်လျှော့မီးပွိုင့်(Slow Down Signal Light)များနှင့် (Road Sign) များတပ်ဆင်ပေးနိုင်ရေးအတွက် တာချီလိတ် ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မိုင်းဖြတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်၊ မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးတိုးဇော်ထွန်း၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးတင်မိုးတို့နှင့်အတူ မြို့တွင်းလမ်းအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ အောက်ပါအတိုင်း တပ်ဆင်ရန် လိုအပ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်-

(က) Slow Down Signal Light များ
- (၁) ကျိုင်းတုံ-မိုင်းဖြတ်မြို့၊ မြို့အဝင်ဆိုင်းဘုတ်အနီး
- (၂) တာချီလိတ်-မိုင်းဖြတ်လမ်း၊ ခမရ (၃၃၀) အနီး
- (၃) မိုင်းဖြတ်မြို့၊ အထကကျောင်းရှေ့
- (၄) ဟိုနား အထကကျောင်းရှေ့

(ခ) Road Sign များ
- (၁) ပူးပေါင်းစစ်ဆေးရေးဂိတ်ဟောင်းလမ်းဆုံ
- (၂) မိုင်းဖြတ်မြို့၊ ရွှေတိဂုံဘုရားအကွေ့
- (၃) ဝမ်မိုင်လမ်းဆုံ
- (၄) ဈေးတန်းဘုန်းကြီးကျောင်းရှေ့



D/real(wide) (7



၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန်ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့ရှိ မိဘပြည်သူများ၏ စိုးရိမ်ကြောင့်ကြနေသော ယာဉ်အန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းတစ်ခုတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့သည် တောင်ကြီး-ကျိုင်းတုံနယ်စပ်မြို့ဖြစ်သော တာချီလိတ်မြို့ သို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းမပေါ်တွင် တည်ရှိသောမြို့ဖြစ်ပါတယ်။ နေ့စဉ်ယာဉ်ဖြတ်သန်းသွားသော ယာဉ်ကြီး၊ ယာဉ်ငယ်၊ သုံးဘီးဆိုင်ကယ်များ အစီးပေါင်း ၅၀၀ မကရှိပါတယ်။ မြို့ပေါ်တွင် လူနေထူထပ်ပြီး အထက်တန်းကျောင်း ၂ ကျောင်း၊ အစိုးရဌာနရုံးများ၊ ဘဏ်များ၊ လူနေအိမ်များ၊ အိမ်ဆိုင်၊ လမ်းဘေးအရောင်းဆိုင်

(၅) ရှခင်းသာဂေါက်ကွင်းဆိုင်းဘုတ်အနီး
(၆) ဟိုနားစောမွန်ရွာ ဘုရားကျောင်းအဝင်လမ်းဆုံ
(၇) မိုင်းခုတ်သွားသည့်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီးလမ်းဆုံ

အထက်ပါနေရာများတွင် အရှိန်လျှော့မီးပွိုင့် (Slow Down Signal Light) များနှင့် (Road Sign) များတပ်ဆင်နိုင်ရေးနှင့်စပ်လျဉ်း၍ မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလဝင်ငွေလျာထားချက်မှာ ကျပ် ၉၇၀ သိန်းဖြစ်ပြီး ငွေလုံး ငွေရင်းအသုံးစရိတ် ကျပ် ၄၈၅. ၅ သိန်းဖြင့် ကွန်ကရစ်လမ်း ၄ လမ်း ကုန်ကျငွေကျပ် ၃၂၉. ၄ သိန်း၊ကျောက်ချောလမ်း ၁ လမ်း ကုန်ကျငွေကျပ် ၅၅. ၂၅ သိန်း၊ ဟိုနား အ. ထ. က ရှေ့ရေပြွန် ပြုလုပ်ခြင်းနှင့် ရေမြောင်း ၈၀ ပေ တူးဖော်ခြင်း၊ ကုန်ကျငွေကျပ် ၁၁ သိန်းနှင့် ရေပေးရေးလုပ်ငန်း ၂ ခု ကုန်ကျငွေကျပ် ၈၉. ၈၅ သိန်းဖြင့် လျာထားရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မိုင်းဖြတ်မြို့ အဝေးပြေးလမ်းမကြီးတွင် ယာဉ်အန္တရာယ်တားဆီးကာကွယ်သော အရှိန်လျှော့မီးပွိုင့် (Slow Down Signal Light) များတပ်ဆင်ရန်အတွက် မိုင်းဖြတ်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းမှုကော်မတီအနေဖြင့် လောလောဆယ်တွင် ဘဏ္ဍာငွေမရှိပါသဖြင့် တပ်ဆင်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် မြို့နယ်လမ်းဦးစီးဌာန၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီတို့နှင့် ညှိနှိုင်းပြီး ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးလျာထားရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။





# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်**

**၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်**

**[ ဗုဒ္ဓဟူးနေ့ ]**

**နေ့လည်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လည်ပိုင်း အစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ယနေ့ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် လာရောက်လေ့လာသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်မိုးဖြစ်ပါတယ်။

ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရတဲ့ အကြောင်းအရာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊အင်းလေး၊ဟဲယာရွာမ အခြေခံပညာအထက်တန်းကျောင်းသည် ၁၉၆၉ ခုနှစ်တွင် တည်ထောင်ခဲ့ရာ ယနေ့ဆိုလျှင် ၄၈ နှစ်ကြာရှည်ခဲ့ပါပြီ။ ထိုကြောင့်ပျက်စီးယိုယွင်းလာသဖြင့် ကျောင်းသား၊ ကျောင်းသူများပညာသင်ဆောင်အဖြစ်အသုံးပြုရာကျောင်းဆောင်ကို သက်ဆိုင်ရာပြည်နယ်၊ မြို့နယ်ဌာနဆိုင်ရာများမှလည်း အန္တရာယ်ဆောင်အဖြစ်သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ထိုအဆောင်ကို ရုတ်တရက်မပြိုပျက်နိုင်ရန်အတွက် ထောက်များနှင့်လည်းထောက်ကန်ထားရပါတယ်။ ထိုအန္တရာယ်ဆောင်ဖျက်သိမ်းနိုင်ရန်အတွက်လည်း ဟဲယာရွာမ ကျောင်းအုပ်ဆရာမကြီးမှလည်း ၂၈-၆-၂၀၁၆ရက်စွဲပါစာအမှတ်၊ ၅၀၆/ဆအ/၂၀၁၆ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့လည်းတင်ပြထားပြီးဖြစ်ပါတယ်။

ယခုအခါအဲ့ဒီကျောင်းဆောင်သည် ကျောင်းဖွင့်လှစ်ရမည့်အချိန်လည်းရောက်လာပါပြီ။ မိုးရာသီလည်းရောက်လာပြီဖြစ်





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ ၃၀ မိနစ်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်ပိုင်း ၁ နာရီ ၁၅ မိနစ်အချိန်တွင် ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

သည့်အတွက် မတော်တဆရုတ်တရက်ပြိုကျမည့်အန္တရာယ်မကျနိုင်ရေးအတွက်အန္တရာယ်ကျောင်းဆောင်ဖျက်သိမ်းနိုင်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိလို၍ ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်မိုး၏ အန္တရာယ်ကျောင်းဆောင်ဖျက်သိမ်းနိုင်ခြင်းအတွက်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေး၊ ဟဲယာရွာမ အခြေခံပညာအထက်တန်းကျောင်းအန္တရာယ်ကျောင်းဆောင်များဖြစ်သော ကံ့ကော်ဆောင်နှင့်ပတ္တမြားဆောင်အစား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆၈ သန်းဖြင့် ၁၄၀ ပေ× ၃၀ ပေအုတ်ညှပ်နှစ်ထပ်ဆောင် ၁ ဆောင် ဆောက်လုပ်ပြီးဖြစ်ပါ၍ ၎င်းအန္တရာယ်ကျောင်းဆောင် ၂ ဆောင်အား ဖျက်သိမ်းခွင့်ပြုပါကြောင်း၊ ကျောင်းဆောင်ဖျက်သိမ်းရာတွင်ဆယ်တင်ပစ္စည်းများကိုစနစ်တကျအသုံးပြုရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုပြန်လည်တင်ပြရန် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၂၉-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၃)/၁၆၁၈/ဖျက်သိမ်း (၁၇-၁၈)ဖြင့် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (7



သို့ပါသော်လည်း မြို့နဲ့ RHC Sub Centre များနဲ့ အလှမ်းကွာဝေးတဲ့ကျေးလက်နေပြည်သူများကတော့ ရိုးရာဆေး၊ ဓာတ်စာဆေးနဲ့ လက်တစ်ကမ်းလူကြုံနဲ့လှမ်းမှာတဲ့ ဆေးဝါးတွေနဲ့ ရပ်ဝေးကနေဆေးမှာယူပြီး ထင်ရာမြင်ရာဆေးကုသနေကြတာတွေကိုတွေ့ရသည့်အတွက်များစွာစိတ်မကောင်းမိဖြစ်နေပါတယ်။ အဓိကစိန်ခေါ်မှုကတော့ နယ်မြေလုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးစတဲ့အရာများ နိမ့်ကျမှု၊ ဝေးကွာမှု၊ စိန်ခေါ်မှုများစွာအခက်အခဲရှိတာကြောင့် ယခုအချိန်ထိ လူမှုရေး၊ ပညာရေး၊ စီးပွားရေးအပြင်ကျန်းမာရေးကဏ္ဍများမှာနိမ့်ကျအလှမ်းကွာဟလျက်ရှိနေတာကို တွေ့ကြုံနေရတာဖြစ်ပါတယ်။

ဥပမာအားဖြင့် ရှမ်းပြည်နယ် မြို့နယ် ၅၅ မြို့နယ်ထဲကတစ်ခုအပါအဝင်ဖြစ်တဲ့ ကျွန်တော်၏ မဲဆန္ဒရှင်ပြည်သူများ နေထိုင်ရာ နမ့်စန်မြို့နယ်ထဲမှာ မြို့ပြနဲ့ အလှမ်းကွာဝေးလွန်းတဲ့ ပိန်းဆည်ကျေးရွာအုပ်စု၊ ဘန့်ဟင်ကျေးရွာအုပ်စု၊ ဟိုင်းနားကြီးကျေးရွာအုပ်စုအတွင်းမှ နောင်ခမ်း၊ နမ့်ခမ်း၊ နမ့်ကွန်ဟိန်းစတဲ့ရွာများ၊ ဝမ်နောင်ကျေးရွာအုပ်စု၊ လွိုင်လကျေးရွာအုပ်စုများ၊ ခိုအွတ်ကျေးရွာအုပ်စုများမှကျေးရွာများသည် ကျွန်တော်တို့ကွင်းဆင်းချိန်မှာစောစောကတင်ပြခဲ့တဲ့ အလှမ်းကွာဟမှု၊ ဝေးကွာမှု၊ ကန့်သတ်ချက်များစွာနဲ့ မပြည့်စုံမှုများစွာကြောင့် ပြည်သူတို့၏ကျန်းမာရေးအဆင့်သည်အတန်သင့်စွာနိမ့်ကျလျက်ရှိပါတယ်။

သက်ဆိုင်ရာ Sub Centre နှင့် RHC တွေကနေတစ်ဆင့်မြို့ပြဆေးရုံတွေအထိ အဆင့်ဆင့်ဆေးကုသဖို့ရာမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ ယာဉ်အခက်အခဲများကြောင့် ရှိတဲ့နေရာမှာပဲခံစားနေရတဲ့ ဝေဒနာကိုကြိတ်ခံပြီးရှိတဲ့ဆေးဝါးတွေနဲ့ကုသနေကြရပါတယ်။ ငွေကြေးဥစ္စာပြည့်စုံတဲ့သူကတော့ မြို့ကြီးပြကြီးတွေအထိ အရောက်ချီတက်လာနိုင်ကြပါတယ်။ မပြည့်စုံတဲ့

ပြည်သူဘဝ၏ ကျန်းမာရေးက အဓိကဖြစ်တာမို့ ကျန်းမာမှ တောင်ယာလုပ်ကိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်နိုင်ခြင်း တို့ကိုလုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ နမ့်စန်မြို့နယ်တစ်ခုတည်းမှာတင်မက ရှမ်းပြည်နယ်၏ မြို့နယ်အသီးသီးမှ ဒေသအလိုက် ကန့်သတ်ချက်ရှိတဲ့နေရာတိုင်းမှာ ကြုံတွေ့နေကြရတာဖြစ်ပါတယ်။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဝန်ဆောင်မှုများ အထိုက်အလျောက် တိုးတက်ဆောင်ရွက်နေကြသလို ဆေးရုံအသီးသီးကတိုးမြှင့်ကုသဆောင်ရွက်ပေးနေကြတာကိုလည်းတွေ့မြင်ရတာကြောင့် စီစဉ်သူများကို အထူးကျေးဇူးတင်ရှိပါတယ်။ဒါပေမယ့်ကျေးလက်နေပြည်သူများအတွက်လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအမံလိုအပ်ချက်တွေများပြားနေဦးမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း မြို့နှင့် အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်း RHC ကဲ့သို့ ဌာနများ၊ တိုက်နယ်ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် နယ်လှည့်ဆေးကုသ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရန် အစီအစဉ်များကိုအပတ်စဉ်၊ လစဉ်၊ ၃လပတ်၊ ၆လပတ် အစီအမံများနှင့်တကွ နယ်မြေကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းအား ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (7



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလင်းအောင်ဆွေကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာနေ့လည်ခင်းပါခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်အတွင်း မြို့နှင့် အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်း RHC ကဲ့သို့ ဌာနများ၊ တိုက်နယ်ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် နယ်လှည့်ဆေးကုသ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အစီအစဉ်များရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ကျေးလက်နေပြည်သူများကိုယ်စားမေးမြန်းတင်ပြသွားမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မြို့နယ် ၅၅ မြို့နယ်ဖွဲ့စည်းထားပြီး မြို့နယ်ခွဲများအဖြစ် မြို့များစွာလည်းတည်ရှိနေသည့် ဧရိယာအကျယ်အဝန်းအကျယ်ပြန့်ဆုံးပြည်နယ်တစ်ခုဆိုတာအားလုံးသော ပုဂ္ဂိုလ်များအသိပဲဖြစ်ပါတယ်။ ဒီလိုပြည်နယ်အတွင်းမှာ မြို့ပြများမှာရှိတဲ့ဆေးရုံတိုင်းမှာဆရာဝန်၊ သူနာပြုအစုံအလင်နဲ့ ဆေးရုံအဆင့်ဆင့်အလိုက်ရှိကြတဲ့ မြို့ပြနေပြည်သူနဲ့ ကျေးလက်နေကျန်းမာရေးအရ RHC Sub Centre များကနေချိတ်ဆက်ပြီး တက်ရောက်လာနိုင်တဲ့ ဒေသခံပြည်သူများအတွက်ကတော့ အထိုက်အလျောက်အဆင်ပြေချောမွေ့စွာရှိနေပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၏ RHC များ၊ တိုက်နယ်ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် နယ်လှည့်ဆေးကုသကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဌာနအပိုင်းနှင့် ကုသရေးအပိုင်းနှစ်ပိုင်းခွဲပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်း မြို့နှင့်အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများကျန်းမာရေးစောင့်ရှောက်မှုပိုမိုဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အလိုက် RHC များကို အခြေပြု၍ Community Clinic ဆေးခန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် တစ်နှစ်လျှင် ပျမ်းမျှလူဦးရေ နှစ်သိန်းခုနှစ်သောင်းခန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် တစ်နှစ်လျှင် ပျမ်းမျှလူဦးရေ သုံးသိန်းခန့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင်တစ်နှစ်လျှင်ပျမ်းမျှလူဦးရေ ခြောက်သောင်းခန့်ကြည့်ရှုပေးနိုင်ခဲ့ပါတယ်။ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ခိုလမ် MCH နှင့် နမ့်ဟူး Sub Centre ဖွင့်လှစ်ခွင့်ရရှိနိုင်ရေး အဆိုပြုတင်ပြတောင်းခံထားပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသပေးခြင်းအနေဖြင့် မြို့နယ် TMO များဦးဆောင်၍ RHC အခြေပြု Community Clinic များဖွင့်လှစ်ပြီးစဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိပါတယ်။



D/real(wide) (7



အဆအဥ/ကုသဖြင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။

ဟိုပုံးမြို့နယ်၊ မိုင်းပျဉ်းဖာလဲကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ပေးနိုင်ပါရန် ပြည်နယ်ကုသရေးဦးစီးဌာန၊တောင်ကြီးမြို့၏ ၁၀-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊၈၆၈/ဆေးရုံတိုးမြှင့်/ကုသ/၂၀၁၇ဖြင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ပြတောင်းခံခဲ့ရာ ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ ၈-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ကမဆ/ယ-၀၂၆/၀၉၅အရ တိုက်နယ်ဆေးရုံအသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက ပထမမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အခုကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ တုံတာဟာဆိုလျှင် ၄ ရပ်ကွက်ရှိပြီး လူဦးရေ ၃၀၀၀ ကျော် မှီတင်းနေထိုင်သည့်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ၎င်းမြို့ထဲမှာဆိုလျှင် ဆေးရုံ၊ ကျောင်း၊ ပညာရေး၊ ဌာနဆိုင်ရာများဖြင့်တည်ရှိတဲ့မြို့လေးဖြစ်တာနှင့်အညီ ဒါကြောင့်လည်းပဲ မီးဘေးအန္တရာယ်များကိုကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မီးသတ်ကား ၂ စီး ခွင့်ပြုပေးခဲ့ပါတယ်။

အဆိုပါမီးသတ်ကားကိုလည်း ရေရှည်အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာပြည်သူလူထုနှင့် ဌာနဆိုင်ရာများကနေပြီး ၁ ဧကပေါ် တွင်ရှိသည့် မြေများကိုပေါင်းရှင်းခြင်း၊ ရှင်းလင်းခြင်းများပြုလုပ်ပြီးယာယီထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဆိုလိုတာက မီးသတ်ကားကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ရေရှည်စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်အတွက် အဆောက်အဦများနှင့်သက်ဆိုင်ရာဝန်ထမ်းများနေထိုင်ရန်အတွက် နေအိမ်များပါဆောက်လုပ်ပေးရန် အထူးလိုလားလျက်ရှိတာနှင့်အညီ တုံတာမြို့အတွက် မီးသတ်ကားစောင့်ရှောက်ထိန်းသိမ်းဖို့ အဆောက်အဦသစ်အပြင် ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများကိုလည်း ဆောက်လုပ်ပေးနိုင်မည့်အစီအစဉ်များ ၂၀၁၇-၂၀၁၈တွင် ခွင့်ပြုပေးနိုင်မည့်အနေအထားရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုဝင်း မေးမြန်းလာသော မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့တွင်ခွင့်ပြုထားရှိသောမီးသတ်ကား၂စီးထားရှိရန်အတွက်အဆောက်အဦနှင့် ဝန်ထမ်းနေအိမ်အား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်းခွင့်ပြုဆောက်လုပ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိသိလိုပါသည်ဆိုသည့်





ပြည်နယ်ကုသရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်းမြို့နှင့်အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ဌာနတိုးချဲ့ဖွင့်လှစ်ခြင်းများဆောင်ရွက်မှုအနေဖြင့် လွိုင်လင်ခရိုင်၊လဲချားမြို့နယ်၊ဝမ်ယိမ်းကျေးရွာရှိ RHCသည် လဲချားမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၃၈ မိုင်ကွာဝေးသည့်အပြင် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါတယ်။ ကျေးရွာတွင်နေထိုင်သောလူဦးရေ ၁၈၇၈၄ ဦးရှိပြီးအိမ်ခြေပေါင်း ၃၇၁၅ အိမ်နှင့် ကျေးရွာပေါင်း ၃၈ ရွာပါရှိပါတယ်။ တိုက်နယ်ဆေးရုံတည်ဆောက်မည့်မြေနေရာမှာ ၄.၀၄ ဧကကျယ်ဝန်းပါတယ်။ ထိုဒေသတွင်တိုက်နယ်ဆေးရုံတည်ရှိပြီး ဆရာဝန်များရှိပါက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝပေးနိုင်မည်ဖြစ်ပါသဖြင့် ဝမ်ယိမ်း RHC အားတိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ပေးနိုင်ပါရန် ပြည်နယ်ကုသရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၁၉-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅၄၄/ခုတင်တိုးမြှင့်/ကုသဖြင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။

တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ ယကြီးကျေးရွာသည် လူဦးရေ ၁၇၃၂ ဦး၊ အိမ်ခြေ ၃၅၉ အိမ်ရှိပြီး မြိုင်တိုက်နယ်ဆေးရုံနှင့် ၁၄ မိုင်ကျော်ကွာဝေး၍ ရွာငံမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၂၄ မိုင်ခန့်ကွာဝေးပါတယ်။ကျေးရွာ ၅ ရွာမှာသွားလာရန်ခက်ခဲသောဒေသဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ရရှိပါက ယကြီးကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှအိမ်ခြေ ၅၇၆၆ အိမ်နှင့် လူဦးရေ ၂၉၉၅၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်မည်ဖြစ်ပါသဖြင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် ပြည်နယ်ကုသရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၁၃-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၆၂၃/

ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ကျွန်တော်ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊တုံတာမြို့နယ်မြေမီးသတ်စခန်းအတွက် မြေနေရာကို တုံတာမြို့၊ အမှတ် (၃)ရပ်ကွက်၊ မိုင်းပျဉ်း-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးမှ ကိုက် ၃၀၀ ခန့်အကွာ ခလရ (၂၉၃) တပ်ရင်းသို့သွားသည့်လမ်းဘေးတွင် နိုင်ငံတော်အစိုးရစီမံခန့်ခွဲနိုင်သောမြေလွတ် အလျား ၂၅၀ ပေ၊ အနံ ၁၆၀ ပေအား လျာထားသတ်မှတ်ထားသဖြင့် အဆိုပါမြေနေရာတွင် ၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ်၌ လက်ရှိမီးသတ်ယာဉ် ၂ စီးနှင့် တပ်ဖွဲ့ဝင် ၄ ဦး ထားရှိရန်အတွက် ယာယီမီးသတ်စခန်း ၅၀×၂၆×၁၅ ပေ သွပ်မိုး၊ သွပ်ကာ ယာယီအဆောက်အဦ ဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍မိုင်းပျဉ်းမြို့နယ်၊ တုံတာနယ်မြေမီးသတ်စခန်း အဆောက်အဦနှင့်ဝန်ထမ်းနေအိမ်ဆောက်လုပ်ရန်အတွက် အထက်ပါ လျာထားသတ်မှတ်မြေနေရာအား မီးသတ်ဦးစီးဌာန အမည်ပေါက်ရရှိပါက ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပြည်နယ်ရန်ပုံငွေဖြင့် ထည့်သွင်းလျာထားဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း (၂နှင့် ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ အလယ်ပိုင်း ရပ်ကွက်မှနေပြီး ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိသွားမည့်



D/real(wide) (7



ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရုံးဆောက်လုပ်ရန်မြေနေရာမရှိသဖြင့် မိုင်းပျဉ်းမြို့၊ မိန်းဆန်းရပ်ကွက် ဝမ်မိုင်ကွက်သစ်တွင် ပေ ၃၀×ပေ ၂၀ တစ်ထပ်အိမ်အား ၁ လလျှင် ကျပ် ၇၀၀၀၀ဖြင့်ငှားရမ်း၍ ရုံးဖွင့်လှစ်ခဲ့သည်မှာ ၃ နှစ်ကျော်လွန်လာခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူရုံးဝန်ထမ်း ၆ ဦးလည်း ပြင်ပတွင် အိမ်ငှားရမ်းနေထိုင်ကြရပါတယ်။ မိုင်းပျဉ်းမြို့နယ်ကျေးလက်ဦးစီးဌာနရုံးမြေနေရာအား ယခင်မိန်းဆန်းရပ်ကွက်ကွင်းအမှတ် (၁၁)၊ မြေဧရိယာ ၀. ၅၀၄ ဧက မြေနေရာအား ရုံးဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပြီး မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆နှင့် မြေပေးမိန့်များ ရရှိခဲ့ပြီးနောက် မိုင်းပျဉ်းမြို့ အစ္စလာမ်ဘာသာဝင်များမှ ၎င်းတို့၏ ဘိုးဘွားမိဘများထာဝရလဲလျောင်းရာမြေဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ တင်ပြတိုင်ကြားခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ရုံးဆောက်လုပ်ရန်အတွက် ရရှိခဲ့သည့်ဘတ်ဂျက်အားပြန်လည်အပ်နှံပေးခဲ့ရပါတယ်။

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဦးစီးဌာနရုံးဆောက်လုပ်ရန် ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၈၇. ၃၂သန်းထပ်မံရရှိခဲ့ရာရုံးမြေနေရာရရှိရန်အလယ်ပိုင်းရပ်ကွက် စွမ်တောင်းရွာမြေကွက်အမှတ် (၃၉)၊ မြေဧရိယာ (၀. ၂၇၉)ဧက အား မိုင်းပျဉ်းမြို့နယ် လယ်ယာစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာနမှ စိစစ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထိုမှတစ်ဆင့်မြို့နယ်၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများမှစိစစ်ထောက်ခံပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့တင်ပြခဲ့ပြီးကြောင်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဦးစီးဌာန အတွက် ရုံးဆောက်လုပ်ရန် ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်သည့်အပြင် မြေနေရာကိုလည်း သက်ဆိုင်ရာဌာနအသီးသီးမှ စိစစ်ထောက်ခံ တင်ပြခဲ့ပြီးဖြစ်ရာ ရုံးဆောက်လုပ်သွားရန် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဦးစီးဌာနအတွက် လျာထားသတ်မှတ်ပေးသည့် မြေနေရာအား အတည်ပြုပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလှဝင်းမေးမြန်းသည့် ပထမမေးခွန်း ဖြစ်သည့် မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက် စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာသွားလာရာ ကျောက်ချောလမ်းတွင် နမ့်ပိန်းချောင်း ကူးတံတားအကျယ် ၁၆၀ပေ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့အလယ်ပိုင်း ရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာသွား လမ်းပေါ်ရှိ နမ့်ပိန်းတံတား ၁၆၀ ပေအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေး





လမ်းပေါ်မှာဆိုလျှင် နမ့်ပိန်းချောင်းကူးတံတား အကျယ်ပေ ၁၆၀ တည်ဆောက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာသွားရာ ကျောက်ချောလမ်း ပေါ်တွင်ရှိ နမ့်ပိန်းချောင်းအား ပြည်သူလူထုနှင့်ဌာနဆိုင်ရာပူးပေါင်းပြီး ကွန်ကရစ်တံတားတည်ဆောက်ထားပါသော်လည်း စံချိန်စံညွှန်းမမီ သဖြင့် ဆိုင်ကယ်၊ ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပါတယ်။ ကုန်တင်ယာဉ်နှင့် လူတင်ယာဉ်များသည် ရေနည်းသည့် နွေ/ဆောင်း အခါတွင် ချောင်းအားဖြတ်သန်းကူးသွားလာနေကြရပါတယ်။

အဆိုပါနမ့်ပိန်းချောင်းကူးတံတားအကျယ်၁၆၀ပေအား အသစ်ပြန်လည်တည်ဆောက်ပေးမည်ဆိုပါက မိုင်းပျဉ်းမြို့ တောင်ဘက်ဒေသရှိ ကျေးရွာအုပ်စု ၁၂ စုမှ ကျေးရွာပေါင်း၁၆၀ရှိ ပြည်သူလူထုများ၏ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုချောမွေ့စွာ မြို့နှင့်ဆက်သွယ်ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၏တဖက်တစ်လမ်းမှအကျိုးပြုမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက် စွမ်းတောင်းရွာ မှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာလမ်းပေါ်ရှိ နမ့်ပိန်းချောင်းကူးတံတား အကျယ် ၁၆၀ ပေအား ဆောက်လုပ်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဆက်လက်ပြီးမေးခွန်း၃ကို ကျွန်တော်မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်း မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လျာထား သတ်မှတ်သည့်ရုံးမြေနေရာအား အတည်ပြုပေးနိုင်မည့် အစီအစဉ်



D/real(wide) (8

နိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြခဲ့သော်လည်း ခွင့်ပြုရန်ပုံငွေရရှိခဲ့ခြင်း မရှိပါသဖြင့် ကျေးလက်လမ်းတံတား ၁၅ နှစ် စီမံကိန်း၏ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲတင်ပြထားပြီးဖြစ်ပါကြောင်း နှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် လျာထား သတ်မှတ်ထားသည့် ရုံးမြေနေရာအား အတည်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး မိုင်းပျဉ်းမြို့နယ် ကျေးလက် ဦးစီးဌာနရုံး မြေနေရာအား မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက် စွမ်တောင်းရွာ၊ ကွင်းအမှတ် ၂၂/၁၊ စွမ်တောင်း နောက်ကွက် မြေကွက်အမှတ် (၃၉) ဧရိယာ ၀. ၂၇၉ ဧကအား မြေပေးမိန့်ရရှိရန် ကျိုင်းတုံခရိုင်စီမံခန့်ခွဲမှုကော်မတီမှ တင်ပြလာမှုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၂-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၅၃၄၂/ ၆-၆၃၃/အစရ (ရှမ်း)ဖြင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာနသို့ မြေရာဇဝင်စိစစ်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်း အစီအစဉ်ပြီးဆုံးပါပြီ။





အမှတ် ၂ ဆိုတာကို အမှတ်စဉ် တပ်လို့မရသေးတဲ့အတွက် ဖျက်ပေးစေလိုပါတယ်။ နိဒါန်းမှာ ဒီဥပဒေရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကိုဖော်ပြပေးထားပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်နယ်အတွင်းမှာ မြန်မာ့ကျောက်မျက်ရတနာအချောထည် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျရှိစေရေးအတွက် ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။

အခန်း (၁)မှာ ပုဒ်မနှစ်ခုထည့်သွင်းရေးဆွဲထားပါတယ်။ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် ပုဒ်မ ၁ ကတော့ ဥပဒေ၏ အမည်ကို ဖော်ပြထားပါတယ်။

ပုဒ်မ ၂ တွင် ဥပဒေကြမ်းအတွင်းမှာ ထည့်သွင်းသုံးစွဲ ထားသည့် အစိုးရအဖွဲ့၊ ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း၊ ခွင့်ပြုမိန့်၊ ကော်မတီ၊ အခွန်၊ အသင်း၊ ခွင့်ပြုမိန့်ရရှိပြီး ကျောက်မျက်ရတနာအရိုင်းစသည့်စကားလုံးများ၏ အဓိပ္ပါယ်ဖော်ပြချက်၊ ရှင်းလင်းချက်များ ဖော်ပြပေးထားပါတယ်။

အခန်း (၂)မှာ လုပ်ငန်းလုပ်ပိုင်ခွင့်လျှောက်ထားခြင်း အကြောင်းကို ရှင်းလင်းဖော်ပြထားတာဖြစ်ပြီး ပုဒ်မ ၃နှင့် ပုဒ်မ ၄ ပုဒ်မနှစ်ခုထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၃မှာ လုပ်ငန်း လုပ်လိုတဲ့သူက ပြည်နယ်အစိုးရအဖွဲ့ဆီမှာလျှောက်ထားရန်ဖော်ပြ ထားပြီး ပုဒ်မ ၄ မှာ ပြည်နယ်အစိုးရကနေပြီး စိစစ်ပေးရန်နှင့် ခွင့်ပြုမိန့်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် ထုတ်ပေးလျှင် ခွင့်ပြုမိန့် သက်တမ်းနှင့် အခွန်များ သတ်မှတ်ပေးရန်အတွက် ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။

အခန်း (၃)မှာ စည်းကမ်းချက်များဖော်ပြထားပါတယ်။ ပုဒ်မ ၅ တစ်ခုတည်းဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ရတဲ့ သူက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းကမ်းချက်များကို လိုက်နာဖို့ဖြစ်ပါတယ်။ ထပ်ဆင့် ငှားရမ်း၍မရပါ။သတ်မှတ်ထားသည့်အခွန်ကို ပေးဆောင်ရမှာ

ဖြစ်ပါတယ်။ သက်တမ်းကုန်ဆုံးလျှင်သုံးလကြိုတင်ပြီး သက်တမ်းတိုးရန်အတွက်လျှောက်ထားရမှာဖြစ်ပါတယ်။ သက်တမ်းကျော်လွန်နေသည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ခြင်းကို ခွင့်မပြုပါ။ ရတနာအခွန်ဆောင်ပြီးသား ကျောက်မျက်အရိုင်းများကို အချောထည်လုပ်ရန်နှင့် ရတနာအခွန်မဆောင်ရသေးသည့် ကျောက်မျက်တွေကို ခွင့်မပြုရန်အတွက် ထည့်သွင်းရေးဆွဲထားပါတယ်။

အခန်း(၄)မှာကြီးကြပ်ရေးကော်မတီအကြောင်းကို ထည့်သွင်းရေးဆွဲထားပြီး ပုဒ်မ ၆နှင့် ပုဒ်မ ၇ ပုဒ်မနှစ်ခု ပါဝင်ပါတယ်။ ပုဒ်မ ၆ မှာ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းပုံကို ထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၇ မှာ ကော်မတီ၏လုပ်ငန်းတာဝန်များကိုဖော်ပြထားပါတယ်။ ကော်မတီကတော့ ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများရှိလျှင် အစိုးရအဖွဲ့ကို အကြံပြုရန်၊ တရားမဝင်ထုတ်လုပ်ခြင်း၊ တရားမဝင်တင်ပို့ရောင်းချခြင်းများကို ကာကွယ်နိုင်ရေး၊ တားဆီးနိုင်ရေးအတွက် နည်းလမ်းကောင်း များရှိလျှင် အစိုးရအဖွဲ့ကို အကြံပြုရန်၊ အစိုးရအဖွဲ့ကနေပြီး စိစစ်ခိုင်းသည့် ကိစ္စများကို စိစစ်တင်ပြရန်၊ ခွင့်ပြုမိန့်ထုတ်ပေးရန်အတွက် လျှောက်ထားလာသည့်အခါတွင် ကော်မတီအစည်းအဝေးထိုင် စိစစ်ပြီး အစိုးရအဖွဲ့ကိုတင်ပြရန်၊ ရတနာအခွန်ပေးဆောင်ခြင်း မရှိတဲ့ ကျောက်မျက်အရိုင်းထည်များကို အချောထည်လုပ်မည့် ကိစ္စများကို စိစစ်ရန်နှင့်ကာကွယ်တားဆီးရန် ပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ တာဝန်ပေးတာတွေကို ထမ်းဆောင်ရန် ဆိုပြီး ထည့်သွင်းရေးဆွဲထားပါတယ်။

အခန်း (၅)မှာ စီမံခန့်ခွဲရေးနည်းလမ်းများ အရေးယူဆောင်ရွက်ခြင်းအတွက် ပုဒ်မ ၈နှင့် ပုဒ်မ ၉ ပုဒ်မနှစ်ခုကို ထည့်သွင်း


D/real(wide) (8



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)ကို ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ကျွန်တော် ဒေါက်တာညီညီအောင်မှ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥပဒေ(မူကြမ်း)စာအုပ်များကိုလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပထမဆုံး မာတိကာစာမျက်နှာတွင် နိဒါန်းနှင့် အခန်း (၇)ခန်း ထည့်သွင်းရေးဆွဲထားပါတယ်။ စာမျက်နှာ(၁) ပထမဆုံးခေါင်းစဉ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ

ရေးဆွဲထားပါတယ်။ ပုဒ်မ ၈ မှာ နည်းလမ်းသုံးသွယ်နှင့် အရေးယူဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ဒဏ်ငွေဆောင်ခြင်း နည်းလမ်းသုံးသွယ်နှင့်အရေးယူဖို့ရန်အတွက် ပုဒ်မ ၈ ကို ရေးဆွဲထားခြင်းဖြစ်ပြီး ပုဒ်မ ၉ မှာ သတ်မှတ်ထားသော ဒဏ်ငွေကို မဆောင်လျှင် တရားစွဲနိုင်ရန်အတွက် ထည့်သွင်းရေးဆွဲထားပါတယ်။

အခန်း (၆)မှာ ပြစ်မှုနှင့် ပြစ်ဒဏ်များဖြစ်ပြီး ပုဒ်မ ၆ ခု ထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၁၀ မှ ပုဒ်မ ၁၅ ထိဖြစ်ပါတယ်။ ပုဒ်မ ၁၀ တွင် သက်တမ်းကျော်လွန်ပြီးလုပ်သည့်သူများကို အရေးယူရန်အတွက် ပြစ်မှု၊ ပြစ်ဒဏ်များကိုဖော်ပြထားပါတယ်။ ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး၊ ပုဒ်မ ၁၁ တွင် အပေါ်မှာဖော်ပြထားသည့်ဥပဒေများကို ဖောက်ဖျက်ကျူးလွန်လျှင် ထောင်ဒဏ် ၆ လ သို့မဟုတ် ငွေဒဏ် တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဆိုပြီး ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၂ တွင် ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းလုပ်ကိုင်သူများကိုအရေးယူရန်အတွက်ရေးဆွဲထားပြီး ထောင်ဒဏ် ၁ နှစ်အထိ ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး၊ ပုဒ်မ ၁၃ တွင် တရားမဝင်ကျောက်မျက်အရိုင်းများကို အချောထည်လုပ်မည်ဆိုလျှင် အရေးယူရန်အတွက် ထည့်သွင်းရေးဆွဲထားပြီး ထောင်ဒဏ် ၃ နှစ် သို့မဟုတ် ငွေဒဏ် ငါးသိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ဆိုပြီးရေးဆွဲထားပါတယ်။

ပုဒ်မ ၁၄ တွင် ကိုယ်တိုင်ကျူးလွန်တာမဟုတ်ဘဲ ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုသည့် သူများကိုလည်းအလားတူအရေးယူရန်အတွက်ထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၁၅ တွင် အရေးယူရမည့်အပြင်-

(က) ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေး





ကျွန်တော်တို့ သယံဇာတကျောက်မျက်ရတနာနယ်မြေတွင် သယံဇာတလုပ်ကွက်များရယူပြီး ကျောက်မျက်အရိုင်းများ တူးဖော်ထုတ်လုပ်နေကြသည့်ကုမ္ပဏီများအတွက်လည်းပြည်တွင်းဈေးကွက်တစ်ခုကိုရရှိစေခြင်း၊ ခရီးသွားလုပ်ငန်းများကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်းစသည့် သွယ်ဝိုက်တဲ့အကျိုးကျေးဇူးများလည်းရရှိစေနိုင်မှာဖြစ်သည့်အတွက် ဒီကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ အားလုံးက ဒီနေ့ရက်စွဲဖြင့် တင်သွင်းရန်အတွက် ဆုံးဖြတ်တင်သွင်းခြင်းဖြစ်ပါတယ်။

ဒါကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄) ပုဒ်မ ၁၈၈ နှင့် အခန်း (၅) ပုဒ်မ ၂၅၅ တို့ကနေ ဖွင့်ဆိုထားသည့် ဇယား ၂ အမှတ်စဉ် ၄ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုသည့် လုပ်ပိုင်ခွင့်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆ (က) အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီကို လွှဲပြောင်းပေးမှာဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံးကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်း



D/real(wide) (8)

နှင့်စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုရန်ရှိပါက ဆွေးနွေးမည့်အချက်များ ကို ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ ၇-၇-၂၀၁၇ ရက်နေ့ နောက်ဆုံး ထားပြီးပေးပို့ကြဖို့ဖြစ်ပါတယ်။

## ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃နှင့် ၂၄ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)နှင့် (ခ)တို့အရ ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ဖွဲ့စည်းဆောင်ရွက် ခဲ့ပါတယ်။ ယခုအခါ ရေးရာကော်မတီဝင်များ လစ်လပ်လျက်ရှိသော အောက်ပါရေးရာကော်မတီများအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၀(က)နှင့် (ခ)တို့အရ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် အစားထိုးတာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်-

(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ

| | | | |
|---|---|---|---|
| (က) | ဦးထွန်းရင်<br>ညောင်ရွှေမြို့နယ်<br>မဲဆန္ဒနယ်အမှတ်(၁)<br>ဥက္ကဋ္ဌ | အစား | ဦးခင်မောင်ဝင်း<br>ညောင်ရွှေမြို့နယ်<br>မဲဆန္ဒနယ်အမှတ်(၁)<br>အဖွဲ့ဝင် |

( ခ) ဒုတိယဗိုလ်မှူးကြီးလှိုင်ထွန်းအောင်၊ ကြည်း-၂၃၈၂၁ တပ်မတော်သားကိုယ်စားလှယ်၊ အဖွဲ့ဝင်အသစ် ခန့်အပ်ခြင်း။



D/real(wide) (8



ကို ပြည်သူ့ဘဏ္ဍာအဖြစ် မဖြစ်မနေ သိမ်းဆည်းရန်နှင့်

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အဦ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် လိုအပ်လျှင် သိမ်းဆည်းရန် ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါတယ်။

နောက်ဆုံးအခန်း (၇) အထွေထွေတွင် ပုဒ်မ ၃ ခု ရေးဆွဲထားပါတယ်။ ပုဒ်မ ၁၆ တွင် တရားရုံးကို တင်ပို့သည့်အချိန်တွင် သက်သေခံ ပစ္စည်းအဖြစ် တရားရုံး ရှေ့မှောက်ကို တင်ပြဖို့ရာ မလွယ်ကူသည့် အခြေအနေမျိုးတွင် ထောက်ခံစာဖြင့် တင်ပြနိုင်အောင် ထည့်သွင်းရေးဆွဲထားပါတယ်။ ပုဒ်မ ၁၇ တွင် ဤဥပဒေအရ ကျူးလွန်တာတွေကို ရဲအရေးပိုင်သည့်ဥပဒေအဖြစ် သတ်မှတ်ရန် ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပြီး ပုဒ်မ ၁၈ တွင် ဥပဒေ အရ လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့် အညီ ပြည်နယ်အစိုးရက ထုတ်ပြန်နိုင်အောင် ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေဟာဆိုလျှင် ရှမ်းပြည်နယ်၏ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်ဆက်စပ်ပြီး ကျောက်မျက်အချောထည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊အသေးစားနှင့် အလတ်စားလုပ်ငန်းများ အများအပြားပေါ်ထွန်းလာရေး၊အဲ့ဒီကနေတစ်ဆင့်ဆက်နွှယ်သည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ ရှမ်းပြည်နယ် ပြည်သူလူထု၏ အခွန်ဘဏ္ဍာများကိုရရှိရေးစသည့်အချက်များနှင့် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက် ရေးကို တိုက်ရိုက်အထောက်အကူပြုမည့် ဥပဒေတစ်ရပ်ဖြစ်သည့် အပြင်

(၂) ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ

| | | |
|---|---|---|
| (က) ဗိုလ်မှူး | အစား | ဒုတိယဗိုလ်မှူးကြီး |
| ဒေါ်နှင်းယုကျော် | | မောင်မောင်ကို |
| အင်န်-၅၆၄ | | ကြည်း-၁၉၀၃၅ |
| တပ်မတော်သား | | တပ်မတော်သား |
| ကိုယ်စားလှယ် | | ကိုယ်စားလှယ် |
| အဖွဲ့ဝင် | | အဖွဲ့ဝင် |

(၃) ရှမ်းပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ

| | | |
|---|---|---|
| (က) ဒုတိယဗိုလ်မှူးကြီး | အစား | ဒုတိယဗိုလ်မှူးကြီး |
| ညီညီတင် | | ကျော်သူရ |
| ကြည်း-၃၀၅၄၅ | | ကြည်း-၂၃၈၁၄ |
| တပ်မတော်သား | | တပ်မတော်သား |
| ကိုယ်စားလှယ် | | ကိုယ်စားလှယ် |
| အဖွဲ့ဝင် | | အဖွဲ့ဝင် |

တို့ဖြစ်ပါတယ်။

ပြန်လည်ဖွဲ့စည်းသည့်ကော်မတီများကို အပြည့်အစုံဖတ်ကြားတင်ပြရမည်ဆိုလျှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ

| | | |
|---|---|---|
| (၁) ဦးလင်းအောင်ဆွေ | နမ့်စန်-၁ | ဥက္ကဋ္ဌ |
| (၂) ဦးစိုင်းစံထွန်း | ကွန်ဟိန်း-၁ | အဖွဲ့ဝင် |
| (၃) ဦးစောမူးလာ | မိုင်းတုံ-၁ | အဖွဲ့ဝင် |
| (၄) ဦးခင်မောင်ဝင်း | ညောင်ရွှေ-၁ | အဖွဲ့ဝင် |





| | | |
|---|---|---|
| (၈) ဒုတိယဗိုလ်မှူးကြီး | ကြည်း-၂၃၈၁၄ | အဖွဲ့ဝင် |
| ကျော်သူရ | တပ်မတော်သား | |
| | ကိုယ်စားလှယ် | |
| (၉) ဦးခွန်သူရအောင် | တောင်ကြီး-၂ | အတွင်းရေးမှူး |

တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖော်ပြပါနေရာနှင့် ဖော်ပြပါကော်မတီများတွင် ကော်မတီဝင်များအဖြစ် အစားထိုး၊ ပြင်ဆင်၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၇၀) အရ လွှတ်တော်၏ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကော်မတီဝင်များ အစားထိုး၊ ပြင်ဆင်၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်မှ သဘောတူတဲ့အတွက် ကော်မတီဝင်များ အစားထိုး၊ ပြင်ဆင်၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို အတည်ပြုကြောင်းကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန် လ ၈ ရက်၊ ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်၊ ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။



D/real(wide) (8





| | | | |
|---|---|---|---|
| (၅) | ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် | ကြည်း-၂၃၈၂၁ တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၆) | ဦးမင်းမင်းသိန်း | မဘိမ်း-၂ | အတွင်းရေးမှူး |

တို့ဖြစ်ပါတယ်။

ဆက်လက်ပြီးဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင် ရာစိစစ်ရေးကော်မတီမှာ

| | | | |
|---|---|---|---|
| (၁) | ဦးခင်မောင်တင့် | တာချီလိတ်-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးဒါဝိဒ် | မိုင်းဆတ်-၂ | အဖွဲ့ဝင် |
| (၃) | ဦးတင်လှိုင် | နမ္မတူ-၁ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းမွန်းလိန် | မိုးနဲ-၁ | အဖွဲ့ဝင် |
| (၅) | ဦးရန်ကျော် | ဟိုပန်-၂ | အဖွဲ့ဝင် |
| (၆) | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို | ကြည်း-၁၉၀၃၅ တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | ဒေါ်နန်းစမ်းစမ်းအေး | သီပေါ-၁ | အတွင်းရေးမှူး |

တို့ဖြစ်ပါတယ်။

ဆက်လက်ပြီးတရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ မှာ

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းလုံ | နမ့်စန်-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းမြင့်ထူး | မိုင်းရယ်-၁ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းအောင်ခမ်း | မိုင်းပန်-၂ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းနောင့် | မိုင်းပန်-၁ | အဖွဲ့ဝင် |
| (၅) | ဦးခွန်မောင်ဖြူ | ဟိုပုံး-၁ | အဖွဲ့ဝင် |
| (၆) | ဦးအေးမောင် | နမ့်ခမ်း-၂ | အဖွဲ့ဝင် |
| (၇) | ဦးကျကဇော် | မက်မန်း-၂ | အဖွဲ့ဝင် |

## ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## ဆဋ္ဌမပုံမှန်အစည်းအဝေး
## (တတိယနေ့)မှတ်တမ်း
## ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်
## ၂၀၁၇ ခုနှစ်၊ ဇွန် လ ၈ရက်
## [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးစိုးစိုးသက်၊ လက်ထောက်ညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

### ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ



D/real(wide) (8



ဆိုင်ရာနည်းဥပဒေ၃၄(ခ)တို့အရအစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

### ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ခ)အရ ဒုတိယ အကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

### အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၈-၆-၂၀၁၇)ရက်နေ့(တတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှာ -

(၁) ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁) ရက်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထား သူ(၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားထားသူ(၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၄)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်



D/real(wide) (8



ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး(တတိယ) နေ့အားကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ ဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၄၁)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၈)ဦး တက်ရောက်ပါတယ်။အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၉၀. ၇၈%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်

လွှတ်တော်သို့ လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (တတိယနေ့) ကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၃)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး တတိယနေ့သို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့ အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။





လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရပ်စောက်မြို့နယ်၊ဖောင်းတောကျေးရွာအုပ်စု၊ဘုရားဖြူကျေးရွာနေ တောင်သူ ၉၈ဦးနှင့် ဦးအောင်တင်ရွှေ (ရွှေငါးကုမ္ပဏီ)မှ သိမ်းဆည်းခံမြေယာအမှုတွဲသည် ၂၀၁၄ခုနှစ်ကတည်းက စတင်ခဲ့ပြီး ယနေ့ ၂၀၁၇ ခုနှစ်အထိပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်း မရှိပါ၍ အမြန်ဆုံးဖြေရှင်းကူညီဆောင်ရွက်ပေးပါရန် ဦးကျော်လှပါ (၂)ဦးတို့ လက်မှတ်ထိုး၍ လွှတ်တော်ကိုယ်စားလှယ်ထံတင်ပြ အကူအညီတောင်းခံလာသည့်အတွက် ယခုမေးခွန်းအားမေးမြန်း ရခြင်းဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ သိမ်းဆည်းမြေယာ မှုခင်းပြဿနာအထောက်အထား စာရွက်စာတမ်းများကို စစ်ဆေး ကြည့်ရှုရာ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဖောင်းတော အုပ်စုရုံး၏ ၂၀-၆-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၀၁/၁-၁/ဖတ (၀၀၁)အရ မြေယာမှုခင်းအမှုဖွင့်လှစ်၍ စစ်ဆေးပြီးဆုံးဖြတ် ထားကြောင်းတွေ့ရှိရပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီ၏ ၂-၅-၂၀၁၄ရက်စွဲပါစာအမှတ်၊၄(၅၁-၁၂) ဦး-၁ ဖြင့် အမှုတွဲကိုတောင်းခံပြီးပြန်လည်စစ်ဆေးဆောင်ရွက်ထားကြောင်း ကိုလည်း ထပ်မံတွေ့ရှိရပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၏ နှစ်ဘက်အငြင်းပွားတောင်သူများနှင့် သိမ်းဆည်းရယူသူ ဦးအောင်တင်ရွှေတို့ကိုခေါ်ယူစစ်ဆေးချက် မှတ်တမ်းများအရ ပိုင်ဆိုင်မှုအထောက်အထားမြေယာလုပ်ပိုင်ခွင့်ပုံစံ(၇)ကို နှစ်ဘက် စလုံးမှတင်ပြနိုင်ခြင်းမရှိကြောင်းကိုလည်းလေ့လာတွေ့ရှိရပါတယ်။ အငြင်းပွားမြေနေရာသည် ၁၉၉၀ခုနှစ်တွင် စတင်သိမ်းဆည်းခဲ့ပြီး တရားဝင် လုပ်ပိုင်ခွင့် မှတ်တမ်းများ မရှိကြောင်း ကာယကံရှင် ဦးအောင်တင်ရွှေ၏ ထွက်ဆိုချက်အရ သိရှိရပါတယ်။ ဒေသခံ တောင်သူများမှလည်း ၁၉၆၉-၁၉၇၀ခုနှစ်မှ စ၍ ၁၉၉၀ခုနှစ်ထိ

ယာစပါး၊ မြေပဲသီးနှံများ စိုက်ပျိုးခဲ့ကြောင်း မြေခွန်ပြေစာများတင်ပြထားသော်လည်း မြေယာလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိတင်ပြထားကြောင်း မတွေ့ရှိရပါ။

၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ(၁၃)တွင် ဤဥပဒေ အာဏာတည်ပြီးသည့်နောက်လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်ထားရှိပြီးမှသာဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်ဟုအတိအလင်းပြဋ္ဌာန်းထားခြင်းကြောင့် ယခုမြေယာမှုခင်းပြဿနာသည် ဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ပုံစံ(၇)မရှိသော သိမ်းဆည်း မြေယာပြဿနာတစ်ခုသာ ဖြစ်ပါတယ်။ ထို့ကြောင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် မူလမြေယာမှုခင်းဖွင့်လှစ် ဆောင်ရွက်နိုင်ခွင့်မရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၁၅ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅/ (၀၀၃/ ၂၀၁၆)ဖြင့်လည်း မူလမှုခင်းဖွင့်လှစ်ဆောင်ရွက်ခွင့်ကို ပုံစံ(၇) ထုတ်ပေးပြီးမှသာ ဖွင့်လှစ်ခွင့်ရှိကြောင်း ညွှန်ကြားပြီးဖြစ်ပါတယ်။ တနည်းအားဖြင့် ဥပဒေက ခွင့်မပြုဘဲ မူလမှုခင်းကိုဆောင်ရွက်ခွင့် မရှိပါ။ လယ်ယာမြေ နှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည် စိစစ်ရေးကော်မတီ၏ ၂၀၁၆ခုနှစ်၊ ဇွန်လ ၈ရက်နေ့ရက်စွဲပါ စာအမှတ်၊ ၃၉/၁ ကော်မတီ (ဗဟို)/ ၂၀၁၆အရညွှန်ကြားချက် နှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ညွှန်ကြား ထားပြီးဖြစ်ပါသဖြင့် မြေသိမ်းဆည်းခံရသူ တောင်သူများသည် ညွှန်ကြားချက်နှင့်အညီ သိမ်းဆည်းခံမြေ/စစ်ကော်မတီသို့ တင်ပြ ထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဦးအောင်တင်ရွှေနှင့်(ရွှေငါးကုမ္ပဏီ) ဖောင်းတောကျေးရွာအုပ်စု၊ ဘုရားဖြူကျေးရွာနေ တောင်သူ (၉၈)



D/real(wide) (9



## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးကမေးမြန်းထားတဲ့မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်ကဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ မူလမှုခင်းဖွင့်လှစ် စစ်ဆေးထားခြင်းကိုပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဦး၏ မူလမြေယာမှုခင်းစစ်ဆေးချက်သည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်မညီညွတ်ပါသဖြင့် ယင်းစစ်ဆေးချက်အမှုတွဲများအားပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွလွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြတဲ့ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မေးမြန်းထားတဲ့ ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ဘုရားဖြူကျေးရွာနေတောင်သူ ၉၈ဦး၊ ယာမြေ(၄၉၆)ဧကကို ဦးအောင်တင်ရွှေ (ရွှေငါးကုမ္ပဏီ)မှသိမ်းဆည်းခဲ့တဲ့ မြေယာကိစ္စဟာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင်ဆင့်မှ မူလအမှုဖွင့်စစ်ဆေးထားခြင်းကို ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု ၊ ဘုရားဖြူကျေးရွာ(ကွင်းပြင်ပ)မှာရှိတဲ့ ယာမြေဧရိယာ(၄၉၆)ဧကကို ဦးအောင်တင်ရွှေ(ရွှေငါးကုမ္ပဏီ)မှ





ခန့်ခွဲရေး အဖွဲ့မှ (၁၇-၉-၂၀၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဉ် (၁၂/၂၀၁၄) ဆုံးဖြတ်ချက် အပိုဒ် ၁၀အရ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှု အနေဖြင့် တိုင်ကြားသူနှင့် တိုင်ကြားခံရသူ နှစ်ဦးနှစ်ဖက်အား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ကို ဥပဒေနှင့်အညီ လျှောက်ထားရယူစေရန်နှင့် စိစစ်ဆောင်ရွက်သွားရန် အသိပေးအကြောင်းကြားခဲ့ပါတယ်။မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တိုင်ကြားသူနှင့် တိုင်ကြားခံရသူနှစ်ဖက်တို့အား လယ်ယာမြေဥပဒေ ပုဒ်မ၁၃နှင့်အညီ တရားဝင်ဖြေရှင်း ဆောင်ရွက်နိုင်ခွင့်ရှိစေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်အပြိုင်လျှောက်ထားကြရန် အကြောင်းကြားခြင်းသာဖြစ်ကြောင်း၊ ဥပဒေနှင့်ညီညွတ်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အား လယ်ယာမြေဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ အယူခံမှုအဖြစ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းမဟုတ်ဘဲ လယ်ယာမြေဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား တည့်မတ်လမ်းညွှန်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင်ပါရှိသည့် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စစ်ဆေးချက်အမှုတွဲအား ပယ်ဖျက်ပေးရန်မလိုအပ်ပါကြောင်းနှင့် လယ်ယာမြေဥပဒေပုဒ်မ ၁၃နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အားအကြောင်းကြားထားရှိသည့်အတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့်ကိုအပြိုင်လျှောက်ထား ဆောင်ရွက်ကြရန်



D/real(wide) (9

ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ဥက္ကဋ္ဌကြီးခင်ဗျား။ တဆက်တည်းမေးခွန်းကို မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ဖြေကြားချက်ဟာ တော်တော်လေးတော့ ပြည့်စုံနေပြီ။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ကျွန်တော်မေးမြန်းတဲ့အထဲမှာ ဥပဒေနှင့်မညီညွတ်တဲ့ကိစ္စလေးကို High Light လုပ်ပြီး ပြန်လည် ရှင်းလင်း တင်ပြချင်လို့ပါခင်ဗျား။

**ဥက္ကဋ္ဌ။** အဲ့ဒီတော့ဆက်စပ်မေးခွန်းကိုသက်ဆိုင်ရာ ဝန်ကြီးတွေအနေနဲ့ဖြေနိုင်ရင်ဖြေမယ်။ မဖြေနိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့ ရုံးအဖွဲ့နဲ့ ဆက်သွယ်ပြီးတော့မှ ကျွန်တော်တို့ စီစဉ်ပေးလို့ရတယ်။ မေးပါ။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ကြီးဖြေကြားသွားချက်မှာ ကျွန်တော်တို့ ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို အပြိုင်လျှောက်ထားဖို့ ဦးစားပေးပြီးရှင်းလင်းတင်ပြသွားတာကိုတွေ့ရှိရပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းမှာ ယခုသိမ်းဆည်းသူနဲ့ သိမ်းဆည်းခံရသူတို့(၂)ဦး ကြားသည် သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က ဥပဒေပါအခွင့်အရေးမပေးထားတဲ့ မူလမူခင်းကို စစ်ဆေး ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မူလမူခင်း ဖွင့်လှစ်ဖို့



D/real(wide) (9



သိမ်းဆည်းခဲ့ကြောင်း ဘုရားဖြူကျေးရွာနေ တောင်သူ (၉၈)ဦး တင်ပြသည့် မြေသည်မြေပြင်တိုင်းတာစစ်ဆေးချက်အရ ယာမြေဧရိယာ(၃၃၃. ၇၆)ဧကရှိကြောင်းတွေ့ရှိရပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ အခွန်စည်းကြပ်မှု မှတ်ပုံတင်စာရင်းမှာ ဦးအောင်တင်ရွှေအမည်ဖြင့် ၂၀၀၃ခုနှစ်မှစ၍ ဦးပိုင်အမှတ်(၄၅)၊ ယာမြေဧရိယာ (၃၀၂. ၇၂)ဧကဟုမှတ်သားထား ရှိသော်လည်း တိုင်းတာစစ်ဆေးချက်အရ ယာမြေဧရိယာ(၁၉၆. ၅၅) ဧကရှိတာတွေ့ရပါတယ်။ ဦးထွန်းရွှေအမည်ဖြင့်လည်း၂၀၀၃ခုနှစ်မှ စ၍ ဦးပိုင်အမှတ်(၄၅-က)၊ ယာမြေဧရိယာ (၁၀၂. ၁၀)ဧကဟု မှတ်သားထားရှိသော်လည်း တိုင်းတာစစ်ဆေးချက်အရ ယာမြေဧရိယာ (၇၄. ၁၃)ဧကနှင့် ဒေါ်နှင်းဖြူအမည်ဖြင့် ၂၀၀၃ခုနှစ်မှစ၍ ဦးပိုင်အမှတ်(၄၅-ခ)၊ ယာမြေဧရိယာ(၇၅. ၁၆)ဧကဟုမှတ်သားထားရှိသော်လည်း တိုင်းတာစစ်ဆေးချက်အရ ယာမြေဧရိယာ(၆၃. ၀၈) ဧကအသီးသီးတည်ရှိနေကြောင်းစစ်ဆေးတွေ့ရှိရပါတယ်။

ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ဘုရားဖြူကျေးရွာနေ၊ တောင်သူ(၉၈)ဦး၏ တိုင်ကြားမှုအပေါ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ(၂၀-၆-၂၀၁၄) ရက်နေ့တွင် ဦးအောင်တင်ရွှေ၊ ဒေါ်နှင်းဖြူနှင့် ဦးထွန်းရွှေတို့ ပိုင်ဆိုင်သော ယာမြေများအား အထက်လယ်ယာမြေကော်မတီအဖွဲ့အစည်းများမှ ပြန်လည်၍ သိမ်းယူသင့်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၃မှာ“ ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင် ဖြေရှင်း ဆောင်ရွက်နိုင်ခွင့်ရှိသည်”ဟု ပြဋ္ဌာန်းထားရှိသည့် အလျောက် အငြင်းပွားသည့် မြေသည်လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ထားခြင်းမရှိသေးသောကြောင့် မြို့နယ်လယ်ယာမြေ စီမံ

အတွက် ပုံစံ(၇)ကိုအပြိုင်လျှောက်ထားရမှာကတော့ ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်ပါတယ်။ ဒါပေမဲ့ယခုလက်ရှိအခြေအနေက ကျေးရွာအုပ်စုက မူလမှုခင်းဖွင့်လှစ်တယ်။ မူလမှုခင်းဖွင့်လှစ်တာကို ရှုံးသွားတဲ့တောင်သူက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အယူခံတက်တယ်ဆိုတဲ့ ဒီလိုမျိုးလုပ်ဆောင်တဲ့လုပ်ဆောင်ချက်ဟာ ဥပဒေမှာအခွင့်အရေးမပေးထားပါဘူး။ အဲ့ဒီတော့ ဒီအမှုတွဲတွေဟာ ဒီလိုသာရှိနေမယ်ဆိုရင် လုပ်ပိုင်ခွင့်ပုံစံ(၇)ကို အပြိုင်လျှောက်ထားရမှာလည်း ဒါတွေဟာ ကျွန်တော်တို့ သက်ဆိုင်ရာတောင်သူတွေအတွက် အနှောင့်အယှက်အဟန့်အတားသဖွယ်ဖြစ်လာပါတယ်။ ဒါကြောင့်မို့ဥပဒေကခွင့်မပြုထားတဲ့ ပုဒ်မ(၁၃)အရ ဤဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအရှုပ်အရှင်းဖြစ်မှုဟာလည်းဦးစီးဌာနတွေရဲ့မှတ်ပုံတင်ထားပြီးမှသာဆိုတာမျိုးပါရှိပါတယ်။ မှတ်ပုံတင်ထားရှိပြီးမှဆိုတာပုံစံ(၇)ကိုဆိုလိုခြင်းဖြစ်ပါတယ်။ ပုံစံ(၇)မရှိဘဲနဲ့ မူလမှုခင်းဆောင်ရွက်ထားတဲ့ကိစ္စတွေကိုပယ်ဖျက်ခြင်း ရှိ/မရှိ ဒါကို အဓိကထားပြီးမေးခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဲ့ဒီတော့ သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ဖြေဖို့အစီအစဉ်ရှိရင် ဖြေကြားနိုင်ပါတယ်။ ဖြေဖို့အစီအစဉ် မရှိဘူးဆိုရင် မေးမြန်းတဲ့ကိုယ်စားလှယ်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ဆက်သွယ်ပြီး သီးခြားဆောင်ရွက်လို့ရပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးခိုင်ညီညီကျော်ကဒုတိယ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ဆက်လက်ပြီးတော့ ကျွန်တော်မေးမြန်းသွားမယ့် မေးခွန်းကတော့ ရပ်စောက်မြို့နယ်အတွင်းရှိ ယမ်းတွင်းငါးကြောင်





လိုအပ်လျက်ရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကျေးရွာများတွင် နေထိုင်သော ပြည်သူ လူထုသည် မိမိတို့၏ သားသမီးများကို ပညာတတ်များ ဖြစ်စေရန် စိတ်အားထက်သန်စွာဖြင့် ၎င်းတို့၏ ငွေကြေးများကို စိုက်ထုတ်ပြီးလိုအပ်လျက်ရှိသော စာသင်ဆောင်များကို အားကြိုးမာန်တက်ဆောင်ရွက်နေကြသော်လည်း သီးနှံဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ဝင်ငွေနည်းပါးနေကြရာ ၎င်းတို့၏ ကိုယ်ထူကိုယ်ထကျောင်းဆောင်များပြီးစီးအောင်ဆောက်လုပ်နိုင်ခြင်း မရှိသည့်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သင့်လျော်သော ငွေစာရင်းခေါင်းစဉ်အောက်မှဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၏ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှဖြေကြားသွားမှာဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အတွင်းရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်း ပင်လုံတွင်ကျောင်းဆောင်များအနေဖြင့်



D/real(wide) (9

အဆောင်(၁) ၆၀ပေ × ၃၀ပေ၊ သွပ်မိုးအုတ်ညှပ် ၂ခန်းပါ ၁ဆောင် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်က နိုင်ငံတော်ဘဏ္ဍာဖြင့်ဆောက်လုပ်ခဲ့ပါတယ်။ နောက်ထပ်အဆောင် ၁ဆောင်ဖြစ်တဲ့ အဆောင်၂ အနေနဲ့ ၉၀ပေ × ၃၀ပေ၊ သွပ်မိုးအုတ်ညှပ် ၃ခန်း ၁ဆောင်အားကိုယ့်အားကိုယ်ကိုးဆောက်လုပ်လျက်ရှိပြီး အခင်း၊ ပြတင်းတံခါးတပ်ဆင်ရန်နှင့် နံရံအချောသတ်ပြုလုပ်ရန် ကျန်ရှိနေပါတယ်။ လက်ရှိအားဖြင့်ကတော့ ၇၅%ပြီးစီးနေတဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ ကျောင်းသားဦးရေအနေဖြင့် KG ၂၅ဦး၊ ပထမတန်း ၁၆ဦး၊ ဒုတိယတန်း ၂၀ဦး၊ တတိယတန်း ၁၈ဦး၊ စတုတ္ထတန်း ၅ဦး၊ စုစုပေါင်း ၈၄ဦး၊ တန်းခွဲ ၅ခုနှင့် ပဥ္စမတန်း၁၃ဦး၊ ဆဋ္ဌမတန်း ၁၇ဦး၊ စုစုပေါင်း ၃၀ဦး၊ တန်းခွဲ၂ခုရှိပြီး မူလတန်း၊ အလယ်တန်း စုစုပေါင်း ၁၁၄ ဦးရှိပြီး တန်းခွဲ ၇ ခုရှိပါတယ်။

ကျောင်းသားဦးရေနှင့် တန်းခွဲအရ လိုအပ်နေသော ကိုယ်ထူကိုယ်ထစာသင်ကျောင်းဆောင်ကို ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် အပြီးသတ်လုပ်ဆောင်နိုင်ရန်အတွက် Engineer တွက်ချက်မှုပုံစံဖြင့် အမှုတွဲတောင်းခံပြီး (၀၄၀၂)ငွေစာရင်းခေါင်းစဉ်အောက်မှ ခွဲဝေချထားပေးမည်ဖြစ်ပါတယ်။ လိုအပ်လျက်ရှိသော စာသင်ခုံများအတွက် ၂၀၁၆-၂၀၁၇ပညာသင်နှစ် ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ သဒ္ဒါမြင့်မိုရ်ကုမ္ပဏီမှပေးရန် ခုံလက်ကျန် ၁၀၀စုံရရှိလာသောအခါ မြို့နယ်ပညာရေးမှူးရုံး၊ ရပ်စောက်မြို့မှကျောင်းသားဦးရေအရ အချိုးကျခွဲဝေပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြောင်းဖြစ်တဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာမူလတန်း ကျောင်းထီခမ်း(ဖိုကုန်း)ကျောင်းတွင်စာသင်ဆောင်များအနေဖြင့် အဆောင်(၁) ၆၀ပေ×၃၀ပေ၊ သွပ်မိုးအုတ်ညှပ် ၃ခန်း ၁ဆောင်၊ အဆောင်(၂) ကျောင်းဆောင် ၃၀ပေ×၂၀ပေ၊ သွပ်မိုးအုတ်ညှပ်


D/real(wide) (9



ကျေးရွာအုပ်စုအတွင်း ပင်လုံကျေးရွာ၊ ထီးခမ်း(ဖိုကုန်း) ကျေးရွာနှင့် ညောင်သုံးပင်ကျေးရွာများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့်တည်ဆောက်ထားသော စာသင်ကျောင်းဆောင်များ၏လိုအပ်ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ရန်ပုံငွေမှဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးမေးမြန်းသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရပ်စောက်မြို့နယ်၊ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ပင်လုံကျေးရွာတွင် အလျားပေ၉၀× အနံပေ ၃၀ရှိတစ်ထပ်ကျောင်းဆောင်အုတ်ညှပ်၊ သွပ်မိုးကို ၂၀၁၂ခုနှစ်မှ စတင်၍ရပ်ရွာ၏ ဦးဆောင်မှုဖြင့် ကျောင်းသားမိဘများ၏ထည့်ဝင်ငွေဖြင့်တည်ဆောက်ခဲ့ကြောင်းသိရှိရပါသည်။ သို့သော်ယခုအခါ တံခါးမကြီးများနှင့် ပြတင်းပေါက်များ၊ စာသင်ကျောင်းထိုင်ခုံ(၁၀၀)ခန့် လိုအပ်ကြောင်းကိုလည်းကောင်း၊ ထီးခမ်း(ဖိုကုန်း)ကျေးရွာတွင် အလျား ပေ၄၀× အနံပေ ၃၀ရှိ အုတ်ညှပ်တစ်ထပ်သွပ်မိုးကျောင်းဆောင်ကို ၂၀၁၆ခုနှစ်တွင် လူထုထည့်ဝင်ငွေသိန်း (၅၀) ခန့် အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် နေထိုင်သောလူအများစုမှာ သာမန်တောင်သူ နှင့် လက်လုပ်လက်စားလုပ်ကိုင်သူများ များပြားသောကြောင့် ၎င်းတို့သားသမီးများပညာသင်ကြားနေသော ကျောင်းဆောင်ကိုဆက်လက်ဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြလာသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ရာ ထိုကျောင်းသည် နံရံကာခြင်း၊ တံခါးပေါက်များ တပ်ဆင်ရန် လိုအပ်ခြင်းနှင့် စာသင်ခုံများလိုအပ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

တဖန်ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ညောင်သုံးပင်ကျေးရွာ မူလတန်းကျောင်းသည်လည်း မိမိတို့အစီအစဉ်ဖြင့် တိုးချဲ့ဆောင်ရွက်နေရာ အထက်တွင်တင်ပြခဲ့သည့်အတိုင်း

၁ခန်း ၁ဆောင်၊ အဆောင်(၃) ၄၀ပေ×၃၀ပေ ၊သွပ်မိုးတိုင်ထောင် ကိုယ်ထူကိုယ်ထဆောက်လုပ်ဆဲကျောင်း ၁ဆောင်ဖြစ်ပါတယ်။ ၄၀%ပြီးစီးထားတဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ကျောင်းသားဦးရေမှာ KG ၁၃ဦး၊ ပထမတန်း ၁၂ဦး၊ ဒုတိယတန်း ၈ဦး၊ တတိယတန်း ၁၁ဦး၊ စတုတ္ထတန်း ၉ဦး၊ စုစုပေါင်း ကျောင်းသူ ကျောင်းသား၅၃ဦး ရှိပြီး တန်းခွဲ ၅ခုရှိပါတယ်။

တန်းခွဲအရလိုအပ်၍ ကိုယ်ထူကိုယ်ထတည်ဆောက်လျက်ရှိသော စာသင်ကျောင်းဆောင်ကို ၂၀၁၇-၂၀၁၈ပညာ သင်နှစ်တွင် အပြီးသတ်လုပ်ဆောင်နိုင်ရန်အတွက် Engineer တွက်ချက်မှုပုံစံဖြင့် အမှုတွဲတောင်းခံပြီး ဝ၄၀၂။ ငွေစာရင်းခေါင်းစဉ်အောက်မှ ခွဲဝေချထားပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတတိယအကြောင်းဖြစ်တဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်း (လွန်)ကျောင်း ညောင်သုံးပင်တွင် စာသင်ကျောင်းဆောင်များ အနေဖြင့် အဆောင်(၁) ၆၀ပေ×၃၀ပေ၊သွပ်မိုးအုတ်ညှပ် ၃ခန်း ပါ၁ ဆောင်၊၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်က နိုင်ငံတော်ဘဏ္ဍာဖြင့် ငွေလုံးငွေရင်းဖြင့်ဆောက်လုပ်ထားတဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ အဆောင်(၂)ကျောင်းဆောင် ၆၀ပေ × ၂၆ပေ ၊ အန္တရာယ် ကျောင်းဆောင်ရှိပါတယ်။ အဆောင်(၃)အနေဖြင့် ၆၀ပေ×၃၀ပေ၊ သွပ်မိုး၊အုတ်ညှပ်ကိုယ်ထူကိုယ်ထဆောက်လုပ်ဆဲကျောင်း ၁ ဆောင်ဖြစ်ပါတယ်။ တိုင်ထောင်အမိုးဆောက်လုပ်ဆဲဖြစ်ပြီး ၄၀% ခန့်ပြီးစီးထားတဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ ကျောင်းသားဦးရေမှာ KG ၄၀ဦး၊ ပထမတန်း ၂၄ဦး၊ ဒုတိယတန်း ၁၈ဦး၊ တတိယတန်း ၂၃ဦး၊ စတုတ္ထတန်း ၁၂ဦး၊ စုစုပေါင်း ၁၁၇ဦးရှိပြီး တန်းခွဲ ၅ခုရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်မူလွန်ကျောင်းအဆင့်တိုး ရရှိ၍ ပဉ္စမတန်း ၁၀ဦးရှိပါတယ်။ စုစုပေါင်းအလယ်တန်း၊



D/real(wide) (9



ပြည်သူတို့၏ တိုင်ကြားလာမှုကို ကွင်းဆင်း စိစစ်နိုင်ခဲ့ပါတယ်။ ရေးရာကော်မတီအားကောင်းမှ လွှတ်တော်အား ကောင်းမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်မိပါတယ်။

ရေးရာကော်မတီ အားကောင်းဖို့ ဆိုတာကလည်း လွှတ်တော်ရုံးအကြီးအမှူးနဲ့ ရုံးအဖွဲ့များ၊ အစိုးရအဖွဲ့များရဲ့ပံ့ပိုးမှုများစွာလိုအပ်ပါတယ်။ ကော်မတီ၏ ရပိုင်ခွင့်အပိုဒ်(၈)မှာ ကော်မတီဝင်များဟာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့် အားလျော်စွာကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ တာဝန်အရခရီးသွားရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်ဟုအတိအလင်းဖော်ပြထားပါလျက်နှင့် ကျွန်မ ဒီမေးခွန်းကိုမေးရခြင်း၏ အကြောင်းအရင်းကို ကျွန်မအနည်းငယ် ရှင်းလင်းဆွေးနွေးတင်ပြလိုပါတယ်။

ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီဟာ မိုင်းကိုင် မြို့နယ်ကို ၂၁ရက်ကနေ ၂၅ရက်နေ့အထိ ၆ရက်တိုင်တိုင် ကျွန်မတို့ ကွင်းဆင်းခဲ့ပါတယ်။ ကွင်းဆင်းတဲ့အခါမှာ ဒီလွှတ်တော်ရုံးကို အခြေပြုပြီး ဆုံရပ်အဖြစ်သတ်မှတ်ပါတယ်။ တောင်ကြီးဟိုတယ်ကို သွားတည်းတဲ့အခါမှာ အပြင်ဈေးနဲ့တည်းရပါတယ်။ တစ်ညကို ၃၆၀၀၀ိ/-ပေးရပါတယ်။ ၃၆၀၀၀ိ/-ပေးရတော့ ကျွန်မတို့ ခရီးစရိတ်က တစ်ရက်ကို ၂၀၀၀၀ိ/-ပဲရပါတယ်ရှင်။ တစ်ရက်ကို ၂၀၀၀၀ိ/-ပဲရတော့လာတဲ့နေ့က တစ်ညတည်းပါတယ်။ မိုင်းကိုင် ကနေပြန်လာပြီးတော့လည်း တစ်ညလာတည်းပါတယ်။ နှစ်ည ဆိုတော့ ၇၂၀၀၀ိ/-ပေးရပါတယ်ရှင့်။ အဲ့ဒီမှာ ကျွန်မတို့၏ ခရီး စရိတ်က ၅ရက်စာကျပ် ၁သိန်းပဲရတယ်ဆိုတော့ ကျွန်မတို့

ရေးရာကော်မတီလုပ်ငန်းကို ရှေ့ဆက်လုပ်ဖို့ဆိုတာ အခက်အခဲဖြစ်ပါတယ်။ ပြီးတော့ ကျွန်မတို့ ကွင်းဆင်းတဲ့အခါမှာ ကျွန်မနေတဲ့ သိန္နီမှတောင်ကြီးသို့လာရပါတယ်။ တောင်ကြီးမှသိန္နီကိုပြန်ရပါတယ်။ အဲ့မှာလည်း ကျွန်မတို့ ခရီးစရိတ်မရပါဘူး။ ဒါကြောင့် ကျွန်မတို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကွင်းဆင်းပြီးတော့ အစီရင်ခံစာပြန်လည်တင်ပြတဲ့အခါမှာ အစိုးရအဖွဲ့မှပြန်ကြားချက်ကိုလည်း မသိရှိရသေးပါ။ ဒါပေမဲ့ လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ကွင်းဆင်းတဲ့အခါမှာ ဒီမိုင်းကိုင်မြို့နယ်မှာကြီးကြပ်(၂)ဆိုပြီးတော့မှ ၄ယောက်လျှောက်ထားပါတယ်။လျှောက်ထားရာတွင် အမှတ်သတ်မှတ်ချက်အရ ၂ ယောက်ကို ပယ်ထားပြီးတော့ ၂ယောက်ကိုခန့်ထားပေးပါတယ်။ မိုင်းကိုင်မြို့နယ် ဒေသခံများမှာ ဝန်ထမ်းလျှောက်တိုင်း မရဘူးခဲ့ပါ။ ဒါကြောင့် ကျွန်မတို့ ရေးရာကော်မတီကို ဖုန်းဆက်ပြီး ကျေးဇူးတင်ကြောင်း ပြောကြားပါတယ်။ ဒါကြောင့် ကျွန်မတို့ ကွင်းဆင်းတဲ့အခါ မှာ ကောင်းကျိုး၊ ဆိုးကျိုးဘယ်လိုရှိသလဲဆိုတာကိုသုံးသပ်ဖို့လိုအပ်ပါတယ်။ ကွင်းဆင်းပြီးပြည်နယ်အစိုးရရဲ့ ပံ့ပိုးမှုလည်းမရှိလျှင်ကောင်းကျိုး၊ဆိုးကျိုးဘယ်လိုရှိ သလဲဆိုတာ မသိဘူးဆိုလျှင် ကျွန်မတို့က အချိန်ကုန်၊ လူပန်းပဲဖြစ်မှာပါ။ ဒါကြောင့်မို့ ကျွန်မတို့ လွှတ်တော်ရေးရာကော်မတီတွေအားကောင်းဖို့ လွှတ်တော်ရုံးအကြီးအမှူးနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးတွေရဲ့ပံ့ပိုးမှုကိုများစွာလိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့လာပြီးတည်းခိုလျှင် အပြင်နှုန်းထားအတိုင်းပေးရတယ်ဆိုတာသဘာဝကျပါတယ်။ ဒါပေမဲ့ ကျွန်မတို့ လွှတ်တော်ရေးရာကော်မတီရဲ့ တာဝန်ကို ဆောင်ရွက်ခြင်းဟာ လွှတ်တော်လုပ်ငန်းတွေရဲ့ တာဝန်ကို



D/real(wide) (9



မူလတန်းကျောင်းသူ၊ ကျောင်းသား ၁၂၇ဦး၊ တန်းခွဲ ၆ခုရှိပါတယ်။ ကျောင်းသားဦးရေနှင့် တန်းခွဲအရ လိုအပ်နေသော ကိုယ်ထူကိုယ်ထ ကျောင်းဆောင်ကို ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် အပြီးသတ်ဆောက်လုပ်နိုင်ရန် အတွက် Engineer တွက်ချက်မှုပုံစံဖြင့် အမှုတွဲတောင်းခံပြီး ၀၄၀၂။ ငွေစာရင်းခေါင်းစဉ်အောက်မှ ခွဲဝေချထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမည့်မေးခွန်းကတော့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရေးရာကော်မတီလုပ်ငန်းတာဝန်များဆောင်ရွက်စဉ် တောင်ကြီးဟိုတယ်သို့တည်းခိုပါက လွှတ်တော်အစည်းအဝေးတက်သည့်နှုန်းထားအတိုင်း ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်လွှတ်တော်ဟာ လွှတ်တော်ရေးရာကော်မတီ(၉)ခုနှင့် ပြည်သူတို့၏ လိုအပ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရှမ်းပြည်နယ်လွှတ်တော်၏သက်တမ်းမှာလည်းတစ်နှစ်ကျော်ခဲ့ပြီဖြစ်ရာ လွှတ်တော်ရေးရာကော်မတီများအနက် အချို့သောရေးရာကော်မတီများသာ

ဆောင်ရွက်ခြင်းဖြစ်သည့်အတွက်ကြောင့် ရေးရာကော်မတီလုပ်ငန်းတာဝန်တွေဆောင်ရွက်ရန် တောင်ကြီးဟိုတယ်ကို လာရောက်တည်းခိုတဲ့အခါမှာ လွှတ်တော်အစည်းအဝေးတက်သည့် နှုန်းထားအတိုင်း သတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် နေမကောင်းတဲ့ကိုယ်စားလှယ်တွေ၊ အသက်ကြီးရင့်တဲ့ကိုယ်စားလှယ်တွေမိသားစုဝင်ပါလာတဲ့အခါမှာ ပြုစုဖို့လိုက်ပါလာတဲ့အခါမှာ အခန်းခကိုတစ်ဝက်နှုန်းထားအတိုင်းပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ၊ ကျန်းမာရေးမကောင်းတဲ့ကိုယ်စားလှယ်တွေအခန်းကို အပြောင်းအလဲလုပ်နိုင်ဖို့ညှိနှိုင်းခွင့်ရှိ/မရှိဆိုတာကို သိရှိလိုသည့်အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်၊ရေးရာကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်များက တာဝန်တစ်ရပ်အနေနဲ့ ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်အပိုင်းကတော့ သတ်မှတ်ထားတဲ့ နှုန်းထားများအတိုင်း အပြည့်အဝပေးဖို့အတွက် ကျွန်တော်တို့ ရုံးအဖွဲ့ကိုလည်းပဲ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ပြီးတော့မှ ကိုယ်စားလှယ်တင်ပြတဲ့ တောင်ကြီး ဟိုတယ်မှာ တည်းခိုရေးနှင့် ပတ်သက်လို့ ဘဏ္ဍာရေးဝန်ကြီးက ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

**ဦးစိုင်းရဲနိုင်တစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။** ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာကြွရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးကိုလည်းကောင်း၊ ကိုယ်စားလှယ်ကြီးများ အားလုံးကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့်တကွအစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံးစိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ





ဖြစ်သော်လည်း ပုဂ္ဂလိကနှင့်နှစ်ရှည်စာချုပ်ချုပ်ဆိုထားရှိပြီးစာချုပ်၏အထွေထွေသဘောတူညီချက်များအပိုဒ်(၁၁)၏ အပိုဒ်ခွဲ (ဂ)တွင် တောင်ကြီးဟိုတယ်ငှားရမ်းလုပ်ကိုင်သူသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများမှ တောင်ကြီးဟိုတယ်တွင်လာရောက် တည်းခိုနေထိုင်လိုသည့်အခါ နေထိုင်စားသောက်မှု စရိတ်များကို တစ်ဝက်နှုန်းထား သို့မဟုတ် အစိုးရအဖွဲ့မှ သတ်မှတ် ခွင့်ပြုထားသည့် နှုန်းထားဖြင့် ဆောင်ရွက်ပေးရန် ငှားရမ်းသူမှ သဘောတူပါသည်ဟု သဘောတူညီချုပ်ဆိုထားရှိပြီးဖြစ်ပါတယ်။

မေးမြန်းချက်အပေါ် တောင်ကြီးဟိုတယ်သို့ သဘောထားမေးမြန်းခဲ့ရာလွှတ်တော်ကိုယ်စားလှယ်များလွှတ်တော်တက်ရောက်ချိန်တွင် တစ်ဦးလျှင် ၅၀၀၀ကျပ်နှုန်းထားဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ယခုမေးမြန်းချက်အပေါ် လွှတ်တော်ရေးရာကော်မတီ အစည်းအဝေးများတက်ရောက်ရန် တောင်ကြီးမြို့သို့ လာရောက်သည့်အချိန်(ပွဲတော်ကာလများမပါ၊ ဥပမာ-သင်္ကြန်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်)ကော်မတီဝင်အင်အားနှင့်တည်းခိုမည့်ကာလကိုရှမ်းပြည်နယ်လွှတ်တော်မှ အစိုးရအဖွဲ့ရုံးသို့ တည်းခိုနေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်ညှိနှိုင်းလာပါက အစိုးရအဖွဲ့ရုံးမှစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လွှတ်တော် ကိုယ်စားလှယ်များမှလွှတ်တော်ရေးရာကိစ္စရပ်များဆောင်ရွက်ရန်လာရောက်ပါက နေထိုင်ရေးအဆင်ပြေချောမွေ့စေရန် ရှမ်းပြည်နယ်လွှတ်တော်ရန်ပုံငွေဖြင့် လွှတ်တော်ရိပ်သာ တည်ဆောက်ရေးလုပ်ငန်းကို ယခုစီမံဆောင်ရွက်နေပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိနိုင်ပါရန် ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာဆိုလို့ရှိရင်(၁)နှစ်ကျော်လာတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးအနေနဲ့ တာဝန်ထမ်းဆောင်နေရတဲ့ကာလမှာ သိသင့်သိထိုက်တဲ့ ရှမ်းပြည်နယ်နဲ့ ပြည်ထောင်စုအစိုးရကြား ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှ ကောက်ခံရမဲ့ အခွန်အခများကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား ၅ အရ ပြဋ္ဌာန်းထားတဲ့အတိုင်း ကောက်ခံရပါတယ်။ ဥပဒေမှာ မပါရှိတဲ့ အခွန်အခများအတွက် ပြည်ထောင်စုအစိုးရက ကောက်ခံပြီးတော့မှ အချို့ရာနှုန်းကို ရှမ်းပြည်နယ်အစိုးရကို ပြန်ပြီးတော့ ခွဲဝေပေးတာကိုလည်း တွေ့ရှိရပါတယ်။ နှစ်အလိုက် ရှမ်းပြည်နယ် ဘတ်ဂျက်ကို ရေးဆွဲတဲ့နေရာမှာဆိုရင် ပြည်ထောင်စု အစိုးရက ပံ့ပိုးလာတဲ့ ငွေများအပေါ် အဓိကအခြေပြုပြီးရေးဆွဲနေရတာကို ကျွန်တော်တို့ ဒီအကြိမ်အတည်ပြုခဲ့တဲ့ ဘတ်ဂျက်မှာဆိုရင် လေ့လာတွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အနာဂတ် ရှမ်းပြည်နယ်ရဲ့



D/real(wide) (9



ပါစေလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှဒေါ်နန်းခင်ထားရီ မေးမြန်းတဲ့မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြား သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေအခန်း(၃)၊ တည်းခိုနေထိုင်စရိတ်နှင့် အခြားအသုံးစရိတ် ပုဒ်မ(၆)တွင် လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင်တည်းခိုနေထိုင် စရိတ်ကျပ် ၂၀၀၀ နှင့် အခြားအသုံးစရိတ်ကျပ် ၃၀၀၀ ခံစားခွင့် ရှိသည်ဟုဖော်ပြထားရှိပြီး အဆိုပါဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ(၄)၌ ဥပဒေပုဒ်မ (၆)တွင် ပါရှိသော ကျပ် ၂၀၀၀ဆိုသည့် စကားရပ်နှင့် ကျပ် ၃၀၀၀ ဆိုသည့် စကားရပ်တို့ကို ကျပ် ၅၀၀၀ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟူ၍လည်းကောင်း၊ ပြင်ဆင်သည့် ဥပဒေပုဒ်မ(၅)၌ ပုဒ်မ(၈) တွင် ပါရှိသော လွှတ်တော် ကိုယ်စားလှယ်နှင့်ဦးစီးအဖွဲ့ဝင်များ တာဝန်အရ ခရီးသွားလာရခြင်း အတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၅၀၀၀ဆိုသည့် စကားရပ်ကို ကျပ် ၁၀၀၀၀ ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်ဟူ၍လည်းကောင်းဖော်ပြထားပြီး လွှတ်တော်ရေးရာကော်မတီ တာဝန်များဆောင်ရွက်သည့် အချိန်တွင်လည်း ၄င်းနှုန်းထားများအတိုင်း ခံစားခွင့်ရှိပါကြောင်းကို ၃၁-၁-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်သည့် (၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁)တွင် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ တောင်ကြီးဟိုတယ်သည် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနပိုင်

ဘဏ္ဍာငွေကိစ္စကို လေ့လာသုံးသပ်နိုင်ရန် လွန်ခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရနဲ့ ပြည်ထောင်စုအစိုးရ အကြားပတ်သက်သော အခွန်အခ အရပ်ရပ်ဆိုင်ရာမေးခွန်းကို အောက်ပါအတိုင်း ကျွန်တော်မေးမြန်းအပ်ပါတယ်-

(၁) ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုအစိုးရက ကောက်ခံရရှိသော အခွန်အခ အရပ်ရပ်အတွက် စုစုပေါင်း ငွေပမာဏကို ကျွန်တော်သိရှိလိုပါတယ်။

(၂) ရှမ်းပြည်နယ်အစိုးရမှ ကောက်ခံရရှိတဲ့ ငွေပမာဏကို သိရှိလိုပါတယ်။

(၃) ရှမ်းပြည်နယ်အစိုးရမှ ကောက်ခံရရှိပြီး ပြည်ထောင်စုအစိုးရကို ပြန်လည်လွှဲပေးရတဲ့ စုစုပေါင်းငွေပမာဏ ကျွန်တော်သိရှိလိုပါတယ်။

(၄) ရှမ်းပြည်နယ်အတွင်းမှာ ပြည်ထောင်စုအစိုးရက ကောက်ခံရရှိခဲ့သော အခွန်အရပ်ရပ်အနက်မှ ရာခိုင်နှုန်းအလိုက် ရှမ်းပြည်နယ်အစိုးရကို ပြန်လည် လွှဲပြောင်းပေးခဲ့တဲ့ ငွေပမာဏ သိရှိလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စား သိရှိလိုသည့်အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။





ရှမ်းပြည်နယ်အစိုးရမှ ကောက်ခံရရှိပြီး ပြည်ထောင်စုအစိုးရသို့ တိုက်ရိုက်လွှဲပြောင်းပေးရခြင်းမရှိပါကြောင်းနှင့် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေကနေ လိုအပ်ချက်များကို ပြည်ထောင်စုရန်ပုံငွေမှသာ ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။

(ဃ) အနေနဲ့ရှမ်းပြည်နယ်အတွင်းမှာ ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိခဲ့သော အခွန်အရပ်ရပ်အနက်မှ ရာခိုင်နှုန်းအလိုက် ရှမ်းပြည်နယ်အစိုးရကို ပြန်လည် လွှဲပြောင်းပေးရသော စုစုပေါင်းငွေပမာဏ ဆိုသည့်မေးခွန်းဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းအရ ပြည်ထောင်စု အစိုးရမှ ကောက်ခံရရှိခဲ့သော အခွန်အရပ်ရပ်အနက်မှ ရှမ်းပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးလာသော စုစုပေါင်းငွေပမာဏမှာ ကျပ်သန်းပေါင်း ၁၀၆၈. ၁၁၀ သန်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ကောက်ခံရငွေများကို သတ်မှတ် ရာခိုင်နှုန်းအလိုက် ပြည်နယ်အစိုးရအဖွဲ့သို့ အောက်ပါအတိုင်း လွှဲပြောင်းပေးသွင်းလျက်ရှိပါတယ်-

(၁) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ (၃၁)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့်ငွေမှအပဖြစ်သည့် ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရငွေ၏ ၁၅%ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်ဖြစ်ကြောင်းပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၈-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/



D/real(wide) (9

၂၀၁၅ ဖြင့်၁-၄-၂၀၁၆မှစတင်အကျိုးသက်ရောက်စေခဲ့ပါတယ်။

(၂) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ (၃၃)ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ အထူးကုန်စည်များ ပြည်ပမှ တင်သွင်းခြင်းအတွက် ကောက်ခံရရှိငွေများမှအပ ဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် အထူးကုန်စည်ကောက်ခံရငွေ၏ ၁၅% ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည် ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၈-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၃/၂၀၁၆ ဖြင့် ၁-၄-၂၀၁၆ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေခဲ့ပါတယ်။

(၃) ထို့အပြင် ဝင်ငွေခွန်ဥပဒေပုဒ်မ(၅၉)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်အတွင်း မြို့နယ်အလိုက် ကောက်ခံရရှိသော ဝင်ငွေများအနက်မှ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့် ကောက်ခံရငွေ၏ ၅%ကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည် ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၆-၂၀၁၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊၄၉/၂၀၁၂ ဖြင့် ၂၀၁၂-၂၀၁၃ခု၊ ဘဏ္ဍာနှစ်မှစ၍ အကျိုးသက်ရောက် စေခဲ့ပါတယ်။ သို့ရာတွင် ၃၁-၈-၂၀၁၆ရက်နေ့တွင် ထုတ်ပြန်သော ဝင်ငွေခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၅၉ကို ပြင်ဆင်ခဲ့သည့်အတွက်





**ဦးစိုင်းရွဲန်တစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။** လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်တော်တို့ တက်ရောက်လာကြသော ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခုကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် မေးမြန်းတဲ့မေးခွန်းကို ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံးကဖြေကြားသွားမှာဖြစ်ပါတယ်။

(က) မေးခွန်းဖြစ်တဲ့ ပြည်ထောင်စုအစိုးရ ရှမ်းပြည်နယ်မှာ ကောက်ခံရရှိတဲ့ အခွန်အရပ်ရပ်အတွက် စုစုပေါင်း ငွေပမာဏ

ဆိုသည့်မေးခွန်းကို ဖြေရမယ်ဆိုရင် ပြည်ထောင်စုအစိုးရဘတ်ဂျက်နှင့်ပတ်သက်သောကြောင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်သိရှိနိုင်ခြင်းမရှိပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါဇယား(၅)အရသာလျှင် ကောက်ခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော မေးခွန်းအပိုဒ်(က)မှာ ပြည်ထောင်စုလွှတ်တော်အဆင့်တွင် မေးမြန်းမှသာ သိရှိနိုင်မည်ဖြစ်ပါတယ်။

(ခ) မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အစိုးရမှ ကောက်ခံရရှိသောအခွန်အခအရပ်ရပ်အတွက်စုစုပေါင်း ငွေပမာဏ ဆိုသည့်မေးခွန်းဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ် ရွေ့ပြေးအမှန်စာရင်း အရ ရှမ်းပြည်နယ်အစိုးရကကောက်ခံရရှိတဲ့ အခွန်အခအရပ်ရပ်အတွက် စုစုပေါင်း ငွေပမာဏမှာ ကျပ်သန်းပေါင်း ၄၆၁၈. ၀၈၉ သန်းဖြစ်ပါတယ်။

(ဂ) ရှမ်းပြည်နယ်အစိုးရမှ ကောက်ခံရရှိပြီး ပြည်ထောင်စုအစိုးရသို့လွှဲပြောင်းပေးရသော စုစုပေါင်း ငွေပမာဏ ဆိုသည့်မေးခွန်းဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးသွင်း ရမည့်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံ ရရှိသည့် အခွန်ငွေများထဲမှ ပြည်ထောင်စု အစိုးရ အဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် သတ်မှတ်ပေးထားသော ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းရမှာဖြစ်ပါတယ်။

(၄) ၂၀၁၆-၂၀၁၇ခုနှစ်၊ ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေသို့ အခွန်ဝေစု ကုန်သွယ်လုပ်ငန်းခွန်ကျပ် ၄၁၀၉. ၇၀၇သန်း၊ အထူးကုန်စည်ခွန်ကျပ် ၈၉၄. ၉၆၁သန်း၊ ဝင်ငွေခွန်ကျပ် ၄၀၈. ၁၄၇ သန်း၊စုစုပေါင်းကျပ် ၅၄၁၂. ၈၁၅သန်း လွှဲပြောင်း ပေးသွင်းရမည်ဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန်ကျပ် ၂၀၃၀. ၉၉၉ သန်း၊ အထူးကုန်စည်ခွန်ကျပ် ၇၁၃. ၆၉၀သန်း၊ ဝင်ငွေခွန်ကျပ်၃၂၃. ၆၂၀သန်း၊ စုစုပေါင်းကျပ် ၃၀၆၈. ၃၀၉သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပေးချေခဲ့ပြီး ကျပ် ၂၃၄၄. ၅၀၆ သန်းပေးချေရန်ကျန်ရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးလွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဝေါလ်က ပထမမေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။





စီးပွားရေးအပြောင်းအလဲ စတဲ့ မူဝါဒအပြောင်းအလဲတွေ ချမှတ်ဖော်ဆောင်ပြီးဆန်၊ စပါးထုတ်လုပ်ရေး တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလာခဲ့ပါတယ်။ အဲ့ဒီအချိန်ကာလကစပြီး ကြိုးပမ်းဆောင်ရွက်မှုရဲ့ အသီး၊အပွင့်ကြောင့် ယနေ့ မျက်မှောက် ကာလအထိ ကျွန်တော်တို့ နိုင်ငံရဲ့ဆန်တင်ပို့မှု ပမာဏဟာ တန်ချိန်ပေါင်း မြောက်မြားစွာ တိုးတက်ပြီးတင်ပို့နိုင်တာဖြစ် ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရဲ့ မူလနေရာဖြစ်တဲ့ ကမ္ဘာ့ ထိပ်တန်းဆန်တင်ပို့တဲ့ နိုင်ငံအဖြစ်ကိုရောက်ရှိဖို့ရာ ကျွန်တော်တို့ များစွာကြိုးပမ်းအားထုတ်ရမယ့်အခြေအနေရှိပါတယ်။ ဒီလို ကြိုးပမ်း အားထုတ်တဲ့ နေရာမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် အနေနဲ့လည်း အဓိက အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရှမ်းပြည်နယ်ဟာ ဧရိယာအကျယ် အဝန်းအားဖြင့် မြန်မာနိုင်ငံရဲ့လေးပုံတစ်ပုံခန့်ကျယ်ဝန်းပြီး ကောင်းမွန်တဲ့ ရာသီဥတု၊ မြေဆီမြေသြဇာကောင်းမွန်မှု၊ စိုက်ပျိုးရေ ရရှိမှုများအပြင် ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူ၊ ပြည်သားတွေဟာလည်း ၇၀%ကျော်ဟာ ဒီဆန်စပါးထုတ်လုပ်မှုနဲ့ ဆက်နွယ် ပတ်သက်ပြီး လုပ်ကိုင်ကြတာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွက် အထူးကောင်းမွန်တဲ့ လက္ခဏာ ဖြစ်ပါတယ်။ ဒီလိုပြည်ထောင်စုနိုင်ငံကြီးဟာဆန်၊စပါးထုတ်လုပ်မှု ထိပ်တန်းနိုင်ငံဖြစ်ဖို့ ဆောင်ရွက်အားထုတ်တဲ့ အချိန်မှာ ရှမ်းပြည်နယ်အခြေအနေပြန်လေ့လာကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်မှာရှိတဲ့ ဆန်၊ စပါးထုတ်လုပ်သူ တောင်သူ လယ်သမားများဟာ ယနေ့ခေတ် ကာလမှာအခက်အခဲများစွာနဲ့ တွေ့ကြုံနေရပါတယ်။ အဲ့ဒီအခက်အခဲတွေကတော့ ဆန်၊ စပါး ဈေးကွက် တည်ငြိမ်မှုမရှိခြင်း၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာနဲ့ ကြုံတွေ့ရခြင်း၊ နည်းပညာနှင့်အရင်းအနှီး ချို့တဲ့မှုကြောင့်

စိုက်ပျိုးတဲ့ဆန်၊ စပါးဟာ အရည်အသွေးမမီဘူး။ အရည်အသွေးမမှီတဲ့အတွက်ကြောင့် နိုင်ငံခြားကုန်သွယ် တင်ပို့ ရောင်းချတဲ့ အခါမှာ ဈေးနှိမ်ခံရခြင်းစတဲ့အချက်တွေ၊ နောက်ပြီးကျွန်တော်တို့ရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကသွင်းအားစုဖြစ်တဲ့ မျိုးစပါး၊ ဓါတ်မြေသြဇာ၊ပိုးသတ်ဆေး၊မှိုသတ်ဆေးစတဲ့ သွင်းအားစုပစ္စည်းမှာ အဆမတန်ဈေးနှုန်းမြင့်မားပြီး ဈေးကွက်ထဲမှာလည်း အတုအပတွေများပြားလာခြင်း၊ အဲ့ဒီအတုအပတွေများပြားလာခြင်းကြောင့် လယ်ယာလုပ်ငန်းခွင်မှာ ထိရောက်မှုမရှိဘဲနဲ့ ဆုံးရှုံးမှုဘက်ကိုဆွဲခေါ်သွားတာဖြစ်ပါတယ်။ အဲ့ဒါကြောင့် တောင်သူလယ်သမားတွေဟာ တောင်သူလုပ်ငန်းခွင်မှာ ဒီလိုဈေးနှိမ်ခံရခြင်းကြောင့် စီးပွားရေးအရတွက်ခြေမကိုက်ကြပါဘူး။ စီးပွားရေးတွက်ခြေမကိုက်တဲ့အခါမှာ အခုအချိန်မှာဘယ်လိုဖြစ်လဲဆိုရင်အောက်ခြေမှာမြင်တွေ့နေရတာကတော့ လယ်ယာလုပ်ငန်းခွင်မှာ လုပ်ကိုင်နေကြတဲ့ လယ်ယာလုပ်သားတွေ၊ တောင်သူဦးကြီးတွေဟာ လယ်ယာလုပ်ငန်းခွင်ပေါ်မှာ ပျော်မွေ့မှု မရှိတော့ဘဲလယ်ယာလုပ်ငန်းခွင်ကို တစ်ဖြည်းဖြည်းချင်း စွန့်ခွာပြီးအိမ်နီးချင်းနိုင်ငံတွေမှာရွှေ့ပြောင်းအလုပ်သမားအနေနဲ့သွားရောက်ပြီး လုပ်ကိုင်နေကြရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အနာဂတ် ဆန်၊ စပါးထုတ်လုပ်မှုပေါ်မှာ များစွာ ဆိုးကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ပြည်နယ်အစိုးရအနေနဲ့ ပြည်နယ်အတွင်းမှာရှိတဲ့ ဆန်၊ စပါးထုတ် လုပ်သူရဲ့၊ တောင်သူလယ်သမားများရဲ့ စိတ်ဓာတ်ခွန်အား၊ ဓနခွန်အား၊ နည်းပညာအထောက်အပံ့များကို အထူးအလေးထားပြီးတော့မှ ထောက်ပံ့ပေးဖို့ အချိန်ရောက်ပါပြီ။ အထူးလည်းအရေးကြီးပါတယ်။ သို့မှသာလျှင် တောင်သူလယ်သမားတွေဟာ လှပတဲ့ အနာဂတ် အိပ်မက်တွေကို မက်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော် ဒီနေ့မေးချင်တဲ့မေးခွန်း





ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ ယနေ့ပြုလုပ်ကျင်းပသော ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးသို့ ကြွရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကိုယ်စားလှယ်တော်များ အားလုံး ဧည့်သည်တော်များ အားလုံး မင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာနှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ပဲဖြစ်ပါတယ်။ ယနေ့ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း ဆန်စပါး ထုတ်လုပ်မှုတိုးတက်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာဆိုရင် ဆန်စပါးဟာ နိုင်ငံရဲ့ အဓိက စားသုံးသီးနှံဖြစ်ပြီးတော့ ရိက္ခာဖူလုံမှု၊ ရိက္ခာလုံခြုံမှုအတွက် အရေးကြီးတဲ့ သီးနှံတစ်ခုဖြစ်ပါတယ်။ နိုင်ငံခြားကုန်သွယ်မှုမှာလည်းပဲ အဓိကအားထားရတဲ့ နိုင်ငံခြားကုန်သွယ်တဲ့ သီးနှံဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာဆိုရင် လွန်ခဲ့သော ကိုလိုနီခေတ်ဘဝမှ ပါလီမန်ဒီမိုကရေစီခေတ်အထိ ကမ္ဘာပေါ်မှာဆန်စပါးအများဆုံးတင်ပို့နိုင်တဲ့ ပထမတန်းစားနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး အာရှတိုက်ရဲ့ စပါးကျီလို့တောင် တင်စားခေါ်ခံခြင်းခံခဲ့ရတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နောက်ပိုင်းအကြောင်းအမျိုးမျိုးကြောင့်၊အခြေအနေအမျိုးမျိုးကြောင့် ဆန်၊စပါးထုတ်လုပ်မှုဟာ လျော့ကျလာပြီး ကျွန်တော်တို့ရဲ့ကမ္ဘာ့ပထမတန်း၊ ဆန်တင်ပို့ရာတွင်နိုင်ငံတကာအဆင့်မှ ဖယ်ခွာရပြီး ကျွန်တော်တို့ရဲ့နေရာကို ထိုင်း၊ ဗီယက်နမ်နိုင်ငံတွေက ဝင်ရောက်နေရာယူသွားခဲ့ကြပါတယ်။ သို့သော်လည်း ၂၀၁၁ ခုနှစ်မှစပြီး နိုင်ငံရေး အပြောင်းအလဲ၊

ကတော့ ရှမ်းပြည်နယ်အတွင်း ဆန်၊ စပါးထုတ်လုပ်သူ တောင်သူလယ်သမားများကို အစိုးရအနေနဲ့ မည်ကဲ့သို့သောထောက်ပံ့မှုများ ပေးနေပါသလဲ။ ရှမ်းပြည်နယ်ရဲ့ အနာဂတ် ဆန်၊ စပါးထုတ်လုပ်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေနဲ့ မည်ကဲ့သို့သော အစီအမံများ ချမှတ်၍ဆောင်ရွက်နေပါသလဲဆိုတာကို အားလုံးရဲ့ ကိုယ်စားသိရှိလို၍ မေးမြန်းတင်ပြလိုပါတယ်။အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မေးမြန်းတဲ့ ရှမ်းပြည်နယ်မှာ စိုက်ပျိုးတဲ့မြေဧက ပေါင်းမြောက်မြားစွာနှင့်သမမျှတသော ရာသီဥတုရှိပြီး ယာစပါးထုတ်လုပ်ရာတွင် နိုင်ငံတကာမှ လက်ခံရရှိနိုင်သော အရည်အသွေးနှင့် စီးပွားဖြစ်များများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် အစိုးရ အနေဖြင့် စပါးစိုက် တောင်သူများကို မည်ကဲ့သို့သော ပံ့ပိုးကူညီမှု များ ပြုလုပ်ပေးနေသည်နှင့် အနာဂတ်ကာလတွင် ဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှုရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုသည့်မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။



D/real(wide) (1



(အရှေ့ပိုင်း)အနေနဲ့လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ (၃၂) တင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မှာ(၃၅) တင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၃၇)တင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ(၃၇) တင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၄၀)တင်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

အခုလာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှာလည်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးသန့်ခြံများမှ တောင်သူများအား အထွက်နှုန်းတိုးစေမည့် ဈေးကွက်ကောင်းမွန်သော စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့များကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ (၅၉)ဧက၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ (၂၀)ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ (၃၅)ဧက စုစုပေါင်း (၁၁၄)ဧက မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

၄င်းအပြင် ဒီနှစ်မှာထူးထူးခြားခြား ကျွန်တော်တို့ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ် တစ်ခုကတော့ ၂၀၁၇-၂၀၁၈ခုနှစ်၊ စိုက်ပျိုးရာသီအတွင်း ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ခရိုင်(၁) ခရိုင်လျှင် ကျေးရွာတစ်ရွာစီစနစ်တကျစိစစ်ရွေးချယ်ပြီး ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာအဖြစ် တည်ထောင်ပြီးမျိုးစေ့ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆောင်ရွက်မည့်အနေအထားကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ(၃)ခရိုင်၊ ရွာပေါင်း(၃)ရွာနှင့် မိုးစပါးဧက(၃၀) အမျိုးအစားကတော့ DU-12၊ SR-456၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာ ခရိုင်(၆)ခရိုင်၊ ကျေးရွာပေါင်း(၆)ရွာနှင့် မိုးစပါးဧက (၆၆) အမျိုးအစားကတော့ DU-16၊ ဆင်းဧကရီ-၃၊ နွေစပါး(၅)ဧက၊ ဆင်းဧကရီ-၃အမျိုးအစားဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ (၃)ခရိုင်၊ ကျေးရွာ(၃)ရွာနှင့် မိုးစပါး(၅၄)ဧက ဆင်းဧကရီ-၃၊ နွေစပါး(၂၄)ဧက၊ ရွှေရင်အေးထုတ်လုပ်သွားပြီးတော့ ပြည်နယ်ချုပ်

အနေနဲ့(၁၂)ခရိုင်မှာ(၁၂)ကျေးရွာ၊ (၁၇၉) ဧကကို မျိုးစပါးများထုတ်လုပ်ပြီးတော့မှ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လကလည်း ကျွန်တော်တို့ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်မှာရှိတဲ့ မိုးဗြဲကျေးရွာအုပ်စုက စံပြကျေးရွာမှာပါဝင်တဲ့တောင်သူတွေကို ဧက(၅၁၀)စာ မျိုးစပါးများဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

အနာဂတ်ကာလတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသောအထွက်ကောင်းစပါးမျိုးများကိုလည်း ပြောင်းလဲ စိုက်ပျိုးစေခြင်း၊ မျိုးသစ်များစိုက်ပျိုးထုတ်လုပ်ခြင်း၊ မျိုးသန့်စံပြခြံများ စိုက်ပျိုးစေခြင်း၊ သိပ္ပံနည်းကျစပါးစိုက်ပျိုးနည်းစနစ်များကို စနစ်တကျပညာပေးခြင်းဖြင့် ကြိုတင်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ စပါးစိုက်တောင်သူများ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက်လည်း စက်မှုလယ်ယာစနစ်တကျလယ်ယာမြေများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာဧက ၁၀၀၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာ ရေးနှစ်မှာဧက ၃၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာဧက(၄၀၀)ဖော်ထုတ်ပေးနိုင်ခဲ့ ပါတယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှာလည်းဧက(၃၀၀)၊ စုစုပေါင်းဧက(၁၁၀၀)ကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ဧက၁၀၀ဖော်ထုတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ရှမ်းပြည်နယ်မှလည်း ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်မှစ၍ တစ်နှစ်လျှင် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းဧက(၆၀၀) ဖော်ထုတ်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်ကုန်အထိ စုစုပေါင်းဧက ၁၈၀၀ ဖော်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်မှစ၍ ပုံမှန်ကုန်းမြင့်လယ်ယာမြေဧက(၆၀၀) ဖော်ထုတ်ခြင်းအပြင် ဒေသဖွံ့ဖြိုးရေးအတွက် ကုန်းမြင့်လယ်ယာမြေ



D/real(wide) (1



ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ စိုက်ပျိုးနိုင်တဲ့ မြေဧကပေါင်းမြောက်မြားစွာနှင့်သမမျှတသော ရာသီဥတုရှိပြီး ယာစပါး၊ လယ်စပါးအမြောက်အမြား ထုတ်လုပ်နိုင်သော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဆန်စပါးထုတ်လုပ်ရာတွင် နိုင်ငံတကာမှ လက်ခံနိုင်သော အရည်အသွေးနှင့် စီးပွားဖြစ်များများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် အစိုးရအနေဖြင့် စပါးစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်းဖြင့် ပံ့ပိုးကူညီမှုများပြုလုပ်ပေးနေပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်သောခြံရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ (၄)ခြံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ(၁)ခြံနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ(၁)ခြံ၊ စုစုပေါင်း(၆)ခြံရှိပြီးတော့ အဲ့ဒီကနေအဓိကအားဖြင့် စပါး၊ အစေ့ထုတ်ပြောင်းစသည့် သီးနှံတွေကိုမျိုးကောင်းမျိုးသန့်များရရှိအောင်နှစ်စဉ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

အသေးစိတ်အနေနဲ့ တင်ပြပေးရမယ်ဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိတဲ့မျိုးသန့်ခြံများမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာလယ်စပါး(၆၅၄)တင်း၊ ယာစပါး(၄၆၀)တင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာ လယ်စပါး(၁၄၀၀)တင်း၊ ယာစပါး(၄၀၀) တင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လယ်စပါး (၁၄၈၃)တင်း၊ ယာစပါး(၅၂၆)တင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှာ လယ်စပါး (၁၄၄၈)တင်း၊ ယာစပါး(၄၃၂)တင်း၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှာ လယ်စပါး(၁၃၉၅)တင်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေနဲ့ ယာစပါးမျိုးကောင်းမျိုးသန့်စေ့များကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ(၄၅၀)တင်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ (၄၉၅)တင်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှာ (၄၉၅)တင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှာ(၅၁၀)တင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ(၅၂၅)တင်းထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်

ဖော်ထုတ်ခြင်းဧက(၂၀၀)အား ပြင်ပကုမ္ပဏီများကို တင်ဒါခေါ်ယူပြီး ထပ်မံလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးခွန်ဒီဂေါလ်က ဒုတိယ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင် အဖိုးတန်တဲ့ ရတနာတွင်းထွက်၊ ရတနာတွေ၊ အဖိုးတန်တဲ့ တွင်းထွက် သတ္တုတွေမြောက်မြားစွာတည်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒီအဖိုးတန်ရတနာ၊ အဖိုးတန်သတ္တုတွေကို ရှေးယခင်ကာလကတည်းက ယခုထက်တိုင်ထုတ်လုပ်နေတာကိုလည်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရရဲ့လွှတ်တော်ကိုယ်စားလှယ်မှာ ဖြန့်ဝေထားတဲ့ စာရင်းဇယားအရ ကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်မှာ သတ္တုလုပ်ကွက်ပေါင်းရာနဲ့ချီပြီးတော့မှ တည်ရှိ လုပ်ကိုင်နေတာကိုတွေ့ရှိရပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းဟာဆိုရင် သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ဆန့်ကျင်ကန့်ကွက်ခြင်း မဟုတ်ဘဲနဲ့ နိုင်ငံတော်၊ ပြည်နယ်၊ ထုတ်လုပ်တဲ့ ကုမ္ပဏီနဲ့ ဒေသခံပြည်သူများအားလုံး အထူးခံစားခွင့်ရရှိစေရေး အတွက် အဲ့လို မျှော်မှန်းပြီးတော့ပဲ မေးခွန်းတင်ပြရခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာဆိုရင် သတ္တုလုပ်ငန်းနှင့် ပတ်သက်ပြီးတော့မှ ရှေ့အနာဂတ်ကာလမှာ များစွာတွင်ကျယ်လာမယ့် သဘောရှိပါတယ်။ အစိုးရရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်တဲ့ FTI လို့ခေါ်တဲ့(Foreign Trade Investment)





သတ္တုတူးဖော်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ပြောမယ်ဆိုရင် ဒီသတ္တုတူးဖော်ခြင်းလုပ်ငန်းကြောင့် သဘာဝအရင်းအမြစ်တွေ ပျက်စီးဆုံးရှုံးတာတွေ၊ မြေစာပုံများ စနစ်တကျ စွန့်ပစ်ခြင်းမရှိတာကြောင့် ချောင်းမြောင်းပိတ်ဆို့ခြင်းများ ရှိတာကြောင့် လယ်မြေရေရရှိမှု ပြတ်တောက်သွားခြင်း၊ လယ်မြေများ နုန်းမြေများဖို့ခြင်းကြောင့် လယ်မြေစိုက်ပျိုးမြေများပျက်စီးသွားခြင်း၊ ရေတွေမှာ ဓါတုဗေဒအဆိပ်ပျံ့သွားမှုကြောင့် ရေနေသတ္တဝါနဲ့ လူအများကို ထိခိုက်ခြင်း၊ ဒေသခံပြည်သူများတည်ဆောက်ထားတဲ့ လမ်းတံတားများ ပျက်စီးခြင်းစသည့် ဆိုးကျိုးတွေကို တွေ့ကြုံခံစားရတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကြီး စတင်ဖွဲ့စည်းတဲ့ အချိန်မှာ လွှတ်တော်အတွင်း ဆွေးနွေးကြတာတွေ၊ တင်ပြကြတာတွေကို ကျွန်တော်တို့ မှတ်မိကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီသတ္တုတူးဖော်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်နဲ့ လူသားများကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ ဒီသတ္တုတူးဖော်ခြင်းလုပ်ငန်းမှာ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာဝေစုတွေလည်းရရမှာ ဖြစ်ပါတယ်။

ဒီသတ္တုလုပ်ငန်းကို လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေကလည်းပဲ အကျိုးအမြတ်ကို မျှော်ကိုးပြီးလုပ်ဆောင်တာဖြစ်တဲ့အတွက် ကုမ္ပဏီလည်းရသင့်ရထိုက်ပါတယ်။ သတ္တုတွင်းလုပ်ကွင်း၊ လုပ်ကွက်နဲ့ အနည်းဆုံးနေထိုင်တဲ့ ပြည်သူပြည်သားတွေလည်းပဲ သူတို့ရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရရှိမှသာလျှင် ရေရှည်တိုးတက်ဖွံ့ဖြိုးတဲ့ သတ္တုလုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့အတွေ့အကြုံလေး တစ်ခု တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာရှိတဲ့ ရတနာမြေများကို အရင်းပြုပြီး ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်ကြီးတွေဟာ လုပ်ကိုင်ရင်းနဲ့ မိုးကောင်းကင်တမျှ ကြီးမားကျယ်ပြန့်တဲ့အကျိုး

အမြတ်တွေရရှိပြီး ဘီလျံနာတွေ၊ ထရီလျံနာတွေဖြစ်သွားကြပေမဲ့ ရတနာနဲ့သတ္တုတွင်းလုပ်ကွင်း လုပ်ကွက်နဲ့ အနီးစပ်ဆုံး နေထိုင်တဲ့ ဒေသခံတိုင်းရင်းသားများရဲ့ လူနေမှုဘဝဟာ အခြေခံအဆင့်ကနေ တက်လှမ်းခွင့်မရဘဲနဲ့ လက်ရှိ အခြေအနေအထိ ဆင်းရဲ ဒုက္ခများစွာနဲ့ နေထိုင်ရတာကို သင်ခန်းစာ ယူဖို့ဖြစ်ပါတယ်။ဒါကြောင့် ကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း ဓါတ်သတ္တုများ တူးဖော်ထုတ်ယူရာတွင်  နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူလူထုများက ပါထိုက်သင့် သော အကျိုးခံစားခွင့်များ ရရှိစေနိုင်သော တာဝန်သိ သတ္တုတူးဖော်ခြင်း Responsible Mining စနစ်ဖြစ်ထွန်းလာစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဒီလုပ်ငန်းအပေါ်မှာ မည်ကဲ့သို့သော ကြပ်မတ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုသိရှိလိုပါ၍ လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ပထမဦးဆုံးအနေနဲ့ Responsible Mining ဆိုတဲ့ စကားလုံးကို အဓိပ္ပါယ် ပြန်တဲ့နေရာမှာ တာဝန်သိလို့ပြန်မဲ့အစား တာဝန်ယူ၊ တာဝန်ခံမှုရှိသော သတ္တုတူးဖော်ခြင်းလို့ ဘာသာပြန်တာကပိုမို သင့်တော်တဲ့အကြောင်းတင်ပြလိုပါတယ်။ အစိုးရ၊ ဒေသခံပြည်သူလူထုနဲ့ လုပ်ငန်းရှင် ၃ဦး ၃ဖလှယ် အကျိုးရှိစေဖို့ဆိုရင်တော့ ၃ဦး



D/real(wide) (1



ဖိတ်ခေါ်တဲ့နေရာမှာ သတ္တုတူးဖော်ရေးကဏ္ဍကိုလည်းပဲများသော အားဖြင့် စိတ်ဝင်စားစွာနဲ့လာရောက် လေ့လာခြင်းများ ပြုလုပ်တာကို တွေ့ရပါတယ်။ ဒါကြောင့် သတ္တုကဏ္ဍဟာဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်မှန်းရပါတယ်။ သတ္တုတူးဖော်တဲ့နေရာမှာလည်းပဲ သဘာဝ ဝန်းကျင်၊ လူနေမှုစသည်တို့ကို အနည်းဆုံးထိခိုက်မှုမရှိအောင် ကြိုးပမ်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပညာရှင်များရဲ့ ပြောဆိုချက်များအရ နိုင်ငံတစ်ခုရဲ့ GDP ရဲ့ ၂၅% ထက်ကျော်လွန်ပြီးတော့ ရရှိတဲ့ဝင်ငွေဟာ ဒီသဘာဝ အရင်းအမြစ်က ရရှိမယ်ဆိုရင် အဲ့ဒီနိုင်ငံ၊ အဲ့ဒီဒေသဟာ မကြာသောကာလမှာ သဘာဝရဲ့ ပြစ်ဒဏ်ပေးခြင်းကိုခံရလိမ့်မယ်လို့ သတိပေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ သတ္တုတူးဖော်ရေး လုပ်ငန်းမှာလည်းပဲများစွာဂရုစိုက်ပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးကို လေ့လာသုံးသပ်ရမယ်ဆိုရင် စီးပွားရေး အကြမ်းအားဖြင့် ၂ခုလောက်ပဲလေ့လာကြည့်ရှုရပါမယ်။ များစွာ ဂရုစိုက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပထမတစ်ခုက သဘာဝ အရင်းအမြစ်ကို အခြေခံသော Resources Economy နဲ့ နည်းပညာကို အခြေခံသောစီးပွားရေး Economic Base ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာဆိုရင်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံလည်းမဟုတ်ဘူး။ ယခုမှ ဖွံ့ဖြိုးရန် အားယူ၊ အားပြုစနိုင်ငံပဲ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင်းရဲဆုံး LDC နိုင်ငံ အဖွဲ့ဝင်ဖြစ်ပါတယ်။ LDC နိုင်ငံအဖွဲ့ဝင်ကနေ ရုန်းထွက်နိုင်ဖို့ အခု အချိန်ကာလမှာ အားသွန်ခွန်စိုက် ကြိုးပမ်းရတဲ့ကာလဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံဟာလည်းပဲ LDC နိုင်ငံ အဖွဲ့ဝင်ကနေ ရုန်းထွက်နိုင်ဖို့နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် ကြိုးပမ်း ဆောင်ရွက်တဲ့ နေရာမှာနိုင်ငံမှာ တည်ရှိနေတဲ့ အရင်းအမြစ်ကိုပဲ အခြေခံပြီးတော့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကမ္ဘာ့ အင်အားကြီးပြီးနိုင်ငံ၊ ကမ္ဘာ့တိုးတက်ပြီးနိုင်ငံလည်းပဲ ဒီလမ်းခရီးကို လျှောက်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်း

ဥဖလှယ်လုံးကနေပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ရှိရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ဒီနေရာမှာရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စားဖြေကြားမှာဖြစ်တဲ့အတွက် အစိုးရနဲ့သက်ဆိုင်တဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေအကြောင်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် အခြေခံဖွဲ့စည်းပုံအရ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခွင့်နှင့်ပတ်သက်ပြီး တာဝန်ယူတာဝန်ခံထားတာကတော့ ပြည်ထောင်စု အစိုးရအဖွဲ့ပဲဖြစ်ပါတယ်။

ဓာတ်သတ္တု လုပ်ကွက်လျှောက်ထားခြင်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရုံးကသက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကို သဘောထားမှတ်ချက်တောင်းခံခြင်းသာဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့က စိစစ်ပြီးခွင့်ပြုဖို့ သင့်/ မသင့်၊ ကန့်ကွက်ရန် သင့်/ မသင့် သဘောထားမှတ်ချက်ကို ပြည်ထောင်စုဝန်ကြီးရုံးကိုတင်ပို့ရတာပဲဖြစ်ပါတယ်။

သတ္တုတူးဖော်သည့်ကုမ္ပဏီအနေနဲ့ ဓာတ်သတ္တုတူးဖော်စမ်းသပ်ထူးဖော်တဲ့အချိန်မှာ မလုပ်ခင်မှာ ပထမဆုံး Feasibility Study Report စီးပွားရေးအရ ဖြစ်နိုင်ခြေ အစီရင်ခံစာကို တင်ပြပြီးတော့ သက်ဆိုင်ရာသတ္တုတွင်းဦးစီးဌာနကနေ အတည်ပြုပေးပါတယ်။ Feasibility Study လုပ်တဲ့အချိန်မှာ တစ်ပါတည်း Initial Environmental Examination လို့ခေါ်တဲ့ အတိုကောက် (IEE) ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကိုလည်းတစ်ပါတည်းတင်ရပါတယ်။ အဲ့ဒီ အစီရင်ခံစာမှာတော့ လုပ်ငန်းမလုပ်ဆောင်မီ ပတ်ဝန်းကျင်ရဲ့ မူရင်းအခြေအနေကို ထင်ဟပ်ဖော်ပြရပါတယ်။ ထို့နောက် တတိယကြားခံအဖွဲ့အစည်းတစ်ဖွဲ့ကို ငှားရမ်းပြီး Environmental Impact Assessment အတိုကောက် (EIA) မြန်မာလို ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို တင်သွင်းရပါတယ်။ အဲ့ဒါပြီးရင်တော့ ပတ်ဝန်းကျင်ထိခိုက်မှု





အသင်းရုံးတွင်(၁)ကြိမ် ဖွင့်လှစ်ခဲ့ပြီး သတ္တုတွင်း ကြီးကြပ်ရေးနှင့် ပတ်သက၍နည်းပညာလွှဲပြောင်းခြင်း၊ ပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး အသိပညာပေးခြင်းတွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ထပ်မံပြီး အလားတူ ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် သတ္တုတွင်းဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ ဒါ့အပြင် အရင်တုန်းကမရှိဖူးသေးတဲ့ သတ္တုတွင်းလုပ်ငန်းနဲ့ပတ်သက်တဲ့ နိုင်ငံတကာအဆင့်မီစံချိန်စံညွှန်းတွေသတ်မှတ်နိုင်ရေးအတွက်လည်း နိုင်ငံတကာပညာရှင်တွေနဲ့ပူးပေါင်းဆောင်ရွက်သွားဖို့ရှိနေပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀-၇-၂၀၁၆ရက်စွဲပါစာအမှတ်၊ (၇၅၄၁)/၇-၁၁၂/အစရ(ရှမ်း)ဖြင့် သယံဇာတစီမံခန့်ခွဲမှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီကိုလည်းကောင်း၊ ၂၃-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ (၁၀၇၁၄)/၇-၁၁၂/အစရ(ရှမ်း)ဖြင့် သယံဇာတကွင်းဆင်းကြီးကြပ်ရေးအဖွဲ့(၂)ဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနမှ သဘောထားတောင်းခံသော လုပ်ကွက်တွေကို ကွင်းဆင်းစိစစ်ခြင်း၊ ကွင်းဆင်းတဲ့အခါမှာ သက်ဆိုင်ရာမြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များကို အသိပေး အကြောင်းကြားစေခြင်း၊ တိုင်ကြားမှုရှိသော လုပ်ကွက်တွေကို ကွင်းဆင်းစစ်ဆေးခြင်း၊ ပုံမှန်လုပ်ငန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီးဆောင်ရွက်နေတဲ့လုပ်ငန်းအားလုံးကိုလည်း တာဝန်ခံထားတဲ့ပြည်ထောင်စုဝန်ကြီး(၂)ပါးနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဟာ

ဇယား ၂ မှာဖော်ပြထားတဲ့ ကိစ္စရပ်များကို လည်းကောင်း၊ ပုဒ်မ ၂၄၉ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့တယ်လို့ဖော်ပြပါရှိပါတယ်။ ဒ့ါအပြင်ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအားဆောင်ရွက် ခွင့်ပြုသည့်ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ပုဒ်မ ၂၅၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဇယား ၂ မှာရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍လိုအပ်သည့် ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်သည်ဟုဖော်ပြပါရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အခန်း(၁၁)၊ နည်းဥပဒေ ၉၈အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်နေတဲ့ အများပြည်သူဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းတဲ့မေးခွန်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကတာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်တဲ့မေးခွန်းတွေကို"ပြည်နယ် အဆင့်လွှတ်တော်တွေမှာ မေးမြန်းဖို့ပြဋ္ဌာန်းထားရှိပြီး အခုလိုမျိုး ဓာတ်သတ္တုတူးဖော်ရေးနဲ့ ဆိုင်တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး အမှန်တကယ်တာဝန်ယူ၊ တာဝန်ခံထားရတဲ့ ပြည်ထောင်စုဝန်ကြီးရုံးကို ဒီထက်ပိုတဲ့ မေးခွန်းတွေသိရှိနိုင်ရေးအတွက် ဆက်လက် မေးမြန်း ဆောင်ရွက်သင့်တဲ့အကြောင်းဖြေကြားလိုပါတယ်။

ပြည်နယ်အစိုးရအနေနဲ့ကတော့ ဓါတ်သတ္တုတူးဖော်ထုတ်လုပ်ရာမှာ နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူလူထုများကပါ ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရေး



D/real(wide) (1



လျော့နည်းသက်သာမှုအဖြစ်ဆုံးဖြစ်အောင်လို့ စီစဉ်ထားတဲ့ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် Environmental Management Plan အတိုကောက် (EMP)ကို တတိယကြားခံအဖွဲ့အစည်းနဲ့ပဲ တင်သွင်း ဆောင်ရွက်ရပါတယ်။

တင်သွင်းတဲ့ အစီရင်ခံစာတွေကို သက်ဆိုင်ရာသတ္တုသွင်း ဦးစီးဌာနကစိစစ်ပြီးဖြစ်နိုင်ခြေရှိတယ်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်တယ်ဆိုတဲ့ အခြေအနေမျိုးမှာ ပြည်ထောင်စုဝန်ကြီးရုံးကနေခွင့်ပြုမိန့်ထုတ်ပေးတယ်လို့ ကျွန်တော်တို့ သိထားရပါတယ်။

လတ်တလောအနေနဲ့လည်း ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကတစ်နိုင်ငံလုံးမှာရှိတဲ့ ဓာတ်သတ္တုအကြီးစား လုပ်ကွက်ပေးထားတဲ့ လုပ်ကွက်တွေကို ပုံမှန်ကွင်းဆင်းစိစစ်ဖို့အတွက်ဝန်ကြီးကိုယ်စား ကိုယ်စားပြု နေပြည်တော်အခြေစိုက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို (၁၂-၅-၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၉ခွဲ(၁) ၁၇/သတ္တု(၅၁၀၅)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာမှာ ရှမ်းပြည်နယ်အတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့လည်း အပါအဝင်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေး ဘာဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရေးနဲ့ နည်းပညာတွေ ကွဲပြားရရှိရေးအတွက် မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရနဲ့ ဂျာမဏီအစိုးရတို့ရဲ့ ပူးပေါင်း စီစဉ်ဆောင်ရွက်မှုနဲ့သတ္တုတွင်းဦးစီးဌာနနဲ့ ဂျာမဏီနိုင်ငံမှာအခြေစိုက်တဲ့ Federal Institute For Geo -Sciences and Natural Resources အတိုကောက် BGR အဖွဲ့တို့ ပူးပေါင်းပြီး သတ္တုတွင်းကြီးကြပ် အင်ဂျင်နီယာလုပ်ငန်းခွင်သင်တန်းတွေကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးနည်းပညာတက္ကသိုလ်တွင် (၂) ကြိမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့သတ္တုလုပ်ငန်းရှင်များ

Responsible Mining စနစ်ဖြစ်ထွန်းလာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲသတ္တုတွင်းဥပဒေနှင့်အညီတာဝန်ခံထားတဲ့ ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ကုမ္ပဏီများတင်ဒါလျှောက်လွှာတင်သွင်းခြင်းနှင့် လုပ်ငန်းပြီးစီး၍ ငွေကြေးထုတ်ယူသည့်အခါ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏သဘောထားထောက်ခံချက်ရယူစေရေးအစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ မဲဆန္ဒနယ်လူထုရဲ့ စိတ်ထဲမှာ မရှင်းလင်းတဲ့ကိစ္စ၊ အလွန်အင်မတန်သိချင်တဲ့ကိစ္စဖြစ်တဲ့အတွက် လူထုကိုယ်စား လွှတ်တော် မှတစ်ဆင့် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် တစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်တာကာလ



D/real(wide) (1



တင်ဒါခေါ်ယူတဲ့အခါမှာ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်၊ ထောက်ခံချက်ပါရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ ယခင်နှစ်ကလို ကုမ္ပဏီနဲ့ လူထုအကြား ပြဿနာဖြစ်စရာအကြောင်းမရှိဘူးလို့ ယူဆပါတယ်။

ကိုယ့်ဒေသရဲ့အခြေအနေကို ကျွန်တော်တို့ ကိုယ်စားလှယ်များက အသိဆုံး ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်းပဲ ပွင့်လင်းမြင်သာစွာနဲ့ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

နောက်တစ်ချက်က ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တော်တော်များများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုအစိုးရအဖွဲ့နှင့် ကုမ္ပဏီများကိုတင်ဒါခေါ်ယူပြီးတင်ဒါအောင်မြင်သည့် ကုမ္ပဏီများကို စာချုပ်စာတမ်းနှင့်တကွ လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။

လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ပြည်နယ်အစိုးရမှဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကျွမ်းကျင်ဝန်ထမ်းပါဝင်တဲ့အရည်အသွေးစစ်ဆေးရေးကော်မတီများက စစ်ဆေးပြီးထောက်ခံချက်နှင့်တကွ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလက်မှတ်နှင့်အတူအရစ်ကျငွေထုတ်ပေးလျက်ရှိပါတယ်။

လုပ်ငန်းပြီးစီးရင်လည်းပြီးစီးကြောင်း စစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာဌာနတာဝန်ခံ၊ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ ထောက်ခံချက်လက်မှတ်နဲ့တကွ တင်ပြငွေထုတ်ပေးလျက်ရှိတာတွေ့ရှိရပါတယ်။

ဒီလိုငွေကြေးထုတ်ယူရာမှာတစ်ချို့လုပ်ငန်းတွေဟာ ပြီးစီးမှုမရှိသေးဘဲ ကုမ္ပဏီ၊ ဌာနဆိုင်ရာ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တို့နားလည်မှုယူပြီးငွေကြေးထုတ်နေတာတွေ့ရှိရပါတယ်။ ပြဿနာဖြစ်လာမှ တိုင်ကြားလာလို့ စစ်ဆေးတဲ့အနေအထားတွေ့ရှိရပါတယ်။

ကျွန်တော်တို့ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာအုပ်စု၊ ဇယန်းမြောက်ကျေးရွာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်း ၃မိုင်ကို **“ ရှမ်းပြည်အလှ”** ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ရာမှာ ၂၀၁၇ ခုနှစ်၊ ဧပြီလကုန်အထိမြေသားလမ်း ၂မိုင်၊ ၅ဖာလုံ ပြီးစီးပြီး ၃ဖာလုံ ကျန်ရှိနေပါသေးတယ်။ အဲ့ဒါကို ကုမ္ပဏီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန နဲ့ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကလာပြီး ပြီးစီးကြောင်း လက်မှတ်ရေးထိုးစေခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်း လူထုက မကျေနပ်လို့ တိုင်ကြားလာတဲ့အခါ တကယ်သွားရောက် စစ်ဆေးတဲ့အခါမှာ တကယ်အမှန်တကယ် မပြီးစီးသေးတာကိုတွေ့ရှိရပါတယ်။ ယခုစာရေးတဲ့အချိန်အထိ ၄င်း ၃ဖာလုံဟာ လုံးဝကျန် ရှိနေပါသေးတယ်။အလားတူအချို့စာသင်ကျောင်းဆောက်လုပ်ခြင်း မှာလည်းပဲ မပြီးစီးသေးဘဲ ပြီးစီးပြီဆိုပြီး လက်မှတ်ရေးထိုး သွားတာကို တွေ့ရပါတယ်။

ဒီလိုဖြစ်ရခြင်းဟာ လုပ်ငန်းပြီးစီးမှုအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြအသိပေးခြင်း၊ ပြီးစီးကြောင်းလက်မှတ် ရေးထိုးစေခြင်း မပြုရလို့ ဒီလိုဖြစ်ရခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ တော်တော်များများလည်း ဒီလိုပဲဖြစ်နေကြောင်း သိရပါတယ်။

လုပ်ငန်းမပြီးသေးဘဲ ငွေထုတ်ယူခြင်းဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကို အလဟဿ ဖြစ်စေရုံမက ပြည်သူ့အတွက်လည်း လွန်စွာနစ်နာလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်-

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီများ တင်ဒါ လျှောက်လွှာ တင်သွင်းသည့်အခါ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်



D/real(wide) (1



အတွင်း မြို့နယ်အသီးသီး၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများကလုပ်ငန်းဆောင်ရွက်ပြီးလည်းဖြစ် ပါတယ်။ အဲ့ဒီလုပ်ငန်းများကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ အကြိမ်ကြိမ်သွားရောက်စစ်ဆေးကြည့်ရှု ခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲဒီလိုသွားရောက်ကြည့်ရာမှာ တချို့လုပ်ငန်း တွေဟာ အားရကျေနပ်မှုမရှိသလို တစ်ချို့လုပ်ငန်းတော်တော် များများဟာ စိတ်ကျေနပ်မှု လုံးဝမရှိတာလည်းရှိ ပါတယ်။ တစ်ချို့ ကုမ္ပဏီဆိုရင် လူထုနဲ့ မကြာခဏထိပ်တိုက်တွေ့ဆုံပြီး ပြဿနာများ ဖြစ်တဲ့အတွက်သွားရောက်ဖြေရှင်းပေးရတာလည်းရှိခဲ့ပါတယ်။

ကျွန်တော်တို့ကိုယ်စားလှယ်များအနေဖြင့်လည်း လွန်ခဲ့သော တစ်နှစ်တာကာလမိမိတို့မြို့နယ်မှာ လုပ်ငန်းဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီ များရဲ့ အရည်အသွေးမှတ်တမ်းများကိုလည်းပဲ ပြုစုထားရှိပြီးဖြစ်ပါ တယ်။ဘယ်ကုမ္ပဏီကလူထုအပေါ်မှာစေတနာထားတယ်။ လုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ အရည်အသွေး ပြည့်မီတယ်၊ မပြည့်မီဘူး ဆိုတာ အားလုံးမှတ်တမ်းထားရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် နယ်စပ် ရေးရာဝန်ကြီးဌာန လုပ်ငန်းများကိုဆောင်ရွက်လိုတဲ့ ကုမ္ပဏီများ အနေနဲ့ ၂၂-၅-၂၀၁၇မှ ၉-၆-၂၀၁၇ ထိ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ကြောင်း ကြေညာထားတာကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များဆိုတာ ပြည်သူတွေရွေးချယ်ပေးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ အတွက် ပြည်သူ့မျက်နှာကိုပဲထောက်ရှုရမှာဖြစ်ပါတယ်။ ကုမ္ပဏီများရဲ့ မျက်နှာကိုထောက်ရှုမှာမဟုတ်ပါဘူး။ လာမည့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ယခင်နှစ်များရဲ့ သင်ခန်းစာယူပြီး ဒီနှစ်မှာလူထုအတွက် အကောင်းဆုံးနဲ့ လူထုစိတ် ကျေနပ်မှု အရှိဆုံးအဖြစ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ဒေသဖွံ့ဖြိုးရေး မည်သည့် လုပ်ငန်းမဆို

များ၏ သဘောထားမှတ်ချက် ရယူရန် အစီအစဉ် ရှိ/ မရှိ။

( ခ ) ကုမ္ပဏီများ လုပ်ငန်းပြီးစီး၍ ငွေကြေးထုတ်ယူသည့်အခါ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ပြီးစီးကြောင်း လက်မှတ်ရယူရန် အစီအစဉ်ရှိ/ မရှိကို လူထုကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဤကဲ့သို့ မေးမြန်းရခြင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်ဖြစ်သည့် ကိုယ်စားပြုခြင်း၊ အစိုးရအဖွဲ့အား စောင့်ကြည့်ခြင်း၊ ထိန်းညှိခြင်းများ ဆောင်ရွက်တယ်လို့ယူဆစေချင်ပါတယ်။ဒီမေးခွန်းဟာလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒနဲ့တစ်ထပ်တည်းကျလိမ့်မယ်လို့ ယူဆပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါ တယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊နှလုံးသာယာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း ၂ ချက်နှင့် ပတ်သက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။

နံပါတ် (က) က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီများ တင်ဒါ လျှောက်လွှာ တင်သွင်းသည့်အခါ သက်ဆိုင်ရာ



D/real(wide) (1



အရည်အသွေးပြည့်မီအောင်ဆိုပြီး သက်ဆိုင်ရာ Focal Minister သက်ဆိုင်ရာဝန်ကြီးကပါပြီးတော့ Adictional Minister နောက်ထပ် ၂ယောက်က စောင့်ကြည့် ကြီးကြပ်ရေးဆိုပြီး ရှမ်းပြည်နယ် Cabinet မှာ ကျွန်တော်တို့အတည်ပြုပါတယ်။ ဒီလိုလုပ်ခြင်းက တင်ဒါပေးတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးက Focal Minister ပါတဲ့အပြင် တခြားဝန်ကြီး၂ယောက်ကပါ ကျပ်သန်း၁၀၀ အထက် တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကြီးကြပ်ဖို့အတွက် ကျွန်တော်တို့ စီမံဆောင် ရွက်ပြီးဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်ပြီး အမှတ်ပေးစည်းမျဉ်းလုပ်တဲ့အခါမှာ ဒီ Techanical Proposal မှာ သက်ဆိုင်ရာဒေသအလိုက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရဲ့ထောက်ခံမှုက (၁)မှတ်ပေးပါတယ်။ နောက်သက်ဆိုင်ရာဌာနကဦးစီးမှူးက(၁)မှတ်ပေးပါတယ်။အဲ့ဒီဒေသမှာရှိတဲ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မည်သည့်ကိုယ်စားလှယ်တစ်ဦးဦး၏ထောက်ခံချက်ကို(၃)မှတ်သတ်မှတ်ပေးပါတယ်။ ဒါကြောင့်မို့ မေးခွန်းနံပါတ်(က)မှာ ဦးအောင်ထွဏ်းမေးထားတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီများ တင်ဒါ လျှောက်လွှာတင်သွင်းသည့်အခါ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက် ရယူရန် အစီအစဉ် ရှိ/ မရှိနဲ့ ပတ်သက်ပြီး သဘောထားမှတ်ချက်ရယူပါတယ်။ အမှတ်ပေးစည်းမျဉ်းအရ(၃)မှတ်ထည့်သွင်းရေးဆွဲထားတယ်ဆိုတဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

နောက်နံပါတ်(ခ)မေးခွန်းအရ ကုမ္ပဏီများ လုပ်ငန်းပြီးစီး၍ ငွေကြေးထုတ်ယူသည့်အခါ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ပြီးစီးကြောင်း လက်မှတ်ရယူရန် အစီအစဉ်ရှိ/ မရှိဆိုတဲ့ ကိစ္စပါ။ ဒါကစောစောကမေးမြန်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ မေးမြန်းချက်မှာ လုပ်ငန်း

မပြီးစီးဘဲနဲ့အပ်ထားပါတယ် ဆိုပြီးပြောဆိုသွားတာရှိပါတယ်။ အဲ့ကိစ္စနဲ့ ပတ်သက်ပြီးဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေဟာ မိမိဒေသမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကိုယ်စားလှယ် ၁ ယောက်၏ တာဝန်သည် ဥပဒေပြုခြင်း၊ ကိုယ်စားပြု ခြင်း၊ စောင့်ကြည့်ခြင်းဟူတဲ့ အဓိက(၃)ချက်ကိုလုပ်ရပါတယ်။ အဲ့ဒီလိုစောင့်ကြည့်တဲ့အခါမှာ Check and Balance အရအဖွဲ့အစည်းနဲ့၊ လွှတ်တော်နဲ့ မနီးလွန်း၊ မဝေးလွန်းဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စိစစ်ခွင့်ရှိပါတယ်။ သို့သော်လည်းပဲ ဒီလိုပေးတဲ့အခါမှာ အရည်အသွေးမမီဘူး၊ မပြီးဘဲနဲ့ပေးတယ်လို့ယူဆရလျှင် ရှမ်းပြည်နယ်အစိုးရကိုတိုင်ကြားနိုင်ပါတယ်။ တရားစွဲဆိုနိုင်ပါတယ်။ အရေးယူဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။ သို့မှသာလျှင် Check and Balance ဖြစ်မှာပါ။ ဒါဟာလည်း ရှမ်းပြည်နယ်အစိုးရအနေနဲ့ နွေးထွေးစွာ လက်ကမ်း ကြိုဆိုတဲ့အကြောင်းထည့်သွင်းပြောဆိုခြင်းဖြစ်ပါတယ်။ အဲ့လိုငွေကြေးထုတ်ယူတဲ့အခါမှာ လိုက်နာရမည့်သတ်မှတ်ထားတဲ့စံချိန် စံညွှန်းများရှိပါတယ်။ စည်းကမ်းချက်(၂၄)ချက်နှင့် အညီလုပ်ရပါတယ်။ ဒါက Exclusive Power ရဲ့ စွမ်းဆောင်မှုပါ။ အဲ့လိုလုပ်တဲ့အခါမှာ ခရိုင်၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီတွေက လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် ထောက်ခံပေးရပါတယ်။ တကယ်လို့မပြီးဘဲနဲ့ထောက်ခံပေးတယ်ဆိုရင် တရားစွဲဆိုလို့ ရပါတယ်။ အရေးယူဆောင်ရွက်ဖို့ ကျွန်တော်တို့ အဆင်သင့်ရှိပါတယ်။ အဲ့ဒီမှာ ရှမ်းပြည်နယ်အစိုးရ Cabinet ကို တင်ရပါတယ်။ တင်ပြီးတဲ့အခါမှာ ဆုံးဖြတ်ချက်ပြီးဆုံးပြီလား။ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့သွားရပါတယ်။ အဲ့ဒီမှာ ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာတဲ့ငွေထုတ်ယူမှုကို ချက်ခြင်း လက်မှတ်ထိုးပြီးဆုံးဖြတ်ပေးတာမဟုတ်ပါဘူး။ ဘဏ္ဍာရေး



D/real(wide) (1



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ရယူရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်းမှာ ဌာနဆိုင်ရာများမှ ငွေလုံးငွေရင်းဖြင့် ဒေသဖွံ့ဖြိုးလုပ်ငန်းများဆောင်ရွက်ရန် အတွက်ကုမ္ပဏီတွေကို တင်ဒါခေါ်ယူရပါတယ်။ အဲ့ဒီတင်ဒါခေါ်ယူတဲ့အခါမှာ အိတ်ဖွင့် တင်ဒါစည်းမျဉ်း၊စည်းကမ်းအရ ၂၀၁၇-၂၀၁၈ အဆောက်အဦနှင့် တည်ဆောက်ရေး လုပ်ငန်းတွေလုပ်တဲ့အခါ လေလံပစ္စည်းတွေဝယ်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံတော်သမ္မတကနေပြီး၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းအရထွက်ပါတယ်။ ဒီလိုထွက်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ရှမ်းပြည်နယ်အစိုးရက ဒီတင်ဒါလုပ်ထုံးလုပ်နည်းစည်းမျဉ်း၊စည်းကမ်းနှင့်အညီဌာနဆိုင်ရာ အသီးသီးနဲ့အစည်းအဝေးထိုင်ပြီး အမှတ်ပေးစည်းမျဉ်းရေးဆွဲပါတယ်။ ၂၃-၅-၂၀၁၇ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပုံမှန်အစည်းအဝေးအမှတ်စဉ်၊ ၄-၅/၂၀၁၇ ဆုံးဖြတ်ချက်အပိုဒ် ၅(ခ)အရ ကျွန်တော်တို့ အတည်ပြုပေးလိုက်ပါတယ်။ ဘာကိုအတည်ပြုပေးလိုက်လည်းဆိုတော့ Techanical Proposal ဆိုတဲ့ နည်းပညာအဆိုပြုလွှာနဲ့ Price Proposal ဈေးနှုန်း အဆိုပြုလွှာဆိုပြီး အပိုင်း ၂ ပိုင်းခွဲပါတယ်။ အပိုင်း ၂ပိုင်းခွဲပြီး တဲ့အခါမှာ Techanical Proposal မှာ ကျွန်တော်တို့က ပေးမှတ်(၆၀)သတ်မှတ်ပြီး Price Proposal မှာပေးမှတ်(၄၀)သတ်မှတ်ပါတယ်။အဲ့ဒါကလည်း ၁/၂၀၁၇ လုပ်ထုံးလုပ်နည်းအရ အားလုံးရဲ့ဆုံးဖြတ်ချက်နဲ့ဆုံးဖြတ်ပြီး ရှမ်းပြည်နယ်အစိုးရ Cabinet မှာ အတည်ပြုပါတယ်။ အဲ့လိုကျွန်တော်တို့အမှတ်ပေးတဲ့အခါမှာ အရင်အဆက်ဆက် က အားနည်းချက်တွေရှိခဲ့ပါတယ်။ အဲ့ဒီအားနည်းချက်တွေကို ဖြည့်ဆည်းဖို့အတွက် ဒီတင်ဒါတွေကိုအရည်အသွေး ပြည့်မီအောင် ပွင့်လင်းမြင်သာမှုရှိရမယ်။ တကယ်တည်ဆောက်တဲ့အခါမှာလည်းပဲ

စည်းမျဉ်း၊ စည်းကမ်းတွေ၊ လုပ်ထုံး လုပ်နည်းတွေနဲ့အညီခွင့်ပြု ပေးတာရှိပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီများ လုပ်ငန်းပြီးစီးမှုဟာ သက်ဆိုင်ရာ Focal Minister ရဲ့ လုပ်ငန်းတာဝန်ဖြစ်ပြီးရှမ်းပြည်နယ် အစိုးရရဲ့လမ်းညွှန်မှု၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ ငွေထုတ်ပေးရတာဖြစ်ပါတယ်။ ဒါ့ကြောင့် မေးထားတဲ့ သက်ဆိုင်ရာ ဦးအောင်ထွဏ်း၊ ကိုယ်စားလှယ်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်း ပြီးစီးမှု လက်မှတ်ရယူရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးကမေးခွန်းမေးမြန်းဖို့ဖြစ် ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းအကြောင်းကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေ မြို့နယ်၊ အင်းလေးကန်သည် ရန်ကုန်၊ မန္တလေး၊ ပုဂံကဲ့သို့ ခရီးသွား လုပ်ငန်းအတွက် အရေးပါသော နေရာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ညောင်ရွှေမြို့သည်အိမ်သာမှ ဧည့်သည်လာဆိုသကဲ့သို့ အင်းလေးကန်၏ ဝင်ပေါက်ဖြစ်တဲ့ ညောင်ရွှေ မြို့နယ်မှာ ဧည့်သည်များပျော်ရွှင်ချမ်းမြေ့စွာလည်ပတ်



D/real(wide) (1



ထောင်)ခန့်ကုန်ကျမည်ဟုခန့်မှန်းရပါတယ်။

၄င်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ပါက ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဟု ဆွေးနွေးမျှော်မှန်းရပါတယ်။ လုပ်ငန်းအောင်မြင် ပြီးပါကလည်း တစ်ကြိမ်တည်းဖြင့် ရေရှည်အကျိုး ကျေးဇူးရှိသွားမည်ဖြစ်ပါတယ်။ အထက်ပါ ရင်းနှီး မြှုပ်နှံမှုတို့ အတွက် မြို့နယ်စည်ပင်သာယာရေး၏ အင်အားတစ်ခုတည်းဖြင့်ဆောင်ရွက်မည်ဆိုပါက မဆောင်ရွက်နိုင်ပါ။

သို့ဖြစ်ပါ၍ အထက်ပါလုပ်ငန်းများအတွက် ရှမ်းပြည်နယ် အစိုးရဌာနအသီးသီးမှ ပါဝင်ညှိနှိုင်းကြားဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/ မရှိ သိလိုခြင်းဖြစ်ပါတယ်။ အစီအစဉ်မရှိပါက အဘယ်ကြောင့် ပါနည်း။ အစီအစဉ်ရှိပါက မည်သို့မည်ပုံဆောင်ရွက်မည်ကိုသိရှိ လိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်း ရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးများကကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးရဲ့ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စားကျွန်တော်ဒေါက်တာညီညီအောင်က ဖြေကြားပေးမှာဖြစ်ပါတယ်။

အင်းလေးကန်ဒေသသာယာလှပရေးနှင့် ရေရှည်တည်တံ့

စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ကြီးကြပ်မှုနှင့်အတူ အင်းလေး ကန်ဒေသတွင် ညောင်ရွှေမြို့နယ်သစ်တောဦးစီးဌာနနှင့် အင်းလေး ကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများပူးပေါင်းပြီး နှစ်စဉ် စီမံချက်နှင့်အညီရေဝေရေလဲစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောနှင့်သဘာဝရေထွက်များထိန်းသိမ်းခြင်း၊ နုန်းထိန်း တမံငယ်ပြုလုပ်ခြင်း၊ ထင်းချွေတာရေးအတွက် စွမ်းအားမြင့်မီးဖို အခမဲ့ဖြန့်ဝေပေးခြင်း၊ ပြည်သူလူထုအကျိုးပြုတဲ့ အစိမ်းရောင် လုပ်ငန်းများဖြစ်သည့်နှစ်ရှည်သီးပင်စားပင်များအပါအဝင် သစ်တော သစ်ပင်များအား လူထုဖြန့်အနေဖြင့် ပျိုးပင်များ အခမဲ့ ဖြန့်ဝေခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေမြေနှင့် မြေဆီလွှာတိုက်စားမှုကာကွယ်ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ ဒေသခံ ပြည်သူများ ပူးပေါင်းမှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပပြုလုပ်ခြင်း တို့ကိုပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း ညောင်ရွှေမြို့အနီးပတ်ဝန်း ကျင်မှာရှိတဲ့ နှစ်ကာလအတန်ကြာတိမ်ကောနေတဲ့ ရေကန်တွေကို ဆယ်တင်ပေးခဲ့ပြီး ဒီလိုဆယ်တင်ခဲ့တဲ့ ရေကန်တွေဟာ အခု အခါမှာ ရေတွေပြည့်လျက်ရှိရာ ယမန်နှစ်ရေခန်းခဲ့တဲ့ရေတွင်းရေကန်တွေလည်း ရေပြန်လည်ထွက်ရှိလာကာကိုတွေ့ရမှာဖြစ်ပါတယ်။ ညောင်ရွှေမြို့ သာယာလှပရေးအတွက်အဓိကတာဝန်ရှိတဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာနအနေနဲ့တော့ ညဈေးတစ်ခုဖော်ထားပေးပြီးတော့ ယခင်က နိုင်ငံခြားသားခရီးသွား ဧည့်သည်တော်များ စိတ်ဝင်စားပြီး သွားရောက်လည်ပတ်လျက်ရှိတဲ့ ရေပေါ်ဈေးမှာတိမ်မြုပ်ပျောက်ကွယ် နေတဲ့အတွက်၎င်းရေပေါ်ဈေးကိုပြန်လည်ထုတ်ဖော်ခြင်းဖြင့် ခရီးသွားဧည့်သည်များ စိတ်ချမ်းသာစွာလည်ပတ်ကြည့်ရှုလေ့လာ



D/real(wide) (1



နိုင်ရေးအတွက်သာယာလှပရန်လိုအပ်ပါတယ်။ ထိုလိုအပ်ချက်များပြီး ပြည့်စုံနိုင်စေရန်အတွက် မြို့တွင်းလမ်းများဖြစ်တဲ့

၁။ (က) မြေသားလမ်းမှ ကျောက်ချောလမ်း (၄၆) လမ်း၊ (၈)မိုင် (၅. ၃၈)ဖာလုံ၊
(ခ) ကျောက်လမ်းမှ ကတ္တရာလမ်း(၁၆)လမ်း၊ (၁)မိုင် (၁. ၈၅)ဖာလုံ၊
(ဂ) ထပ်ပိုးလွှာခင်းခြင်း (၃၃)လမ်း၊ (၁၁)မိုင် (၂. ၆၄) ဖာလုံ၊

၂။ (က) မြို့တွင်းကွန်ကရစ်တံတားများ အဆင့်မြှင့်ခြင်း (၆×၁၅×၃)ပေ၊ (၁၁)စင်း၊
(ခ) မြို့တွင်းတံတားငယ်များ ပြုပြင်အဆင့်မြှင့်ခြင်း(၆×၁၅×၃)ပေ၊ (၄)စင်း၊

၃။ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြေတူး စက်ငယ်ဝယ်ယူခြင်း၊ (၄. ၅) တန်၊ (၁)စီး၊

၄။ အမှိုက်ကင်းစင်နယ်မြေထူထောင်ရေးလုပ်ငန်းများ၊

၅။ မြို့ရေပေးရေးလုပ်ငန်း၊

၆။ ကျေးလက်ဈေး (၁၀)ဈေး သာယာလှပသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

၇။ လမ်းပေါ်ရောက်လျှပ်စစ်မီးတိုင်များရွှေ့ပြောင်းရေး လုပ်ငန်း၊

၈။ အခြားမြို့နယ်များနှင့် အဆင့်မီမြို့တော်ခန်းမ တည်ဆောက်ရေး၊ စည်ပင်သာယာရေးရုံး တည်ဆောက်ရေးစသည့်ကိစ္စရပ်တို့အတွက် - ခန့်မှန်းငွေကျပ်သိန်းပေါင်း (နှစ်သောင်းခြောက်

နိုင်ဖို့ နေရာတစ်ခုတိုးလာမှာဖြစ်ပါ တယ်။ ရေပေါ်ဈေး ဖြစ်ပေါ်လာမယ်ဆိုရင် ဒေသခံတွေ အရောင်းအဝယ်ဖြစ်ပေါ်လာပြီး အလုပ်အကိုင်ဝင်ငွေတွေရရှိလာပြီးရိုးရာယဉ်ကျေးမှု ဓလေ့ကိုလည်း ပြန်လည်ဖော်ထုတ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ဒ့ါအပြင်အမှိုက်သိမ်းဆည်းရေးကိစ္စ၊ ရေစီးရေလာကောင်းမွန်ရေးကိစ္စများကိုလည်း စည်ပင်သာယာရေးဌာနအနေနဲ့ တတ်နိုင်သလောက်၊ ဘတ်ဂျက်ရှိသလောက်ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းဖြေကြားအပ်ပါတယ်။ သို့သော်လည်းပဲ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ ပြည်နယ်စည်ပင်သာယာရေး၊ ပြည်နယ်အတွင်းမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့များဟာ မိမိတို့ဘတ်ဂျက် ရှာနိုင်သလောက်သာ သုံးစွဲခွင့်ရတဲ့အတွက် နှစ်အလိုက်ဘတ်ဂျက်ရှိသလောက်သာ တစ်နှစ်ချင်း၊ တစ်နှစ်ချင်း၊ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း အကောင်အထည်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းလာတဲ့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးကိုယ်စား ကျွန်တော်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်





ကော်မတီအနေဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ပံ့ငွေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အသုံးပြုရန် အများသုံးသန့်စင်ခန်းဆောက်လုပ်ပေးခြင်း၊ ဟိုတယ်/ခရီးသွားပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်မှု၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှု၊ ကမ္ဘောဇအနာဂတ်အလင်းတန်း( မြန်မာ) ဖောင်ဒေးရှင်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ်(၁၀၉၉. ၄၈) သိန်းဖြင့် လွတ်လပ်ရေးကျောက်တိုင်ကွင်းမှာ ဗိုလ်ချုပ်ပန်းခြံတည်ဆောက်ခြင်း၊ ညဈေးအကောင်အထည်ဖော်ခြင်း၊ ဌာနပိုင်အမှိုက်သိမ်းယာဉ်များအပြင် ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော သန့်ရှင်းရေးယာဉ်ဖြင့် အမှိုက်သိမ်းဆည်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အင်းလေးဒေသဟိုတယ်ဇုန်အကောင်အထည်ဖော်ခြင်းလုပ်ငန်းအတွက်ဟိုတယ်ဇုန်ခြံစည်းရိုးကာရံခြင်းအား ခွင့်ပြုငွေကျပ်(၂၆၉၈. ၆၆၇)သိန်းဖြင့်လည်းကောင်း၊ အင်ကြင်းကုန်း၊ ကန်ပုံ့၊ ညောင်ဝန်းကျေးရွာများတွင် ရေရရှိရေးလုပ်ငန်းအား ခွင့်ပြုငွေကျပ်(၂၇၁)သိန်းဖြင့်လည်းကောင်းဆောင်ရွက်ခဲ့ပါတယ်။ အရိပ်ရပန်းအလှပင်နှင့် နှစ်ရှည်ပင် စုစုပေါင်း(၃၃၆၃)ပင်၊ ခွင့်ပြုငွေကျပ်(၂၁)သိန်းဖြင့် အင်းလေးဒေသဟိုတယ်ဇုန်အတွင်း ဇုန်အလိုက် စိုက်ပျိုးခဲ့ပါတယ်။

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေး ဥပဒေရေးဆွဲရာတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အပြင် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အထိ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတ္တရာလမ်း(၁၁)မိုင် (၂. ၆၄)ဖာလုံ၊ ကျောက်ချောလမ်း (၁)မိုင် (၁. ၈၅)ဖာလုံ၊ တံတား (၁၁၄)စင်း၊ စက်ရေတွင်း(၁၈)တွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ လာမည့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ကောက်ခံရရှိသည့် အခွန်ငွေပေါ်

မှုတည်၍ မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်အတွင်း လမ်းဧရိယာနှင့် လွတ်ကင်းမှု မရှိသော လျှပ်စစ်မီးတိုင်များ စုစုပေါင်း(၉၈)တိုင်ရှိပါတယ်။အဆိုပါ လျှပ်စစ်မီးတိုင်များ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ခွဲဝေဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ်အင်းလေးကန်သည် ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသောဒေသဖြစ်သည့်အတွက် လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုရောက်ရှိလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးရုံးမှ ဧည့်သည်များအတွက် ခရီးသွား သတင်းအချက်အလက်များပေးနိုင်ရန် ညောင်ရွှေမြို့၊ ဝင်းရပ်၊ ကမ်းနားလမ်းတွင် ဌာနပိုင်အဆောက်အဦ Information Counter ၌ ဖွင့်လှစ်ထားရှိကာ အဆိုပါရုံးကို မွမ်းမံပြင်ဆင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပဧည့်သည်များအတွက် လိုအပ်သည့်သတင်းအချက်အလက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခင်က နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံး စိတ်ဝင်စားပြီး သွားရောက်လည်ပတ်လေ့ရှိရာ အင်းလေးကန်အတွင်းရှိ ရေပေါ်ဈေးမှာ တိမ်မြုပ်ပျောက်ကွယ်သွားသဖြင့် ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၄င်းရေပေါ်ဈေးအား ပြန်လည်ဖော်ထုတ်ပေးပါက ခရီးသွားဧည့်သည်များအတွက် လည်ပတ်ကြည့်ရှုလေ့လာရန်နေရာတစ်ခုတိုးလာမည်ဖြစ်ပါတယ်။ ဒေသခံများအတွက် အရောင်းအဝယ်၊ အလုပ်အကိုင်နှင့် ဝင်ငွေများရရှိလာ



D/real(wide) (1



ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးဖြေကြားရမယ်ဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသသည် ရန်ကုန်၊ မန္တလေး၊ ပုဂံကဲ့သို့ ခရီးသွားလုပ်ငန်းအတွက် အရေးပါသော နေရာတစ်ခုဖြစ်ပါတယ်။ ဆောင်ပုဒ်တစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် **"အိမ်သာမှ ဧည့်လာ"**ဆိုတဲ့ စကားအတိုင်းပါပဲ။ အင်းလေးကန်၏ ဝင်ပေါက် ညောင်ရွှေမြို့နယ်မှာ ဧည့်သည်များ ပျော်ရွှင်ချမ်းမြေ့စွာ လည်ပတ်နိုင်ရေး သာယာလှပရန် အတွက် ရှမ်းပြည်နယ်အစိုးရဌာန အသီးသီးမှ ပါဝင်ညွှန်ကြားဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သို့ မည်ပုံဆောင်ရွက်မည်ကို သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့် ပတ်သက်ပြီး-

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် မြို့ဖွံ့ဖြိုးသာယာလှပရေး အတွက် ငွေလုံးငွေရင်းလုပ်ငန်းအနေဖြင့်မြို့တွင်း ကတ္တရာလမ်း (၁၀) လမ်း၊ ကျောက်ချောလမ်း (၃)လမ်းနှင့် ကွန်ကရစ်တံတား (၁၁)စင်းတို့အား ကုန်ကျငွေကျပ်(၁၇၅၀)သိန်းနှင့် မြို့သာယာ လှပရေးလုပ်ငန်းအနေဖြင့် မြို့ဝင်ဆိုင်းဘုတ် မုခ်ဦးကြီးများ၊ Flower Box များနှင့် မြို့တွင်း ပလက်ဖောင်းများဆေးသုတ်ခြင်း၊လမ်းဘေးရေနုတ်မြောင်းနှင့်ရေမြောင်း ဖုံးများပြုလုပ်ခြင်း၊ မြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင် မီးအလှဆင်ခြင်း၊ ပျိုးပင်များ ပျိုးထောင်ခြင်းလုပ်ငန်းများအား ကုန်ကျငွေကျပ် (၁၇၅) သိန်း၊စုစုပေါင်းကုန်ကျငွေကျပ်(၁၉၇၅)သိန်းဖြင့်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ညောင်ရွှေမြို့နယ် စည်ပင်သာယာရေး

မည့်အပြင် ရှိုးရာဓလေ့ကိုလည်း ပြန်လည် ဖော်ထုတ်နိုင်မည် ဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအစည်းအဝေးကို ၁နာရီ မိနစ် ၃၀ခန့် ရပ်နားထားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို နေ့လည်(၁)နာရီ (၁၅)မိနစ်အချိန် မှာပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (1



**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း အစီအစဉ်ကို ဆက်လက် ဆောင်ရွက်ပါ့မယ်။ အစီအစဉ်အရ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ်ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အစိုးရ သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်း BOT စနစ်ဆောင်ရွက်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ရေတာတမံ၊ ရေလှောင်ကန်ဓါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန် မြို့ နှင့် နမ့်စန်မြို့နယ်အတွင်း သောက်သုံးရေရရှိရေးဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ယခင်က ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ မေးမြန်းခဲ့ပြီး အစိုးရ

အဖွဲ့ဝင်၊ သက်ဆိုင်ရာဝန်ကြီးများက ကဏ္ဍအလိုက်ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခု ကျွန်တော်မေးမြန်းရတဲ့ အဓိက အချက်အနေနဲ့ နမ့်စန်မြို့ပေါ်ရပ်ကွက်(၅)ခုနှင့်ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံးရေပိုမိုဖူလုံစွာရရှိစေရေးအတွက် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ နမ့်စန်မြို့ရဲ့ အဓိကအားထားရတဲ့ မြို့လယ်ကဖြတ်သန်းစီးဆင်းနေတဲ့ နမ့်လတ်ချောင်းရေဟာပြီးခဲ့တဲ့ ၂၀၁၆ခုနှစ် ဒီဇင်ဘာလဆန်းကစပြီး ယနေ့အထိ မိုးရွာသွန်းမှုမရှိချိန်မှာ ရေစီးဆင်းမှုအင်မတန်နည်းပါးနေခဲ့ပြီဖြစ်ပါတယ်။ နမ့်စန်မြို့ရဲ့အသက်သွေးကြောဖြစ်တဲ့ ဒီချောင်းရေမတိမ်ကောရေးနဲ့သန့်ရှင်းရေးအတွက် နမ့်စန်တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူလူထုများ၊လူမှုရေးအသင်းများအကြိမ်ကြိမ်ချောင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ မြို့နယ်ထွေအုပ်နဲ့ စည်ပင်ကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ဒေသခံပြည်သူရပ်မိရပ်ဖများနဲ့ နမ့်စန်မြို့တောင်ဘက်မိုင်(၂၀)ကျော်အကွာ နမ့်လတ်ချောင်းဖျားခံရာကို နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာအုပ်စု တောတွင်းမှ အလိုအလျောက် ရာသီဥတုမရွေး ရေအားကောင်းကောင်းစီးဆင်းနေတဲ့ နမ့်ဆစ်ချောင်းကနေ နမ့်လတ်ချောင်းအတွင်း ရေသွယ်မြောင်းဖောက်လုပ်ခြင်းတို့ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ စေတနာအလျောက်ပါဝင်သည့် အလှူရှင်များ အကူအညီဖြင့် လှိုင်လင်ခရိုင်ဆည်မြောင်းမှ နည်းပညာရှင်အကူအညီတို့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ မိုင်(၂၀)ကျော် ရှည်လျားလှတဲ့ နမ့်လတ်ချောင်းထဲသို့ ရေစီးဝင်ရေးတာဝန်ရှိသူတွေအပင်ပန်းခံ ကျားကုတ်ကျားခဲကြိုးပမ်း ဆောင်ရွက်နေသော်လည်း နမ့်စန်မြို့မရောက်မီ လမ်းခုလတ်များမှ ဒေသခံတောင်သူများကချောင်းကို လက်လုပ်တမံခုပြီး အဆင့်ဆင့်ပိတ်ဆို့



D/real(wide)



# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (တတိယနေ့)မှတ်တမ်း
## ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်
## ၂၀၁၇ ခုနှစ်၊ ဇွန် လ ၈ရက်
## [ကြာသပတေးနေ့]
## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)နေ့လည်ပိုင်းအစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ကာ ရေသွင်းလယ်စိုက်ခင်းများပြုလုပ်နေကြလို့ ချောင်းရိုး တစ်လျှောက်ရှိဒေသခံပြည်သူတောင်သူများကိုပညာပေးစည်းရုံးပြီး နမ့်စန်မြို့ရေရရှိရေးကိုသာ ကိုယ့်အစီအမံနဲ့ ကိုယ်ထူကိုယ်ထ အားထုတ်ကြိုးပမ်းနေကြရပါတယ်။

ဒီနမ့်လတ်ချောင်းဟာ ဆောင်းရာသီ၊ နွေရာသီနှင့် မိုးဦးကျ မှာ ရေရှားပါးမှု၊ တိမ်ကောမှုရှိနေသလို မိုးရာသီ၊ မိုးလယ်၊ မိုးနှောင်း မှာလည်း နမ့်စန်မြို့မြောက်ဘက်အမှတ်(၁)ရပ်ကွက်အတွင်း ကျောက်ဂူကလိုဏ်ပေါက် (၄)ခုကနေ ရေငုပ်လျှိုးသွားသလို ရေစီးနဲ့ အတူပါလာတဲ့ သစ်ပင်သစ်ကိုင်း၊ အမှိုက်သရိုက်ပိတ်ဆို့ပြီး ရေငုပ် လျှိုးမှုပမာဏနည်းပါးခဲ့လို့ ၂၀၀၄၊၂၀၀၆နှင့် ၂၀၁၁ခုနှစ်တို့မှာ နမ့်စန်မြို့၊ အမှတ်(၁၊၃၊၄)ရပ်ကွက်များမှာရှိတဲ့ ချောင်းနံဘေး ပတ်ဝန်းကျင်နေအိမ်(၂၀၀)ကျော်(၃၀၀)နီးပါးရေလွှမ်းမိုးမှု၊ ချောင်း ရေဝင်ရောက်မှု ဒဏ်ခံခဲ့ရဖူးပါတယ်။ ဒါကြောင့် နှစ်စဉ် တပ်နယ်၊ ဌာနဆိုင်ရာ၊ ပြည်သူများပူးပေါင်းအင်အားနဲ့ကလိုဏ်ပေါက်(၄)ခု သန့်ရှင်းရေးကို ချောင်းရေနည်းနေချိန် သဲအိတ်ရေတားတမံ ပိတ်ဆို့ပြီး (၃၊၄)ရက်အကြာလုပ်အားပေးရှင်းလင်းဆောင်ရွက် ခဲ့ကြရပါတယ်။

ဒီနမ့်လတ်ချောင်းရေဟာ ရာသီအလိုက် ဒေသခံပြည်သူ များအပေါ် လိုအပ်ချက်အမျိုးမျိုးဖန်တီး ဖြစ်ပေါ်စေတဲ့ အရေးပါပြီး တန်ဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ်ဖြစ်တာမို့ ရေရှားပါးစဉ်ကာလမှာ တစ်မြို့နယ်လုံးရေဖူလုံစွာရရှိရေး၊ မြို့တွင်းချောင်းရိုးတစ်လျှောက် သင့်တော်မည့်နေရာများတွင် ရေတားတမံများပြုလုပ်၍တောင်ပေါ် ရေကန်ကြီးမှာ ရေစုဆောင်းပြီး အဆင့်ဆင့် မြို့ပေါ်ရပ်ကွက်အိမ်ခြေ အလိုက်ရေလုံလောက်စွာရရှိရေး၊ ရေမီတာစနစ်တကျတပ်ဆင်ပြီး ကော်မတီအဆင့်ဆင့်ဖြင့် ကြပ်မတ်စိစစ်ဆောင်ရွက်ပေးနိုင်ပါက မြို့နေပြည်သူလူထု ရေလုံလောက်စွာရရှိနိုင်မှာ ဖြစ်ပါတယ်။





ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် တကွ လွှတ် တော် ကိုယ် စား လှ ယ် များ အား လုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါ၀ရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးလင်းအောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် နမ့်စန် မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသောက်သုံးရေရရှိရေးအတွက် အစိုးရအနေဖြင့်သော်လည်းကောင်း သို့မဟုတ် ပုဂ္ဂလိကအနေဖြင့် သော်လည်းကောင်း (BOT)စနစ်ဖြင့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးနိုင်ရေး ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း နှင့်ပတ်သက်ပြီး အောက်ပါအတိုင်းတင်ပြသွားမှာဖြစ်ပါတယ်-

နမ့်စန်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံး ရေရရှိရေးအတွက် အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး နမ့်စန်မြို့ပေါ် ရေရရှိရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ နမ့်စန် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နမ့်စန်မြို့ အကျယ်အဝန်းမှာ (၁၂. ၀၉)စတုရန်းမိုင် ကျယ်ဝန်းပြီး မြို့ပေါ်ရပ်ကွက် (၅)ခု၊ အိမ်ခြေ(၃၇၈၅)အိမ်၊ လူဦးရေ (၂၃၄၀၉)ဦးခန့် ရှိပြီး တစ်နေ့ရေလိုအပ်ချက်မှာ (၄၆၈၁၈၀)ဂါလံဖြစ်ပြီး နမ့်စန်မြို့၏ တစ်နေ့ရေပေးဝေနိုင်မှုမှာ (၂၆၆၀၀၀)ဂါလံဖြစ်၍ ရေလွှမ်းခြုံမှုမှာ (၅၆. ၈) ရာခိုင်နှုန်းရှိပါတယ်။ နမ့်စန်မြို့လက်ရှိရေပေးရေးအနေဖြင့်

နမ့်လတ်ချောင်းရေအား အမြင့်ပေ(၂၀၀)ရှိသော တောင်ကုန်းပေါ်ရှိ ဂါလံ(၂၈၀၀၀၀)ဆံ့ ရေကန်သို့ မြင်းကောင်ရေ (၅၀/၆၀)ရှိသော လျှပ်စစ်မော်တာ(၂)လုံးဖြင့် ရေတင်ပြီး ရေဖြန့်ဝေပိုက်လိုင်း (၃၄၀၀) ပေဖြင့် အလိုလျောက် အနိမ့်အမြင့် စီးဆင်းမှုစနစ်ဖြင့် ဂိတ်ဘားများ ထိန်းချုပ်၍ မြို့တွင်းသို့ ရေပေးဝေပါတယ်။ ထို့အပြင် မြို့တွင်း၌ တည်ရှိသော မြို့ဦးမြေသား မိုးရေလှောင်ကန်မှ မြို့တွင်းသို့ ၈လက်မ GI Main Pipe မှ မြို့တွင်းသို့ ၆လက်မ၊၄လက်မ၊ ၂လက်မပိုက်များဖြင့် အလိုအလျောက် အနိမ့်အမြင့် စီးဆင်းမှုစနစ်ဖြင့် ဂိတ်ဘားများ ထိန်းချုပ်၍ ရေဖြန့်ဝေပေးလျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း၌ မြို့ရေပေးရေးလုပ်ငန်းအတွက် အမှတ်(၂) ရပ်ကွက်၌ ၂လက်မ PVC ပိုက်လိုင်း(၄၆၀၀)ပေအား ကုန်ကျငွေကျပ် (၃၀)သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြို့ရေပေးရေးအတွက် ပျက်စီးနေသော မြို့ရေပေးရေးပိုက်လိုင်းများ ပြုပြင်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေကျပ် (၃၁. ၉၂)သိန်းဖြင့် ဆောင်ရွက်ရန်လျာထားပါတယ်။

နမ့်စန်မြို့ရေပေးရေးအတွက် ရေအရင်းအမြစ်ဖြစ်သော မြို့ဦးမိုးရေလှောင်ကန်သည် နွေရာသီကာလတွင် ရေခန်းခြောက်ခြင်း၊ ရေလျော့နည်းခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး နမ့်လတ်ချောင်းသည်လည်း လူနေရပ်ကွက်အတွင်း ကျရောက်လျက်ရှိခြင်း၊ နွေရာသီကာလ ရေလျော့နည်းခန်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် ရေလုံလောက်စွာ ပေးဝေနိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။

နမ့်စန်မြို့ရေလုံလောက်စွာရရှိရေးအတွက် တိုးချဲ့ရေပေးရေးဆောင်ရွက်မည်ဆိုပါက မြို့၏ အရှေ့မြောက်ဘက်(၂)မိုင်ခန့် အကွာ



D/real(wide) (1



ခက်ခဲမှု၊ စိန်ခေါ်မှုအမျိုးမျိုးရှိနိုင်သော်လည်း ပြည်သူလူထုအတွက် အဘက်ဘက်က လိုအပ်ချက်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း မေးမြန်းရခြင်းဖြစ်ပါတယ်-

(၁) နမ့်စန်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် အစိုးရအနေဖြင့်သော်လည်းကောင်း သို့မဟုတ် ပုဂ္ဂလိကအနေဖြင့်သော်လည်းကောင်း စနစ်ဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ရေး ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ။

(၂) မြို့နယ်အတွင်းနမ့်လတ်ချောင်းရိုးတစ်လျှောက် သင့်တော်မည့်နေရာများတွင် အဆင့်ဆင့်သောရေတားတမံများ၊ ရေလွှဲတံခါးများတည်ဆောက်ပြီး ရေရှားပါးမှု၊ ရေကြီးရေလျှံမှုတို့ကို ကာကွယ်ဆောင်ရွက်နိုင်မည့် အစီအစဉ် ရှိ/ မရှိ။

ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို နမ့်စန်မြို့နေပြည်သူလူထုကိုယ်စား ကြယ်ပွင့်ပြမေးခွန်းများအဖြစ် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြလျှောက်ထားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများက ကဏ္ဍအလိုက် ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန် အစည်းအဝေးသို့နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်

တွင်ရှိသော နမ့်တိန်းချောင်းမှရေအားရယူ၍ သန့်ရှင်းသော သောက်သုံးရေရရှိရန် အနေးသဲရေစစ်ကန်တည်ဆောက်ခြင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၀၃၄)သိန်း၊ ဂါလံ(၁)သိန်းဆံ့ရေစုကန် တည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေကျပ်(၁၂၉၆. ၉၁)သိန်း၊ 60HP မော်တာနှင့်ပန့်တပ်ဆင်ခြင်း ကျပ်(၈၄၈. ၄၁)သိန်း၊ ရေစက်ရုံ တည်ဆောက်ခြင်း ကျပ်(၆၀၈. ၄)သိန်း၊ ၆လက်မ PVC ပိုက် သွယ်တန်းခြင်း ကျပ်(၇၈၈. ၄)သိန်း၊ 100KVA ထရန်စဖော်မာ တပ်ဆင်ခြင်း ကျပ်(၆၆၈. ၄၁)သိန်း၊ 11KVA ဓါတ်အားလိုင်း သွယ်တန်းခြင်း ကျပ်(၁၀၂၈. ၁၈)သိန်း၊ မမျှော်မှန်းနိုင်သော ကုန်ကျငွေကျပ်(၇၂၇. ၂၇)သိန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် သိန်း(၈၀၀၀)ခန့် ကုန်ကျမည်ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ့်စန်မြို့နယ်စည်ပင် သာယာရေးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေ၏(၅၀)ရာခိုင်နှုန်းဖြစ်သော ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မြို့ပြ ကတ္တရာလမ်း(၂)လမ်းခန့်မှန်းကုန်ကျငွေကျပ်(၃၉၉. ၃၆)သိန်း၊ ကျောက်ချောလမ်း(၂)လမ်း ခန့်မှန်းကုန်ကျငွေကျပ်(၇၂)သိန်း၊ တံတား(၃)စင်း ခန့်မှန်းကုန်ကျငွေကျပ်(၅၄)သိန်း၊ ရေပေးရေး လုပ်ငန်း (၁)ခု ခန့်မှန်းကုန်ကျငွေကျပ်(၃၁. ၉၂)သိန်း၊ အခြား လုပ်ငန်း(၄)ခု ခန့်မှန်းကုန်ကျငွေကျပ်(၂၄၀. ၇၂)သိန်း၊ စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်ကျပ်(၇၉၈)သိန်းအား လျာထားပြီးဖြစ်ပါသဖြင့် နမ့်စန်မြို့တိုးချဲ့ရေပေးရေးလုပ်ငန်း များအား စည်ပင်သာယာရေးဌာနရန်ပုံငွေဖြင့်ဆောင်ရွက်ရန် လုံလောက်မှုမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေး နှစ်တွင် JICA ODA LOAN (MY P-II) ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရန် တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။



D/real(wide) (1



စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၄. ၁၅) သန်း ခွင့်ပြုခဲ့ပါတယ်။

ကျန်ရှိသည့် ကျေးရွာများကိုလည်း အခုလာမည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက်ဦးစားပေး ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးမေးခွန်း(၂)ဖြစ်တဲ့ မြို့နယ်အတွင်း နမ့်လတ် ချောင်းရိုးတစ်လျှောက်သင့်တော်မည့်နေရာများတွင် အဆင့်ဆင့် သော ရေတားတမံများ၊ ရေလွှဲတံခါးများ တည်ဆောက်ပြီး ရေရှားပါးမှု၊ ရေကြီးရေလျှံမှုတို့ကို ကာကွယ်ဆောင်ရွက်နိုင်မည့် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီးတော့ နမ့်စန်မြို့နယ် ကော်မတီ(၃)ရပ်၏ တောင်းဆိုမှုဖြင့် လွိုင်လင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားချက်အရ ၂၀၁၆ခု၊ ဇွန်လနှင့် ဇူလိုင်လများတွင် ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ နမ့်လတ်ချောင်း၊ နမ့်ဆစ်ချောင်းနှင့်တဆက်တည်း ဖြစ်သော မိုင်းစိတ်ကျေးရွာများသို့သွားရောက်၍ မြေပြင်တိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ နမ့်လတ်ချောင်းတစ်လျှောက် တွင်လည်း သင့်တော်သောနေရာများတွင် အဆင့်ဆင့်သော ရေတားတမံများနှင့် ရေတံခါးငယ်များတည်ဆောက်ပြီး နမ့်စန်မြို့၏ ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုတို့ကို ကာကွယ်ပေးနိုင်ရန် တွက်ချက် တင်ပြခဲ့ပါတယ်။ ခန့်မှန်းကုန်ကျငွေစာရင်းကတော့ တန်ဖိုး(၃၅၀) ကျပ်သန်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ပထမမေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့်ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ယခုကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့ ပြည်သူ့ဆေးရုံမှာနောက်ထပ်ခြံစည်းရိုးကာရံခြင်း အတွက် လိုအပ်မည့် ရန်ပုံငွေခွဲဝေသတ်မှတ်ပေးမည့် အစီအစဉ် ရှိ/မရှိစပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ တုံတာ ပြည်သူ့ဆေးရုံဟာဆိုရင် မြေဧရိယာအနေအထားအရ ခြံစည်းရိုး ကာရံဖို့ဆိုရင် ပေ(၃၂၀၀)လိုအပ်ပါတယ်။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ တင်ပြချက် အရ ပြုပြင်ထိန်းသိမ်းစရိတ် ကျပ်သိန်း(၁၅၀) ခွင့်ပြုပေးသည့် အတွက် ခြံစည်းရိုးပေ(၆၄၀)သာကာရံထားပြီးကြောင်းသိရှိရပါ တယ်။ ထို့ကြောင့်နောက်ထပ်ခြံစည်းရိုး(၂၅၆၀)ပေအားဆက်လက် ကာရံသွားရန်လိုအပ်အုံးမည်ဟုတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ နောက်ထပ်ကျန်ရှိနေတဲ့ တုံတာဆေးရုံ၏ ခြံစည်းရိုး အားရန်ပုံငွေအခြေအနေ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိ လိုပါ၍လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။





နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ BOT စနစ်ဖြင့် သောက်သုံးရေရရှိရေး အတွက် ဆောင်ရွက်ရန် တင်ပြလာပါက ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးသွား မည်ဖြစ် ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** ဆက်လက်ပြီး ဦးလင်းအောင်ဆွေ မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျေးရွာရေရရှိရေးကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်းနံပါတ်(၁)ကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်စန်မြို့နယ်တွင်ကျေးရွာအုပ်စု(၂၀)အုပ်စု၊ကျေးရွာပေါင်း(၁၉၆)ရွာ ရှိပါတယ်။ လူဦးရေ(၆၆၄၄၄)ဦး၊ အိမ်ခြေ (၁၂၇၄၂)အိမ်ရှိကျေးရွာ ပြည်သူများမှာ တွင်းတိမ်(၂၁၁)တွင်း၊ တွင်းနက်(၇၆)တွင်း၊ လက်တူးတွင်း (၉၈၃)တွင်း၊ မြေသားရေကန်(၁၇)ကန်၊ စိမ့်စမ်း ရေသွယ်ယူခြင်းလုပ်ငန်း(၁၈၀)ခုနှင့် အခြားရေရရှိရေးလုပ်ငန်း(၅၈)ခု၊ စုစုပေါင်းရေရရှိရေးနည်းလမ်းပေါင်း (၁၅၂၅)ခုဖြင့် လက်ရှိရေရယူ သုံးစွဲလျက်ရှိပါတယ်။ ကျေးရွာ(၁၉၆)ရွာအနက်မှ(၄၄)ရွာမှာ ရေဖူလုံသည့် ကျေးရွာဖြစ်ပြီး ရေလွှမ်းခြုံမှုမှာ (၂၂. ၄၅%)ရှိပြီးတော့ ရေတစ်ဝက်တစ်ပျက်ရရှိသည့် ကျေးရွာ(၉၇)ရွာ ရေလွှမ်းခြုံမှုမှာ (၄၉. ၄၉%) ရှိပါတယ်။ ကျန်ကျေးရွာ(၅၅)ရွာရှိ ပြည်သူလူထုများမှာ မိုးရေ၊ ရေထွက်ရေကန်များမှရေအားရယူသုံးစွဲလျက်ရှိပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နမ့်စန်မြို့နယ်နှင့်ထိစပ်နေသည့် ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာ ပေါင်း(၆၂)ရွာရှိပြီး အိမ်ခြေ(၄၀၄၀)နှင့် လူဦးရေ(၂၀၂၈၉)ဦးဖြင့် နေထိုင် လျက်ရှိပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် အုံလွိုင်ယဲကျေးရွာ

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းတဲ့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိ လမ်းအရှည် (၄/၀) မိုင်အား ကတ္တရာလမ်းတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိမေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိ လမ်းအရှည် (၄/၀)မိုင်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၁မိုင် ၄ဖာလုံ ခင်းထားပြီးတော့ ခင်းပေးခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကျေးလက်လမ်းတံတား (၁၅)နှစ် စီမံကိန်း၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲ တင်ပြပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းတဲ့မေးခွန်းကို စည်ပင်သာယာရေးကဏ္ဍ





**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှဝင်း၏ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့ ပြည်သူ့ဆေးရုံခြံစည်းရိုးအရှည် စုစုပေါင်း (၃၂၀၈)ပေ အနက် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင်ချထားသော ၀၄၀၂၊ ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေကျပ်သိန်း (၁၅၀)ဖြင့် တုံတာ တိုက်နယ်ဆေးရုံတွင်လိုအပ်နေသော ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ရန်မြို့နယ်ကျန်းမာရေးကြီးကြပ်ကော်မတီဆုံးဖြတ်ချက် ဖြင့် ဆောင်ရွက်ခဲ့ရာ ၄င်းငွေပမာဏနှင့် ကိုက်ညီသော ခြံစည်းရိုး (၆၄၀)ပေ ကာရံနိုင်ခဲ့ပြီး (၂၅၆၀)ပေ ကျန်ရှိနေသဖြင့် ငွေလုံးငွေရင်း တွင် ပါဝင်လာနိုင်မှသာလျှင် တဆက်တစပ်တည်း အချိန်မီပြီးစီး နိုင်မည်ဖြစ်ပါတယ်။ ကျန်ရှိနေသောခြံစည်းရိုး (၂၅၆၀) ပေအား တွဲဖက်ပြည်နယ်ကုသရေးအင်ဂျင်နီယာဌာန၊ကျိုင်းတုံမြို့၏ ၃၀-၅-၂၀၁၇ရက်စွဲပါစာအမှတ်၊ ၄၈၁/ကု(တတ-ခြံစည်းရိုး) ၂၀၁၇ ဖြင့် တွက်ချက်၍ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ အသေးစိတ် တွက်ချက်မှုနှင့်အတူ တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

အနေနဲ့ စည်ပင်သာယာရေးကိုယ်စား ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးစိုင်းရဲန်တစ်လုံက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိလမ်းအရှည် (၄/၀) မိုင်အား ကတ္တရာလမ်းတိုးမြှင့်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိသိလိုခြင်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြလိုပါတယ်-

မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိ လမ်းအရှည် (၄/၀) မိုင်အနက်(၁၂၀၀)ပေမှာမိုင်းပျဉ်းမြို့စည်ပင်သာယာရေးနယ်နိမိတ် အတွင်းမှာရှိပြီး မြို့နယ်စည်ပင်သာယာရေးဌာနပိုင်လမ်းဖြစ်ပါသည်။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်ရွာအုပ်စု၊ နားခေါ်ရွာလမ်း (၁၂၀၀ပေ ×၁၂ပေ×၉လက်မ)ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၂၃၅. ၃)သိန်းဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလဝင်ငွေလျာထားချက်မှာငွေကျပ် (၆၂၀)သိန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် (၄၅၃)သိန်းဖြင့် BE တွင် မဟာဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၆၄၀ပေ×၁၆ပေ× ၃လက်မ) ခန့်မှန်းကုန်ကျငွေကျပ် (၁၂၈)သိန်း၊ မြို့တွင်းရေပိုက်လိုင်းများ PVC ပိုက်ဖြင့် အစားထိုးလဲလှယ်ခြင်း ခန့်မှန်းကုန်ကျငွေကျပ် (၂၁. ၈)သိန်း၊ ယာဉ်ရပ်နားစခန်းအမှတ်(၁) ခြံစည်းရိုးကာရံခြင်း (၂. ၀၁)ဧက ခန့်မှန်းကုန်ကျငွေကျပ် (၁၅. ၅)သိန်း၊ ယာဉ်ရပ်နားစခန်းအမှတ် (၂) ခြံစည်းရိုးကာရံခြင်း(၃. ၀၆)ဧက ခန့်မှန်းကုန်ကျငွေကျပ် (၂၇. ၆) သိန်း၊ ကလေးကစားကွင်းမြေခြံစည်းရိုးကာရံခြင်း (၀. ၅၁၄)ဧက ခန့်မှန်းကုန်ကျငွေကျပ် (၁၀)သိန်း၊ ပန်းခြံမြေခြံစည်းရိုးကာရံခြင်း



D/real(wide) (1



**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိ လမ်းအရှည် (၄/၀)မိုင်အား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်း-မိုင်းဆတ် လမ်းသွားရောက်ချိတ်ဆက်မည့် မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအကြား လမ်းအရှည် (၄/၀) မိုင်ရှိပါတယ်။ ကျောက်ခင်းလမ်း ၁မိုင် ၄ဖာလုံ ခင်းပြီးဖြစ်ပါတယ်။ အဆိုပါလမ်းသည် မိုင်းပျဉ်းမြို့၏တောင်ဘက်ရှိ ကျေးရွာ(၁၂)အုပ်စု၊ ကျေးရွာ(၁၆၀)၊ အိမ်ခြေ (၄၅၂၀)နှင့် လူဦးရေ(၂၃၆၅၀)ဦးတို့သည် စီးပွားရေး၊ လူမှုရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ဒေသစိုက်ပျိုးထုတ်လုပ်သည့် ဆန်စပါး၊ လက်ဖက်၊ လိမ္မော်၊ ကြံ၊ ပြောင်း၊ နှမ်းစသည့် သီးနှံများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့်လမ်းဖြစ်သော်လည်း နွေ၊ ဆောင်းသာ လွယ်ကူချောမွေ့ပြီး၊ မိုးရာသီတွင်အလွန်ခက်ခဲမှုအမြဲ ကြုံတွေ့နေရသည်မှာကြာခဲ့ပြီဖြစ်ပါတယ်။ အဆိုပါလမ်းအား ရာသီမရွေး၊ အချိန်အခါမရွေး မြို့သို့ကူးသန်းသွားလာနိုင်ရန် ကျေးရွာ အုပ်စုအတွင်းရှိ ပြည်သူလူထုများအလွန်လိုလားလျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်အုပ်စု၊ နားခေါ်ရွာအထိလမ်းအရှည် (၄/၀) မိုင်အား ကတ္တရာလမ်းတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးများက ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

(၁. ၈၃၇)ဧက ခန့်မှန်းကုန်ကျငွေကျပ်(၁၆. ၃)သိန်း၊ ဈေးဟောင်းမြေ ခြံစည်းရိုးကာရံခြင်း(၀. ၄၅)ဧကခန့်မှန်းကုန်ကျငွေကျပ် (၇. ၈)သိန်း၊ ကွန်ကရစ်လမ်း(၂)လမ်းခင်းခြင်း ခန့်မှန်းကုန်ကျငွေကျပ် (၁၃၂. ၈) သိန်း၊ တံတား(၂)စင်းတည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေကျပ် (၄၁. ၂)သိန်း၊ အခြားလုပ်ငန်း(၃)ခု ခန့်မှန်းကုန်ကျငွေကျပ် (၅၂) သိန်းတို့အားဆောင်ရွက်ရန်လျာထားပြီးလုပ်ငန်းများဆောင်ရွက် လျက်ရှိပါတယ်။

မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မိုင်းပျဉ်း မြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွမ်တောင်းရွာမှ ယမ်းမိုင်ရွာအုပ်စု၊ နားခေါ်ရွာလမ်း(၁၂၀၀ပေ×၁၂ပေ×၉လက်မ)ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် RE မှစ၍သော် လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် BE မှစ၍သော် လည်းကောင်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအား မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။




D/real(wide) (1




**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစား အပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပညာရေးကဏ္ဍမှဆောင်ရွက်ပေးတဲ့အပိုင်းနဲ့ လူမှုဝန်ထမ်းမှဆောင်ရွက်ပေးတဲ့အပိုင်း(၂)ပိုင်းခွဲပြီးတော့ ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။

ပညာရေးမှဆောင်ရွက်ပေးတဲ့အပိုင်းအနေဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အချို့၏ မြို့များတွင် ပညာဆက်လက်သင်ယူ နိုင်ခြင်းမရှိဘဲ၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသော ကလေးသူငယ်များအား ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခြင်း မခံရအောင်နှင့် ၎င်းတို့၏ အနာဂတ်ဘဝသာယာလှပရေးအတွက် ရန်ကုန်ပညာရေးတက္ကသိုလ်တွင်ဖွင့်လှစ်ထားရှိသော မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနအနေဖြင့် UNICEF- UNESCO အဖွဲ့များ၏အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ အတွင်းရှိ NGO အဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ပူးပေါင်း၍ Non Formal Primary Education ကျောင်းပြင်ပမူလတန်းပညာရေး ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်၍ သင်ကြားပေး ခဲ့ပါတယ်။ လုပ်ငန်းခွင်တွင်ရှိသော ကလေးသူငယ်များကို လုပ်ငန်းရှင်များနှင့်ညှိနှိုင်း၍ ပြင်ပကလေးသူငယ်များအား စည်းရုံး ခေါ်ဆောင်ကာ တစ်ရက်လျှင် (၁)နာရီ၊ ၃၀မိနစ်၊ တစ်ပတ်လျှင် (၆)ရက်နှုန်းဖြင့် ပြင်ပပညာရှင်များက သင်ကြားပေးခဲ့ပါတယ်။

အခြေခံပညာဦးစီးဌာနနှင့် ပြင်ပဒေသဆိုင်ရာ အလှူရှင်များ ကလည်း ပညာသင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ လစာ ထောက်ပံ့ကြေးနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာ

စာအုပ်၊ ဘောပင်များ၊ ကျောပိုးအိတ်၊ တီရှပ်များ၊ မိုးကာအင်္ကျီများ ထောက်ပံ့ပေးခဲ့ကြပါတယ်။

ရှမ်းပြည်နယ်အတွင်းနှစ်အလိုက် ကျောင်းပြင်ပ ပညာရေးတွင် သင်ကြားပေးခဲ့သော မြို့နယ်များနှင့် ကျောင်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

၂၀၁၂-၂၀၁၃ပညာသင်နှစ်၊ တောင်ကြီး၊ဟိုပုံး၊ ကလော မြို့နယ်များတွင် အခြေစိုက်စခန်း ၁၇ခု၊ ဆရာ၊ ဆရာမ ၃၃ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၄၅ဦး၊ ၂၀၁၃-၂၀၁၄ပညာသင်နှစ်၊ တောင်ကြီး၊ဟိုပုံး၊ ကလော မြို့နယ်များတွင် အခြေစိုက်စခန်း ၁၇ခု၊ ဆရာ၊ ဆရာမ ၃၃ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၄၂၈ဦး၊ ၂၀၁၄-၂၀၁၅ပညာသင်နှစ်၊ တောင်ကြီး၊ဟိုပုံး၊ ကလော၊ ဆီဆိုင်၊ ပင်လောင်း၊ ဖယ်ခုံမြို့နယ်များတွင် အခြေစိုက်စခန်း ၃၂ခု၊ ဆရာ၊ ဆရာမ ၅၆ဦးနဲ့ ကျောင်းသား၊ ကျောင်းသူဦးရေ ၆၆၆ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ ဟိုပုံး၊ ညောင်ရွှေ၊ ကလော၊ ဆီဆိုင်၊ ပင်လောင်း၊ ဖယ်ခုံ မြို့နယ်များတွင် အခြေစိုက်စခန်း ၂၆ခု၊ ဆရာ၊ ဆရာမ ၅၃ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၅၄၇ဦး၊ ၂၀၁၆-၂၀၁၇ပညာသင်နှစ်၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ပင်လောင်း၊ ဖယ်ခုံ မြို့နယ်များတွင် အခြေစိုက်စခန်း၁၄ခု၊ ဆရာ၊ ဆရာမ၂၅ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၇၁ဦးအား သင်ကြားပေးခဲ့ပါတယ်။

လက်ရှိအစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁စီမံကိန်းတွင် အခြေခံပညာဦးစီးဌာန၌ ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးဦးစီးဌာနအဖြစ် ဌာနခွဲအသစ်ဖွဲ့စည်း၍ ပညာရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးမှကျောင်းပြင်ပအလယ်တန်းပညာရေးကိုတိုးချဲ့ရန်အတွက် ရှမ်းပြည်နယ်အတွင်း ဟိုပုံးမြို့နယ်နှင့်





ဒီကနေ့ကျွန်တော်တင်ပြဆွေးနွေးသွားမှာကတော့ ကလေးသူငယ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ အချို့သော မြို့နယ်တွေမှာ ကလေးသူငယ်တွေဟာ ပလပ်စတစ်ကောက်ခြင်း၊ စားသောက်ဆိုင်တွေမှာ စားပွဲထိုးလုပ်ငန်းလုပ်ကိုင်ခြင်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေရပါတယ်။ ဒီလိုကလေးသူငယ်တွေဟာ ဒီလိုဘဝမျိုးရောက်ရှိနေတာဟာ ကလေးသူငယ်တွေရဲ့ မိဘဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်ပါတယ်။ အဲ့လိုဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်နေတဲ့ ကလေးသူငယ်တွေရဲ့ အနာဂတ်ဘဝဟာ အင်မတန်စိုးရိမ်စရာကောင်းပါတယ်။ ဒါကြောင့်ဒီကလေးသူငယ်တွေဟာ ဒုစရိုက်လုပ်ငန်းတွေကိုလုပ်သွားမယ်ဆိုရင်လည်း နိုင်ငံတော်အတွက် များစွာဆုံးရှုံးနစ်နာမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီကလေးသူငယ်တွေအတွက် နိုင်ငံတော်မှာတာဝန်ရှိတဲ့အတွက် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်-

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၏ မြို့များတွင် ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိဘဲ၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသောကလေးသူငယ်များ၊ပလပ်စတစ်ကောက်နေသော ကလေးသူငယ်များသည် ဒုစရိုက်လုပ်ငန်းများတွင်အသုံးချခြင်း မခံရအောင်နှင့် ၎င်းတို့၏ အနာဂတ်ဘဝသာယာလှပရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးများက ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်များတွင် သင်ကြားရန်စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ တစ်သက်တာပညာရေး စီမံဆောင်ရွက်ချက်အဖြစ်ခရိုင်လုံးကျွတ်၊ မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးစီမံချက်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ချက်များကို ဆောင်ရွက်ခဲ့ပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁တွင် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်း၊ အလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်၊ အရွယ်ရောက်သူများအတွက် နွေရာသီအခြေခံပညာစာတတ်မြောက်ရေး အစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်သင်တန်းများကို ကျောင်းပြင်ပပညာရေးသင်ယူမှုအခွင့်အလမ်းအဖြစ် စီစဉ် ဖန်တီး ပေးထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး လူမှုဝန်ထမ်းမှ ဆောင်ရွက်ပေးတဲ့အပိုင်းကို ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သောရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၏ မြို့များတွင် ပညာဆက်လက် သင်ယူနိုင်ခြင်း မရှိဘဲ၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသော ကလေးသူငယ်များ၊ ပလပ်စတစ်ကောက်နေသော ကလေးသူငယ်များသည် ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခြင်း မခံရအောင်နှင့် ၎င်းတို့၏ အနာဂတ်ဘဝ





မိဘများ၏ဆင်းရဲနွမ်းပါးမှုကြောင့် ကလေးအလုပ်သမားများအဖြစ် လုပ်ကိုင်ဆောင်ရွက်ရသော်လည်း အမှန်တကယ်ပညာသင်ကြားလိုသောကလေးများရှိပါက လူမှုဝန်ထမ်းဦးစီးဌာနမှထောက်ပံ့ပေးလျက်ရှိသော ပရဟိတဂေဟာများနှင့်ချိတ်ဆက်၍ပညာသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့်ကလေးသူငယ်များ၏ အနာဂတ်ဘဝများသာယာလှပလာမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ကလေးသူငယ်များနှင့်ပတ်သက်ပြီး စည်ပင်သာယာရေးဌာနကိုယ်စား ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးစိုင်းရဲန်တစ်လုံကနေဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၏မြို့များတွင်ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိဘဲ၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသောကလေးသူငယ်များ၊ ပလပ်စတစ်ကောက်နေသော ကလေးသူငယ်များသည်ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခြင်း မခံရအောင်နှင့် ၎င်းတို့၏အနာဂတ်ဘဝသာယာလှပရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိကြောင်းကိုသိရှိလိုခြင်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ၁၇၊ ပုဒ်မခွဲ(ယ)အရလေလွင့်သွားလာနေသောရူးသွပ်သူ၊အနာကြီးရောဂါစွဲကပ်သူနှင့်တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခြင်းဟုပြဋ္ဌာန်းထားရာ မြို့နယ်စည်ပင်သာယာရေးကော်မတီများအနေဖြင့်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လေလွင့်သွားလာနေသည့်ရူးသွပ်သူများကို သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍

စိတ်ကျန်းမာရေးဆေးရုံများသို့ ပို့ဆောင်လွှဲပြောင်းအပ်နှံခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ၁၇အရ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တည်ဆဲဥပဒေများ၊ စည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်ရမည့်လုပ်ငန်းတာဝန်များအနက် ပုဒ်မခွဲ(၃)အရ အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ၊ ပုဂ္ဂလိကအိမ်ဆိုင်များနှင့်စပ်လျဉ်း၍စည်းကမ်းများသတ်မှတ်ခြင်း၊ကြီးကြပ်ခြင်းဟု ပြဋ္ဌာန်းချက်အရလည်းကောင်း၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စားသောက်ဖွယ်ရာများပြုလုပ်ခြင်းနှင့်ရောင်းချခြင်းဆိုင်ရာစည်းကမ်းချက်များ Bye Laws အရလည်းကောင်း သန့်ရှင်း၍ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဖွယ်ရာများပြုလုပ်ခြင်း၊ ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကိုသာရေးဆွဲ၍ကြပ်မတ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသော ကလေးသူငယ်များ၊ ပလပ်စတစ်ကောက်နေသော ကလေးသူငယ်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း တောင်းရမ်းစားသောက်သူ ကလေးသူငယ်များ၊ ပလပ်စတစ်ကောက်သော ကလေးသူငယ်များ၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသော ကလေးသူငယ်များအား ဒုစရိုက်လုပ်ငန်းများနှင့် ဆက်စပ်နေကြောင်း မသင်္ကာဖွယ်ရာများ တွေ့ရှိပါက ဒေသအာဏာပိုင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ဆက်သွယ်သတင်းပို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒီကလေးသူငယ်များဆိုင်ရာကိစ္စမှာဆိုရင် မြန်မာနိုင်ငံသားအားလုံးမှာလည်း တာဝန်ရှိတယ်လို့





သာယာလှပရေး အတွက်မည်သို့စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို သိရှိလိုပါသည် ဟူသော မေးမြန်းချက်ကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၏ မြို့များတွင်ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိဘဲ၊ စားသောက်ဆိုင်များတွင်အလုပ်လုပ်နေသော ကလေးသူငယ်များ၊ ပလပ်စတစ်ကောက်နေသော ကလေးသူငယ်များသည် ဒုစရိုက်လုပ်ငန်းများတွင်အသုံးချခြင်းမခံရအောင်နှင့် ၎င်းတို့၏ အနာဂတ်ဘဝသာယာလှပရေး၊ လမ်းပေါ်နေကလေးနှင့်တောင်းရမ်းစားသောက်နေသောကလေးများလျှော့နည်းပပျောက်ရေးအတွက် ရက်(၁၀၀)စီမံချက်၊ ရက်(၁၀၀)အလွန် စီမံချက်များရေးဆွဲ၍ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းလျက်ကလေးသူငယ်ဥပဒေပါကလေးသူငယ်များ၏အခွင့်အရေးများ၊ဒုစရိုက်ကျူးလွန်သောကလေးသူငယ်များခံယူနေရသော ပြစ်ဒဏ်များအား အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရတနာ့မေတ္တာကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှလည်း ကလေးအလုပ်သမားများလျှော့ချရေးစီမံချက်ကို ထည့်သွင်း ရေးဆွဲ၍ ကလေးအလုပ်သမားများတွင် အလုပ်ရှင်၊ အလုပ်သမားပြဿနာများပေါ်ပေါက်လာပါက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ပူးပေါင်း ဖြေရှင်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးပြီး ဘဝရပ်တည်မှုရရှိသည်အထိချိတ်ဆက်လုပ်ဆောင်ပေးခြင်း၊ ကလေးအလုပ်သမားများအနေဖြင့် ဝင်ငွေရလုပ်ငန်းများ လုပ်ဆောင်လိုပါက ချေးငွေထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆရပါတယ်။ မည်သူမဆို၊ မည်သည့်နေရာမဆိုတွေ့မြင်နေမယ်ဆိုရင် သက်ဆိုင်ရာဌာနများကို အကြောင်းကြားကူညီပေးနိုင်ပါကြောင်း ဒီကနေ ကျွန်တော် ထပ်ဆင့်ပြီးတော့ အကူအညီတောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်မေရီချို့က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ နေထိုင်တဲ့ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးနိုင်ငံစာရင်းတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်ရှင်။ ဖွံ့ဖြိုးမှုနိမ့်ကျသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း အလွန်နည်းပါးပါတယ်။ သို့ရာတွင်ရှမ်းပြည်နယ်သည်သတ္တု၊ သယံဇာတပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ယခုအခါတွင် တစ်ပိုင်တစ်နိုင်အသေးစား၊ အလတ်စား၊ အကြီးစားသတ္တုရှာဖွေလုပ်ငန်းများ လုပ်ကိုင်နေကြသည်ကိုတွေ့ရှိလာရပါတယ်။ အသေးစား၊ အလတ်စား၊ အကြီးစားသတ္တုလုပ်ငန်းများမှာ ငွေကြေးအရင်းအနှီးတတ်နိုင်သူများသာ လုပ်ကိုင်နိုင်ပြီး နိုင်ငံတော်မှလည်း ၎င်းလုပ်ငန်းများကို တရားဝင်ခွင့်ပြု၍လုပ်ကိုင်ခွင့်ပေးထားသည်ကိုလည်းတွေ့ရှိရပါတယ်။ တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်လိုသူများသည်ငွေကြေးအရင်းအနှီး မပြည့်စုံခြင်း၊ ရှုံးလုပ်ထုံးလုပ်နည်းများ သိရှိမှုအားနည်းခြင်းကြောင့် တရားဝင်လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းအလွန်နည်းပါးသည်ကိုလည်းတွေ့ရှိရပါတယ်။





လုပ်ငန်းလုပ်ကိုင်နေသူများထံမှ ရန်ပုံငွေ များ ကောက်ခံထားခြင်းရှိပါသလား။

(၄) ရန်ပုံငွေများ ကောက်ခံထားခြင်းရှိပါက နှစ်စဉ် မည်မျှရရှိပြီး မည်သည့်နေရာတွင် ပြန်လည် အသုံးပြုနေသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ရဲ့ မေးခွန်းကို ကျွန်တော် ဒေါက်တာညီညီအောင်ဖြေကြားပေးမှာဖြစ်ပါတယ်။ ယခု မေးခွန်းရှင်ရဲ့ မေးခွန်းကတော့ ပြီးခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်သက်တမ်း ၂၀၁၂ခုနှစ်အတွင်းမှာ ကျင်းပခဲ့တဲ့ တတိယ အကြိမ်ပုံမှန်အစည်းအဝေးမှာ အဲ့ဒီသက်တမ်းတုန်းက တာဝန် ထမ်းဆောင်ခဲ့တဲ့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုရဲ့ တင်သွင်းတဲ့ အဆိုအပေါ်မှာ အခြေပြုပြီးမှ မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။

အဲ့ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ယခင်ရှမ်းပြည်နယ် အစိုးရအဖွဲ့သက်တမ်းတုန်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ သစ်တောနဲ့ သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက လွှတ်တော်မှာတင်ပြဆွေးနွေး သွားတာကို ကျွန်တော်ပြန်ပြီးတော့ဖတ်ပြပါ့မယ်။



D/real(wide) (1

ခတ်သတ္တုများ အသေးစား သို့မဟုတ် အကြီးစား တူးဖော်ခြင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသော အခြေခံဥပဒေဇယား၂တွင် ပါရှိခြင်းမရှိပါ။ သို့သော် ရှမ်းပြည်နယ်အစိုးရသည် ကုမ္ပဏီများမှတူးဖော်လိုသော သတ္တုလုပ်ကွက်များအတွက် မြေရာဇဝင်စိစစ်ခြင်း၊ မြေစာရင်းပုံစံ(၁၀၅) ရေးဆွဲခွင့်ပြုခြင်း၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးမှ ထောက်ခံချက်ပေးခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံသဘောထားပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အသေးစားသတ္တုလုပ်ကွက်ဆိုရာမှာ ရွှေမှအပအခြားသတ္တုများကို အသေးစားလုပ်ကွက်(၁)ကွက်လျှင် ဧက(၅၀)အောက်သတ်မှတ်ထားပြီး ရွှေလုပ်ကွက်အသေးစားတစ်ကွက်လျှင်ဧက(၂၀) အောက်သတ်မှတ်ထားပါကြောင်း၊ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းသောအဆိုအား လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်အရ ရှမ်းပြည်နယ်အစိုးရအတွက် သင့်တော်သော နှုန်းထားများဖြင့် ရန်ပုံငွေများပံ့ပိုးဆောင်ရွက်ခဲ့ပါကြောင်း၊ လေ့လာတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်မြို့နယ်၌ ရတနာတူးဖော်ခြင်းလုပ်ငန်းကိုလက်လုပ်လက်စားအဖြစ်လူတစ်ဦးလျှင် (၁)ဧကနှုန်းဖြင့်ခွင့်ပြုကြောင်း လေ့လာသိရှိရပါကြောင်း၊ ထိုလုပ်ကွက် (၁)ဧကအတွက်ပြည်ထောင်စုဘဏ္ဍာတော်အတွက် (၅)သိန်းကျပ်နှုန်းပေးဆောင်ရကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ရွှေနှင့် ခတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်တွင်ငွေကြေးတတ်နိုင်သောလုပ်ငန်းရှင် ကုမ္ပဏီကြီးများကသာဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ကျေးလက်နေပြည်သူများသည် မိမိဒေသတွင် ရွှေနဲ့အခြားအဖိုးတန်သတ္တုများရှိကြောင်း သိရှိ



D/real(wide) (1



ဥက္ကဋ္ဌကြီးရှင်။ အစိုးရတစ်ရပ်သည် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါတယ်။ ထို့အပြင် တရားဝင်လုပ်ငန်းလုပ်ကိုင်လိုသူများအား တာဝန်ရှိသူများမှ တရားဝင်လုပ်ကိုင်ခွင့်ရှိရန် ကူညီဆောင်ရွက်ပေးရသည်မှာလည်း အစိုးရတစ်ရပ်၏တာဝန်ပဲဖြစ်ပါတယ်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်နှင့် ဂုဏ်သိက္ခာရှိစွာ လုပ်ငန်းများတရားဝင်လုပ်ကိုင်နိုင်ရန်အတွက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၂၉-၂-၂၀၁၂)တတိယနေ့တွင် အတည်ပြုပြီးသော ပြည်နယ်အတွင်း ခတ်သတ္တုစမ်းသပ်ဖော်ထုတ်လုပ်ကိုင်သူများ၏ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးမှ လိုအပ်သလို စိစစ်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးစိစစ်ဆောင်ရွက်သင့်ပါကြောင်း အဆိုနှင့်ပတ်သက်၍ အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းသွားမည်ဖြစ်ပါတယ်ရှင်-

(၁) အတည်ပြုပြီးသော အဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရမှ မည်ကဲ့သို့ လုပ်ဆောင်နေပါသနည်း။

(၂) တစ်ပိုင်တစ်နိုင်အသေးစား ထုတ်လုပ်သူဦးရေ မည်မျှ ရှိပါသနည်း။

(၃) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ပြန်လည်ဆွေးနွေးရာတွင် သတ္တုစမ်းသပ်ဖော်ထုတ်လုပ်ကိုင်သူများသည် ရှမ်းပြည်နယ်အစိုးရ၏ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေကိုလည်းထိုက်သင့်သလို ပေးသွင်းသင့်ပါကြောင်း ဆွေးနွေးချက်တွင်ပါရှိပါတယ်။ ထို့ကြောင့်

သော်လည်း လုပ်ပိုင်ခွင့်မရဘဲ ဆင်းရဲမွဲဆင်းရဲလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ထို့ကြောင့် နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျှော့ချရေးနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်၊ တစ်နိုင်လက်လုပ်လက်စား ခွင့်ပြုသင့်သည်ဟုယူဆပါတယ်။ သို့သော်ပေးသွင်းသော ငွေကြေးများကို ပြည်ထောင်စု ဘဏ္ဍာသို့ အခြားတိုင်းဒေသကြီးများနည်းတူ ပေးသွင်းစေသင့်ပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရ၏ ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေကိုလည်း ထိုက်သင့်သလို ပေးသွင်း သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်သည်သာ ပဓာနကျ သောကြောင့် လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်သာ ခံယူသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်ဟု ဖြေကြားခဲ့တာဖြစ်ပါတယ်။ ၎င်းဆွေးနွေးဖြေကြားချက်အား လွှတ်တော်မှသဘောတူသည့် အတွက် ပြည်နယ်အတွင်း ဓာတ်သတ္တုရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်လိုမှုပြု နိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း အဆိုကို အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ အဆိုပေါ်မှာ အခြေခံပြီးတော့-

မေးခွန်း(က) ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရရဲ့ ဆုံးဖြတ်ချက်ကို ဖြေကြားပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက် (၁၃၇၇ခုနှစ်၊ နတ်တော်လဆန်း ၁၃)ရက်နေ့ တွင် ပြဋ္ဌာန်းလိုက်သည့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေအခန်း(၃)အရ ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတွင် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၆ နိုင်ငံသား





အားလုံးကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာမှာလည်း အချိန်နှင့်တစ်ပြေးညီလွှတ်တင် ပေးထားသည့်အတွက် အဲ့ဒီမှာကြည့်ရှုနိုင်ပါတယ်။ အင်တာနက် စာမျက်နှာလိပ်စာကတော့ www.mining.gov.mm ဖြစ်ပါတယ်။ www.mining.gov.mm အဲ့ဒီစာမျက်နှာမှာသွားပြီးတော့ ရှာဖွေ ကြည့်ရှုနိုင်ပါတယ်။ သို့သော်လည်းပဲ မေးခွန်းရှင်က သိလိုသည့် အတွက် ဒီနေရာမှာ အတိုချုပ်လေးပြောပြပါမယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တစ်ပိုင်တစ်နိုင် အသေးစား ထုတ်လုပ်သူ၊ လုပ်ကွက်(၂)ကွက်၊ ဦးရေ (၂)ဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လုပ်ကွက်(၁၀)ကွက်၊ ဦးရေ(၁၀)ဦး၊ စုစုပေါင်း (၁၂)ဦးရှိပါတယ်ခင်ဗျား။ ဒါကတော့မေးခွန်း(ခ)ဖြစ်ပါတယ်။ ခင်ဗျား။

မေးခွန်း(ဂ)နှင့် ပတ်သက်ပြီးဖြေကြားရမယ် ဆိုရင်တော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ယခုလက်ရှိသက်တမ်းအတွင်းမှာတော့ သယံဇာတလုပ်ကွက်များအပေါ်မှာသီးသန့်ရန်ပုံငွေကောက်ခံလျက် မရှိကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## ဦးစိုင်းထွန်းညဏ် ၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ “အစိုးရငွေလုံး ငွေရင်း ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက် မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာမူဘောင်” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး အစီအစဉ်(၆)ဖြစ်ပါတယ်။ ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အစိုးရငွေလုံး ငွေရင်း ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်များအားလုံး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့ကြပါစေလို့ ရှေးဦးစွာ ဆန္ဒပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဘဲဖြစ်ပါတယ်။ ၆-၆-၂၀၁၇ ရက်နေ့က ကျောက်မဲ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့အဆိုဖြစ်တဲ့ **“အစိုးရငွေလုံး ငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။



D/real(wide) (1



ရင်းနှီးမြှုပ်နှံမှုဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့် ရှိသည့်သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ်ကျောက်များ နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊တစ်ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာ လုပ်ကွက်လျှောက်ထားရေးအဖွဲ့သို့ သတ်မှတ်ချက် များနှင့်အညီလျှောက်ထားရမည်ဟုဖော်ပြပါရှိပြီး မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ၆(က)အရ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ဖွဲ့စည်း ပေးနိုင်သည်ဟု ဖော်ပြပါရှိပါတယ်။ သို့ရာတွင် ပြင်ဆင်ထားသည့် မြန်မာ့သတ္တုတွင်းဥပဒေကို အကောင်အထည် ဖော်ဆောင်ရွက်ဖို့ရန် အတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ(မူကြမ်း)ကို ယခုအခါမှာ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားဆဲ အဆင့်မှာပဲရှိပြီး ၎င်းနည်းဥပဒေ အတည်ပြု ပြဋ္ဌာန်း ပြီးမှသာလျှင် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးနှင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသို့ ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(ခ)ကတော့ ပြည်နယ်အတွင်းမှာ ချထားပေးထားတဲ့ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်သူဦးရေကို တင်ပြထားပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးမှာရှိတဲ့ အကြီးစား၊ အသေးစား၊ အလတ်စား တစ်ပိုင်တစ်နိုင် လုပ်ကွက်စာရင်းများကို ကျွန်တော်တို့ အစိုးရအဖွဲ့ ကနေပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံးကိုပေးပို့ထားပြီး ရှမ်းပြည်နယ် လွှတ်တော်ရုံးကနေလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို တည်ဆောက်တဲ့နေရာမှာ ပြည်နယ်အချို့ဒါမှမဟုတ် တိုင်းဒေသကြီး အချို့မှာသာ တိုးတက်ဖွံ့ဖြိုးပြီးတော့ ကျန်ပြည်နယ် နှင့် တိုင်းဒေသကြီးတွေမှာ မဖွံ့ဖြိုးမတိုးတက်ဘူးဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်တယ်လို့ မှတ်ယူလို့ မရပါဘူး။ အဲဒီလိုဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စမှာလည်း နေရာဒေသအချို့သာ တိုးတက်ပြီးတော့ ကျန်ဒေသအချို့တွေမှာ မတိုးတက်ရင်လည်း ကျွန်တော်တို့ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်တယ်လို့ ယူဆလို့ မရပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ဆောင်တဲ့ နေရာမှာ ဘတ်ဂျက်ခွဲဝေမှုဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်ပါတယ်။ ဘယ်လိုလုပ်ငန်းမျိုးမဆို လုပ်ဆောင်တဲ့ နေရာမှာ သင့်လျော်တဲ့ ငွေရင်းငွေနှီးရှိမှသာ လုပ်ငန်းကို အဆင်ပြေပြေဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကြီးကို ကျွန်တော်တို့မိသားစုတစ်ခုအနေနဲ့ နှိုင်းယှဉ်ရမယ်ဆိုလျှင် အစိုးရသည် မိဘများဖြစ်ကြပြီးတော့ မြို့နယ်များသည် သားသမီးများဖြစ်ကြပါတယ်။ မိဘဆိုတာကတော့ သားသမီးအားလုံးကို ညီတူညီမျှ မေတ္တာထားပြီးတော့ ချစ်ခင်ကြတာပါဘဲ။ ဒါပေမဲ့သားသမီးများကတော့ တစ်ဦးနှင့်တစ်ဦးအခြေအနေ မတူညီနိုင်ပါဘူး။ အချို့သားသမီးတွေဟာ အထိုက်အလျောက်အဆင်ပြေကြပြီးတော့ အချို့သားသမီးတွေဟာ အထိုက်အလျောက်ဆင်းရဲကြတာကြပ်တည်းကြတာရှိပါတယ်။ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ်တွေကိုပြန်ကြည့်လျှင် အချို့မြို့နယ်တွေကအထိုက်အလျောက်ဖွံ့ဖြိုးပြီးတော့ အချို့မြို့နယ်တွေကဖွံ့ဖြိုးမှုနောက်ကျတာကိုလည်းတွေ့ရပါတယ်။ ဒါပေမဲ့မြို့နယ်အားလုံး လိုအပ်ချက်ရှိနေတာကတော့ အမှန်ပါဘဲ။ ဒါကြောင့် မိဘနဲ့တူတဲ့အစိုးရကသားသမီးများနဲ့တူတဲ့ မြို့နယ်တွေဖွံ့ဖြိုးတိုးတက်ဖို့ ဘတ်ဂျက်ခွဲဝေတဲ့နေရာမှာ မူဘောင်တစ်ခုရှိဖို့



D/real(wide) (1



ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမူဘောင်(၃)ချက်ဖြင့်သာ ခွဲဝေမယ်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်တွေဖွံ့ဖြိုးတိုးတက်မှုကွာဟချက်တွေလည်း ကျဉ်းမြောင်းသွားမှာဖြစ်ပြီး မြို့နယ်အားလုံးဟာ ဟန်ချက်ညီညီနဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ပြည်သူလူထုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရနဲ့ လွှတ်တော်အပေါ်မှာလည်း ပြည်သူတွေက ပိုမိုယုံကြည်လာတဲ့အတွက် အဆိုရှင် ဦးစိုင်းထွန်းညဏ်ရဲ့ **“အစိုးရ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** ဆိုတဲ့ အဆိုကို အလေးအနက် ထောက်ခံပါတယ်လို့ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ ရှမ်းပြည်နယ်အစည်းအဝေးသို့ ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်၏ **“အစိုးရ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာမူဘောင်”** အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့၏ ပြည်ထောင်စု ဒီမိုကရေစီအစိုးရသက်တမ်းဟာ ၂ ဆက်ရှိခဲ့သလို လွှတ်တော်သက်တမ်းသည်လည်း ၂ ဆက်ရောက်ရှိခဲ့ပါပြီ ဒါကြောင့်နိုင်ငံတစ်နိုင်ငံ၊ ပြည်နယ်တစ်ပြည်နယ်၏လူနေမှုအဆင့်အတန်းနှင့် ပြည်နယ်၊ မြို့ရွာဖွံ့ဖြိုးမှုမျှတခြင်းဟာဘဏ္ဍာရန်ပုံငွေခွဲဝေသုံးစွဲခြင်းသည် အင်မတန်အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်ဖြစ်နေပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကရသုံးခန့်မှန်းခြေငွေစာရင်းများကို သတ်မှတ်သည့် ဘဏ္ဍာနှစ် အလိုက်ပြုစုရေးဆွဲပြီး ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာကာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူပြီးအတည်ပြုပြီးနေရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရအဖွဲ့မှ ဘဏ္ဍာငွေခွဲဝေမှုများကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ဘဏ္ဍာငွေခွဲဝေခြင်းအားမျှတမှုရှိ/မရှိ။ စိတ်ဝင်စားစွာဖြင့် လေ့လာဆန်းစစ်လျက်ရှိနေပါကြောင်း တင်ပြ ဆွေးနွေးလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရမှတာဝန်ရှိသော ပုဂ္ဂိုလ်များအားလုံးလဲပြည်သူကရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရအဖွဲ့ဖြစ်သလိုလွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူ၏ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါတယ်။ ဒါကြောင့်မို့ ရှမ်းပြည်နယ်အတွင်းရှိ မဖွံ့ဖြိုးသေးသော မြို့နယ်၊ ကျေးရွာများကိုဖွံ့ဖြိုးတိုးတက်မှုနှုန်းမြန်ဆန်အောင် အစိုးရအဖွဲ့မှတာဝန်ရှိနေပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဥပမာ-ဖွံ့ဖြိုးမှုနှုန်းအားကောင်းနေသော မြို့များကိုရန်ပုံငွေပိုမိုခွဲဝေပေးခြင်း၊ မဖွံ့ဖြိုးသေးသော မြို့နယ်များကိုလစ်လျူရှုထားခြင်း၊ မိမိမြို့နယ်ကို ဦးစားပေးခွဲဝေချထားပေးခြင်းမျိုးမရှိစေရန်အတွက် အလွန်အရေးကြီးလှပါတယ်။ ယခုရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမကြီးအတွင်းသို့ ရောက်ရှိနေကြသောပုဂ္ဂိုလ်များအားလုံးဟာ ရှမ်းပြည်နယ်အတွက်အေးချမ်းအောင်၊



D/real(wide) (1



လိုအပ်တယ်လို့ ယူဆပါတယ်။ အဆိုရှင် တင်ပြထားတဲ့ ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်စုစုပေါင်းပမာဏ၏ ၃၀ ရာခိုင်နှုန်းကို မြို့နယ် အလိုက်ညီမျှစွာခွဲဝေပေးရန်ဆိုတဲ့အဆိုဟာ အင်မတန် သင့်လျော်ပါတယ်။ ဒီ ၃၀ ရာခိုင်နှုန်းငွေဖြင့် မြို့နယ်များ၏အခြေခံလိုအပ်ချက်ဖြစ်တဲ့အဆောက်အဦတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကတော့ မြို့နယ်အားလုံး တန်းတူညီမျှစွာခွဲဝေသင့်တယ်လို့ ယူဆပါတယ်။ နောက်ကျန် ၃၀ ရာခိုင်နှုန်းကို မြို့နယ်အရွယ်အစား၊ လူဦးရေအချိုးအစားပေါ် မူတည်ပြီးတော့ခွဲဝေပေးရန်ဆိုတဲ့ နေရာမှာလည်း မြို့နယ်အရွယ်အစားကြီးလျှင် လိုအပ်ချက်ပိုကြီးနိုင်ပါတယ်။ ထို့အပြင်လူဦးရေအချိုးအစားများလျှင်လည်း မြို့နယ်၏လိုအပ်ချက်ကပိုမိုကြီးနိုင်ပါတယ်။ ဥပမာ မြို့နယ်အရွယ်အစားကြီးလျှင် ၎င်းတို့ရဲ့ ရွာချင်းဆက်လမ်းမှာရှိတဲ့ လမ်းတံတားပြုပြင်တာတွေ၊ ပညာရေး၊ ကျောင်းလိုအပ်တာတွေ အများကြီး ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်ပြီးတော့လူဦးရေများတဲ့မြို့မှာဆိုလျှင်လည်းကျောင်းသူ/ကျောင်းသားဦးရေဟာလည်းပိုမိုများပြားပါတယ်။ မြို့မှာလူဦးရေများတဲ့အတွက်ကြောင့် လူနာဦးရေဟာလည်း ပိုမိုများနိုင်ပါတယ်။ ဒါကြောင့်မလို့ ဒီကာလတွေမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍလိုအပ်ချက်များစွာရှိနိုင်ပါတယ်။ ဒီအချက်တွေဟာလည်း မူဘောင်အဖြစ်အသုံးပြုသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ နောက်ဆုံးအချက်ဖြစ်တဲ့ ၄၀ ရာခိုင်နှုန်းကို ဖွံ့ဖြိုးမှုအဆင့်အတန်း GDP ပေါ်မူတည်ပြီးတော့ခွဲဝေပေးရန်ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့မြို့နယ်တွေမှာဖွံ့ဖြိုးမှုအဆင့်အတန်း မတူညီကြပါဘူး။ အဲဒီလိုမတူညီတာထက် စီမံကိန်းဦးစီးဌာနမှာလည်း ဖော်ပြထားပြီးတာဖြစ်ပါတယ်။ ဒါမြို့နယ်တွေရဲ့အဆင့်အတန်းဖော်ပြမှုရှိပြီးတာဖြစ်တဲ့အတွက် ဖွံ့ဖြိုးမှုနောက်ကျတဲ့၊ ဖွံ့ဖြိုးမှုနည်းတဲ့မြို့တွေမှာ ပိုပေးသင့်ပြီး ဖွံ့ဖြိုးမှုပိုများတဲ့ မြို့တွေမှာ ခွဲဝေမှုမှာလျှော့ပေါ့ပြီးတော့ ခွဲဝေသင့်တယ်လို့ထင်မြင်ယူဆပါတယ်။

ဖွံ့ဖြိုးအောင်၊ ဖန်းတီးပေးရမည့် ဗိသုကာပညာရှင်တွေဖြစ်ကြပါတယ်။ ဖွံ့ဖြိုးမှုအားနည်းနေသော မြို့ရွာများဖွံ့ဖြိုးမှုအားကောင်းအောင် အဓိကကျသောအရာဟာ ရန်ပုံငွေခွဲဝေသည့်နေရာတွင် အင်မတန်အခရာကျသော အခန်းကဏ္ဍဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ဦးစိုင်းထွန်းညာဏ်တင်သွင်းသော အဆိုအား ရှမ်းပြည်နယ်အတွက် ဖြစ်သင့်ဖြစ်ထိုက်သော အဆိုဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဘတ်ဂျက်များကို ပုံသေသတ်မှတ်မည်ဆိုပါက ယခုအကျိုးဖြစ်ထွန်းမှု ကောင်းမွန်သော်လည်း နောင်လာမည့် ဘဏ္ဍာငွေခွဲဝေမှုများကို အခက်အခဲဖြစ်မည်ကိုလည်း စဉ်းစားပြီး အတည်ပြုသင့်ပါကြောင်းနှင့် အစိုးရအဖွဲ့အနေဖြင့်လည်း ဘက်လိုက်မှုမရှိခဲ့လျှင် ဘတ်ဂျက်ရေးဆွဲရာတွင် ပြဿနာရှိမည်မဟုတ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်း ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဘတ်ဂျက်များကို ရေးဆွဲမည်ဆိုပါကပိုမို ကောင်းမွန်မည်ဖြစ်ပါကြောင်းနှင့် အကြံပြုတင်ပြလိုတာကတော့ နှစ်စဉ်ဘဏ္ဍာရေးရန်ပုံငွေခွဲဝေရာမှာ ပထမအကြိမ်မှာညီညွတ်မျှတမှုမရှိဟုကိုယ်စားလှယ်များအားလုံးက ယူဆခဲ့ကြပါတယ်။

(၁) နောင်အခါတွင် ကိုယ်စားလှယ်များအားလုံး ပွင့်လင်း မြင်သာမှု ရှိရပါမည်။

(၂) အခွန်ငွေ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကြိုတင် သိရှိ ညှိနှိုင်းပြီးမှ အတည်ပြုခြင်း။

(၃) အမှန်တကယ်လိုအပ်နေသည့် နေရာတွင် ဘဏ္ဍာရေး ရန်ပုံငွေခွဲဝေရရှိခြင်း။





မှီတင်းနေထိုင်သည့် ပြည်သူအားလုံး၊ တန်းတူ အခွင့်အရေးအကျိုးခံစားခွင့်ရရှိရန် လိုလားပြီး အပြုသဘောဖြင့် အကြံပြုတိုက်တွန်းခြင်းသာ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ အစိုးရအဖွဲ့သည် နှစ်အလိုက် ခွင့်ပြုသည့် ငွေလုံးငွေရင်းဘတ်ဂျက်ရန်ပုံငွေအား မြို့နယ်အားလုံးအတွက် မျှတပြီးတန်းတူညီမျှသည့် အခွင့်အရေးရရှိစေမည့် အချိုးမျှတသည့်ဘတ်ဂျက် ခွဲဝေမှု မူဘောင်ဖြစ်ပေါ်လာရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးပါရန် အကြံပြုတိုက်တွန်းရင်း ၄င်းအဆိုအားထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြဆွေးနွေးသွားမှာကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်၏ **"ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာမူဘောင်"**နဲ့ ပတ်သက်ပြီး တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုတွင် ပထမအချက်မှာ ဘာတင်ပြထားတာလဲဆိုရင်

(၁) ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် စုစုပေါင်းပမာဏ၏ ၃၀%ကို မြို့နယ်အလိုက်ညီမျှစွာခွဲဝေပေးရန်၊

(၂) မြို့အရွယ်အစားလူဦးရေအချိုးအစားပေါ်မူတည်၍ ၃၀%ကိုခွဲဝေပေးရန်၊

(၃) GDP ပေါ်မူတည်၍ ၄၀%ကို ခွဲဝေပေးရန် ဆိုပြီးတော့ ပထမ၊ ဒုတိယ၊တတိယဆိုပြီးတော့ အချက်(၃)ချက်တင်ပြထားတာရှိပါတယ်။

အဲဒီအချက်(၃)ချက်ပေါ်မူတည်ပြီးတော့ ကျွန်တော့်အနေနဲ့ လမ်းပြမေးခွန်း(၇)ချက်ဖြင့် တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်-

(၁) အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်အစိုးရတို့အကြား အပြန်အလှန် လေးစားယုံကြည်မှုများဖြစ်ပေါ်စေခြင်း၊ ဒီစာပိုဒ်ဟာဆိုလျှင် နိုင်ငံတော်က ကျင့်သုံးနေသော (ပြည်သူနှင့်အတူ)ဆိုတဲ့ ဆောင်ပုဒ်နဲ့ တူညီပါတယ်။

(၂) ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံ အုတ်မြစ်အဖြစ် အထောက်အကူဖြစ်စေခြင်း။

(၃) သာတူညီမျှ စိတ်ဓာတ်ကို မွေးဖွားပေးခြင်း၊ ထာဝရ ရှင်သန်စေခြင်း။

(၄) ပြည်တွင်းငြိမ်းချမ်းရေးကို ရောင်ပြန်ဟပ်စေခြင်း။

(၅) ဒို့တာဝန်အရေးသုံးပါးထဲက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူ ဖြစ်စေခြင်း။

(၆) စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်း။





(၄) ဘဏ္ဍာငွေစိစစ်ရေးကော်မတီမှ စနစ်တကျ စိစစ်ပေးရန် လိုအပ်ခြင်းတို့ကို ဂရုပြု ဆောင်ရွက်ပေးနိုင်ပါက ပိုမိုညီညွတ်မျှတမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အစိုးရ ငွေလုံး ငွေရင်း ရင်းနှီး မြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်အတွက် နှစ်အလိုက်ကျခံသုံးစွဲမည့် ဘတ်ဂျက်ရန်ပုံငွေများကို စီမံခန့်ခွဲရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲ ကင်းရှင်းစွာဖြင့် မြို့နယ်အားလုံးတန်းတူဖွံ့ဖြိုးတိုးတက်လာစေရေး အမြင်၊ တိုင်းရင်းသားအားလုံးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအမြင်၊လူမျိုးစုကြီး/ငယ်မရွေးအခွင့်အရေးတန်းတူရရှိစေရေး အမြင်များပေါ်တွင် အခြေခံပြီးသဘောထားကြီးစွာဖြင့် အချိုးမျှတစွာ စီမံခန့်ခွဲကျခံသုံးစွဲရန် အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဘတ်ဂျက်များ ခွဲဝေကျခံသုံးစွဲမှုများအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(ရှေ့)မခွဲခြားဘဲ ရှမ်းပြည်နယ်အတွင်း

(၇) တရားဥပဒေစိုးမိုးရေးကို အလေးထားဂရုပြုလာနိုင်ခြင်းတို့ကြောင့် အထက်ပါမူဘောင်၏ အဆိုပြုချက်ကို လွှတ်တော်ကိုယ်စားလှယ်များအား ထောက်ခံပေးကြပါရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။ ဒါကြောင့် အထက်ပါလမ်းပြမြေပုံအချက် (၇)ချက်ဖြင့် မီးမောင်းထိုးပြကာပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်၏အဆိုအားလေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(င)အရ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် ဝန်ကြီးကနေပြီး ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခု ဦးစိုင်းထွန်းညာဏ်အဆိုတင်သွင်းထားသည့် ဘတ်ဂျက်ခွဲဝေမှုကိစ္စကို မဖြေကြားခင်မှာ အဆိုရဲ့ ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းကို ကျွန်တော်အနေနဲ့ လေ့လာသုံးသပ်ပြီးတော့ တင်ပြရမည်ဆိုလျှင် သူတို့၏ အဆိုအရ ဖြစ်ချင်တဲ့စေတနာ၊ ပြည်နယ်ရဲ့ အကျိုးကို ညီတူညီမျှဖြစ်စေလိုသောစေတနာ၊ ကောင်းမွန်တဲ့ အကြံပြုချက်ဖြစ်





တော့လွှတ်တော်ကိုယ်စားလှယ်ကြီးများယခုလွှတ်တော်အစည်းအဝေးပြီးသွားပြီး မိမိတို့၏ ဒေသရောက်သွားတဲ့အချိန်မှာ ကျွန်တော်တို့ရပ်/ကျေးအောက်ခြေအထိဆင်းပြီး သက်ဆိုင်ရာရပ်/ကျေးဥက္ကဋ္ဌများတွင်လည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌများတွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်အတူ သက်ဆိုင်ရာဌာနအသီးသီးမှာ ဖော်ဆောင်ပြီး၊ လေ့လာသုံးသပ်ပြီး မိမိရဲ့ဒေသအလိုက် အရေးကြီးသောအခန်းကဏ္ဍ၊ အရေးကြီးသောတည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးအလိုက် စီမံကိန်းရုံးဌာန မြို့နယ်အသီးသီးမှာရှိပါတယ်။

အဲ့ဒီစီမံကိန်းရုံးကို မြို့နယ်အလိုက်အသီးသီးမှာ လိုအပ်နေသည့်လုပ်ငန်းများထည့်သွင်းပေးဖို့ ကျွန်တော်အနေနဲ့ အကြံပြုပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဖြူစင်တဲ့စေတနာ၊ ပြည်နယ်ရဲ့အကျိုးကိုရှေ့ရှုပြီး ဒီအဆိုကို တင်သွင်းခြင်းဖြစ်တယ်လို့ ကျွန်တော်အနေနဲ့လည်းယူဆရပါတယ်။ ကျွန်တော်အနေနဲ့လည်းပဲ ကိုယ့်ရဲ့လာရာဒေသမှာလည်းပဲအခုလက်ရှိ ဖြစ်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းမှာ ကျွန်တော်တို့ရဲ့ မြို့နယ်မှာလည်းပဲ အားနည်းနေတာကို တွေ့ရပါတယ်။ မညီမမျှဖြစ်နေသည့် ကျွန်တော်တို့ရဲ့ဝန်ကြီးဌာနအသီးသီးမှာ တည်ဆောက်ရေးလုပ်ငန်းတွေမှာ လုပ်နေသည့်လုပ်ငန်းတွေကို သက်ဆိုင်ရာ စီမံကိန်းဌာနတွေကိုခေါ်ပြီး အားလုံးသိရှိနိုင်အောင် ဒီကနေ ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုဘတ်ဂျက်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးဘတ်ဂျက်ခွဲဝေသည့်နေရာမှာ စုစုပေါင်း ဘတ်ဂျက်ပမာဏ၏ ၉၀%ကို ပြည်ထောင်စု၊

၁၀% ကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုကနေ အညွှန်းကိန်း ၆ ခုဖြင့် သတ်မှတ်ခွဲဝေဖြည့်ဆည်းပေးလာပါတယ်။ ပြည်ထောင်စုရန်ပုံငွေသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးပြီး ပြည်နယ်ရန်ပုံငွေကို အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ခွဲဝေအသုံးပြုရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးအတွက် ငွေလုံးငွေရင်းအသုံးစရိတ် ၂၂. ၄% နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၇၇. ၆ %ကို ခွဲဝေလျာထားခဲ့ပါတယ်။ ဘဏ္ဍာငွေခွဲဝေသည့်နေရာမှာ မြို့နယ်အားလုံးအတွက် ထည့်သွင်းလျာထားပြီး ခရိုင်အလိုက်ခွဲဝေပေးမှုအခြေအနေကို အောက်ဖော်ပြပါအတိုင်းလေ့လာတွေ့ရှိရမှာဖြစ်ပါတယ်-

တောင်ကြီးခရိုင်၊ ၁၀ မြို့နယ်မှာဆိုလျှင် ၃၀. ၈၆ %ရှိပြီး လွိုင်လင်ခရိုင်မှာဆိုလျှင် ၇ မြို့နယ် ၁၀. ၅၉%၊ လားရှိုးခရိုင် ၅ မြို့နယ်မှာဆိုလျှင် ၁၀. ၅၂%၊ ကျောက်မဲခရိုင် ၆ မြို့နယ်မှာဆိုလျှင် ၁၀. ၁၉%၊ လင်းခေးခရိုင် ၄ မြို့နယ် ၇. ၁၉%၊ ကျိုင်းတုံခရိုင် ၅ မြို့နယ် ၆. ၈%နှင့် မူဆယ်ခရိုင် ၃ မြို့နယ် ၅. ၉%၊ တာချီလိတ်ခရိုင် ၃ မြို့နယ် ၅. ၄၈%၊ မိုင်းဆတ်ခရိုင် ၂ မြို့နယ် ၃၀. ၅၇%၊ မိုးမိတ်ခရိုင် ၂ မြို့နယ် ၃. ၃၂%၊ လောက်ကိုင်ခရိုင် ၂ မြို့နယ် ၂. ၂၄%၊ ဟိုပန်ခရိုင် ၃ မြို့နယ် ၂. ၁၈%၊ မက်မန်းခရိုင် ၃ မြို့နယ်၊ ၁. ၁၆%၊ ၁၀၀%ကိုလေ့လာခြင်းအားဖြင့် မြို့နယ်အလိုက်ကြည့်မည်ဆိုလျှင် သိပ်ပြီးတော့ကွာဟမှုမရှိတာကိုတွေ့ရပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မြို့နယ်များအတွင်းမှာရှိတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားစီမံကိန်းနှင့်ဒေသန္တရစီမံကိန်း



D/real(wide) (1



တယ်ဆိုတာကိုကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။နောင်လာမည့်လွှတ်တော်အသီးသီးတွင်လည်းပဲ ကောင်းမွန်တဲ့ အကြံပြုချက်များ ပြည်နယ်လွှတ်တော်မှာ ပြုပြင်ရန်ရှိသော လုပ်ပိုင်ခွင့်ရှိသော ဥပဒေများကို သေသေချာချာ လေ့လာသုံးသပ်ပြီး ပြင်ဆင်ပြုပြင်နိုင်တဲ့ အကြံပြုချက်များကိုလည်းပဲ ဆက်လက်ပြီး အကြံပြုပေးနိုင်ပါရန် ကျွန်တော်အနေနဲ့ လေးစားစွာဖိတ်ကြားလိုပါတယ်။

အခုအကြံပြုချက်အရ နားလည်ခဲ့မယ်ဆိုလျှင် အင်မတန်မှ ကောင်းမွန်တဲ့ အကြံပြုချက်များဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရသည် မြန်မာနိုင်ငံတစ်ခုလုံးမှာ ပြည်နယ်နှင့် တိုင်းတစ်ခုလုံးမှာဖြစ်နေသည့်အစိုးရနှင့်မတူဘဲ တစ်မူ ကွဲပြားနေတဲ့ အစိုးရဖြစ်တယ်ဆိုတာကိုလည်း သတိထားရမှာဖြစ်ပါတယ်။ လက်ရှိ ရှမ်းပြည်နယ်အစိုးရသည် အရောင်အသွေးမတူသော ပါတီများမှပါဝင်ဖွဲ့စည်းထားသော အစိုးရဖြစ်တယ်ဆိုတာကိုလည်းပဲ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ အဲ့ဒါအတွက်ကြောင့် ကျွန်တော်တို့ ယခု ပြီးခဲ့သော မြို့များတွင်ဆောင်ရွက်နေခဲ့သော ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်နေသောလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်လုပ်ငန်းများ ဖြစ်ပေါ်နေသည့်အခြေအနေအပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ စိတ်ဆန္ဒတွင်မလိုမုန်းထားမှုများဖြစ်ပေါ်နေခြင်းဖြစ်တယ်လို့ ကျွန်တော်အနေနဲ့ယူဆပြီး ဒီအဆိုကို ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။

အဲ့ဒီလိုမျိုးနောက်တစ်ခါ ဘတ်ဂျက်ခွဲဝေမှုမှာဆိုလျှင် ကျွန်တော်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အကြံပြုပြောကြားလိုတာကတော့ ကျွန်တော်တို့အစိုးရသည် ရှေ့သွားမည့်ခရီးစဉ် စီမံကိန်းဆိုတာ ရည်မှန်းထားပြီး စီမံချက်နှင့် ဖော်ဆောင်ပြီးသွားရခြင်းဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းထဲမှာပါတဲ့ လုပ်ငန်းတွေသည်သာလျှင် ဘတ်ဂျက်အနေနဲ့လျာထားရခြင်းဖြစ်ပါတယ်။ အဲ့ဒီ

ဥပဒေများအရ ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ဘတ်ဂျက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်း ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်စီမံကိန်းဦးစီးဌာနရုံးမှာကြေညာထားသကဲ့သို့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးမှာလည်းပဲ ကိုယ်စားလှယ်တော်ကြီးများအားလုံး မြို့မိမြို့ဖ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အတူဖိတ်ကြားပြီး အသိပေးထားပြီးဖြစ်ပါတယ်။

အမှတ်စဉ် ၄ မှာလာမည့် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း အဆိုပြုချက်များကို ဇူလိုင်လအတွင်း စတင်စုစည်းရေးဆွဲသွားမှာဖြစ်တဲ့အတွက်ကြောင့် အခုကိုယ်စားလှယ်တော်ကြီးများမှပါဝင်ပြီး မိမိတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို လိုအပ်တဲ့ လုပ်ငန်းများ ပါဝင်ပူးပေါင်းညှိနှိုင်းအကြံပြုပေးကြပါရန် ကျွန်တော်ဒီကနေဖိတ်ခေါ်လိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပါဝင်ရေးဆွဲထားသည့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းအဆိုပြုချက်များကို ဦးစားပေးလုပ်ငန်းခွဲခြားသတ်မှတ်ပြီး မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီမှတစ်ဆင့် ခရိုင်၊ ပြည်နယ်သို့ တင်ပြလာပြီး ပြည်ထောင်စုမှ ခွဲပေးထားသည့် ဘတ်ဂျက်ဘောင်အတွင်းမှာ မြို့နယ်အားလုံးပါဝင်စေရန် လုပ်ငန်းအမျိုးအစားအားလုံးပါဝင်စေဖို့အတွက် ကိုယ်စားလှယ်ကြီးများ၏ မေးမြန်းတဲ့အဆိုပြုချက်အပေါ်မူတည်ပြီးအနီးစပ်ဆုံးဖြစ်နိုင်အောင် ထည့်သွင်းစဉ်းစားရေးဆွဲသွားနိုင်ရန်ဖြစ်ပါတယ်။





နောက်တစ်ခါကျွန်တော်တို့ ရပ်စောက်မှာဆိုလျှင် ၁. ၆၆ ပဲရှိပါတယ်။ ဝန်ကြီးချုပ်တက်လာသည့် လားရှိုးမြို့သည်လည်း မြောက်ပိုင်းမြို့နယ်ဖြစ်တဲ့အတွက်ကြောင့် ၄. ၈၆ ဖြစ်ပါတယ်။ လူမှုရေးဝန်ကြီးတက်လာသည့် ကွမ်းလုံမှာဆိုလျှင် ၁. ၀၅ ပဲဖြစ်ပါတယ်။ နောင်ချိုမြို့နယ်မှာဆိုလျှင် ၂. ၀၈ လျာထားပါတယ်။ အခုအဆိုတင်သွင်းသည့် ကျောက်မဲမြို့နယ်မှာဆိုလျှင် ၂. ၅၅ လျာထားပါတယ်။ မိုးမိတ်မှာဆိုလျှင် ၂. ၃၇ လျာထားပါတယ်။ တာချီလိတ်မြို့နယ်မှာဆိုလျှင် ၃. ၆၆ဖြစ်ပါတယ်။ ကျွန်တော်လာခဲ့သည့် မိုင်းယောင်းမှာဆိုလျှင် ၁. ၀၃ ကျပ်သန်းပေါင်းပဲဖြစ်ပါတယ်။ ဒီအချိုးအစားအတိုင်းကြည့်မည်ဆိုလျှင် မျှတမှုတအားမကွာခြားလောက်ပါဘူးလို့ ကျွန်တော်အနေနဲ့ယူဆပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းညဏ်၏အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားရမည်ဆိုလျှင် ဘတ်ဂျက်ခွဲဝေခြင်းနှင့်ပတ်သက်ပြီး မြို့နယ်အလိုက်စီမံကိန်းများရေးဆွဲစဉ်အခါကပင် လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်းကောင်း၊ မြို့မိမြို့ဖများကလည်းကောင်း၊ ရပ်/ကျေးဥက္ကဋ္ဌများကလည်းကောင်း ပါဝင်ပူးပေါင်းဆောင်ရွက်ပြီး အမှန်တကယ်လိုအပ်တဲ့လုပ်ငန်းများကို ပါဝင်ဆွေးနွေးဖို့လိုအပ်ပါတယ်။ စီမံကိန်းမှာပါလာပြီး ဌာနဆိုင်ရာများကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ၎င်းဌာနဝန်ထမ်းများရှိတဲ့ မြို့မှစာရင်းများသည် သက်ဆိုင်ရာပြည်နယ်ရုံးကို ရောက်လာပါတယ်။ ဝန်ထမ်းမရှိတဲ့မြို့နယ်မှာဆိုလျှင် ဖော်ပြပါသက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးသည့်

နေရာမှာ ကိုယ်စားလှယ်တော်ကြီးများ ပါဝင်ကွင်းဆင်းရန် လိုအပ်ပါလိမ့်မယ်။

သက်ဆိုင်ရာပြည်နယ်မှူးများမှစိစစ်ပြီးသည့် ငွေလုံးငွေရင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးများကစစ်ဆေးပြီး ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ စီမံကိန်းလျာထားသည့်ကိစ္စရပ်များကို ငွေလုံးငွေရင်းပေါ်မှာမူတည်ပြီး လျာထားရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုကသတ်မှတ်ပေးသည့် ထောက်ပံ့ငွေမူဘောင်ထဲက စိစစ်ပြီး အစိုးရအဖွဲ့အစည်းကို တင်ပြအတည်ပြုချက်ရယူပါတယ်။ ပြည်နယ်အစိုးရမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ အတည်ပြုချက်ရယူပြီး ဒေသန္တရစီမံကိန်းဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်လုပ်ငန်းများအတွက် ပြည်ထောင်စုရန်ပုံငွေက အဓိကဆောင်ရွက်နေပါတယ်။

မြို့နယ်အလိုက် စီမံကိန်းများတွင် မပါဝင်သောလုပ်ငန်းများကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဒါမှမဟုတ် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မိမိတို့၏ ဒေသသို့ အခါအားလျော်စွာ လာရောက်စစ်ဆေးနေချိန်မှာ လုပ်ငန်းများ၏ လိုအပ်ချက်များကိုတင်ပြပြီး ၎င်းလာရောက်ခဲ့သည့် တာဝန်ရှိပုဂ္ဂိုလ်များကို ဌာနဆိုင်ရာများကလည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများကလည်းကောင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာများကလည်းကောင်း အစိုးရအဖွဲ့ အစည်းအဝေးမှာ မိမိစစ်ဆေးတွေ့ရှိခဲ့တဲ့





ရှမ်းပြည်နယ်အစိုးရအနေနဲ့ ပြည်နယ်ဘတ်ဂျက်ခွဲဝေသည့် နေရာမှာ မြို့နယ်များအကြား ကွာဟချက်ကြီးမားမှုမရှိပါဘူး။ ပြည်ထောင်စုဘတ်ဂျက်မှာ ခွဲဝေသည့်နေရာမှာသာလျှင် ကွာဟချက်တွေ နည်းနည်းလေးတွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစည်းအဝေးမှာလည်းပဲ ထည့်သွင်း ဆွေးနွေးရန် ဒီကနေအကြံပြုပြောကြားလိုပါတယ်။အခုကိုယ်စားလှယ်တော်ကြီးများတင်ပြသွားသည့် မြို့နယ်အလိုက်ခွဲဝေထား သည့် ၂၀၁၇-၂၀၁၈ ရဲ့ ခရိုင်အလိုက် ရာခိုင်နှုန်းအနေနဲ့ကြည့်မည်ဆိုလျှင် တောင်ကြီးမြို့နယ်မှာ ပြည်နယ်ဘတ်ဂျက်အနေနဲ့ ၁၃. ၅၄ ကျပ်သန်းပေါင်းရှိပြီး လွိုင်လင်ခရိုင်မှာဆိုလျှင် ၁၀. ၅၉၊ လင်းခေး ခရိုင်မှာဆိုလျှင် ၇. ၁၉၊ လားရှိုးခရိုင်မှာ ၁၀. ၅၂၊ မူဆယ်ခရိုင်မှာဆိုလျှင် ၅. ၉၀၊ ကျောက်မဲခရိုင်မှာဆိုလျှင် ၁၀. ၁၉၊ မိုးမိတ်ခရိုင်မှာ ၃. ၃၂၊ ဟိုပန်ခရိုင်မှာ ၂. ၁၈၊ မက်မန်းခရိုင် ၁. ၁၆၊ ကျိုင်းတုံခရိုင် ၆. ၈၀၊ မိုင်းဆတ် ခရိုင် ၃. ၅၇၊ တာချီလိတ်ခရိုင် ၅. ၄၈ ဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ သတိထားရမည်ဆိုလျှင် အစည်းအဝေး ပထမနေ့က တင်သွင်းထားသည့် အဆိုအရ ကျွန်တော်တို့ ဒေသန္တရ စီမံကိန်းဌာနကပြုစုထားသည့်ဘတ်ဂျက်ခွဲဝေမှုရာခိုင်နှုန်းမှာ ဝန်ကြီး ရှိသည့် မြို့က ပိုမိုပြီးလုပ်ငန်းထည့်ထားပါတယ်ဆိုတဲ့ စကားနဲ့ ပတ်သက်ပြီး စီမံကိန်းလျာထားချက်မှာ ကျပ်သန်းပေါင်းကို မြို့နယ် အလိုက်ကြည့်မည်ဆိုလျှင် တောင်ကြီးမြို့နယ်မှာ ဝန်ကြီးတစ်ပါး ရှိပါတယ်။တောင်ကြီးမြို့နယ်မှာတော့ တောင်ကြီးမြို့တော်ဖြစ်သည့် အတွက်ကြောင့် ၁၃. ၅၄ ဖြစ်ပါတယ်။ ကလောမြို့နယ်မှာဆိုလျှင် ၁. ၅၆ ပဲရှိပါတယ်။

အမှန်တကယ်လိုအပ်တဲ့ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနအလိုက်ဘတ်ဂျက်စာရင်းမှာပါဝင်နိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုကနေ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဘဏ္ဍာငွေများ ထောက်ပံ့ပေးတဲ့နေရာမှာ အညီအမျှထောက်ပံ့ပေးတာမဟုတ်ဘဲနဲ့ ညွှန်းကိန်း ၆ ခုဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှုညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေ၊ မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျအခွန်ကောက်ခံမှု လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစသည်တို့ဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ အချို့မြို့နယ်များမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည့် ဌာန/အဖွဲ့အစည်းများ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများ၊ လမ်းဦးစီးဌာနများမရှိခြင်း၊ လုံခြုံရေးအရ မတည်ငြိမ်မှုရှိခြင်းတို့ကြောင့် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်များသုံးစွဲခြင်းမရှိပါ။ ဖော်ပြပါအခက်အခဲများမရှိသည့် ဒေသများဖြစ်မည်ဆိုလျှင် အဆိုတင်သွင်းသည့်အတိုင်းပဲဘတ်ဂျက်ခွဲဝေမှုစနစ်မှာဘတ်ဂျက်ရေးဆွဲသည့်နေရာမှာထည့်သွင်းစဉ်းစားပြီးရေးဆွဲသွားနိုင်မှာဖြစ်ပါတယ်။

အဲ့ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးများ တင်ပြထားသည့် မြို့နယ်အလိုက် ၃၀% ခွဲဝေပေး၍လည်းကောင်း၊ မြို့နယ်အရွယ်အစား၊လူဦးရေအချိုးအစားအလိုက်၃၀%ကိုလည်းကောင်း၊ ၄၀% ကို GDP တိုးတက်မှုအပေါ် မှာမူတည်ပြီး ရေးဆွဲခဲ့မည်ဆိုလျှင် လက်ရှိအခြေအနေအရ အကြံပြုတင်ပြရမည်ဆိုလျှင် ဒီကိစ္စတွေကို





သက်ဆိုင်ရာ ဝန်ကြီးကပြန်လည် ဆွေးနွေး တဲ့အခါမှာ ဒီအဆိုကို မှတ်တမ်းတင်တဲ့အဆင့်လောက်ပဲဆောင်ရွက်ဖို့အတွက်ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကအကျယ်တဝင့်ရှင်းလင်းဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅(စ၊ဆ)အရ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ နောက်တစ်ကြိမ်ပြန်လည်ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးရန်ရှိပါက ပြန်လည် ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ပေးပို့အပ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင်ဘဏ္ဍာရေးဝန်ကြီးက လမ်းခင်းပြီးရှင်းလင်း သွားတာတွေ့ရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ဆိုလိုတာက ပြည်ထောင်စုဘတ်ဂျက်မဟုတ်ပါ။ ပြည်ထောင်စုဘတ်ဂျက်ဆိုတာ ကျွန်တော်နားလည်တာက ပြည်ထောင်စုအစိုးရက မြို့နယ်ပေါင်း (၃၃၀)ကို သူ့အတန်းစားနဲ့သူ စီမံခန့်ခွဲနေသော သူ့လုပ်ငန်းသူလုပ်နေကြပါတယ်။ ကျွန်တော်ဆိုလိုတာက ပြည်နယ်ထဲမှာ ကိုယ်စီမံပိုင်ခွင့်ရှိတဲ့ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကို ခွဲဝေပေးတဲ့နေရာမှာ ပြည်နယ်အစိုးရကပဲ စီမံပိုင်ခွင့်ရှိတာဖြစ်ပါတယ်။ ဒါက တစ်နိုင်ငံလုံး တစ်ပြေးညီနဲ့လုပ်မှ အဆင်ပြေမယ်ဆိုတဲ့ စကားကို ပြန်ပြီးရှင်းလင်းခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက

အဓိကဖွံ့ဖြိုးရေးကိစ္စဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကို မြို့တိုင်းမှာလုပ်ပါတယ်။ ခြွင်းချက်အနေနဲ့ ကျွန်တော်တို့ စဉ်းစားရမှာက လျှပ်စစ်ကဏ္ဍ၊ လယ်ရှိတဲ့ရေကာတာ၊ ဆည်မြောင်းဆိုရင် ရေရှိတဲ့ မြို့ကို စဉ်းစားလို့ရပါတယ်။ ဆိုလိုရင်းကတော့ အစိုးရကလည်း ဒီပုံစံအတိုင်းကို မျှမျှတတဆောင်ရွက်ပေးချင်တဲ့ အနေအထားရှိတယ်။ ကျွန်တော်တို့ တင်သွင်းတာကလည်း ဒီလိုမျိုးမျှမျှတတပေးနိုင်ဖို့၊ စီမံခန့်ခွဲနိုင်ဖို့ မူဘောင်တစ်ခုလိုတယ်လို့ အယူအဆနဲ့ တင်သွင်းရခြင်းဖြစ်ပါတယ်။ အဲ့ဒါကို ရှင်းရှင်းလင်းလင်း လွှတ်တော်ဘတ်ဂျက်၊ အစိုးရဘတ်ဂျက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှ မဟုတ်ပါဘူး။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ပြည်ထောင်စုအဆင့်မှာ အကြိတ်အနယ်/ဆွေးနွေးရတဲ့၊ နှစ်စဉ်နှစ်တိုင်း အရေးကြီးတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်အခု တင်သွင်းနေတာက ဦးစိုင်းလှဝင်း ထောက်ခံသွားသလိုပဲ ပါတီလူမျိုး၊ နိုင်ငံရေး မဟုတ်ပါဘူး။ အခုလောလောဆယ် ကျွန်တော်တို့ လေ့လာရတဲ့ ၂၀၁၇-၂၀၁၈ ဆွဲလိုက်တဲ့ လျာထားချက်တွေက ရှမ်းပြည်နယ်တစ်ခုလုံး၊ မြို့နယ်အားလုံးရဲ့ ညီမျှစွာ လွှမ်းခြုံနိုင်မှုကို အားနည်းစေတယ်။ ဝန်ကြီးရှင်းပြသွားတာက ခရိုင်အလိုက် ရှင်းပြသွားတာမှန်ပါတယ်။ ဆိုလိုချင်တာက ကျောက်မဲမြို့နယ်နည်းတယ်လို့ပြောခြင်း မဟုတ်ပါ။ အထူးသဖြင့် ရှမ်းပြည်နယ်အလယ်ပိုင်းမှာရှိနေတဲ့ မိုးနဲ၊မိုင်းကိုင်၊ မိုင်းရှူးတို့ဆိုရင် တော်တော်လေးအားနည်းပါတယ်။ မြို့နယ်တိုင်းမှာ ရှိနေတဲ့ တိုင်းရင်းသားလူမျိုးအားလုံး ထိုက်သင့်တဲ့ ညီတူညီမျှ လွှမ်းခြုံနိုင်တဲ့ ဘတ်ဂျက်စီမံခန့်ခွဲမှုမျိုးကို ကျွန်တော် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အကယ်၍ ဝန်ကြီးက ရှင်းလင်းချက်အရ ဒါကိုလည်းသူလုပ်ချင်ပါတယ်။ ဒီမူဘောင်ကိုလည်းမှတ်တမ်းအဖြစ် ထားမယ်ဆိုရင်တော့ ကျွန်တော်တို့ကတော့ ဆက်လက်ပြီးတော့





အသေအချာအတည်မပြုခင်မှာ သက်ဆိုင်ရာဘဏ္ဍာရေးကော်မတီနှင့် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများနှင့် အသေးစိတ်တိုင်ပင်ဆွေးနွေးဖို့ အရင်ဦးစွာလိုအပ်မည်လို့ ကျွန်တော့်အနေနဲ့ယူဆရပါတယ်။ ဒါကြောင့်ရေးရာကော်မတီများနှင့် အစိုးရဌာနဆိုင်ရာများ အကြေအလည် အရင်ဦးစွာဆွေးနွေးပြီးမှ ဒီကိစ္စကိုဆောင်ရွက်သင့်ပါကြောင်း ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။

ထိုကြောင့် ယခုသတ်မှတ်ထားသော အဆိုတင်သွင်းခဲ့သည့် ပုံစံအရ ပြည်ထောင်စုအဆင့် လွှတ်တော်မှာလည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံးအနေနဲ့ တစ်ပြေးညီဖြစ်အောင် ကျွန်တော်အနေနဲ့ ဘဏ္ဍာရေးမူဘောင်တစ်ခု ယခုနှစ်မှာမပါဝင်သည့် လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စုအဆင့်ကနေပြီး တစ်ပြေးညီဖြစ်အောင် တစ်နိုင်ငံလုံးကိုလည်းဆွေးနွေးသင့်ပါကြောင်း ယူဆပါတယ်။ဒါကြောင့်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ဒီဘတ်ဂျက်ခွဲဝေမှုနှင့်ပတ်သက်ပြီး ရေးရာကော်မတီများနှင့်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနများ အကျေအလည်ဦးစွာအရင်ဆုံးတိုင်ပင် ဆွေးနွေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြလိုပါတယ်။ အဲ့ဒါကြောင့်အခုအဆိုတင်သွင်းသည့်အဆိုများကိုမှတ်တမ်းအဖြစ်သာ မှတ်တမ်းထားရှိပါရန် အလေးအနက်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ထောက်ခံဆွေးနွေးသွားတာရှိသလို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးကလည်းပဲ ရေးရာကော်မတီများနဲ့ အစိုးရအဖွဲ့တွေ့ဆုံညှိနှိုင်းပြီးတော့မှသာလျှင် ဒါကို ဆုံးဖြတ်မယ်ဆိုတဲ့ အနေအထားကို တွေ့ရှိရပါတယ်။ နောက်ပြီး

ငြင်းနေရဦးမှာဖြစ်ပါတယ်။ ဒါကလည်း ခက်ခဲတဲ့ အလုပ်တော့ မဟုတ်ပါဘူး။ ခြွင်းချက်အနေနဲ့လည်း ရှိပါတယ်။ အဓိကကတော့ ဘတ်ဂျက်ရေးဆွဲတဲ့ နေရာမှာ ရှမ်းပြည်နယ်အတွင်းမှာ ရှိနေတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မြို့ပေါ်၊ ကျေးရွာ၊ ရပ်ကွက်မကျန် မြို့နယ်အားလုံး ထိုက်သင့်သလောက် ဒီမူဘောင်ကို အသုံးပြုမယ် ဆိုရင် အချိုးညီစွာဘာမှဆွေးနွေးပြောစရာမရှိအောင် လွှမ်းခြုံ နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒီမူဘောင်မရှိဘဲနဲ့လုပ်မယ်ဆိုလျှင် အားလုံးလွှမ်းခြုံနိုင်ဖို့အားနည်းမယ်လို့ ယုံကြည်ပါတယ်။ ထို့ကြောင့် ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်တင်မကပါဘူး။ လွှတ်တော် ကိုယ်စားလှယ်အားလုံးကလည်းပဲအကောင်းမြင်ကြပါတယ်။ ထို့ကြောင့်လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်ကို ပန်ကြားလိုတာက အဆိုကို အတည်ပြုပေးစေချင် ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သဘောထားဆန္ဒကို ကျွန်တော်လိုအပ်ပါတယ်။ လွှတ်တော်က အတည်ပြုပေးနိုင်ဖို့၊ မဲခွဲဆုံးဖြတ်ပေးနိုင်ဖို့ တောင်းဆိုအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက ဒီအဆိုကို မှတ်တမ်း တင်ရန်ရှင်းလင်းဆွေးနွေးသွားပါတယ်။ အဆိုတင်သွင်းသူ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ကလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုခံယူ လိုကြောင်း တင်ပြလာပါတယ်။ တစ်နည်းအားဖြင့် ပြောရလျှင် မဲခွဲရမယ့်အဆင့်အထိ ဖြစ်သွားမှာဖြစ်ပါတယ်။ မဲခွဲတဲ့နေရာမှာ လည်းပဲရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရသော်





ကိုယ်စားလှယ် (၃၁)ဦးပုံမှန် ရှိနေပြီး ရွေးကောက်ခံ ကိုယ်စားလှယ် ထဲက ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် နေ့လည်ပိုင်းခွင့်ယူထားပါတယ်။ ဦးဘေရင်နယ် (ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က ကျန်းမာရေးမကောင်းပါသဖြင့် နေ့လည်ပိုင်း ခွင့်ယူထားပါတယ်။ ဦးဝင်းကျော်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က ကျန်းမာရေးမကောင်းပါသဖြင့် နေ့လည်ပိုင်းခွင့် ယူထားပါတယ်။ ရွေးကောက်ခံကိုယ်စားလှယ်(၃)ဦး ထပ်မံ ခွင့်ယူတဲ့အတွက် စုစုပေါင်း ဒီနေ့နေ့လည်ပိုင်းမှာ ရွေးကောက်ခံ ကိုယ်စားလှယ်က (၉၄)ဦး၊ တပ်မတော်သားကိုယ်စားလှယ်က (၃၁)ဦး စုစုပေါင်း (၁၂၅)ဦး အစည်း အဝေးခန်းမထဲမှာရောက်ရှိ နေပါတယ်။ ကျန်တဲ့ရွေးကောက်ခံကိုယ်စားလှယ် ခွင့်တိုင်ကြားသူ (၃)ဦးကို နေ့လည်ပိုင်း ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန်ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေအရ သဘာပတိအဖြစ်ဆောင်ရွက်နေတဲ့ လွှတ်တော်ဥက္ကဋ္ဌကတော့မဲပေးလို့မရပါ။ ဒါကြောင့် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၁၂၄)ဦး ဖြစ်မှာဖြစ်ပါတယ်။ အဲ့ဒီတော့ (၁၂၄)ဦးပေါ်မှာ မူတည်ပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်ကိုစကို တင်ပြပါ့မယ်ခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့အစိုးရသည် ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဒီမိုကရေစီ Federal ပြည်ထောင်စုကို သွားဖို့ ဦးတည်ပါတယ်။ကျွန်တော်တို့ဟာဒေသခံတိုင်းရင်းသားတွေ၊

လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လိုအပ်ချက်ဟာ တရားမျှတမှုဆိုတဲ့ဥစ္စာကို အခြေခံပြီးပြောသွားတာဖြစ်ပါတယ်။ Budget Allocation ဆိုတာ စီမံကိန်းဝန်ကြီးအနေနဲ့ ကျွန်တော့်ကိုတင်ပြ ခွင့်ပေးပါ။ စီမံကိန်းရေးဆွဲတဲ့အခါမှာ စီမံကိန်း စံချိန်စံညွှန်းတွေဟာ ကျွန်တော်တို့ ဝန်ကြီးဌာနကသတ်မှတ်တာ နိုင်ငံတကာရဲ့ စံနှုန်း၊ စံညွှန်းတွေနဲ့ သတ်မှတ်ပြီးတဲ့အခါမှာရေးဆွဲခြင်းဖြစ်ပါတယ်။သို့သော် ရေးဆွဲတဲ့နေရာမှာ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ ခေတ်အဆက်ဆက်က အားနည်းချက်တွေရှိပါတယ်။ ခေတ်အဆက်ဆက်က အားနည်းချက်တွေက နိုင်ငံရေးမူဝါဒအရတည်ဆောက်ခဲ့တဲ့အတွက် အားနည်းချက်တွေ ဖြစ်ပေါ်ခြင်းဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ပြည်ထောင်စု ဘတ်ဂျက်၊ Union Budget ရှိပါတယ်။ State Budget ဆိုတဲ့ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်ရှိပါတယ်။ အဲ့ဒီ ပြည်နယ်ဘတ်ဂျက်မှာ အပိုင်း(၂)ပိုင်းရှိပါတယ်။ သာမန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ရှိပါတယ်။ သာမန်အသုံးစရိတ်မှာ ရှမ်းပြည်နယ်လွှတ်တော်အသုံးစရိတ်၊ ရှမ်းပြည်နယ်အစိုးရ အသုံးစရိတ်၊ဝန်ထမ်းများရဲ့လစာတွေရှိပါမယ်။ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စုရဲ့ လိုအပ်ချက် ထပ်မံဖြည့်ဆည်းပေးပြီး ပြည်နယ်ရဲ့ ဒေသန္တရစီမံကိန်းဥပဒေကို ကျွန်တော်တို့ကရေးဆွဲပေးပြီး လွှတ်တော်မှာအတည်ပြုရပါတယ်။လွှတ်တော်ကိုယ်စားလှယ်များက သဘောမတူရင် အတည်ပြုလို့မရပါဘူး။ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ဟာ အသုံးစရိတ်ကို ခွဲလိုက်မယ်။ ဥပမာ ငွေ (၁၀၀)မှာ ခွဲလိုက်မယ်ဆိုရင် ဥပမာ-လုပ်ငန်းမရှိတဲ့နေရာမှာ ညီတူညီမျှ ခွဲပေးလို့ သာမန်အသုံးစရိတ်က မဖြစ်နိုင်ပါဘူး။ ဌာနဆိုင်ရာ မရှိတဲ့ နေရာ ဘယ်လိုမှ ခွဲပေးလို့မရပါဘူး။ အဲ့ဒီတော့ သာမန်အသုံးစရိတ်ကို ဖယ်ပြီးတော့ ကျန်နေတဲ့ငွေလုံး ငွေရင်း



D/real(wide) (1



လည်းကောင်း၊ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းချက်အရသော်လည်းကောင်း မဲခွဲရမှာပဲဖြစ်ပါတယ်။ မဲမခွဲခင်မှာကျွန်တော်တို့ ဒီကနေ့အစည်းအဝေးကို တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ နံနက်ပိုင်းက စာရင်းအရဆိုရင် (၁၂၈)ဦး ရှိပါတယ်။ သို့သော်လည်းပဲ အကြောင်းကြောင်းကြောင့် အတွေ့အကြုံအရ လွှတ်တော်ကိုယ်စားလှယ်အချို့ဟာ နံနက်ပိုင်းတက်ပြီး ညနေပိုင်းကျတော့ ခွင့်တိုင်သည်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေတက်ရောက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ဆိုလိုချင်တာကတော့ မဲခွဲဆုံးဖြတ်မယ်ဆိုရင် ဒီခန်းမထဲမှာ တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေ အတိအကျ သိရှိဖို့လိုမှာဖြစ်ပါတယ်။ မနက်ကစာရင်းအရ (၁၂၈)ဦး ဖြစ်ပါတယ်။ ယခုညနေပိုင်းမှာ တက်ရောက်တဲ့ဦးရေ စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များ၊ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်(၁၀၇)ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်(၃၄)ဦးရှိပါတယ်။ မနက်ပိုင်းမှာ ခွင့်တိုင်ကြားထားတာကတော့ စုစုပေါင်း (၁၃)ဦးရှိပါတယ်။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၊ စုစုပေါင်း(၁၃)ဦး ပျက်ကွက်ပါတယ်။ နေ့လည်ပိုင်းမှာတော့ တပ်မတော်သား

အသုံးစရိတ်ထဲမှာ ဘာကိုဘယ်လိုခွဲခြားလို့ရမလဲဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုတဲ့အပိုင်း၊ အဲ့ဒီအပိုင်း(၃)ပိုင်းမှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီးတဲ့အခါ ဘယ်ကဏ္ဍကို ဘယ်လိုအချိုးနဲ့ ဆောင်ရွက်လျှင် ပညာရေး၊ ကျန်းမာရေးစတဲ့ လူတိုင်းအတွက် အသုံးဝင်တဲ့ အခြေခံအဆောက်အဦတွေကို ဝန်ထမ်းအင်အားနည်းတဲ့နေရာမှာကြီးမားတဲ့အဆောက်အဦကြီးဆောက်နေရင်လည်း Harmony မဖြစ်ပါဘူး။ လွှတ်တော်မှာပူးပေါင်းဆောင်ရွက်ဖို့၊ ရှမ်းပြည်နယ်ကြီးတိုးတက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့အလုပ်လုပ်ခဲ့ပါတယ်။ အဲ့ဒီတော့ ဒေသလိုအပ်ချက်တွေကို သက်ဆိုင်ရာ စီမံကိန်းရေးဆွဲတဲ့ နေရာမှာ ပူးပေါင်းပါဝင်ပြီးရေးဆွဲပါလို့ ရှမ်းပြည်နယ်အစိုးရကတရားဝင် စာထွက်ပေးပါတယ်။ လွှတ်တော်မှာလည်း ကတိကဝတ်ပြုထားပါတယ်။ ဒီလိုရေးဆွဲခြင်းအားဖြင့် ကွာဟချက်တွေဟာလျော့ကျသွားနိုင်ပါတယ်။ ကွာဟချက်တွေကိုတွဲတဲ့ အခါမှာ တောင်ကြီးခရိုင်(၁၀) မြို့နယ်ဟာ(၃၀. ၈၆)ရာခိုင်နှုန်းသုံးတယ်။ (၁၀)မြို့နယ်ရှိတဲ့အတွက် ၁၀နဲ့စားရင်(၃. ၃၃)ပဲရှိပါတယ်။ Maximum အမြင့်ဆုံးက(၃. ၃၃)ဖြစ်ပြီးတော့မှ အနိမ့်ဆုံးက(၁. ၁၂)ဖြစ်တဲ့အတွက်ကွာဟချက်အနည်းငယ်တော့ရှိတယ်။ သို့သော်လည်း တစ်ပြေးညီဖြစ်ဖို့ဆိုရင် ဒီအဆိုကို ကျွန်တော်က Suspend ခဏလုပ်ပြီး မှတ်တမ်းတင်ပြီး မကျေနပ်ရင်တော့ပြန်ဆွေးနွေးပါ။ပြည်ထောင်စုနှင့် မူဘောင်ရေးဆွဲတယ်ဆိုတာ ဖြစ်သလို ခွဲပေးလို့မရပါဘူး။ ဒေသန္တရစီမံကိန်းသည် တိုင်းပြည်တစ်ပြည်ရဲ့ အသက်ဖြစ်တဲ့အတွက်ရေးဆွဲချင်သလို ရေးဆွဲလို့မရပါ။ ဆန္ဒနဲ့လိုအပ်ချက်က တစ်ထပ်တည်းကျချင်မှ ကျနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြု ဆွေးနွေးချင်တာက မဲခွဲမဆုံးဖြတ်မီမှာ





တူနေမှာဖြစ်ပါတယ်။ ပေးထားချက်ရှိပြီးရှင်းလင်းချက်၊ ဖြေရှင်းချက်မရှိတဲ့ ပုစ္ဆာမျိုးလည်းဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်ဆောင်ရွက်မည့် Procedure အတိုင်းပဲ လွှတ်တော်ရဲ့ ဆန္ဒခံယူဖို့ရှိပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ရဲ့ အသိဉာဏ်နဲ့၊ မိမိတို့ရဲ့အတွေ့အကြုံနဲ့ ယှဉ်ပြီး ဆန္ဒမဲပေးကြမယ်လို့လည်း ယူဆပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာမဲဖြင့်သာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန် ဖြစ်ပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့တူညီသော ဆန္ဒဟာ ရှမ်းပြည်နယ်အတွက်ပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်တိုးတက်ရေး၊ ရှမ်းပြည်နယ်မှာရှိတဲ့ လူထုများရဲ့ လူနေမှုဘဝမြှင့်တင်ရေးဆိုတာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒပဲဖြစ်ပါတယ်။ ယခု ထောက်ခံမှု မထောက်ခံမှုများသည် ပြည်နယ်အကျိုးအတွက်ပဲဖြစ်ပါတယ်။ တစ်ဖက်ကလည်းလုပ်ထုံးလုပ်နည်းဆိုတာရှိပါသေးတယ်။ လုပ်ထုံးလုပ်နည်းကလည်း ရှိသလို ဆန္ဒကလည်းရှိပါတယ်။ အဲ့ဒီတော့ လိုအင်ဆိုတာလည်းရှိပါတယ်။ ဒီကနေ့လွှတ်တော်ကိုယ်စားလှယ် (၁၂၄)ဦး(ကျွန်တော်မပါ)ဆိုတော့ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်က (၅၀)ဦးဖြစ်ပါတယ်။ အပေါ်ထပ်၊ အောက်ထပ်၊ ကျန်တာကတော့(၇၄)ဦးကျန်ပါတယ်။ အဲ့ဒီတော့ ကျန်တဲ့ (၇၄) ဦးဟာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ကန့်ကွက်တာပါရှိသလို ကြားနေလည်း ရှိကောင်းရှိမယ်ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီအဆင့်ကတော့ ကြားနေအဆင့်အထိ မဲခွဲဖို့

မဟုတ်တော့ပါဘူး။ ဒါကြောင့်မို့ ကြားနေအဆင့်အထိ မဲခွဲရအောင်လည်းပဲ ကျွန်တော်တို့က တိုင်းရေး၊ ပြည်ရေးတမျှအရေးကြီးတဲ့ဟာလည်းမဟုတ်ဘူး။ ဘတ်ဂျက်ကိစ္စပဲဖြစ်တဲ့အတွက် ရရှိတဲ့ရလဒ်ပေါ် မူတည်ပြီး ဆုံးဖြတ်ရမှာပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအားအတည်ပြုရန်သဘောတူသည့်လွှတ်တော်ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းသည့်အတွက် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်တင်သွင်းသည့် **"ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာမူဘောင်"**အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုကို ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ဖိုင်များတွဲထားပါတယ်။ ဥက္ကဋ္ဌကြီးကို မေတ္တာရပ်ခံချင်တာကတော့ ဦးစိုင်းထွန်းညာဏ်ရဲ့အဆိုကိုမှတ်တမ်းတင်သလို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှေ့မှောက်မှာ ဖြေကြားသွားတဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ဘဏ္ဍာဝန်ကြီးတို့ရဲ့ ဖြေကြားချက်ဟာ အင်မတန်ကောင်းတဲ့အတွက် မှတ်တမ်းတင်လိုက်မယ်ဆိုလျှင် ထိုင်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် မတ်တတ်ရပ်ဆန္ဒပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည်ဘဏ္ဍာငွေခွဲဝေ သုံးစွဲမှုနဲ့ပတ်သက်ပြီး ကျေနပ်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (1



အားလုံးစဉ်းစားပေးဖို့လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ မှတ်တမ်းတင်ပါ။ ပြီးရင်ပြန်လည်ဆွေးနွေးပါ။ ဒီဘတ်ဂျက်မူဘောင်ရှိပါတယ်။ ရေးရာကော်မတီရှိပါ တယ်။ ဒေသန္တရစီမံကိန်းကော်မတီရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရနဲ့ အကျေအလည်ဆွေးနွေးမယ်။ ကျွန်တော်တို့က စီမံကိန်းမူဘောင်တစ်ခု ရေးဆွဲမယ်ဆိုရင် နိုင်ငံတော်ရဲ့ ဥပဒေနဲ့ ညီညွတ်သလား၊ဒေသန္တရစီမံကိန်းတွေ အခြားတိုင်းနဲ့ပြည်နယ်တွေမှာ ကဲ့သို့ လွှမ်းမိုးမှု၊ လွှမ်းခြုံမှုဖြစ်နိုင်သလားဆိုသည်ကို အကျေအလည် ဆွေးနွေးပြီးမှသာလျှင် ကောင်းတယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ တိုင်းရင်းသားတွေအားလုံး တစ်ပြေးညီတိုးတက်ဖို့ ဒီမိုကရေစီFederal ပြည်ထောင်စုစနစ်ကိုသွားဖို့ကျွန်တော်တို့ ရင်ထဲမှာ အပြည့်အဝရှိတဲ့အတွက် သံသယ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် မျှတမှုကို လုပ်တဲ့နေရာမှာ မူဘောင်ရေးဆွဲတဲ့နေရာမှာ စည်းမျဉ်း၊ စည်းကမ်း၊လုပ်ထုံးလုပ်နည်း၊ဥပဒေတွေအကုန်လုံးဟာဒီတစ်ချက်တည်းနဲ့ ပျက်ယွင်းသွားမယ်ဆိုရင် နိုင်ငံတည်ဆောက်တဲ့နေရာမှာ အခက်အခဲရှိနိုင်ပါတယ်။ ဒါ့ကြောင့် အဆိုတင်သွင်းချက်ကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်ပေးကြပါလို့ လေးလေးစားစား တိုက်တွန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက စီမံကိန်းကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်း ဆွေးနွေးသွားပါတယ်။ သို့သော်လည်း လက်ရှိအခြေအနေမှာ အဆိုတင်သွင်းတဲ့ ပုဂ္ဂိုလ်က အဆိုကို လွှတ်တော်ရဲ့ဆန္ဒ၊ လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူလိုကြောင်းနဲ့ ဘဏ္ဍာရေးဝန်ကြီးက ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်းတင်ပြသွားပါတယ်။ဒီအဆိုနှင့်စပ်လျဉ်းပြီး တစ်ခုခု ဆောင်ရွက်ဖို့တော့လိုမယ်ထင်ပါတယ်။ ဒီအတိုင်းပဲထားမယ်ဆိုရင် အဆိုရှိပြီး တစ်နည်းအားဖြင့် မေးခွန်းရှိပြီး အဖြေမရှိတာနဲ့

# ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထိုက်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ။** ယနေ့အစည်းအဝေး တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသန်းထိုက်မှ ကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။







ရက်နေ့အထိ နယ်မြေ ကွင်းဆင်းစိစစ်ခြင်းဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး ပြည်နယ်လွှတ်တော်မှလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၅/၁၀-၂(၉)/ လွှတ်တော် (ရှမ်း)ဖြင့် ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီသည် ပြည်သူများထံမှ လယ်ယာမြေကိစ္စနှင့်စပ်လျဉ်း၍ တိုင်ကြားစာများအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြုတင်ပြချက်အတိုင်း တိုင်ကြားစာပါ အချက်အလက်များ၏ အမှုတွဲတစ်ခုချင်းစီကို လေ့လာ၍ မဖြစ်မနေဆောင်ရွက်ပေးသင့်သည့် ဦးစားပေးအဆင့်၊ သာမန်အဆင့် သို့မဟုတ် မှတ်တမ်းတင်ထားပြီးမှ နောက်မှဆောင်ရွက်ရန် အဆင့်များခွဲခြားထားပြီး အမှုနှင့်သက်ဆိုင်သည့် ရေးရာကော်မတီများကိုလည်း လွှဲပြောင်းပေးပို့ရန် စီစဉ်ဆောင်ရွက်နေပါတယ်။

ကော်မတီအနေဖြင့် ပြည်သူများမှတင်ပြလာသော တင်ပြ/တိုင်ကြားစာများကို ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် အမှုတွဲတစ်ခုချင်းစီမှ တိုင်ကြားစာပါ အချက်အလက်များကို သေချာလေ့လာပြီးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြလမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။

မိမိတို့ရေးရာကော်မတီများသည် လွှတ်တော်အငယ်စားများဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုများ၏ ယုံကြည်အားကိုးမှုကိုလည်း အတတ်နိုင်ဆုံးရရှိအောင် ဆောင်ရွက်နေကြသော ကော်မတီများလည်းဖြစ်ပါတယ်။

ကော်မတီ၏ ကွင်းဆင်းဆောင်ရွက်ချက်များကို ဖော်ဆောင်ရာတွင်လည်း ဘက်မလိုက်ဘဲမျှတမှန်ကန်စွာဖြင့်

တင်ပြပြီး အမှုတွဲနှင့် ပတ်သက်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို တွေ့ဆုံကြားနာစေခြင်း၊မြေပြင်ကွင်းဆင်းခြင်းများကိုလုပ်ဆောင်ပြီးမှ အစီရင်ခံစာအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခြင်းဖြစ်ပါတယ်။ သို့ပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးပို့လာသော သက်ဆိုင်ရာ ရေးရာကော်မတီများ၏ အမှုတွဲများကို မှန်မှန်ကန်ကန်နှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာဒေသ ရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုအပြင် သက်ဆိုင်ရာဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများမှလည်း နားလည် မှုရှိရှိဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးကြပါရန် လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြလိုပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် တင်ပြ/လွှဲပြောင်း ပေးပို့လာသော တိုင်ကြားစာများအားလုံးကို ပြည်နယ်လွှတ်တော် ၏ ဆောင်ပုဒ်၊ ပြည်နယ်လွှတ်တော်မှ ပေးအပ်ထားသော တာဝန်၊ လုပ်ပိုင်ခွင့်များဖြင့် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပြီး ကျန်ရှိနေသေး သောအမှုတွဲများ၊ထပ်မံရောက်ရှိလာသောတိုင်ကြားစာများကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြ လမ်းညွှန်မှုခံယူနိုင်ရေး ဆက်လက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကော်မတီအနေဖြင့် လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြု ချက်များကို တင်ပြရမည်ဆိုလျှင် တောင်သူလယ်သမားများ၏ ဘဝအခြေအနေမှန်နှင့် မှီခိုအားထားရာ လယ်ယာစီးပွားရေး၏



D/real(wide) (1



**ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာ။**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းတာဝန်ပေး အပ်ချိန်မှစ၍ လွှတ်တော်သက်တမ်း တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ တောင်သူလယ်သမား၊ အလုပ်သမား နှင့် လူငယ်ရေးရာကော်မတီသို့ လွှဲပြောင်းပေးအပ်လာသော တင်ပြတိုင်ကြားစာ ၆၈ စောင်၊ ကော်မတီဥက္ကဋ္ဌသို့ တိုက်ရိုက် လိပ်မူပေးပို့လာသော တိုင်ကြားစာ ၉၁ စောင်၊ ကော်မတီသို့ မိတ္တူပေးပို့လာသော တိုင်ကြား စာ ၅၁ စောင်၊ ခိုင်လုံသည့် အထောက်အထား၊ အချက်အလက်များမပါရှိသည့် တိုင်ကြားစာ များ ၁၂ စောင်၊ ဆောင်ရွက်ရန်မလို သိရှိရန်သာပေးပို့သည့် တင်ပြ စာ ၈ စောင် စုစုပေါင်း ၂၃၀ စောင်ကို လက်ခံရရှိပါတယ်။ ရောက်ရှိ လာသည့် တင်ပြ/တိုင်ကြားစာများအရေအတွက်ကို ကြည့်ခြင်း အားဖြင့် ပြည်နယ်အတွင်းရှိ ပြည်သူများမှ လွှတ်တော်အပေါ် ယုံကြည်အားကိုးမှုဖြင့် တင်ပြလာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါ တယ်။

ပြည်သူများထံမှ လယ်ယာမြေကိစ္စနှင့်စပ်လျဉ်း၍ တိုင်ကြားစာများအပေါ် လက်ခံရရှိကြောင်းနှင့်သင့်တော်သလို ဆောင်ရွက်ပေးသွားမည်ဟု တိုင်ကြားသူများထံ ပြန်ကြားခဲ့ပြီး ၎င်းတိုင်ကြားစာများနှင့်ပတ်သက်၍ ရေးရာကော်မတီအနေဖြင့် အစည်းအဝေး ၈ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမှုတွဲ ၁၀ခု ကို ၂၇-၁-၂၀၁၇ ရက်နေ့မှ ၃-၂-၂၀၁၇

အလားအလာမှာ ခေတ်ပြောင်း၊ စနစ်ပြောင်းတို့၏ သိသာသော ပြောင်းလဲမှုမရှိသေးပါ။ စပါးနှင့် အခြားသီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ၏ အဓိကအခက်အခဲမှာ စိုက်ပျိုးရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ထုတ်ကုန်ခိုင်မာသော ဈေးကွက်အာမခံချက်မရှိခြင်းတို့မှာလည်း အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ လုပ်သလောက်အကျိုးမခံစားရသည့် လယ်ယာလုပ်ငန်းများကို လယ်သမားများမှစွန့်ခွာလာကြပြီး လယ်ယာမြေများကို အခြားမြေများအဖြစ် ဝယ်ယူအသုံးပြုလာ၍ စိုက်ပျိုးမြေများလျော့နည်းလာပြီး တစ်ချိန်က စပါးအပါအဝင် အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်ခဲ့ကြသည့် လယ်ယာမြေများမှာ ဓာတ်ဆီဆိုင်၊ စားသောက်ဆိုင်များ ပေါ်ပေါက်လာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း တိုးမြှင့်ထုတ်ချေးပေးနေပြီဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ ၇ လက်မှတ်ရရှိထားမှသာ မိမိတို့လယ်ယာမြေများကို အာမခံထား၍ လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများ ချေးယူစုဆောင်းနိုင်တဲ့ အခွင့်အလမ်းများရရှိမှာဖြစ်သောကြောင့် တောင်သူလယ်သမားများမှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့်များကို ပိုမိုလျှောက်ထားလာကြပြီဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို မှတ်ပုံတင်ပြုလုပ်ရာတွင် မလိုလားအပ်သော ကြန့်ကြာမှုမရှိစေဘဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပေးစေလိုပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူများမှာလည်း လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို



D/real(wide) (1



ဘဏ္ဍာရေးနှစ် ရငွေလျော့နည်းရခြင်းမှာ ယခင်က မြေအသုံးချမှုပရီမီယံကြေးများ ကောက်ခံခဲ့သော်လည်း အစိုးရသစ်လက်ထက်တွင်ဘဏ္ဍာအခကြေးငွေကောက်ခံရေးဆိုင်ရာကိစ္စရပ်များကို ပယ်ဖျက်ဖြေလျှော့ပေးခဲ့ခြင်းများဖြစ်သည်ဟု တင်ပြခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှကောက်ခံခွင့်ရှိသော Royalty Fees အား ပယ်ဖျက်ခြင်း၏ ရည်ရွယ်ချက်ကိုကြည့်ခြင်းအားဖြင့်လည်း ကျေးလက်နေပြည်သူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ခဲ့သည်မှာလည်း ပေါ်လွင်နေပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရငွေများလျော့နည်းသွားခဲ့သော်လည်း လာမည့်ဘတ်ဂျက်ကာလများတွင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေကဏ္ဍ အဆင်မြှင့်တင်ရေးလုပ်ငန်းများ၊ တောင်သူလယ်သမားများအနေဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေရေးရည်ရွယ်၍ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများ၊ စပါးသီးနှံများကို တိုးတက်အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝင်ငွေတိုးပွားရေးအတွက် ကျေးလက်လမ်း၊ တံတား၊ မီးလင်းရေးနှင့် ရေပေးရေးလုပ်ငန်းများစသည်တို့ကိုလည်း အလေးထားဖော်ဆောင်သွားမည်ကိုလည်းတွေ့ရှိရပါတယ်။ ဆက်လက်၍ ပြည်နယ်အစိုးရအနေဖြင့် မူဝါဒ၊ ရည်မှန်းချက်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်နိုင်ပါစေလို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆန္ဒပြုရင်း တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာအား နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့တွင် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီက တင်ပြသည့် အစီရင်ခံစာအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူများခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဟာ မကြာမီကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၄၂ ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုအနေနဲ့ အဆို ၁ ခုကို တင်သွင်းမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ ယနေ့အထိ အစည်းအဝေး ၇ ကြိမ်ကျင်းပခဲ့ပါတယ်။ ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တဲ့ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဥပဒေကတော့ ၃ ခုပဲရှိပါသေးတယ်။ လွှတ်တော်ဆိုတာ ပြည်သူလူထု၏ ကိုယ်စား ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်များကို ဖော်ထုတ်တဲ့နေရာဖြစ်သလို အစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် ကိုင်တွယ်





စိစစ်ရန်လိုအပ်ပြီး လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားရာတွင်လည်း သက်ဆိုင်ရာ ရပ်/ကျေး၊ မြို့နယ်၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ၏ လယ်ယာမြေနည်းဥပဒေအတိုင်း ကျင့်သုံးခြင်းရှိ/မရှိတို့ကိုလည်း သေချာကြပ်မတ်သင့်ပြီး ဖော်ပြပါစည်းကမ်းချက်များ၊ ဥပဒေ၊ နည်းဥပဒေအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းမရှိသူတို့ကိုလည်း တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသင့်ပါတယ်။

ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးရန်ကျန်ရှိသည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ၏ စိုက်ပျိုးမြေဧရိယာများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသည့် လယ်ယာမြေများ၊ မြေလွတ်၊ မြေရိုင်းနှင့် မြေလပ်များ စီမံခန့်ခွဲမှု ဗဟိုက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးသူဦးရေ၊ ဧရိယာ၊သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ခြင်းရှိ/မရှိတို့ကိုလည်း ပြန်လည်စိစစ်ပြီး မြေလွတ်၊မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲရေးဥပဒေအတိုင်း ဆောင်ရွက်သင့်ပါတယ်။ လယ်ယာမြေနှင့်အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်၊ လယ်ယာမြေမှတစ်ပါး လယ်ယာမြေများကို အခြားနည်းဖြင့် လျှောက်ထားလာမှုများကို စနစ်တကျစိစစ်ပြီး စီးပွားရေးသမားများ၏ အမြတ်ထုတ်မှုကိုခံနေရသည့် တောင်သူလယ်သမားများအား အလေးထားဖေးမကူညီဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုတိုက်တွန်းလိုက်ရပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တွင် ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်များကို ရှမ်းပြည်နယ်လွှတ်တော်သို့တင်ပြရာတွင် ၂၀၁၆-၂၀၁၇



D/real(wide) (I

ကျင့်သုံးရမည့် ဥပဒေတွေကို ရေးဆွဲပေးတဲ့နေရာလည်းဖြစ်ပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေကို အခြေပြုပြီး ပြည်နယ်အဖွဲ့ အစည်းဝင်တစ်ရပ်ရပ် သို့မဟုတ် သက်ဆိုင်ရာဌာနက နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို ရေးဆွဲထုတ်ပြန်ဖို့ တာဝန်ရှိပါတယ်။ ရေးဆွဲထုတ်ပြန်သော ဥပဒေများကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ အရ အနီးကပ်ဆုံးကျင်းပတဲ့ လွှတ်တော်ပုံမှန်အစည်းအဝေးကာလမှာ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်မရှိပါက ဒီနည်းဥပဒေဟာ အတည်ဖြစ်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပဥ္စမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကတင်သွင်းတဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပြန်လည်သုံးသပ်ခြင်းနဲ့ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အဆိုကို အတည်ပြုပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့နည်းဥပဒေများကို ရေးဆွဲနိုင်ကြဖို့ ကျွန်တော်အနေနဲ့ ထပ်မံတိုက်တွန်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)ကို တင်သွင်းနိုင်ခဲ့သလို တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကလည်း တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခဲ့ပါတယ်။ ကော်မတီဝင်များ လစ်လပ်လျက်ရှိသော ရေးရာကော်မတီ ၃ ခုအတွက် ကော်မတီဝင်များကို အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်ခန့်ထားခြင်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၇၀)အရ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်ရေးရာကော်မတီ





လွှတ်တော်အစည်းအဝေးအပြီးမှာ UNDP ရဲ့အစီအစဉ်နဲ့ ရှမ်းပြည်နယ်လွှတ်တော်နဲ့ ရှမ်းပြည်နယ် CSO ပေါင်းပြီး ကျွန်တော်တို့ Forum တစ်ခုစီစဉ်နေပါတယ်။ အဲ့ဒီ Forum ကတော့ လာမယ့် ၁၁ ရက်နေ့နှင့် ၁၂ရက်နေ့ဖြစ်ပါတယ်။ အဲ့ဒီ Forum ကိုလည်းပဲ အတတ်နိုင်ဆုံးတက်ရောက်ကြဖို့ ကျွန်တော် အနေနဲ့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ဟာ ပြည်သူများရဲ့အကျိုးအတွက် ပြည်သူများကို အခြေပြုပြီး ပြည်သူများရဲ့ ရွေးချယ်မှုနဲ့တာဝန်ပေးအပ်ခြင်းခံရတဲ့အတွက် မိမိတို့ကိုယ်တိုင် စံနမူနာပြုအပ်သော အရည်အချင်း၊ အရည်အသွေးပြည့်စုံသောပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြရမှာပဲဖြစ်ပါတယ်။ပြည်သူ့ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ချက်တိုင်းဟာ အမြဲတမ်း အကဲဖြတ်မှုရှိသလို အမြဲတမ်းလည်းနှိုင်းယှဉ်မှုရှိတတ်ပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်များဟာ ပြည်သူတွေရဲ့အကဲဖြတ်အမှတ်ပေးခြင်းကို မလွဲမသွေခံရမှာပဲဖြစ်ပါတယ်။ အဲ့ဒါကိုသတိပြုပြီး ပြည်သူ့အကျိုး၊ ပြည်နယ်အကျိုးနှင့် နိုင်ငံတော်အကျိုးကို ဦးလည်မသုန်ထမ်းရွက်နိုင်ကြပါစေ။နောင်ကျင်းပမယ့်လွှတ်တော်အစည်းအဝေးမှာကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် အခုလို ပြန်လည်ဆုံတွေ့ကြပါစို့ရယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။



D/real(wide) (1



၉ ခုရဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများကို ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အပြီးမှာတွေ့ဆုံပွဲတစ်ရပ်ဆောင်ရွက်ခဲ့ပြီးရေးရာကော်မတီများရဲ့တင်ပြချက်များကိုကြားနာခဲ့ပါတယ်။အဲ့တော့အဲဒီရေးရာကော်မတီများ၏တင်ပြချက်များနှင့်စပ်လျဉ်းပြီး လိုအပ်ပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရေးရာကော်မတီတို့တွေ့ဆုံညှိနှိုင်းဆောင်ရွက်နိုင်တဲ့ အစီအမံကိုလည်း ကျွန်တော်တို့ စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။

ဆဋ္ဌမပုံမှန်အစည်းအဝေး ၃ ရက် ကျင်းပတဲ့နေရာမှာ အစည်းအဝေးသို့ အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက တက်ရောက်လေ့လာခဲ့တာကို မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါတယ်။ ပထမအဖွဲ့အနေနဲ့ Rule of Law Organization (Shan State)မှ လေ့လာသူ ၄ ဦး၊ တောင်ကြီးတက္ကသိုလ်ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများနှစ်ရပ် လေ့လာသူ စုစုပေါင်း ၆၆ ဦး၊ ပအိုဝ်းအမျိုးသမီးသမဂ္ဂ ၂၁ ဦး၊ စုစုပေါင်း လေ့လာသူ ၉၁ ဦးရှိကြောင်း ပြောကြားလိုပါတယ်။

နောက်ပြီးတော့မှ ကျွန်တော်တို့ လာမယ့် ၁၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်ကိုရောက်ရှိလာမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အခြားတိုင်းနှင့်ပြည်နယ်တွေကို စုံသလောက်ရှိပါပြီ။ ၂၀၁၆ ကစပြီး အခြားတိုင်းနှင့်ပြည်နယ်ကိုသွားပါတယ်။ ကျွန်တော်တို့ လွှတ်တော်အစည်း အဝေးနဲ့ ချိန်ကိုက်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးသည် ၁၀ ရက်နေ့ ရောက်ရှိလာပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံမှာဖြစ်ပါတယ်။ အဲ့တာကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မပျက်မကွက် တက်ရောက်ကြဖို့လည်းပဲ ကျွန်တော်အနေနဲ့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ တွေ့ရမည့်အချိန်ကတော့ ကျွန်တော်တို့ ၁၀ ရက်နေ့ မွန်းလွဲပိုင်း ၁ နာရီခွဲဖြစ်ပြီး တွေ့ဆုံမည့် နေရာကတော့ မြို့တော်ခန်းမမှာ စီစဉ်ထားကြောင်း အသိပေး ပြောကြားလိုပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ဆဋ္ဌမပုံမှန်အစည်းအဝေး

## ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ်

၄၃-၂/၂၀၁၇။ “ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ဖြည့်စွက်တာဝန်ပေးအပ်ခြင်းအားအတည်ပြုကြောင်းဆုံးဖြတ်ခြင်း”

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၃) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **“ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်း”** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။



D/real(wide) (1



မှတ်တမ်းတင်ခြင်းအမှတ်

၆၁-၂/၂၀၁၇။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၃) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၆၂-၂/၂၀၁၇။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး တတိယနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်

၃၉-၂/၂၀၁၇။ **“ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၀-၂/၂၀၁၇။ **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို မှတ်တမ်းတင်ခြင်း”**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့၌ **“ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း”** ကို မှတ်တမ်းတင်သည်။





မှတ်တမ်းတင်ခြင်းအမှတ်

၄၃-၂/၂၀၁၇။ **“အစိုးရငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက်ခွဲဝေခြင်းဆိုင်ရာ မူဘောင်အဆိုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့၌ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းညဏ်၏ **“အစိုးရငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် မြို့နယ်အလိုက် ခွဲဝေခြင်းဆိုင်ရာ မူဘောင်”** အဆိုကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၄-၂/၂၀၁၇။ **“ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း”**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမ ပုံမှန် အစည်းအဝေး တတိယနေ့၌ **“ရှမ်းပြည်နယ် လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြ ခြင်း”** ကို မှတ်တမ်းတင်သည်။



D/real(wide) (1

## ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်းအမှတ်

၆-၂/၂၀၁၇။ **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း”**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက် (၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့၌ **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား”** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

D/real(wide) (1

ကန့်သတ်
၃၁၃

ကန့်သတ်
၃၁၅

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (I

D/real(wide) (1

D/real(wide) (I

ကန့်သတ်




ကန့်သတ်

D/real(wide) (I

D/real(wide) (l

D/real(wide) (I

D/real(wide) (1

D/real(wide) (l

D/real(wide) (1

ကန့်သတ်
၃၄၀

ကန့်သတ်
၃၃၈

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

ကန့်သတ်

၃၆၆

ကန့်သတ်

၃၆၂

ကန့်သတ်

ကန့်သတ်

ကန့်သတ်

၃၆၅

ကန့်သတ်

၃၆၇

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (1

D/real(wide) (I

D/real(wide) (I

D/real(wide) (I

D/real(wide) (1

ကန့်သတ်
၃၆၈

ကန့်သတ်
၃၆၆

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (I

D/real(wide) (1

ကန့်သတ်
၃၇၆

ကန့်သတ်
၃၇၄

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၃၇၇

ကန့်သတ်
၃၇၉

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (I

D/real(wide) (I

D/real(wide) (I

ကန့်သတ်
၃၉၆

ကန့်သတ်
၃၉၄

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (2

D/real(wide) (2

ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်



ကန့်သတ်



ကန့်သတ်

ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2